# 21 Power of Leadership

21st Century



ရင်ဖြိုးပိုင် (MESI)

# 21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ဩဂုတ်လ ၊ ၂၀၁၉ ခုနှစ် |
| ထုတ်ဝေသူ | - | ဦးဇင်ဖြိုးပိုင် |
| | | Myanmar Entrepreneur SME |
| | | Business Institute (02161) |
| | | အမှတ်(၃၃)၊ မြောင်းမြလမ်း၊ စမ်းချောင်း။ |
| | | ၀၉ ၇ ၈၈၈၈၈ ၄၃၄၊ ၀၉ ၈၈၈ ၉၉၇၇၄ |
| ပုံနှိပ်တိုက် | - | ဦးဝင့်ဗိုလ်ဗိုလ် |
| | | နန်းသဇင် ပုံနှိပ်တိုက် (၀၀၄၄၁) |
| မျက်နှာဖုံးဒီဇိုင်း | - | မြတ်မာလာ (MESI) |
| အတွင်းဒီဇိုင်း | - | စန်းမင်းထိုက် (MESI) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၅၀၀၀ ကျပ် |

*21 Powers of Leadership for 21st Century*

၂၁ ရာစု၏ ခေါင်းဆောင်မှု ၂၁

ဇင်ဖြိုးပိုင် (MESI)

ဩဂုတ်လ၊ ၂၀၁၉ ခုနှစ်

၁၃ x ၄၈ စင်တီမီတာ စာမျက်နှာ -၀၀၀



MESI
ဝင်းဖြိုးပိုင်
( MESI)
USINESS
MYANMAR BUSINESS LEADER CONFERENCE
Entrepreneu
Myanmar

# မာတိကာ


ဘာကြောင့် ဒီစာအုပ်ကို ရေးသားပြုစုခဲ့သလဲ ၁၀

ယခုစာအုပ်အတွက် ဘယ်သူတွေ ကျေးဇူးရှိသလဲ ၂၁

ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ ၂၆

၂၁ ရာစုခေတ်မှ ခေါင်းဆောင်တစ်ဦးမှာ ရှိရမည့်
စွမ်းအား ၂၁ ဆိုတာ ၃၂

နေ့စဉ် ခေါင်းဆောင်မှု သံဒိဌာန် ၅၃

ဆရာဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း ၅၄

စာရေးသူ ဆရာဇင်ဖြိုးပိုင်၏
Leadership ဦးဆောင်ခဲ့မှု မှတ်တမ်းများ ၆၀

Leadership ခေါင်းဆောင်မှုအဆင့် အမှတ်ပေးဆန်းစစ်ခြင်း ၇၀

# Power (1)

## 21st Century Power of Leadership

## ၂၁ ရာစု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ "Fail" ကျရှုံးမှု အတိတ်ကို ပြန်တွေးဆွေးတယ်

ခေါင်းဆောင်သူဟာ "Future" အနာဂတ်သစ်ကို မျှော်မြင်ရှေ့ရှုတယ်

ခေါင်းဆောင်မှု ဥပမာ - **Facebook** ထူထောင်သူ

**Mark Zuckerberg** ဦးဆောင်ခဲ့ပုံ)

**( စာမျက်နှာ - ၇၅ မှ ၈၅ )**

# Power (2)

## Role-Model Power of Leadership

## စံနမူနာယူနိုင်မှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ သူများနောက်မှနေပြီး မှီခို ကြိုးစားတယ်

ခေါင်းဆောင်သူဟာ သူများရှေ့မှနေပြီး ဦးဆောင် ကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - မြန်မာနိုင်ငံ၏ လွတ်လပ်ရေး

ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

**( စာမျက်နှာ - ၈၇ မှ ၉၇ )**

# Power (3)

## Motivation Power of Leadership

## စိတ်စွမ်းအား၏ ခေါင်းဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ မစွန့်စားပဲ အခွင့်အလမ်း မျှော်တတ်တယ်

ခေါင်းဆောင်သူဟာ အကျပ်အတည်းတွေ့ရင် ကျော်ဖြတ်ဖို့ ကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - နက်ခ်၏

အရှုံးမပေးတဲ့စိတ်ဓာတ်ဖြင့် ကြိုးစားခဲ့ပုံ

**( စာမျက်နှာ - ၉၉ မှ ၁၁၃ )**

# Power (4)

## Professional Power of Leadership

## ထူးချွန်ကျွမ်းကျင်မှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ "Role" တာဝန်ပေးပြီး နေရာယူချင်တယ်

ခေါင်းဆောင်သူဟာ "Responsibility" နေရာပေးပြီး တာဝန်ယူချင်တယ်

ခေါင်းဆောင်မှု ဥပမာ - John C. Maxwell ၏

ကမ္ဘာ့အဆင့် ထူးချွန်ဦးဆောင်ခဲ့ပုံ

**( စာမျက်နှာ - ၁၁၅ မှ ၁၃၀ )**

## Power (5)

### Entrepreneurship Power of Leadership

### စွန့်ဦးတီထွင်မှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ လွယ်တဲ့အလုပ်ကို ခက်ခဲအောင်ကြိုးစားတယ်

ခေါင်းဆောင်သူဟာ ခက်ခဲတဲ့အလုပ်ကို လွယ်အောင်စဉ်းစားတယ်

ခေါင်းဆောင်မှု ဉပမာ - အက်ဒီဆင်၏

မီးလုံးတီထွင်ခဲ့ပုံ

**( စာမျက်နှာ - ၁၃၅ မှ ၁၄၇ )**

## Power (6)

### Authority Power of Leadership

### သြဇာအာဏာစွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ သူများနောက်လိုက်ပြီး ကြိုးစားလိမ့်မယ်

ခေါင်းဆောင်သူဟာ သူ့နောက်လိုက်အောင် ကြိုးစားလိမ့်မယ်

ခေါင်းဆောင်မှုဉပမာ - အမေရိကန် သမ္မတဟောင်း

လင်ကွန်း၏ ဦးဆောင်မှုပုံစံ

**( စာမျက်နှာ - ၁၄၉ မှ ၁၆၁ )**

# Power (7)

## Organization Power of Leadership

## အဖွဲ့အစည်းစွမ်းအား၏ ဦးဆောင်မှု သဘောတရား

=============================

နောက်လိုက်သူဟာ "Speak First" ပြောပြီးမှ နားထောင်တယ်

ခေါင်းဆောင်သူဟာ "Listen First" နားထောင်ပြီးမှ ပြောတတ်တယ်

ခေါင်းဆောင်မှုဥပမာ - Jack Welch ၏

အဆ ၄၀၀ % တိုးတက်မှုပုံစံ

( စာမျက်နှာ - ၁၆၃ မှ ၁၇၆ )

# Power (8)

## Communication Power of Leadership

## ဆက်သွယ်ချိတ်ဆက်နိုင်စွမ်းအား၏ ဦးဆောင်မှု သဘောတရား

=============================

နောက်လိုက်သူဟာ "Many Talk" အပြောများပြီး အလုပ်နည်းတယ်

ခေါင်းဆောင်သူဟာ "Many Task" အပြောနည်းပြီး အလုပ်များတယ်

ခေါင်းဆောင်မှုဥပမာ - Obama ၏

ဆက်ဆံရေးထူးချွန်မှု ပုံစံများ

( စာမျက်နှာ - ၁၇၇ မှ ၁၉၀ )

# Power (9)

## Brand Power of Leadership

## နာမည်ကြီးမှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ အဖွဲ့အစည်းရဲ့အောက်ခြေနဲ့ တွေ့ဆုံလိမ့်မယ်

ခေါင်းဆောင်သူဟာ အဖွဲ့အစည်းမှ အကြီးအကဲနဲ့ တွေ့ဆုံလိမ့်မယ်

ခေါင်းဆောင်မှုဥပမာ - Steve Jobs ၏

iPhone နာမည်ကြီးမှု ဦးဆောင်ခဲ့ပုံ

**( စာမျက်နှာ - ၁၉၆ မှ ၂၀၆ )**

# Law (10)

## Art Power of Leadership

## အနုပညာ စွမ်းအား၏ ခေါင်းဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ အလုပ်တစ်ခုကို အချိန်ဆွဲပြီးလုပ်တယ်

ခေါင်းဆောင်သူဟာ အလုပ်တစ်ခုကို အချိန်ကိုက်ပြီးအောင်လုပ်တယ်

ခေါင်းဆောင်မှုဥပမာ - Bruce Lee ၏

ရုပ်ရှင်နှင့် လွှမ်းမိုးဦးဆောင်မှုခဲ့ပုံများ

**( စာမျက်နှာ - ၂၀၇ မှ ၂၂၀ )**



ဇင်ဖြိုးပိုင်(MESI)

# Power (11)

## Management Power of Leadership

## နည်းစနစ်စီမံခန့်ခွဲမှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ အသေးအဖွဲ့ကို အကြီးအမားကိစ္စလုပ်တယ်

ခေါင်းဆောင်သူဟာ အကြီးအမားကိစ္စကို အသေးအဖွဲ့လို ကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - KFC Founder နည်းစနစ်ဖြင့်

ဦးဆောင်ခဲ့ပုံ

( စာမျက်နှာ - ၂၂၁ မှ ၂၃၄ )

# Power (12)

## Competition Power of Leadership

## ယှဉ်ပြိုင်နိုင်မှု စွမ်းအား၏ ခေါင်းဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ "I Am Zero" စိတ်နဲ့ သိမ်ငယ်တယ်

ခေါင်းဆောင်သူဟာ "I Am Hero" စိတ်နဲ့ သတ္တိရှိတယ်

ခေါင်းဆောင်မှုဥပမာ - ဒေါ်နယ်ထရန့်၏

ယှဉ်ပြိုင်မှုပုံစံများ

( စာမျက်နှာ - ၂၃၅ မှ ၂၄၈ )

# Power (13)

## Change Power of Leadership

## ပြောင်းလဲနိုင်မှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ အလုပ်ကို နည်းနည်းနဲ့ နေးနေးလုပ်တယ်

ခေါင်းဆောင်သူဟာ အလုပ်ကို များများနဲ့ မြန်မြန်လုပ်တယ်

ခေါင်းဆောင်မှုဥပမာ - လီကွမ်ယူ၏ စင်္ကာပူကို ကျွန်းနိုင်ငံမှ

အာရှတိုးတက်ဆုံး နိုင်ငံပြောင်းလဲဦးဆောင်ခဲ့ပုံ

( **စာမျက်နှာ - ၂၅၁ မှ ၂၆၂** )

# Power (14)

## History Power of Leadership

## သမိုင်းကြောင်း စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ အလုပ်ကို နည်းနည်းနဲ့ နေးနေးလုပ်တယ်

ခေါင်းဆောင်သူဟာ အလုပ်ကို များများနဲ့ မြန်မြန်လုပ်တယ်

ခေါင်းဆောင်မှုဥပမာ - ဘုရင့်နောင်၏

ခေါင်းဆောင်မှုစွမ်းရည်များ

( **စာမျက်နှာ - ၂၆၃ မှ ၂၇၄** )

# Power (15)

## Success Power of Leadership

## ချမ်းသာကြွယ်ဝမှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ ဘာဖြစ်ချင်လဲ မသိပဲ မလုပ်ဖြစ်တာရှိတယ်

ခေါင်းဆောင်သူဟာဘာဖြစ်ချင်လဲ သိပြီး မဖြစ်ဖြစ်အောင်ကြိုးစားတယ်

ခေါင်းဆောင်မှုဥပမာ - Jack Ma ၏

ဦးဆောင် အောင်မြင်ခဲ့ပုံ

**( စာမျက်နှာ - ၂၇၅ မှ ၂၈၆ )**

# Power (16)

## Wealthy Power of Leadership

## ကြွယ်ဝချမ်းသာမှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ ပြဿနာကို ရှောင်လွှဲဖို့ ကြိုးစားတယ်

ခေါင်းဆောင်သူဟာ ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - Warren Buffett ၏

ချမ်းသာကြွယ်ဝခြင်း

**( စာမျက်နှာ - ၂၈၇ မှ ၂၉၈ )**

# Power (17)

## Training Power of Leadership

## သင်ကြားပေးမှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ "Follower" နောက်လိုက်တွေကို မွေးထုတ်တယ်

ခေါင်းဆောင်သူဟာ "Leader" ခေါင်းဆောင်တွေကို မွေးထုတ်တယ်

ခေါင်းဆောင်မှု ဥပမာ - Philip Kotler ၏

ဦးဆောင်ခဲ့ပုံ

**( စာမျက်နှာ - ၂၉၉ မှ ၃၁၃ )**

# Power (18)

## Life Power of Leadership

## သဘာဝရှင်သန်မှု စွမ်းအား၏ ဦးဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ "Reason" ဆင်ခြေများများပေးတယ်

ခေါင်းဆောင်သူဟာ "Result" ရလဒ်များများကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - Tony Robbin ၏

ဦးဆောင်ခဲ့ပုံ

**( စာမျက်နှာ - ၃၁၅ မှ ၃၃၂ )**

# Power (19)

## Nature Power of Leadership

## သဘာဝ စွမ်းအား၏ ဦးဆောင်မှု သဘောတရား

=============================

နောက်လိုက်သူဟာ ပြဿနာပြောပြီး မလုပ်တာများတယ်

ခေါင်းဆောင်သူဟာ အဖြေရှာပြီး အလုပ်ပြီးအောင် ကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - ဂန္ဒီ၏

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းခဲ့ပုံ

**( စာမျက်နှာ - ၃၃၅ မှ ၃၄၅ )**

# Power (20)

## Love Power of Leadership

## ချစ်ခြင်းမေတ္တာ စွမ်းအား ၏ဦးဆောင်မှု သဘောတရား

=============================

နောက်လိုက်သူဟာ ကိုယ်ချစ်တဲ့ အလုပ်ကိုပဲ လုပ်တယ်။

ခေါင်းဆောင်သူဟာ ကိုယ်လုပ်တဲ့အလုပ်တိုင်းကို ချစ်တယ်။

ခေါင်းဆောင်မှု ဥပမာ - မာသာထရီဇာ၏

ဦးဆောင်ခဲ့ပုံ

**( စာမျက်နှာ - ၃၄၇ မှ ၃၅၈ )**

# Power (21)

## Religion Power of Leadership

## ဘာသာတရား စွမ်းအား၏ ခေါင်းဆောင်မှု သဘောတရား

==============================

နောက်လိုက်သူဟာ နေးနေးဆုံးဖြတ် မှားမှားယွင်းယွင်းဖြတ်တတ်တယ်

ခေါင်းဆောင်သူဟာ မြန်မြန်ဆုံးဖြတ် မှန်မှန်ကန်ကန်ဖြစ်ဖို့ ကြိုးစားတယ်

ခေါင်းဆောင်မှု ဥပမာ - သုံးလောကက ထွင့်ထား

မြတ်စွာဘုရား

( **စာမျက်နှာ - ၀၀၀ မှ ၀၀၀** )

# 21 ရာစု၏ ခေါင်းဆောင်မှု စွမ်းအား ၂၂



ဇင်မြိုးဖိုင် (MESI)

## 7-Powers of Dominance (အကြီးအကဲတို့၏ဩဇာ ၇-ချက်)

| | |
|---|---|
| (တည်ငြိမ်စွာ နေထိုင်လှုပ်ရှားပါ) | - လူအများ၏ အရှေ့ နောက်လိုက်များ၏ အရှေ့မှာတည်ငြိမ်ဩဇာရှိစွာ နေထိုင်ခြင်းဟာ ဩဇာကြီးစေခြင်းဖြစ်ပါတယ်။ |
| (အမှုအရာတိုင်း ဩဇာရှိစေပါ) | - မိမိ၏ လှုပ်ရှားဦးဆောင်ပုံသည် လေးနက်တည်ငြိမ်ပြီး လူအများအတွက် ချစ်ကြောက်ရိုသေဖွယ်နေထိုင်လျှင် ဩဇာကြီးစေနိုင်ပါတယ်။ |
| (အများတိုင်းမှာ ကြားခံတာဝန်ယူပါ) | - တခြားသူရှေ့ နောက်လိုက်တဦး အများပြောချိန်မှာ ကြားဝင်ဟန့်တားပြီး အမှန်ဖြေရှင်းနိုင်မှုဟာ ဩဇာကြီးစေနိုင်ပါတယ်။ |
| (နည်းနည်းပြော - များများလုပ်ပါ) | - အများတွေမလုပ်နိုင်တဲ့ တာဝန်ယူပြီး၊ အလုပ်များများနဲ့ မြန်မြန်လုပ်နိုင်ဖို့ ကြိုးစားနိုင်ခြင်းဟာ ဩဇာကြီးစေခြင်းဖြစ်ပါတယ်။ |
| (ထိပါးပြောဆိုမှုကို ခံနိုင်မှုရှိပါစေ) | - တခြားသူများ၏ စွပ်စွဲပြောဆို၊ ထိခိုက်ပြောဆိုမှုကို ခံနိုင်ခြင်း၊ သဘောထားကြီးပြခြင်းဟာ အကြီးအကဲဖြစ်စေခြင်းပါပဲ။ |
| (လိုအပ်လျှင် ရဲဝင့်စွာသတိပေးပါ) | - နောက်လိုက်အများလုပ်ချိန်ဖြစ်စေ၊ အပစ်ရှိလာချိန်ဖြစ်စေ၊မညီညွတ်ချိန်ဖြစ်စေ အားလုံးသို့ ဆုပူကြိမ်းမောင်း ပြောဆိုနိုင်ခြင်းဟာ ဩဇာကြီးစေနိုင်ပါတယ်။ |
| (ဩဇာကြီးမှုကို လူအများသိပါစေ) | - လူအများမှ ထိုအကြီးအကဲအပေါ် ဘယ်လောက်လေးစားမှုရှိကြောင်းကို လူအများသိမှ အထင်ကြီးလေးစားမှာမို့ဩဇာကြီးမားမှုကို ပြသပြောဆိုပါ။ |

ခြင်္သေ့ဖြစ်ဖို့ ခြင်္သေ့တို့နှင့် လေ့ကျင့်သင်ယူရသလို
ခေါင်းဆောင်ဖြစ်ဖို့ ခေါင်းဆောင်တို့နှင့် လေ့ကျင့်သင်ယူပါ။

Leader are Learner - Leran from Leader
ခေါင်းဆောင်ဆိုတာ လေ့လာနေသူ - ခေါင်းဆောင်များထံမှ လေ့လာနေပါ။

# ဘာကြောင့် ဒီစာအုပ်ကို ပြုစုရေးသားခဲ့လဲ

One Leader Can Change The World

ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်တယ်

One Book Can Change The All

စာအုပ်တစ်အုပ်ဟာ လူသားအားလုံးကို ပြောင်းလဲစေနိုင်ပါတယ်

စာအုပ်တစ်အုပ်နဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ် သို့ ပြောင်းလဲပေးဖို့ဖြစ်ပါတယ်။

If you want to be LION - you must train with LION (ခြင်္သေ့ဖြစ်ဖို့ ခြင်္သေ့တို့နှင့် လေ့ကျင့် သင်ယူမှုရသလို) ခေါင်းဆောင်ဖြစ်ဖို့ ခေါင်းဆောင်တို့နှင့်

လေ့လကျင့်သင်ယူဖို့ ဤစာအုပ်တွင် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ် (နယ်ပယ်အသီးသီးမှာ ဦးဆောင်ခဲ့ကြတဲ့) လေးစားထိုက်ဖွယ် ခေါင်းဆောင်ကြီးများကို သုသေသနပြုစုထားပြီး အနာဂတ်ခေါင်းဆောင်များအတွက် (စု၊ တု၊ ပြု) စံနမူနာအတုယူ ကြိုးစားအောင်မြင်သွားဖို့ ရည်ရွယ်ပြုစုရေးသားခြင်းဖြစ်ပါတယ်။

ကမ္ဘာ့နံပါတ် (၁) လူကြိုက်များဆုံးသော Think & Growth Rich စာအုပ်ဖြစ်လာဖို့ ဒေါ်လာ (၅-သန်း) ပေးပြီး စာရေးဆရာ (နပိုလီယံဟေး)အား ရေးသားမျှဝေစာအုပ်ထုတ်စေခဲ့တယ်။ သို့သော် ထိုစာအုပ်သည် ကမ္ဘာမှာ ဒေါ်လာ (သန်း ၅၀) မက လူသားတို့ရဲ့ဘဝတွေကို ပြောင်းလဲစေနိုင်ခဲ့ပါပြီ။ ယနေ့ကမ္ဘာမှာ စာဖတ်နှုန်းတွေမြင့်လာပြီဖြစ်သလို (၂၁ ရာစု) အသိပညာအတက်ပညာနဲ့ ဦးဆောင်လာတဲ့ခေတ်မှာ (အသိပညာဦးဆောင်မှုဖြင့် လူမှုဝန်းကျင်သို့ အားလုံးတိုးတက်ပြောင်းလဲစေဖို့ ယုံကြည်အားပေးလိုက်ပါတယ်)

(သောတာပန်)ဤခန္ဓာကိုယ်မှဖြစ်မယ်ဆိုလျှင်-သောတာပန်ညာဏ်စဉ်ဆိုတာ ကိုယ့်ခန္ဓာထဲတွင်ရှိနေ၏။

(ခေါင်းဆောင်သူ) ဤခန္ဓာကိုယ်မှ ဖြစ်မယ်ဆိုလျှင် -

ခေါင်းဆောင်မှုစွမ်းရည်ဆိုတာ ကိုယ့်ခန္ဓာထဲတွင်ရှိနေ၏။

လူသားတဦးရဲ့ ဘဝဟာ အတိုင်းအဆမရှိ တန်ဖိုးကြီးမြတ်လှပါတယ်။ လူသားတစ်ဦးရဲ့ ဘဝတစ်ခု အောင် မြင်လာရင် အနီးစပ်ဆုံးဖြစ်တဲ့ မိမိ မိသားစု၊ မိမိ ပတ်ဝန်းကျင်သို့ အကျိုးပြုပေးနိုင်သလို၊ ပိုမိုတန်ဖိုးရှိတဲ့ လူတစ်ဦးဖြစ်လာရင်တော့ နိုင်ငံအတွက်၊ လူသန်းပေါင်းများစွာအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ပေးနိုင်တဲ့ ဘဝအထိ တန်ဖိုးမြင့်ပြောင်းလဲသွားစေနိုင်တာမို့ One Leader can CHANGE the World - ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကို ပြောင်းလဲပေးနိုင်တယ်ဆိုတဲ့ ခံယူအားပေးမှုနှင့် အနာဂတ်ခေါင်းဆောင်များ ပေါ်ထွန်းလာပြီး၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖန်တီးနိုင်စေဖို့ ခေါင်းဆောင်များထံမှလေ့လာရင်း စု၊ တု၊ ပြု ရေးသားမှတ်တမ်းပြုလိုက်ပါတယ်။

## ယခုစာအုပ်အတွက် ဘယ်သူတွေ ကျေးဇူးရှိသလဲ

****************

လောကသားတို့၏ဦးဆောင်ရှင်မြတ်စွာဘုရားရှင်၏ တရားတော်တွေရဲ့ ဆုံးမမှုနဲ့အတူ မိခင်-ဖခင်တို့၏လမ်းညွှန်မှုနှင့် ဆရာသခင်တို့ရဲ့ သင်ကြားပို့ချပေးမှုနဲ့ မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တို့၏ ပံ့ပိုးကူညီအားပေးမှုအကြံညာဏ်တွေနဲ့အတူ၊ ခေါင်းဆောင်ကြီးများကို သုသေသနပြုစုရေးသားထားလို့ အားလုံးသော ခေါင်းဆောင်များအတွက် များစွာအကျိုးရှိစေရမည်ဟု ယုံကြည်ရေးသားခဲ့ပါတယ်။

Don’t follow ONE – Follw EVERYONE

(လူတစ်ဦးတည်းနောက် ဘယ်တော့မှ မလိုက်နဲ့၊ အားလုံးနောက်သို့ လိုက်ပြီး လေ့လာမှ) ပညာတက်မြောက်မယ်ဆိုတဲ့ လမ်းညွှန်မှုနဲ့ ယနေ့ ဒီစာအုပ်တစ်အုပ်ဖြစ်လာဖို့အတွက်- ဘယ်သူတွေကို ကျေးဇူးတင်သင့်သလဲဆိုရင် ဤစာအုပ်မှာ ပါဝင်ဖော်ပြထားတဲ့ ခေါင်းဆောင်ကြီးများပင် ဖြစ်ပါတယ်။

(မွေးရာပါ စာတတ်လာသူမရှိ၊ ပတ်ဝန်းကျင်မှ လေ့လာသင်ယူရ၏) အရာရာမှာ ပညာတစ်ရပ်ဖြစ်စေ၊ အသိတရားတစ်ခုဖြစ်စေ၊ အတွေ့အကြုံတစ်စုံတစ်ရာဖြစ်စေ (ပတ်ဝန်းကျင်၏ ကျေးဇူးကြောင့်) ဖြစ်ပါတယ်။

မြန်မာနိုင်ငံ နယ်ပယ်အသီးသီးမှ ခင်မင်ရင်းနှီးရတဲ့ ဆရာ၊ ဆရာမများ၏ ဟောပြောချက်များ၊ မြန်မာနိုင်ငံအနှံ့မှာရှိကြတဲ့ လုပ်ဖော်ကိုင်ဖက် ဆရာသမားများ၊ အဖွဲ့ဝင်များအားလုံး၏ မျှဝေမှုများ၊ မြန်မာနိုင်ငံအနှံ့ တိုင်းဒေသအသီးသီးမှာရှိကြတဲ့ မိတ်ဆွေလုပ်ငန်းရှင် ဦးဆောင်သူများနှင့်အတူ Leader are Learner – Learn form Leader (ခေါင်းဆောင်ဆိုတာ လေ့လာနေသူ - ခေါင်းဆောင်များထံမှ လေ့လာနေသူ) ဆိုတဲ့အတိုင်း ကျွန်တော်ခေါင်းဆောင်တစ်ဦးဖြစ်လာဖို့ ခေါင်းဆောင်ကောင်းများစွာထံမှ လေ့လာသင်ယူခဲ့ပါတယ်။ ကျွန်တော့်ဘဝကို ပြောင်းလဲစေခဲ့တဲ့ နည်းအသမနည်းပြအတူယှူကြိုးစားခဲ့သော. . . ကျေးဇူးရှင် ဆရာသခင်များဖြစ်တဲ့. . .

လူနတ်တို့၏ ဆရာသခင် (မြတ်စွာဘုရားရှင်) ၏ အဆုံးအမများနှင့် (ကိုယ်တိုင်သာ ကိုယ့်ဘဝရဲ့ကိုးကွယ်ရာဆိုတဲ့

မိမိကိုယ်တိုင် ဦးဆောင်မှုရဲ့သဘောတရား၊ တရားရှာ ကိုယ်မှာတွေ့ဆိုတဲ့ အရာရာဟာ ကိုယ်ရဲ့ခန္ဓာတွင်းမှာသာ ရှိနေနိုင်တဲ့ ကျင့်ကြံအားထုတ်ယုံကြည်မှုရဲ့သဘောတို့အားလေ့လာခဲ့ရပြီး)၊ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး (ဗိုလ်ချုပ်အောင်ဆန်း)၏ ရိုးသားကြိုးစားမှုပုံစံနှင့် (မိမိအတွက် ရိုးသားမှုနဲ့ ကြိုးစားမှုဆိုတဲ့ ကိုယ်ကျင့်တရား၊ အများအတွက် ပေးဆပ်မှုနှင့် ဦးဆောင်မှုဆိုတဲ့ ခေါင်းဆောင်တို့ရဲ့ သဘောတရားတွေကို လေ့လာခွင့်ရခဲ့ပြီး)

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ လေးစားရတဲ့ John C. Maxwell ၏ ခေါင်းဆောင်ဆိုတာ Know the way, Go the way, Show the way (နည်းလမ်းသိရမယ်၊ နည်းလမ်းအတိုင်းကျင့်ရမယ်၊ နည်းလမ်းပြခဲ့ရမယ်) ဆိုတဲ့ ခေါင်းဆောင်တို့၏ ကျင့်စဉ်များကို လေ့လာခဲ့ရပြီး)

ကျောင်းဆရာဘဝမှ ချမ်းသာတဲ့သူဌေးကြီးဖြစ်လာသူ Jack Ma – Alibaba ၏ အရှုံးမပေးအောင်နိုင်ရေးစိတ်နှင့် (ဖြစ်ချင်ရင် ဖြစ်နိုင်တဲ့နည်းလမ်းရှိတယ်ဆိုတဲ့စိတ်ခံယူချက်တွေ၊ ဒီနေ့ခက်မယ်- မနက်ဖြန်ပိုခက်မယ်- နောင်နေ့တော့ ရောင်နီသန်းလာမှာပါဆိုတဲ့ Someday for Something

တနေ့တော့ တစ်စုံတစ်ရာ ဖြစ်လာမှာပါဆိုတဲ့ ယုံကြည်ခိုင်မာတဲ့ ကြိုးစားမှုတွေကို အမြဲနှလုံးသွင်းလေ့လာခဲ့ပြီး)

ကမ္ဘာ့နံပါတ် (၁) စိတ်ဓါတ်မြှင့်တင်ရေးဟောပြောသူ Tony Robbin ၏ မလုပ်နိုင်ရင် မဖြစ်ဖြစ်အောင်လုပ်၊ မဖြစ်ဖြစ်အောင် လုပ်ရင် လုပ်နိုင်တယ်ဆိုတဲ့ (I Must – I Can) ဆိုတဲ့ စိတ်ဓါတ်တို့နဲ့ အတိုင်းအဆမသိတဲ့ စိတ်တို့ရဲ့ပါဝါတွေကို စင်ကာပူနိုင်ငံတွင် လေ့လာခွင့်ရခဲ့ပြီး)

ပြည်တွင်းသာမက၊ ပြည်ပမှရှိကြတဲ့ ဆရာသခင်၊ ကျေးဇူးရှင်များအားလုံး၏ နည်းပေးလမ်းပြ သင်ယူခဲ့လို့သာ ယခုကဲ့သို့ (21 Powers of Leadership for 21st Century) ယခုစာအုပ် စာအုပ်တစ်အုပ် ရေးသားနိုင်ခြင်းဖြစ်တယ်လို့ ခံယူထားပါတယ်။ အနာဂတ်လူငယ် ခေါင်းဆောင်တိုင်းသို့ အကောင်းဆုံးသော အကြံပေးချက်အနေနဲ့ Leader are Learner – Learner from Leader ခေါင်းဆောင်ဆိုတာ လေ့လာနေသူ - ခေါင်းဆောင်များထံမှ လေ့လာသင်ယူနေဖို့ပါ။

One Leader Can Change The World - ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့အတူ နိုင်ငံအတွက် ဦးဆောင်နိုင်သော ခေါင်း

ဆောင်ကောင်းများ၊ အဖွဲ့အစည်းများအတွက် ဦးဆောင်နိုင်စွမ်းသော လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအတွက် ဦးဆောင်နိုင်စွမ်းသော ဝန်ထမ်းများနှင့် အနာဂတ်သို့ ဦးဆောင်နိုင်စွမ်းသော အနာဂတ်လူငယ်များအတွက် ရည်ရွယ်ပြီး၊ ၂၁ ရာစုခေတ်မှာ ဦးဆောင်အောင်မြင်သွားဖို့ ဘက်စုံမှပါဝင်ဖော်ပြထားတဲ့ ယခုစာအုပ်အား တင်ပြရင်း၊ အနာဂတ်ခေါင်းဆောင်များသို့ အားပေးလိုက်ပါတယ်။

## ဒီစာအုပ်ကို ဘယ်လိုအသုံးပြုရမလဲ လမ်းညွှန်ချက်များ

**********************

ဒီစာအုပ်ကို ဖတ်ရှုရာတွင် အလုံးစုံကို ယုံကြည်ရမည်၊ လက်ခံရမည်၊ မှန်ကန်လိမ့်မည်ဟု မယူဆစေချင်ပါဘူး၊ ကိုယ်တိုင် လက်တွေ့ တွေ့ကြုံနေရတဲ့ အခြေအနေအပေါ် မူတည်ပြီး မှန်ကန်သလား ချင့်ချိန်စဉ်းစားကြည့်ပါ၊ (ပညာဆိုတာ ကိုယ်ပိုင်ညာဏ်ဖြင့် အမှား၊ အမှန်ကို ခွဲခြားပြီး ပိုမိုကောင်းဖို့ ဆုံးဖြတ်နိုင်စွမ်းသော အတက်ပညာပင်ဖြစ်ပါတယ်) ကိုယ်တိုင်တွေးခေါ်လက်ခံယုံကြည်မှုရှိမှသာ ဤစာအုပ်ပါ လမ်းညွှန်ချက်တွေအတိုင်း လူမှုရေး၊ စီးပွားရေး၊ ဘဝရေးရာ အဖြာဖြာတိုးတက်အောင်မြင်ဖို့ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှုသို့ အားပေးလိုက်ပါတယ်။

စာတစ်အုပ်၊ အကြောင်းအရာတစ်ခုကို အပြည့်အဝနားလည်ဖို့ဆိုရာမှာ (၁) Believe အကြောင်းအရာအပေါ်မှာ

ယုံကြည်စိတ်ရှိဖို့၊ (၂) General ရေဘူယျအားဖြင့် (တဖက်သက်) အဓိပ္ပါယ် သတ်မှတ်ချက်တွေကို အစွဲမထားဖို့နဲ့ (၃) Intresting လေ့လာနေတဲ့ အကြောင်းအရာအပေါ်မှာ စိတ်ပါဝင်စားမှု၊ အာရုံစူးစိုက်မှုအပြည့်ရှိဖို့ဆိုတဲ့ ယခုအချက်(၃-ချက်) ကို လိုက်နာပြီး အသိပညာအနှစ်သာရ တန်ဖိုးတွေကို ရရှိစေဖို့ တိုက်တွန်းလိုက်ပါတယ်။

အကြောင်းအရာ အားလုံးထဲမှ မိမိယုံကြည်မှုရှိတဲ့ အပိုင်းများကို တွေးခေါ်ယူဆကြည့်ပါ။

ဖော်ပြထားတဲ့ လမ်းညွှန်ချက်တွေကို သေချာ နားလည်သဘောက်ပေါက်အောင်လေ့လာပါ။

စာဖတ်ရင်း မျက်လုံးထဲမှာမြင်လာအောင် ပုံဖော်တွေးခေါ်ပါ၊ ဆက်နွယ်မှုတွေကို ထပ်မံစဉ်းစားပါ။

ကြိုက်နှစ်သက်သော အကြောင်းအရာများကို မျဉ်းတား၊ ဘောင်ခတ် အမှတ်အသားများပြုပါ။

တချို့သော အရေးကြီးတဲ့အချက်များကို မသိစိတ်ထဲသို့ရောက်အောင် ထပ်ခါထပ်ခါဖတ်ရှုပါ။

ကြိုက်နှစ်သက်တဲ့ တချို့အချက်များကို ကိုယ်ပိုင်မှတ်စုစာအုပ်ထဲတွင် ပြန်လည်ပြုစုထားပါ။

ပတ်ဝန်းကျင်သို့ လုပ်ဖော်ကိုင်ဖက်များသို့ စာအုပ်ပါ အမြင်များ ဖလှယ်ပြီး ဆွေးနွေးမျှဝေကြည့်ပါ။

တစ်လတစ်ခါ ပြန်လည်ဖတ်ရှုပြီး ပြောင်းလဲတိုးတက်မှုသို့ လက်တွေ့စီမံခန့်ခွဲဦးဆောင်သွားပါ။

အသိပညာတစ်ခုကို တဖက်ကမ်းကျွမ်းကျင်ဖို့ လေ့လာတဲ့အခါ (Learn - လေ့လာလိုစိတ်) ပြင်းပြမှုရှိဖို့လိုအပ်ပြီး (Unlearn - မခံယူအပ်သော အယူအဆအမှားတွေကို ပယ်ထုတ်နိုင်ဖို့)နဲ့ (Relearn လေ့လာပြီးသောအရာတွေကို ထူးခွန်ကွမ်းကျင်ဖို့) ထပ်ခါထပ်ခါ လေ့လာနေမှသာ စာတွေ့၊ လက်တွေ့နယ်ပယ်မှာ ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲ ဦးဆောင်မှုတွေကို ဖန်တီးသွားနိုင်မှာ အသေချာပင်ဖြစ်ပါတယ်။

လောကစကြာဝဠာမှာ မမြင်နိုင်သော ဆန်းကြယ် အံ့သြမှုများနဲ့ ပြည့်နက်နေပါတယ်။ ယခင်မသိတာတွေ ယခုသိရှိနားလည်ကြိုးစားလာသလို၊ နောင်မှာလည်း ပညာတွေ စဉ်ဆက်မပျက်လေ့လာရင်း မသိတာတွေကို မရှိတာတွေ များစွာပိုင်ဆိုင်နိုင်မှာဆိုတဲ့ ယုံကြည်ချက် Though အတွေးသည်၊ Action လုပ်ဆောင်မှုကိုဖြစ်စေပြီး၊ Result ရလဒ်

ကောင်းတွေကို ဖန်တီးသွားနိုင်တာမို့ အသိပညာဦးဆောင်မှုဖြင့် ဘဝရဲ့ရည်မှန်းချက်တွေကို ဦးဆောင်ဖန်တီးသွားဖို့ အားပေးလိုက်ပါတယ်။

ကောင်းမွန်သော စီမံခန့်ခွဲ ဦးဆောင်မှုသည်သာ မိမိအတွက် တိုးတက်အောင်မြင်သော အသက်မွေးဝမ်း၊ အဖွဲ့အစည်းအတွက် တိုးတက်အောင်မြင်စေသော နည်းလမ်း၊ နိုင်ငံအတွက် တိုးတက်အောင်မြင်စေသော မဟာအစွမ်း၊ တိုးတက်မှု၊ အောင်မြင်မှု အရာရာတို့သည် (စီမံခန့်ခွဲဦးဆောင်မှု) အပေါ်တွင်သာ မူတည်၏။

ခြင်္သေ့ဖြစ်ဖို့ ခြင်္သေ့တို့နှင့် လေ့ကျင့်သင်ယူရသလို
ခေါင်းဆောင်ဖြစ်ဖို့ ခေါင်းဆောင်တို့နှင့် လေ့ကျင့်သင်ယူပါ။

**I Can Do It + You Can Do It + We Can Do It**

**ကျွန်ုပ်လုပ်နိုင်တယ် + သင်လုပ်နိုင်တယ် + ကျွန်ုပ်တို့အားလုံးလုပ်နိုင်တယ်**

# What is Leadership

***************

ခေါင်းဆောင်မှုမှာ နာမည်ကြီးထင်ရှားလှတဲ့ John C. Maxwell ၏ (အဖွဲ့အစည်း၏ အောင်မြင်မှု၊ ကျရှုံးမှု အားလုံးဟာ ခေါင်းဆောင်မှုအပေါ်မှာ မူတည်တယ်လို့) ဆိုထားပါတယ်။ ဇာတ်လမ်းကောင်းဖို့ ဇာတ်ကောင်၏ ပီပြင်စွာသရုပ်ဆောင်မှုအရေးကြီးသလို၊ ခေါင်းဆောင်မှုကောင်းဖို့ ခေါင်းဆောင်သူကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။

<u>L.E.A.D.E.R ဆိုတာ. . .</u>

- L = Loyalty (အမှန်တရားအတွက် သစ္စာရှိရမယ်)
- E = Empathy (ကိုယ်နဲ့နှိုင်းပြီး ကိုယ်ချင်းစာရမယ်)
- A = Ability (အလုပ်အတွက် ကျွမ်းကျင်စီမံရမယ်)
- D = Decision (ကောင်းဖို့အတွက် ဆုံးဖြတ်ရဲရမယ်)

- E = Enthusiastic (ဦးဆောင်ဖို့အတွက် စိတ်ဆန္ဒပြင်းပြရမယ်)
- R = Role-Model (အများအတုယူနိုင်ဖို့အတွက် စံပြဖြစ်ရမယ်)

ဇာတ်လမ်းတစ်ခု ပြီးမြောက်အောင်မြင်ဖို့မှာ ဇာတ်ကောင်၏ ဦးဆောင်သွားမှုဟာ အဓိကကျသလိုပဲ၊ အဖွဲ့အစည်းအစည်းတစ်ရပ် အောင်မြင်ဖို့ဆိုရာမှာ (Leadership - ဦးဆောင်မှု) သည်သာ အရေးကြီးဆုံးဖြစ်ပါတယ်။

လုပ်ငန်းတခု အောင်မြင်ဖို့ဆိုတာ အဲ့ဒီလုပ်ငန်းကို ခေါင်းဆောင်နေတဲ့ ခေါင်းဆောင်ရဲ့အရည်အချင်းဟာ အဓိကဖြစ်တယ်ဆိုတာ (Alibaba ကို ထူထောင်သူ Jack Ma) ၊ (Apple ကို ထောင်သူ Steve Jobs) ၊ (Microsoft ကို ထူထောင်သူ Bill Gades) နှင့် (Facebook ကို ထူထောင်သူ Mark Juckerberg) တို့ရဲ့ ဦးဆောင်မှုအရည်အချင်းများကြောင့်သာ ထိုလုပ်ငန်းတွေကို အောင်မြင်မှုရသည်မှာ အသေအချာပင်ဖြစ်ပါတယ်။ သေချာတွေးကြည့်မယ်ဆိုရင် အဖွဲ့အစည်းတွေကြောင့်၊ ခေါင်းဆောင်သူတွေ ပေါ်လာသလား၊ ခေါင်းဆောင်တွေကြောင့် အဖွဲ့အစည်းတွေတိုး

တက်လာသလားဆိုရင် (Alibaba လုပ်ငန်းကြောင့် Jack Ma ပေါ်လာခြင်းမဟုတ်သလို၊ Jack Ma ကြောင့်သာ Alibaba ပေါ်လာခဲ့ခြင်းဖြစ်ပါတယ်) လောကမှာ ကမ္ဘာအရပ်ရပ်၊ နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအမျိုးမျိုးမှာ (ခေါင်းဆောင်မှုသည်သာ) အရာရာဖန်တီးပုံဖော်နိုင်စွမ်းသော အရေးကြီးဆုံး ဗဟိုချက်ပင်ဖြစ်ပါတယ်။

## What is Leadership...?

### ခေါင်းဆောင်မှုဆိုတာဘာလဲ...?

The ability to influence people toward the attainment of the project and organizational desired goals. ခေါင်းဆောင်မှု အရည်အချင်းဆိုတာ - ထိုအဖွဲ့အစည်းတစ်ခုရဲ့ ရည်ရွယ်ထားချက် ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိစေရန် လူအများအပေါ် လွှမ်းမိုးနိုင်စွမ်းများဖြင့် ဦးဆောင်နိုင်ခြင်းပဲဖြစ်ပါတယ်။

ခေါင်းဆောင်မှု အရည်အချင်းဆိုတာ - ထိုအဖွဲ့အစည်းတစ်ခုရဲ့ ရည်ရွယ်ထားချက် ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိစေရန် လူအများအပေါ် လွှမ်းမိုးနိုင်စွမ်းများဖြင့် ဦး

ဆောင်နိုင်ခြင်းဖြစ်တယ်ဆိုရင် (မိမိနဲ့ဆိုင်သော ပင်ကိုယ်အရည်အချင်းများ + အသင်းအဖွဲ့လူမှုဝန်းကျင်နှင့်ဆိုင်သော အရည်အချင်းများ + အဖွဲ့အစည်းလုပ်ငန်းနဲ့ဆိုင်သော အရည်အချင်းများကို) ပေါင်းစပ်စီမံဦးဆောင်အောင်မြင်သွားခြင်းပင် ဖြစ်ပါတယ်။

## What is Leadership Ability

(ခေါင်းဆောင်မှု အရည်အချင်းဆိုတာ ဘာလဲ)

ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်ကောင်းများ၏ အရည်အချင်းများကို လေ့လာကြည့်မယ်ဆိုရင်. . .

(၁) Self -Leadership (မိမိကိုယ်တိုင် ဦးဆောင်မှုစွမ်းရည်)

(၂) Team-Leadership (အသင်းအဖွဲ့ ဦးဆောင်မှုစွမ်းရည်)

(၃) Organization-Leadership (အဖွဲ့အစည်း ဦးဆောင်မှုစွမ်းည်ရည်)

စတဲ့ မိမိကိုယ်တိုင် + အသင်းအဖွဲ့ + အဖွဲ့အစည်းဆိုတဲ့ အဓိက (အချက် ၃-ချက်) ကို ဦးဆောင်နိုင်စွမ်းသော စွမ်းရည်အရည်အချင်းများရှိခြင်းဟာ Leadership Ability ခေါင်းဆောင်မှုစွမ်းရည် ထူးချွန်မှုဟုဆိုပါတယ်။

## Personal Characteristics:

(ပင်ကိုယ်ဆိုင်ရာ အရည်အချင်းများ)

- Passion and Actives (စိတ်ဆန္ဒပြင်းပြခြင်း နိုးကြားတက်ကြွခြင်း)
- Self-confident & Commitment (ကိုယ်ပိုင်ယုံကြည်မှု နှင့် သံဓိဋ္ဌာန်ရှိခြင်း)
- Discipline and rules (စည်းကမ်းရှိခြင်း နှင့် စည်းမျဉ်းများကိုလိုက်နာခြင်း)
- Knowledgeable & Know-how (ဗဟုသုတကြွယ်ဝခြင်း နှင့် သိမြင်နားလည်ခြင်း)
- Activities and Practice (လုပ်ဆောင်မှု နှင့် လက်တွေ့ကျခြင်း)
- Fluency of speech (အပြောအဟော ဩဇာလွှမ်းမိုးနိုင်ခြင်း)

## Social Characteristics:

(လူမှုရေးဆိုင်ရာ အရည်အချင်းများ)

- Ability to cooperation (ညှိနှိုင်းဆွေးနွေး လုပ်

ဆောင်ခြင်း)

- Popularity and prestige (ဩဇာအာဏာ ကျော်ဇောမှု)
- Sociability and interpersonal skills (လူမှုဆက်မှု နှင့် ပင်ကိုယ်ကွမ်းကျင်မှုရှိခြင်း)
- Participation and coordination (ပူးပေါင်းပါဝင်မှု နှင့် ပါဝင်လုပ်ဆောင်နိုင်ခြင်း)
- Tact and diplomacy (ဆက်ဆံမှုနယ်ပယ်တွင် လိမ္မာပါးနပ်ခြင်း)

## Work-related Characteristics

(လုပ်ငန်းဆိုင်ရာ အရည်အချင်းများ)

- Goal & Achievement Drive (ပန်းတိုင်ရှိမှုနှင့် အောင်မြင်မှုဆီ ရှေ့ရှုခြင်း)
- Controlling and Delegation (ကွပ်ကဲခြင်း နှင့် လုပ်ငန်းတာဝန်ခွဲဝေခြင်း)
- Sprite for responsibility & role (အလုပ် တာဝန်၊ ဝတ္တရားအပေါ် ဦးတည်ခြင်း)

- Authority in pursuit of Goals (ပန်းတိုင်ရှိရာသို့ အမှီလိုက်စေရန် အာဏာရှိခြင်း)
- Task orientation & Foreseeable (ရှေ့သို့ရှေ့ရှုခြင်း နှင့် ကြိုတင်မြင်နိုင်ခြင်း)

ခေါင်းဆောင်မှုရဲ့ အရည်အချင်းပြည့်ဝလေလေ၊ လုပ်ငန်းပိုမိုတိုးတက် အောင်မြင်လေလေဖြစ်ပါတယ်။ ခေါင်းဆောင်သူ၏ အရည်အချင်းနှင့်အတူ လုပ်ငန်းမှာပါဝင်နေတဲ့ အဖွဲ့ဝင်များတိုးတက်လာမှုနှင့် လုပ်ငန်း၏ ရည်မှန်းချက်များသို့ အောင်မြင်စွာ ဖန်တီးကြိုးပမ်းနိုင်မှာဖြစ်ပါတယ်။ အနှစ်ချုပ်အားဖြင့်ဆိုသော် ခေါင်းဆောင်မှုအရည်အချင်းဟူသည်၊ မိမိထူးချွန်ကျွမ်းကျင်မှု၊ အသင်းအဖွဲ့၏စည်းလုံးညီညွတ်မှု၊ အဖွဲ့အစည်း၏ မဟာဗျူဟာကောင်းမွန်မှုဆိုတဲ့ (Leadership Ability ခေါင်းဆောင်မှု အရည်အချင်းများ) ပေါင်းစပ်ပြီး အားလုံးအောင်မြင်မှုသို့ ကြိုပမ်းဦးဆောင်သွားဖို့ Leader for Leader ခေါင်းဆောင်များ၏ အရည်အချင်းများနှင့် အနာဂတ်ခေါင်းဆောင်များသို့ အားပေးလိုက်ပါတယ်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာဆိုလျှင် မြန်မာနိုင်ငံမှာ လူတိုင်းရဲ့ရင်ထဲမှာ

ရှိနေတဲ့ တကယ့်ထူးချွန်သော ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက်ငယ်သော်လည်း ကြီးမားသော တာဝန်တွေကို ဦးဆောင်ဦးရွက်ထမ်းဆောင်ခဲ့ပြီး နိုင်ငံပေါ်မှာ တာဝန်ကျေခဲ့သော အမျိုးသား ခေါင်းဆောင်ကြီး တစ်ဦးလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်၏ ထူးခြားသော ရိုးသားမှု၊ ကြိုးစားမှုနဲ့ အနစ်နာခံမှုနဲ့ ခေါင်းဆောင်ပီသတဲ့စိတ်ဓါတ်တွေက အားလုံးမြင်သာနိုင်မှာဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုမှာလည်း အားလုံးနဲ့ပေါင်းစပ်ကြိုးစားပြီး ဂျပန်ကို တိုက်ထုတ်ဖို့အတွက် အင်္ဂလိပ်ကို ပေါင်းစပ်ခဲ့သလို အင်္ဂလိပ်ကို ပြန်တိုက်ထုတ်ဖို့ကိုလည်း ဂျပန်နဲ့ပေါင်းစပ်ပြီးတော့ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ကို အောင်ဆန်းအီတလီစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းစသည် စွမ်းရည်တွေက တကယ့်ကို အံ့မခန်းပဲဖြစ်ပါတယ်။

လူသာသေပြီး နာမည်မသေခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်လွှမ်းမိုးမှုတွေဟာ ယနေ့တိုင်ပဲ လူကြီး၊ လူငယ်အားလုံးရဲ့ရင်ထဲမှာ ဦးဆောင်နေမြဲဖြစ်ပါတယ်။ အခုဆိုလည်း မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးဆက်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုဟာလည်း ဗိုလ်ချုပ်

ရဲ့ဦးဆောင်ခဲ့မှု သမိုင်းပုံရိပ်တွေနဲ့အတူ အခုအချိန်မှာ များစွာ အကျိုးရှိစေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ခေါင်းဆောင် တစ်ယောက်အနေနဲ့ များစွာတာဝန်ကျေခဲ့သော ဗိုလ်ချုပ် အောင်ဆန်းဆီမှာ များစွာ လေ့လာနိုင်ရမှာဖြစ်ပါတယ်။

ခေါင်းဆောင်သူများအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရိုးသားမှု၊ ကြိုးစားမှုတွေကို အားကျအတုယူပြီးတော့ အနာဂတ်ခေါင်းဆောင်များ ပိုပြီးတော့ လူငယ်ခေါင်းဆောင် များ ထွန်းကားလာဖို့အတွက် ဗိုလ်ချုပ်ကို အားကျအတုယူဖို့ အားပေးပါတယ်။

**(ဗိုလ်ချုပ်ရဲ့အဆိုအမိန့်အဖြစ် )**

**ငါသာလလျှင် ငါ့ဘဝရဲ့ အကြီးအကဲဖြစ်၍**

**ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်သည်။**

# 21 ခေါင်းဆောင်မှု
# ရာစု၏ စွမ်းအား ၂



## ၂၁ ရာစုခေတ်မှ ခေါင်းဆောင်တစ်ဦးမှာ ရှိရမည့် စွမ်းအား (၂၁) ဆိုတာ

**********************

### Technology Power of Leadership

နည်းပညာစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Facebook ထူထောင်သူ Mark Zuckerberg ဦးဆောင်အောင်မြင်ခဲ့ပုံကို ဥပမာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ယနေ့ခေတ်မှာ နည်းပညာရဲ့ အရှိန်အဟုန်နဲ့ ခေါင်းဆောင်တို့၏ မဟာစွမ်းအားကို ရနိုင်တဲ့ ခေတ်ဖြစ်လာပါပြီ။ ယနေ့ကမ္ဘာမှာ သြဇာလွှမ်းမိုး ဦးဆောင်နိုင်ခဲ့တဲ့ Jack Ma နှင့် Bill Gates တို့ဟာ နည်းပညာရဲ့ စွမ်းအားနဲ့ ဦးဆောင်အောင်မြင်ခဲ့ခြင်းဖြစ်ပါတယ်။

21st Century Power ဆိုတာ မြင်းပြေးမြန်ခြင်းနှင့် တူပါတယ်။ လူတွေထက် မြင်းတွေဟာ ပိုမိုမြန်ဆန်ပြီး၊ မြင်း

စီးသွားတဲ့ သူဟာလည်း မြင်းလိုမြန်သွားသလို နည်းပညာ၏ အရှိန်အဟုန်စီးသွားနိုင်သူဟာ ပိုမိုမြန်ဆန်တိုးတက်အောင မြင်နိုင်မှာဖြစ်ပါတယ်။

## Role-Model Power of Leadership

စံနမူနာအတုယူစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - မြန်မာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်၏ စံနမူပြ ဦးဆောင်ခဲ့ပုံကို ဥပမာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(အောင်မြင်တဲ့ ခေါင်းဆောင်များကို အားကျအတုယူခြင်းဟာ ၈၅ % သော ဦးဆောင်မှု စွမ်းရည်ကို ရနိုင်တယ်လို့ဆိုပါတယ်။ မိမိအောင်မြင်ချင်တဲ့ နယ်ပယ်မှ ခေါင်းဆောင်တစ်ဦးကို (စု၊တု၊ ပြု) ကြိုးစားလိုက်ရင် ကိုယ်တိုင်တနေ့ ခေါင်းဆောင်ဖြစ်မှာ ဧကန်မလွဲဖြစ်ပါတယ်။

Role-Model Power ဆိုတာ မှန်ကြည့်ခြင်းနှင့်တူပါတယ်။ မှန်ကိုကြည့်ပြီး ကိုယ်ကပြောတဲ့အတိုင်း၊ မှန်ထဲမှာ ပုံစံတူဖြစ်လာသကဲ့သို့ ခေါင်းဆောင်သူအတိုင်း ပုံစံတူယူလိုက်ပြီး ကြိုးစားခြင်းဖြင့် တနေ့မှာ ထိုခေါင်းဆောင်ကဲ့သို့ ခေါင်း

ဆောင်ကောင်းဖြစ်လာနိုင်ခြင်းသဘောဖြစ်ပါတယ်။

## Motivation Power of Leadership

### စိတ်ဓါတ်စွမ်းအား၏ ခေါင်းဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Tony Robbin ၏ စိတ်ခွန်အား ဟောပြောမှုနောက်သို့ သန်းချီသောလူတို့သည် ယုံကြည်စွာ လိုက်လာခဲ့ပုံကို ဥပမာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(တိုးတက်မှုကို အလုပ်ကဖန်တီးစေပါတယ်။ အလုပ်ကို လူတွေမှဖန်တီးကြပါတယ်။ လူတွေကို စိတ်က ဦးဆောင်ဖန်တီးစေပါတယ်။ ဒါကြောင့် စိတ်စွမ်းအားနဲ့ အရာရာဖန်တီးဦးဆောင်နိုင်ပါလိမ့်မယ်၊ လောကမှာ ခေါင်းဆောင်သူဖြစ်ဖို့ လူတို့ရဲ့ စိတ်ကို လွှမ်းမိုးဦးဆောင်နိုင်ဖို့ လိုပါလိမ့်မယ်။

Motivation Power ဆိုတာ စပလိန်တွန်းအားနဲ့တူတယ်။ စပလိန်ရဲ့တွန်းအားက များလေလေ တွန်းကန်အားကောင်းလေလေဖြစ်သလို၊ စိတ်ဓာတ်ခွန်အားကြီးလေလေ ဦးဆောင်အောင်မြင်တိုးတက်လေလေဖြစ်ပါတယ်။

## Professional Power of Leadership

### ထူးချွန်ကျွမ်းကျင်မှုစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - John C. Maxwell ၏ ကမ္ဘာ့အဆင့်ခေါင်းဆောင်များကို လွှမ်းမိုးပြီး ထူးချွန်စွာ ဦးဆောင်ဟောပြောနိုင်ခဲ့မှုကို ဥပမာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ရှေ့ခေတ်ဘုရင်များပင်လျှင် မျုးကြီးမတ်ရာများသို့ အတိုင်ပင်ခံတောင်း ဦးဆောင်ခဲ့ပြီး ပညာရှင်ခေါင်းဆောင်များ စွာဝန်းရံလျှက် တိုးတက်ဦးဆောင်နိုင်ပါတယ်။ (ပညာရှင်'ခေါင်းဆောင်) များ ပူးပေါင်းပြီး ပြောင်းလဲတိုးတက်မှုတို့ကို ဖန်တီးဦးဆောင်သွားနိုင်မှာဖြစ်ပါတယ်။

Professional Power ဆိုတာ ကားမောင်းတတ်သူနဲ့တူပါတယ်။ ကားမောင်းလေလေ ကားမောင်းကျွမ်းကျင်လေလေ၊ ကားမောင်းကျွမ်းကျင်လေလေ၊ ကားမောင်းကျွမ်းကျင်သူဟာ ကားကို လိုရာသို့ အမြန်ရောက်ဖို့ သွားနိုင်သလို ခေါင်းဆောင်မှုကျွမ်းကျင်လာခြင်းဟာ အဖွဲ့အစည်း၏ ရည်မှန်းချက်သို့ ပိုမိုအောင်မြင်နိုင်ခြင်းဖြစ်၏။

## Entrepreneurship Power of Leadership

### စွန့်ဦးတီထွင်မှုစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - မီးလုံးတီထွင်ခဲ့တဲ့ Edison အက်ဒီဆင်၏ တီထွင်ဖန်တီးကြိုးစားခဲ့ပုံကို ဥပမာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(လောကမှာ ယခုမြင်တွေ့နေရတဲ့ တိုးတက်ဖွံ့ဖြိုးမှုတို့ဟာ ခေါင်းဆောင်တို့၏ စွန့်ဦးတီထွင် ကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာခြင်းသာဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ အရာအားလုံး ဖြစ်တည်လာဖို့မှာ ဖန်တီးမှုအပေါ်မှာ မူတည်နေပါလိမ့်မယ်၊ စွန့်ဦးတီထွင်မှုသည်သာ အနာဂတ်ရဲ့ အဆုံးအဖြတ်ဖြစ်ပါတယ်။

Entrepreneurship Power ဆိုတာက လမ်းသစ်ဖောက်တာနဲ့ တူပါတယ်။ တစ်နေရာမှ တစ်နေရာသို့ လမ်းများဆက်သွယ်ချိတ်ဆက် လမ်းသစ်ဖောက်နိုင်သလိုပဲ စွန့်ဦးတီထွင်မှု့သည် အရာရာကို ထိုးဖောက်ဖန်းတီးနိုင်စွမ်းသော ဦးဆောင်မှုအားပင်ဖြစ်ပါတယ်။

## Authority Power of Leadership

သြဇာအာဏာစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - အမေရိကန် သမ္မတဟောင်း လင်ကွန်း၏ ဦးဆောင်မှုပုံစံကို ဥပမာယူ၍ ဦးဆောင်အောင် မြင်နိုင်ပါတယ်။

(တချိန်က သမ္မတ အိုဘားမား ရာထူးမရှိလျှင် ယခု ချိန်မှာ အမေရိကန် ကို မလွှမ်းမိုးနိုင်သလို ၊ ခေါင်းဆောင်မှု တို့၏ ရာထူးအရှိန်အဟုန်နှင့် ဦးဆောင်အောင်မြင်နိုင်၏။ ရာထူးရှိဖို့က ပထမ၊ သြဇာရှိဖို့က အဓိကဖြစ်ပါတယ်။

Authority Power ဆိုတာ ချိန်ခွင် ဟိုဘက်ဒီဘက် ညီခြင်းနှင့်တူပါတယ်။ မိမိမှာရှိတဲ့ Authority သြဇာအာဏာ ကို မှန်မှန်ကန်ကန်မျှမျှတတ ချိန်ခွင်လိုလုပ်နိုင်င်တယ်ဆိုရင် မိမိလည်းတိုးတက်မယ် အများလည်းအကျိုးရှိနိုင်စေတဲ့ မျှတ စွာဦးဆောင်မှုတရားပင်ဖြစ်ပါတယ်။

## Organization Power of Leadership

အဖွဲ့အစည်းစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Jack Wealch ၏ လုပ်

ငန်းအဆပေါင်း ၄၀၀ % တိုးတက်ဦးဆောင်ခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(လူတစ်ဦးအလုပ်ပြီးမှ တနေ့ ၈-နာရီ၊ အဖွဲ့အစည်းအားလုံးမှ အလုပ်ပြီးရင် နာရီ-၁သောင်းဆိုသလို အဖွဲ့အစည်းအားလုံး၏ စွမ်းအားဖြင့် ဦးဆောင်အောင်မြင်နိုင်၏။ အားလုံးမျှော်လင့်တဲ့ ရည်မှန်းချက်ကို အဖွဲ့အစည်း၏အား၊ အသင်းအဖွဲ့တို့၏ စွမ်းအားတို့ဖြင့် အောင်မြင်နိုင်စွမ်းရှိပါတယ်။

Organization Power ဆိုတာ သစ်ပင်ကြီးနဲ့တူပါတယ်။ သစ်ပင်ကြီးတစ်ခု အသီးအရွက် ဝေဖြာဖို့တာ ပင်-စည်၊ နေစွမ်းအားနှင့် မြေမှာရှင်သန်ပြီး အရာအားလုံးပေါင်းစပ်မှ သစ်ပင်ကြီးဖြစ်လာသလိုပဲ၊ ခေါင်းဆောင်မှုဆိုတာ အဖွဲ့အစည်းမှာရှိတဲ့ အဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ အားလုံးသော အဖွဲ့အစည်းရဲ့ ပူးပေါင်းအားကို စုပေါင်းလိုက်မှ သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနား ဆိုသလို အောင်မြင်တိုးတက်မှုကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

## **Communication Power of Leadership**

ဆက်သွယ်ချိတ်ဆက်နိုင်စွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Oberma ၏ ဆက်ဆံရေးထူးချွန်စွာနှင့် ကမ္ဘာအဝှမ်း နိုင်ငံတကာနှင့် ပူးပေါင်းဆက်သွယ် ကြိုးပမ်းခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ကိုယ်မလုပ်နိုင်တဲ့အရာ တခြားသူ လုပ်နိုင်ပါတယ်၊ ကိုယ့်မကျွမ်းကျင်တဲ့ နယ်ပယ်မှ တချို့ဟာ နှံ့စပ်ကျွမ်းကျင်ကြပါတယ်၊ အားလုံးနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်လျှင် အရာရာကို ပြီးမြောက်အောင်မြင်နိုင်စွမ်းအားရှိပါတယ်။

Communication Power ဆိုတာ အင်တာနက်နဲ့တူပါတယ်။ Internet ရှိရင် တကမ္ဘာလုံးသို့ ဆက်သွယ်ချိတ်ဆက်နိုင်သလိုပဲ။ ဆက်သွယ်ချိတ်ဆက်မှုစွမ်းအားသည် လူမှုပတ်ဝန်းကျင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်လျှက် အောင်မြင်မှုကို ဦးဆောင်သွားနိုင်မှာဖြစ်ပါတယ်။

## Brand Power of Leadership

နာမည်ကြီးမှုစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Steve Jobs ၏ ကမ္ဘာတစ်ဝှမ်း ငကျော်သညန နာမည်ကြီးလူကြိုက်များမှု ဦးဆောင်

ခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(နာမည်ကြီးလေလေ၊ လွှမ်းမိုးသက်ရောက်မှုရှိလေလေ သဘောဖြင့် ခေါင်းဆောင်သူတို့ဟာ ထင်ပေါ်ကျော်ကြား ဦးဆောင်မှုကိုလည်း ဖန်တီးအောင်မြင်နိုင်ပါတယ်။ ခေါင်းဆောင်မှုမှာ နာမည်ကြီးလာလေလေ လွှမ်းမိုးဩဇာသက်ရောက်နိုင်လေလေဖြစ်ပါတယ်)

Brand Power ဆိုတာ နာမည်ကြီး မင်းသား မင်းသမီးနဲ့တူတယ်။ နာမည်ကြီး မင်းသား မင်းသမီးတွေ ရိုက်ကူးတဲ့ ရုပ်ရှင်အများစုဟာ ပေါက်သလိုပဲ Brand အရှိန်ဩဇာ ကြီးမားလာသည်နှင့် လူတွေရဲ့ ရင်ထဲကို လွှမ်းမိုးနိုင်ပြီး ပတ်ဝန်းကျင်မှာ ပိုမိုဩဇာသက်ရောက် ဦးဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

## Art Power of Leadership

အနုပညာစွမ်းအား၏ ခေါင်းဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - ကမ္ဘာကျော်ရုပ်ရှင်မင်းသား Bruce Lee ဟာ ကမ္ဘာအဝှမ်းသို့ ရုပ်ရှင်နှင့်လွှမ်းမိုးဦးဆောင်မှုခဲ့ပုံများကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(လူသားတို့၏ စိတ်တို့ကို အလွှမ်းနိုင်ဆုံးသော အနုပညာ၊ စာပေ၏ လွှမ်းမိုးဦးဆောင်နိုင်ပုံနှင့် နိုင်ငံတော်သီချင်းကဲ့သို့ လူတို့၏စိတ်ဓါတ်တို့ကို နိုးကြားတက်ကြွဦးဆောင်နိုင်စွမ်းအား ရှိပါတယ်။ အနုပညာမြောက် ပေါင်းစပ်ဖန်တီးခြင်းဟာလည်း လူတိုင်းရင်မှာစွဲမြဲဦးဆောင်နိုင်ခြင်းဖြစ်ပါတယ်။

Act Power ဆိုတာ နိုင်ငံတော်သီချင်း တစ်ပုဒ်နဲ့တူပါတယ်။ နိုင်ငံတော် သီချင်းဟာ ပြည်သူတွေရဲ့ ရင်ထဲမှာ စွဲစွဲမြဲမြဲမှတ်မိသွားသကဲ့သို့ အနုပညာဆိုတာ လူတိုင်းရဲ့ရင်ထဲ လွှမ်းမိုးနိုင်ခြင်းရှိပြီး၊ လူမှုပတ်ဝန်းကျင်အားလုံးကို လွှမ်းမိုးဦးဆောင်နိုင်မှာဖြစ်ပါတယ်။

## Management Power of Leadership

**နည်းစနစ်စီမံခန့်ခွဲမှုစွမ်းအား၏ ဦးဆောင်မှုသဘော**

ခေါင်းဆောင်မှုဥပမာ - ခေါင်းဆောင်သူမရှိပဲ KFC Founder ကြီး နည်းစနစ်ဖြင့် ကမ္ဘာအဝှမ်း Franchise ပေးဦးဆောင်ခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။ (ခေါင်းဆောင်မှု မဟာဗျူဟာနဲ့ စီမံမှုနည်းစနစ်ပေါင်းပြီး၊ Leader မလိုအပ်သော အောင်မြင်တိုးတက်မှုကို ဖန်တီးနိုင်

ပါလိမ့်မယ်။ အောင်မြင်သော ခေါင်းဆောင်သူတို့ဟာ မူဝါဒများ၊ နည်းစနစ်များနဲ့ စနစ်အခြေခံ စီမံခန့်ခွဲဦးဆောင်နိုင်ပါလိမ့်မယ်။

Management Power ဆိုတာ ကုတ်အားနဲ့ ဥပမာတူပါတယ်။ ကိုယ်မနိုင်တဲ့ အရာတွေကို ကုတ်အားနဲ့ တွန်းလိုက်တဲ့ အချိန်မှာ ရွေ့သွားနိုင်သလိုပဲ ကိုယ်တစ်ဦးတည်းမပြီးတဲ့ များစွာသောအလုပ်တွေကို ကုတ်ရဲ့တွန်းအားနှင့် စီမံနိုင်ပါတယ်။

## Competition Power of Leadership

ယှဉ်ပြိုင်နိုင်စွမ်းအား၏ ခေါင်းဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - ဒေါ်နယ်ထရန့်၏ စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ် ယှဉ်ပြိုင်ဦးဆောင်ခဲ့ပုံများကို နမူနာအတုယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ခေါင်းဆောင်တိုင်းမှာ စိန်ခေါ်ယှဉ်ပြိုင်မှုရှိနေ၏၊ အနိုင်ရဖို့ Arrack တိုက်မလား၊ အရှုံးမပေးဖို့ Defence ခုခံမလားဆိုသော ခေါင်းဆောင်မှုပုံစံနှင့် အောင်မြင်နိုင်ပါလိမ့်မယ်။ ယှဉ်ပြိုင်မှု ကြီးတဲ့ ယနေ့ခေတ်မှာ ခေါင်းဆောင်မှု

မဟာဗျူဟာသည်သာ ယှဉ်ပြိုင်အောင်နိုင်ရေးဖြစ်ပါတယ်။

Competition Power သည် ဝါးစည်းနဲ့ တူပါတယ်။ ဝါးတစ်ချောင်းချင်းစီကို ချိုးတဲ့ အခါမှာ ကျိုးပေမယ့် ဝါးစည်းကို ချိုးတဲ့ အခါမှာ မကျိုးနိုင်သလိုပဲ၊ ယှဉ်ပြိုင်တဲ့ အခါမှာ စုစုစည်းစည်းနဲ့ ပြိုင်သွားနိုင်ရင် စုပေါင်းမှုနှင့် အရာရာမှာ အောင်မြင်နိုင်ပါတယ်။

## Change Power of Leadership

ပြောင်းလဲနိုင်မှုစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - လီကွမ်ယူ၏ စင်္ကာပူကို ကျွန်းနိုင်ငံမှ အာရှတိုးတက်ဆုံးနိုင်ငံ ပြောင်းလဲဦးဆောင်ခဲ့ပုံ နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ဆင်းရဲမှုမှ ချမ်းသာမှုပြောင်းခဲ့သူများ၊ မတိုးတက်မှုမှ ခေတ်မီမှုသို့ ပြောင်းလဲကြိုးပမ်းနိုင်သူများသာ ခေါင်းဆောင်ဟုမည်၏။ သူတို့ ဘယ်လိုပြောင်းလဲခဲ့သလဲ သင်ခန်းစာ အတွေ့အကြုံ မဟာဗျူဟာရယူပြီး ပြောင်းလဲတိုးတက်ဦးဆောင်သွားနိုင်ပါတယ်။

Change Power သည် ပိုးတုံးလုံးဘဝမှ ကူးပြောင်း

လာတဲ့ လိပ်ပြာနဲ့ တူပါတယ်။ လှပတဲ့ လိပ်ပြာဆိုတာ အရုပ်ဆိုးတဲ့ ပိုးတုံးလုံးဘဝမှ ပြောင်းလဲလာသကဲ့သို့ အောင်မြင်တိုးတက်မှုဆိုတာ အခက်အခဲတွေကျော်ဖြတ်မှုမှ ပြောင်းလဲပေးခြင်းဖြစ်ပါတယ်။

## History Power of Leadership

### သမိုင်းကြောင်းစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - ရဲစွမ်းသတ္တိရှိသော ခေါင်းဆောင်သူ ဘုရင့်နောင်၏ ခေါင်းဆောင်မှုစွမ်းရည်၊ အတွေ့အကြုံမဟာဗျူဟာများကို နမူနာယူ၍ ဦးဆောင်အောင်မြင်သွားနိုင်ပါတယ်။

(သမိုင်းမှာ အမှားအမှန်၊ သင်ခန်းစာ၊ အတွေ့အကြုံယူကြိုးစားရင်း ခေါင်းဆောင်တို့၏ အတွေ့အကြုံစွမ်းအားကို ရရှိနိုင်ပါတယ်။ ခေါင်းဆောင်ခဲ့မှု သမိုင်းအတွေ့အကြုံများ၊ ခေါင်းဆောင်သူတို့၏ သင်ခန်းစာများကို ပညာရယူပြီးအောင်မြင်စွာ ဦးဆောင်သွားနိုင်ပါတယ်။

History Power ဆိုတာ နိုင်ငံခြားခရီးသွားတာနဲ့ တူပါတယ်။ နိုင်ငံခြားသို့ ခရီးရောက်ဖူးသူဟာ ဘယ်နေရာကို

ဘယ်လိုသွားရမလဲ အတွေ့အကြုံရှိသလို၊ ခေါင်းဆောင်ခဲ့သူ သမိုင်းကို သိသူဟာ၊ အတွေ့အကြုံ၊ အမှန်အမှားတွေကို သင်ခန်းစာယူနိုင်ပါတယ်။

## Success Power of Leadership

အောင်မြင်မှုစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Jack Ma ၏ ဦးဆောင်အောင်မြင်ခဲ့ပုံများမှ အောင်မြင်မှုသင်ခန်းစာများကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(အောင်မြင်လေလေ ပိုအောင်မြင်လေလေသဘောအရ၊ အောင်မြင်သူတို့ကို လူတိုင်းဟာ အထင်ကြီးလေးစားလက်ခံယုံကြည်ကြပြီး လူအများအတွက် ဦးဆောင်မှုစွမ်းအားဖြစ်စေပါတယ်။ အောင်မြင်ဖို့ ကြိုးစားနိုင်သူဟာလည်း ထူးချွန်သောခေါင်းဆောင်များပင်ဖြစ်ပါတယ်။

Success Power ဆိုတာ မုန်တိုင်း ဥပမာနဲ့တတယ်။ မုန်တိုင်းဆိုတာ လေဖိအားနည်းရပ်ဝန်းမှ ပင်လယ်မှ လေတွေကို စုပေါင်းဖြစ်လာသလို၊ ခေါင်းဆောင်သူဆိုတာ လူတွေရဲ့အားတွေကို စုပေါင်းပြီး အောင်မြင်တိုးတက်နိုင်ပါတယ်။

## Wealthy Power of Leadership

ချမ်းသာကြွယ်ဝစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Warren Buffett ချမ်းသာကြွယ်ဝရေးစည်းကမ်းများအား နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆင်းရဲမှုကို နိုင်ငံဝင်ငွေနှင့်တိုင်းသလို၊ လူတို့၏ တိုးတက်မှု မတိုးတက်မှုတို့ကို လည်း ချမ်းသာကြွယ်ဝခြင်းအားဖြင့် တိုင်းတာကြတာများပါတယ်။ ချမ်းသာကြွယ်ဝမှုဟာ ယနေ့မှာ စွမ်းအားအဖြစ် ဩဇာအာဏာတစ်ခုဖြစ်လာတာမို့ကြွယ်ဝချမ်းသာအောင် ဦးဆောင်ဖို့လိုအပ်လာပါတယ်။

Wealthy Power ဆိုတာ ကြက် နှင့် ကြက်ဥ ဥပမာနဲ့တူပါတယ်။ ကြက်ဥမှ ကြက်ဖြစ်လာသလို၊ ကြက်မှလည်း ကြက်ဥတွေကို တိုးပွားလာစေကဲ့သို့ ငွေမှ ငွေကြေးများဖြစ်ပြီး၊ ထိုငွေကြေးများမှ ငွေကြေးများစွာ တိုးပွားလာနိုင်ပါတယ်။

## Training Power of Leadership

သင်ကြားလေ့ကျင့်ပေးမှုစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Philip Kotler ၏ Marketing ပညာအား အထူးပြုဖန်တီးခဲ့ပုံနှင့် တက္ကသိုလ်အဆင့်ပညာရေး ကိုးကားသင်ကြားခဲ့ပုံများကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ခြသေ့်ဖြစ်ဖို့ ခြသေ့်တို့နှင့် လေ့ကျင့်သင်ယူပါ ဆိုတဲ့အတိုင်း ခေါင်းဆောင်ဖြစ်သူတိုင်း အောင်မြင်သော ခေါင်းဆောင်တို့နှင့် လေ့ကျင့်သင်ယူဖို့လိုအပ်ပါတယ်။ Practice လေ့ကျင့်ပေးမှုများလာလေလေ Professional ထူးချွန်လာလေလေဖြစ်ပါတယ်။

Training Power ဆိုတာ သာလိကာ စကားပြောခြင်းနှင့် တူပါတယ်။ (သာလိကာ)ကို စကားပြောတက်ဖို့ တတ်လာနိုင်အောင် သင်ပေးနိုင်သလိုပဲ ခေါင်းဆောင်မှု ပညာမသိသေးသူတွေကို ခေါင်းဆောင်မှု ပညာသင်ပေးနိုင်တယ်။ နောက်လိုက်တွေကိုလည်း ခေါင်းဆောင်နိုင်အောင် လေ့ကျင့်သင်ပေးနိုင်ပါတယ်။

**Life Power of Leadership**

ဘဝစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - Tony Robbin ၏ ဘဝကို ဘက်စုံမှ အောင်နိုင်စွာ ကိုယ်တိုင်ဖန်တီးကြိုးစားနိုင်ခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(ဘဝဆိုတာ ကိုယ်တွေးတာထက် ပိုဖန်တီးနိုင်တယ်၊ ပိုတန်ဖိုးရှိနေပါတယ်။ လောကမှ ဘဝပိုင်ရှင်တိုင်းဟာ တန်ဖိုးကိုယ်စီရှိကြပါတယ်။ ဘဝမှာ အမြင့်ဆုံး (၁၀၀ %) တန်ဖိုးရှိအောင် အကောင်းဆုံးကြိုးစားနိုင်ပါတယ် (Reson ဆင်ခြေပေးနေလား) ဒါမှမဟုတ် (Result ရလဒ်ဖြစ်အောင်ကြိုးစားနေလား) အပေါ်မှာ မူတည်ပြီး ဘဝဟာ ပြောင်းလဲတိုးတက်နိုင်ပါတယ်။

Life Power ဆိုတာက စာမေးပွဲ ဖြေခြင်းနှင့်တူပါတယ်။ စာမေးပွဲအောင်ဖို့ဆိုတာ ဘာသာရပ်အားလုံးကို အောင်ဖို့ မျှတကြိုးစားရသလိုပဲ ဘဝအောင်မြင်ဖို့ဆိုတာ အောင်မြင်ရေး၊ ကျန်းမာရေး၊ လူမှုရေး အားလုံးကို မျှတကြိုးစားရပါတယ်။

ခေါင်းဆောင်မှုဥပမာ - အန္ဒိယအမျိုးသား ခေါင်းဆောင်ကြီး ဂန္ဒီ၏ ဘဝကို သဘာဝကျကျ ဦးဆောင်အောင်မြင်နိုင်ခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(သဘာဝတရားဆိုတာ အမှန်တရားပါပဲ၊ သဘာကို နားလည်ပြီး သဘာဝကျကျ ကြိုးစားဦးဆောင်ခဲ့သော ခေါင်းဆောင်တို့ဟာ ကြီးမားသော လောကစွမ်းအားကို ရရှိစေနိုင်ပါတယ်။ လောကမှာ နေသူတိုင်း - လောကတရားမှ ဦးဆောင်နေတာမို့၊ လောကသဘာဝတရားကို ဦးဆောင်မှုစွမ်းအားပြောင်းလဲယူပြီး အရာရာမှာ ဦးဆောင်အောင်မြင်သွားနိုင်ပါတယ်)

Nature Power ဆိုတာ ကြာပန်းနဲ့ တူပါတယ်။ ကြာပန်းဆိုတာကမြေမှာပေါက်၊ရေကိုလွန်ဆန်ပြီးတော့လေမှာ ဖူးပွင့်သလို ဦးဆောင်သူတွေဆိုတာ လူတွေကြားကနေမှတစ်ဆင့် လွန်ဆန်ပြီး၊ အများနဲ့ မတူအောင် ထိုးဖောက်စွန့်စားနိုင်သူမှ လောကမှာ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

## Love Power of Leadership

ချစ်ခြင်းမေတ္တာစွမ်းအား၏ ဦးဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - မေတ္တာရှင်၊ စေတနာရှင် မာသာထရီဆာ၏ ချစ်ခြင်းမေတ္တာဖြင့် လူတိုင်း၏ ရင်မှာ လွှမ်းမိုးဦးဆောင်ခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။ (ခေါင်းဆောင်သူတိုင်းဟာ မိမိထက်ပိုပြီး တခြားသူများသို့ ချစ်မြတ်နိုးတန်ဖိုးထားခဲ့ကြတယ်၊ လူအများစွာကို ချစ်ခင်ကူညီမှု ထိုလူများစွာမှာလည်း ခေါင်းဆောင်များသို့ အားပေးကူညီပါလိမ့်မယ်။ ခေါင်းဆောင်တစ်ဦး၏ စစ်မှန်သော ခွန်အားဆိုတာ အများပြည်သူမှ ထိုခေါင်းဆောင်သို့ ချစ်ခင်အားပေးနေခြင်းဖြစ်ပါတယ်။

## Religion Power of Leadership

ဘာသာတရားစွမ်းအား၏ ခေါင်းဆောင်မှုသဘော

ခေါင်းဆောင်မှုဥပမာ - မြတ်စွာဘုရားရှင်၏ လောကစကြဝဠာတိုင်အောင် ပါရမီဖြည့်ဆည်းကြိုးပမ်းခဲ့ပုံကို နမူနာယူ၍ ဦးဆောင်အောင်မြင်နိုင်ပါတယ်။

(လူတိုင်းကို အချိန်တိုင်းလွှမ်းနေတဲ့ ဘာသာတရား၏ အဆုံးအမများ၏ ယုံကြည်လမ်းညွှန်မှုဟာ တွေးခေါ်မှု၊ပြုလုပ်မှု၊ အကျိုးရလဒ်တိုင်းကို ဖန်တီးဦးဆောင်စေပါတယ်။ ဘာသာ

တရား၏ စွမ်းအားများ ရရှိလာပြီဆိုလျှင် တန်ခိုးဩဇာကြီးမားလာပြီး လူသားတို့ကို လွှမ်းမိုးဦးဆောင်နိုင်စွမ်းရှိပါတယ်။

Relation Power ဆိုတာ သောတပန် တရားကျင့်တာနဲ့တူတယ်။ တရားကျင့်ရင်း၊ ကျင့်ရင်းနဲ့ သောတပန် ဉာဏ်စင်ဆိုတာ ခန္ဓာကိုယ်ထဲက ပေါ်လာသလိုပဲ၊ လေ့လာ ကြိုးစားရင်းအားဖြင့် လောကကြီးမှာ ဘယ်သူမှ မမြင်နိုင်တဲ့အရာတွေ ဘယ်သူမှမရနိုင်တဲ့ တန်းခိုးစွမ်းအားတွေနဲ့ ကိုယ်တိုင်ခေါင်းဆောင်အောင်မြင်နိုင်ပါတယ်။

စတဲ့ ခေါင်းဆောင်မှုစွမ်းအား (၂၁-ချက်) ကို ခေါင်းဆောင်သူတိုင်း နားလည်ပြီး ကျွမ်းကျင်ပေါင်းစပ် ဦးဆောင်သွားလျှင် လူတိုင်းဟာ ခေါင်းဆောင်မှုထူးချွန်ပြီး အရာရာမှာ တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

(ခြင်္သေ့ဖြစ်ဖို့ ခြင်္သေ့တို့နှင့် လေ့ကျင့်သင်ယူပါ)

(ခေါင်းဆောင်ဖြစ်ဖို့ ခေါင်းဆောင်တို့နှင့် လေ့ကျင့်သင်ယူပါ)

ဤစာအုပ်မှာ ဦးဆောင်မှုအဆင့်များ၊ အနာဂတ်လူငယ်ခေါင်းဆောင်များ၊ လူအများကို လွှမ်းမိုးဦးဆောင်လိုသူများနှင့် မိမိကိုယ်တိုင် ဦးဆောင်အောင်မြင်လိုသူများအတွက်

၂၁ ရာစုအတွက် Power of Leadership ခေါင်း

ဆောင်မှုစွမ်းအား ၂၁ ချက်၊ ကမ္ဘာကျော် ခေါင်းဆောင်သူ (၂၁) တို့၏ Leadership ခေါင်းဆောင်ခဲ့မှုများ၊ Leader & Follower ခေါင်းဆောင်သူ နှင့် နောက်လိုက်သူများ ကွာခြားမှု၏ ဥပဒေသများ၊ ခေါင်းဆောင်မှု သဘောတို့၏ အောင်မြင်မှု - ကျရှုံးမှု သုသေသနအချက်များ၊ နာမည်ကြီးသော Leadership Story ခေါင်းဆောင်မှု ပုံပြင်များ သင်ခန်းစ-ာများ အားလုံးပါဝင်ထားပြီး (ခေါင်းဆောင်မှု လက်စွဲစာအုပ်) ဖြစ်ဖို့ အားထုတ်ရေးသားထားပါတယ်။

၂၁ ရာစုခေတ်မှာ ဦးဆောင်အောင်မြင်ဖို့ ၂၁ Powers of Leadership for 21st Century ယခု စာအုပ်ကို ရေးသားပြုစုပြီး အနာဂတ်ခေတ်အတွက် (အောင်မြင်သောခေါင်းဆောင်ကြီးများ၏ Leadership Power စွမ်းအားများကို) စု၊ တု၊ ပြု သုသေသနပြု ရေးသားလိုက်ပါတယ်။

**ခေါင်းဆောင်တို့၏ ခံယူကြိုးပမ်းချက်**

One Leader Can Change The World

(ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကို ပြောင်းလဲနိုင်တယ်)

Leader Are Learner – Learner From Leader

(ခေါင်းဆောင်ဆိုလေ့လာသူ - ခေါင်းဆောင်များထံမှ လေ့လာယူ)

## နေ့စဉ်ခေါင်းဆောင်မှု သံဓိဋ္ဌာန်

*************

**ငါသည် တန်ဖိုးရှိသော ခေါင်းဆောင်ကြီးများကို စံနမူနာအတုယူလျှက်**

I Am Hero, Not Zero (ငါသည် သုညမဟုတ်၊ ရဲစွမ်းသတ္တိရှိသူဖြစ်၏)

I Will Lead, Not Follow (ငါသည် နောက်မလိုက်၊ ခေါင်းဆောင်သွားမည်)

ငါသည် တန်ဖိုးရှိသော ခေါင်းဆောင်သူဖြစ်၏ (ခံယူကြိုးစားသွားမည်)

ငါသည် အကြီးအကဲ ခေါင်းဆောင်သူဖြစ်၏ (နှလုံးသွင်းကြိုးစားသွားမည်)

ငါသည် မြင့်မြတ်သော ခေါင်းဆောင်သူဖြစ်၏ (ယုံကြည်ကြိုးစားသွားမည်)

I Am Leader of My Life

(ငါ့ဘဝ၏ အရှင်သခင်ခေါင်းဆောင်ဟာ ငါကိုယ်တိုင်ဖြစ်၏)

I Am Great Leader

(ငါသည် မြင့်မြတ်သော ခေါင်းဆောင်သူဖြစ်တယ်)

I Can Do It (ငါလုပ်နိုင်တယ်) ယုံကြည်နေမယ်။

You Can Do It (သင်လုပ်နိုင်တယ်) အားပေးနေမယ်။

We Can Do It (ကျွန်ုပ်တို့လုပ်နိုင်တယ်) အတူတူကြိုးစားနေမယ်။

**I Can Do It + You Can Do It + We Can Do It**




## ဆရာဦးဇင်ဖြိုးပိုင်၏ ကိုယ်ရေးအကျဉ်း

ဆရာဇင်ဖြိုးပိုင်သည် စင်္ကာပူနိုင်ငံတွင် စီးပွားရေး ဖြင့်ကျောင်းပြီးထားပြီး၊ ကမ္ဘာ့နံပါတ်(၁) Tony Robbin သင်တန်းများ၊ Millionaire Mind သန်းကြွယ်သူဌေး သင်တန်းများ၊ နိုင်ငံတကာ ICF အသိအမှတ်ပြု Leadership Coaching ခေါင်းဆောင်မှု အကြံပေး သင်တန်းများအား ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံများတွင် သွားရောက်တက်ရောက်ထား ခဲ့ပါသည်။

ဆရာ ဇင်ဖြိုးပိုင်သည် စီးပွားရေးအကြံပေးအဖြစ် UN စီမံချက်များတွင်လည်းကောင်း၊ Telenor ကိုယ်စားလှယ်များနှင့် ကုမ္ပဏီကြီးများတွင်လည်းကောင်း၊ အစိုးရဝန်ကြီးဌာနအဆင့် (MOC စီးပွားကူးသန်းဝန်ကြီးဌာန၊ SMEs ဌာနများသို့ Business Consultant နှင့် Corporate Training ကုမ္ပဏီဖိတ်ခေါ်သင်တန်းများကို Company အဖွဲ့အစည်းပေါင်း(၁၀၀)ကျော်သို့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုသို့ အားပေးဆောင်ရွက်လျှက်ရှိပါသည်။

ဆရာဇင်ဖြိုးပိုင်သည် ASEAN နိုင်ငံများဖြစ်သည့် စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများရှိ နာမည်ကြီးတက္ကသိုလ်များသို့လည်း ပညာရေး လေ့လာရေးခရီးထွက်ရှိထားပြီး နိုင်ငံခြားအသိပညာ ဗဟုသုတများဖြင့် သတင်းဆောင်းပါး များရေးသားခြင်း၊ MRTV၊ မြဝတီ၊ Channel 7 စသည့် သတင်းမီဒီယာများတွင်လည်း စွန့်ဦးတီထွင်မှုနှင့် ဘဝ အောင်မြင်တိုးတက်ရေးအတွက် အင်တာဗျူးများကိုလည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဆရာဇင်ဖြိုးပိုင်သည် MESI Business Institute အား ကျောင်းခွဲ (၁၅-ခု) ဖြင့် ဦးစီးထူထောင်ထားပြီး (CEO

& Principal) အဖြစ် တာဝန်ယူလျက် ရုရှားနိုင်ငံ SWSU တက္ကသိုလ်၊ အင်္ဂလန်နိုင်ငံ City of Oxford တက္ကသိုလ်ကြီး များနှင့်ချိတ်ဆက်လျှက် UK Diploma သင်တန်းများကို MESI သင်တန်းကျောင်းတွင် ဦးစီး ပို့ချလျှက်ရှိပြီး မြန်မာနိုင်ငံအနှံ့မြို့ပေါင်း(၃၀)အထိ စီးပွားရေးနှင့် စီမံခန့်ခွဲ ဦးဆောင်မှုဆိုင်ရာ Seminar ဟောပြောပွဲများ၊ Certificate သင်တန်းများ၊ UK Diploma သင်တန်းပေါင်း (၁၀၀)ကျော် ဖွင့်လှစ်သင်ကြားပေးထားပြီးကျောင်းသားပေါင်း (၁၀၀၀၀) ကျော်သို့ သင်ကြား ပို့ချ ပေးထားပြီးဖြစ်ပါသည်။

ဆရာဇင်ဖြိုးပိုင်သည် Best Seller နံပါတ်(၁) Life Winning Management စာအုပ်နှင့်အတူ ရောင်းအားအကောင်းဆုံးစာအုပ်(၃)အုပ် ရေးသားထုတ်ဝေထားပြီး စာပေအသိပညာဖြင့် အသက်မွေး လျှက်ရှိပါသည်။ ယခုတွင် Myanmar Speaker Association ၏ Fountding Member အဖြစ် ပါဝင်ခဲ့ပြီး လူမှုအကျိုးပြု CSR လုပ်ငန်းများကိုအားပေးဆောင်ရွက်လျှက် မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း(၁၅ မြို့)တွင် PMT ဆရာအဖွဲ့ဝင်ပေါင်း (၃၀-ကျော်)နှင့်အတူတူကြိုးပမ်းလျှက် မြန်မာ့ ပညာရေးတိုးတက်မှုနှင့် အနာဂတ်

ခေါင်းဆောင်များ တိုးတက်ရေးအတွက် အားပေးဆောင်ရွက် လျှက်ရှိပါသည်။

## သင်ခေါင်းဆောင်တစ်ဦး ဖြစ်နိုင်တယ်မလား

## Yes (or) no (ဟုတ်လား၊ မဟုတ်ဘူးလား)

ခေါင်းဆောင်ဆိုတာ မွေးရာပါ မဟုတ်ရင်၊ လူတိုင်း ဖန်တီးကြိုးစားလိုက်ရင် ခေါင်းဆောင်ဖြစ်လာနိုင်တယ်မလား။ (Yes) or (No) ဟုတ်လား၊ မဟုတ်ဘူးလား။

ခေါင်းဆောင်ဆိုတာ ရာထူး မဟုတ်ရင်၊ လူတိုင်းရှိတဲ့နေရာမှာ အကောင်းဆုံးကြိုးစားရင် ခေါင်းဆောင်ဖြစ်နိုင်တယ်မလား။ (Yes) or (No) ဟုတ်လား၊ မဟုတ်ဘူးလား။

ခေါင်းဆောင်ဆိုတာ ကိုယ့်အတွက်မဟုတ်ရင်၊ လူတိုင်း အကျိုးအတွက် ပေးဆပ်ကြိုးစားလိုက်ရင် ခေါင်းဆောင်ဖြစ်နိုင်တယ်မလား။ (Yes) or (No) ဟုတ်လား၊ မဟုတ်ဘူးလား။

ခေါင်းဆောင်ဆိုတာ အပြော မဟုတ်ရင်၊ လူတိုင်း လက်တွေ့ကျကျ ကြိုးစားလိုက်ရင် ခေါင်းဆောင်ဖြစ်နိုင်တယ်မလား။ (Yes) or (No) ဟုတ်လား၊ မဟုတ်ဘူးလား။

ခေါင်းဆောင်ဆိုတာ နောက်လိုက် မဟုတ်ရင်၊ လူတိုင်းအရှေ့မှ သတ္တိရှိရှိဦးဆောင်လိုက်ရင် ခေါင်းဆောင်ဖြစ်နိုင်တယ်မလား။ (Yes) or (No) ဟုတ်လား၊ မဟုတ်ဘူးလား။

သင့်ရဲ့ခေါင်းဆောင်မှု အလားအလာတွေကို ယခုပဲ ဖော်ထုတ်ဦးဆောင်လိုက်ပါ။ Do It Now ယခုပဲစတင်ပါ။

**Yes, I Am Grade Leader**

**ဟုတ်တယ်၊ ငါသည် အမြင့်မြတ်ဆုံးသော ခေါင်းဆောင်သူဖြစ်တယ်။**

## စာရေးသူ ဆရာဇင်ဖြိုးပိုင်(MESI)၏

Leadership ဦးဆောင်ခဲ့မှု မှတ်တမ်းများ

#1 Most Institute မြန်မာနိုင်ငံအနှံ့ကျောင်းခွဲအများဆုံး MESI Franchise ကျောင်းခွဲ (၁၅-ခု)အား စွန့်ဦးတီထွင်ဦးဆောင်ဖွင့်လှစ်ခဲ့မှု

MOC စီးပွားကူးသန်းနှင့် ပူးပေါင်းပြီး တိုင်းဒေသကြီး (၁၂-မြို့) BDM စီးပွားရေးသင်တန်းများ နယ်မြို့အသီးသီးမှာ ဦးဆောင်သင်ကြားခဲ့မှု

UNIDO စွန့်ဦးတီထွင် စီမံချက်အတွက် (SMEs ၁၀၀-ဦး) အတွက် National Consultant အကြံပေးအဖြစ် ဦးဆောင်တာဝန်ယူခဲ့မှု

ဒီပလိုမာတန်းခွဲ (၁၀၀) ကျော် ကျောင်းသားပေါင်း (၃၀၀၀) အထိတက်ရောက်နိုင်အောင် EDBM ဒီပလိုမာကို ဦးဆောင်ဖန်တီးပေးခဲ့မှု

အနာဂတ်လူငယ် ဆရာများစွာ ပေါ်ထွန်းလာရေး (PMT - ဆရာဖြစ်သင်တန်းအား) ဆရာပေါင်း ၃၀၀ ခန့် ဦးဆောင်လေ့ကျင့်သင်တန်းပေးခဲ့မှု

1 Most Institute **မြန်မာနိုင်ငံအနှံ့ကျောင်းခွဲအများဆုံး** MESI Franchise **ကျောင်းခွဲ (၁၅-ခု) အား စွန့်ဦးတီထွင်ဦးဆောင်ဖွင့်လှစ်ခဲ့မှု**

ကျွန်တော်အနေနဲ့ မြန်မာ့ပညာရေးလိုအပ်ချက် အား ဖြည့်ကူညီဆောင်ရွက်မှုအနေနဲ့၊ မြန်မာနိုင်ငံအနှံ့သို့ UK အင်္ဂလန်နိုင်ငံအဆင့် (ဒီပလိုမာတန်းများ) အား၊ ခေတ်မှီသင်ကြားနိုင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ ရည်ရွယ်စိတ်ဆန္ဒဖြင့်၊ ကိုယ့်နည်းကိုယ့်ဟန် အကြံညာဏ်ဖြင့် စွန့်ဦးတီထွင်ကြိုးပမ်းပြီး၊ မြန်မာနိုင်ငံအနှံ့ (အထက်မြန်မာပြည်၊ အလယ်မြန်မာပြည်၊ အောက်မြန်မာပြည်) တိုင်းဒေသအနှံ့ မြို့ပေါင်း (၁၅-မြို့) တွင် MESI Franchise Owner များစွာနဲ့ ပူးပေါင်းလျှက် ကျောင်းခွဲပေါင်း (၁၅-ခု) အား ဦးစီးထူထောင်ထားခဲ့ပါတယ်။ လုပ်ငန်းတစ်ခု အောင်မြင်တိုးတက်ဖို့ဆိုတာ၊ Size အရွယ်အစားကြီးမားဖို့ထက်၊ Speed တိုးတက်မှုနှုန်းမြန်ဖို့ဟာ အဓိကဖြစ်တယ်ဆိုတဲ့ စိတ်ဆန္ဒနဲ့ MESI ကျောင်းခွဲများစွာနဲ့ (၃-နှစ်) အတွင်းမှာ MESI University အဆင့်သို့ မကြာမှီ လျှင်မြန်တိုးတက်စေဖို့ ရည်မှန်းကြိုးပမ်းလျှက်ရှိပါတယ်။

**(ခေါင်းဆောင်မှုခံယူချက်** - သစ်တစ်ပင်ကောင်း ငှက်

တစ်သောင်းနားလို့ရဆိုသလို၊ ခေါင်းဆောင်သူဟာ အဖွဲ့အစည်းတစ်ရပ်ကို အောင်မြင်စွာထူထောင်ကြိုးပမ်းနိုင်ရမယ်။ ထိုအဖွဲ့အစည်းအား မှီခိုပြီး များစွာသော ခေါင်းဆောင်တွေ၊ လူတွေအတွက် အကျိုးရှိမည်မှာ ဧကန်မလွဲပါပဲ။

**MOC စီးပွားကူးသန်းနှင့် ပူးပေါင်းပြီး တိုင်းဒေသကြီး (၁၂-မြို့) BDM စီးပွားရေးသင်တန်းများ နယ်မြို့အသီးသီးမှာ ဦးဆောင်သင်ကြားခဲ့မှု**

ယနေ့ခေတ်မှာ Public Private Partnership (P.P.P) ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးလာချိန်မှာ၊ ကျွန်တော်အနေနဲ့ ခေါင်းဆောင်တစ်ဦးဆိုတာ အများနဲ့ပူးပေါင်းဆောင်ရွက်နိုင်စွမ်းဆိုတဲ့ (1+1=3) ဆိုတဲ့ ပူးပေါင်းအားကို ရယူကြိုးပမ်းလျှက်၊ မြန်မာနိုင်ငံအနှံ့သို့ စီးပွားရေးသင်တန်းများဖွင့်လှစ်ပို့ချနိုင်ဖို့ B2B, B2G (စီးပွားကူးသန်း) အစိုးရဝန်ကြီးဌာနများစွာနှင့် ပူးပေါင်းပြီး၊ BDM စီးပွားရေးစီမံမှုသင်တန်းပေါင်း (၃၀) အား ဦးဆောင်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ဒီကြိုးပမ်းမှုဟာ အသက် (၂၇-နှစ်) အရွယ်နဲ့ လူကြီးပိုင်းများ၊ အစိုးရအကြီးအကဲများနှင့် ပူးပေါင်းကြိုးစားနိုင်ခဲ့တဲ့ ကျွန်တော်ဘဝရဲ့ ဦးဆောင်အောင်မြင်ခဲ့မှု မှတ်တမ်းအမြဲ

ဖြစ်စေခဲ့ပါတယ်။ ခေါင်းဆောင်မှုဘယ်လောက်တော်သလဲဆို တာထက်၊ လူမှုဝန်းကျင်တစ်ရပ်လုံး တိုးတက်အောင် အများနဲ့ ဘယ်လောက်ပူးပေါင်း ကြိုးပမ်းနိုင်သလဲဆိုတာ စစ်မှန်သော ခေါင်းဆောင်မှုစွမ်းရည်ဖြစ်ပါလိမ့်မယ်။

**(ခေါင်းဆောင်မှုခံယူချက်** - Skill စွမ်းရည်ဆိုတာ မိမိအပေါ်မူတည်ပြီး၊ Power စွမ်းအားဆိုတာ ပူးပေါင်းမှုအ ပေါ်မူတည်ပါတယ်။ ဇာတ်လမ်းတစ်ကားပေါက်ဖို့မှာ ဇာတ် ကောင်အဓိကကျသလို၊ ဇာတ်ကွက်ဟာအရေးကြီးဆုံးပဲ၊ အောင် မြင်တိုးတက်မှုဆိုတာ ခေါင်းဆောင်မှုအဓိကကျသလို၊ မဟာ ဗျူဟာဆိုတာ အရေးကြီးဆုံးပါပဲ။ ဘယ်လိုမဟာဗျူဟာနဲ့ ခေါင်း ဆောင်မလဲဆိုတာ အောင်မြင်ခြင်းရဲ့လျှို့ဝှက်ချက်ဖြစ်ပါတယ်)

## **UNIDO စွန့်ဦးတီထွင် စီမံချက်အတွက် (SMEs ၁၀၀-ဦး) အတွက် National Consultant အကြံပေးအဖြစ်ဦးဆောင်တာဝန်ယူခဲ့မှု**

စက်ဘာပူမှာ ကျောင်းတက်ခဲ့စဉ်က အားကျခဲ့ရတဲ့ လီ ကွမ်ယူရဲ့ စီးပွားရေးရှေ့တန်းတင် ဦးဆောင်ကြိုးပမ်းမှုအား လေးစားအားကျရင်း၊ မြန်မာနိုင်ငံစီးပွားရေးတိုးတက်ရေးသို့ အားပေးကူညီနိုင်ဖို့အတွက် (Business Consultant) စီးပွား

ရေး အကြံပေးတစ်ဦးဖြစ်ဖို့ ဆရာသမားများထံမှ များစွာလေ့လာသင်ယူခဲ့တယ်။ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးကာစမှာ UNIDO စွန့်ဦးတီထွင်တိုးတက်ရေး Entrepreneurship & SMEs စီမံချက်မှာ (လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်ပေါင်း ၁၀၀) အတွက် အကြံပေးသင်တန်းစီမံချက်အား ဦးဆောင်တာဝန်ယူခဲ့ပါတယ်။ ကိုယ်တိုင်စွန့်ဦးတီထွင်ကြိုးပမ်းသလို၊ အားလုံးသော ခေါင်းဆောင်ငယ်တွေကို စွန့်ဦးတီထွင်မှုအားပေးရင်း မြန်မာနိုင်ငံအနှံ့ရှိတဲ့ စီးပွားရေးလုပ်ငန်းများသာမက၊ တခါက (စင်္ကာပူရောက်မြန်မာများအတွက်လည်း စီးပွားရေးအကြံပေးရင်း) အားလုံးနဲ့အတူ စီးပွားရေးတိုးတက်ရေးသို့ အားစိုက်ပြီး စွန့်ဦးတီထွင်ဦးဆောင်နေခဲ့မိတယ်။

**(ခေါင်းဆောင်မှုခံယူချက်** - တိုးတက်အောင်မြင်ရေးခရီး စဉ်မှာ စွန့်ဦးတီထွင် ဦးဆောင်ခြင်းဟာ အရေးကြီးဆုံးပဲ။ လက်ရှိအခြေအနေအဟောင်းတွေကိုလည်း စွန့်လွှတ်ရဲဖို့ကြိုးပမ်းရသလို၊ အခြေအနေအသစ်တွေကိုလည်း ဖန်တီးဖို့ စွန့်စားကြိုးစားဖို့ဟာ သိပ်ကိုအရေးကြီးလှပါတယ်။ စွန့်ဦးတီထွင်သမားဆိုတာ- စွန့်စားနေရမယ်၊ တီထွင်နေရမယ်၊ ဦးဆောင်နေရမယ်ဆိုတာ အမြဲခံယူထားစေချင်ပါတယ်)

**ဆရာဝင်ဖြိုးပိုင်၏ အနာဂတ်ခေါင်းဆောင် လူငယ်ဆရာများစွာ ပေါ်ထွန်းလာရေး**

(PMT ဆရာဖြစ်သင်တန်းအား၊ ဆရာပေါင်း ၃၀၀ ကျော်သို့ သင်ကြားခဲ့မှု)

---------------------------

MESI သည် အင်္ဂလန်နိုင်ငံ UK ကျောင်းများနှင့် ချိတ်ဆက်ထားလျှက် Certificate သင်တန်းများ၊ Diploma သင်တန်းများ၊ MBA သင်တန်းများဖွင့်လှစ်ပြီး မြန်မာနိုင်ငံအနှံ့ ကျောင်းခွဲ (၁၅-ခု) နှင့်အတူ မြန်မာ့ပညာရေးတိုးတက်မှုသို့ အားပေးကြိုးပမ်းလျှက်ရှိပါတယ်။

ယနေ့ခေတ်တိုးတက်ဖို့အတွက် အသိပညာလိုအပ်တယ်လို့ဆိုလာတယ်။ တကယ်တော့ အသိပညာမျှဝေသင်ကြားပေးဖို့ ဆရာတွေလိုအပ်နေတာပါ။ နိုင်ငံရဲ့ လိုအပ်ချက်၊ အားလုံးအတွက် အသိပညာ ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနိုင်ဖို့နှင့် ပြန်လည် မျှဝေနိုင်စေဖို့ Trainer ကောင်းများစွာကို MESI မှ မွေးထုတ်ထားခဲ့ပြီး၊ မြန်မာနိုင်ငံအနှံ့ MESI ကျောင်းခွဲ (၁၅-ခု) မှာလည်း လက်တွေ့ဦးဆောင်သင်ကြားပေးနိုင်အောင် လက်တွဲခေါ်ယူ ဦးဆောင်ပေးနိုင်ခဲ့ပါတယ်။

ဆရာဖြစ်သင်တန်းတွေနဲ့ Professional များစွာ

ပေါ်ထွန်းလာပြီး နယ်ပယ်အသီးသီးမှာ ဦးဆောင်သွားနိုင်ဖို့ MESI Business Institute မှ ဆရာဖြစ် သင်တန်းများနဲ့ အနာဂတ်ရဲ့ ပညာရှင်များကို အားပေးသွားဖို့ရည်ရွယ်ထား ပါတယ်။

MESI မှ မတူညီတဲ့ နယ်ပယ်အသီးသီးမှ လူငယ် သင်တန်းဆရာတွေပါဝင်ပြီး Admin ,HR, Sale , Marketing, Financial စသည်တို့ ရဲ့ စီမံမှုပြဿနာများကို ဖြေရှင်းပြီး နယ်မြို့အနှံ့ (စီမံခန့်ခွဲမှု) မြှင့်တင်သွားနိုင်ဖို့ ရည်ရွယ်ကြိုးပမ်းလျှက် ကောင်းမွန်သော မဟာဗျူဟာ၊ နည်းစနစ်ကျသော အဖွဲ့အစည်း၊ စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်၊ တိုးတက်အောင်မြင်သော လုပ်ငန်းများဖြစ်လာစေဖို့ အတွက် ပညာရှင်ခေါင်းဆောင်များဖြင့် ဖွံ့ဖြိုးတိုးတက်သော မြန်မာ့စီးပွားရေးသို့ ပါဝင်ဦးဆောင်သွားရင်း...

**I Can Do It + You Can Do It + We Can Do It**

**ချစ်ခင်လေးစားရပါသော ဆရာဇင်အတွက် .....**

ခေါင်းဆောင်မှုနဲ့ပတ်သက်၍ အောင်မြင်သော လူငယ်တစ်ယောက်ရေးသားထားသော ဒီစာအုပ်ဟာ အောင်မြင်ချင်သော၊ ခေါင်းဆောင်ကောင်းဖြစ်ချင်သော လူတိုင်းအတွက် အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။ သူ့ရဲ့ခေါင်းဆောင်မှုများနဲ့အတူ ကမ္ဘာကျော်ခေါင်းဆောင်တို့ရဲ့ အရည်အသွေးများ၊ ဉပဒေသများပါ လေ့လာခွင့်ရမှာမို့ စာဖတ်သူတို့အတွက် များစွာသောအကျိုးရရှိစေမယ်လို့ ညွှန်းဆိုပါရစေ။ ခေါင်းဆောင်မှုဟာလူတိုင်းနဲ့ဆိုင်ပါတယ် ဒါကြောင့် လူတိုင်းဖတ်သင့်တယ် လူတိုင်းဖတ်စေချင်ပါတယ်။

ခေါင်းဆောင်မှုအတွက် အဓိက လိုအပ်ချက် ၂ ချက်ရှိတယ်။ အဲ့ဒါကတော့ Passion နဲ့ Energy ပဲဖြစ်တယ်။Passion ဟာအဓိကအပြောင်းအလဲတွေကိုဖြစ်စေတယ်။ လူတွေကိုဦးဆောင်ဖို့ Energy Level ပြည့်နေမှ ရမယ်။

***ခေါင်းမဆောင်ခင် နားထောင်ပါ။ သင်ကောင်းကောင်းနားထောင်ပါ။ သင်ကောင်းကောင်း ဦးဆောင်နိုင်လိမ့်မယ်။***

**Naing Zaw (MESI)**

## ၂၁ ရာစု၏ ခေါင်းဆောင်မှု စွမ်းအား ၂၁ စာအုပ်အတွက် မုဒိတာစကား

၂၁ ရာစုမှာ နေထိုင်လျက် ရှိပါပြီ။ ၂၁ ရာစုရဲ့ တိုးတက်လာတဲ့ ဆက်သွယ်ရေးနဲ့ နည်းပညာတွေကြောင့် ကမ္ဘာသူကမ္ဘာသားတို့ရဲ့ လူနေမှုပုံစံ၊ အလုပ်လုပ်ကိုင်မှု ပုံစံ၊ စိတ်နေစိတ်ထားနဲ့ နေ့စဉ်အမူအကျင့်တွေဟာ မသိမသာရော သိသိသာသာပါ ပြောင်းလဲလာလျက်ရှိပါတယ်။

ထိုလူတွေကို ဘယ်လိုဦးဆောင်မလဲ။ ဘယ်လိုလမ်းညွှန်မလဲ၊ ဘယ်လိုစီမံခန့်ခွဲမလဲ၊ အကျိုးရှိတဲ့ ရလဒ်ကောင်းတွေ ရရှိအောင် အတူတကွအကျိုးဖြစ်ထွန်းအောင် ဘယ်လို-ခေါင်းဆောင်မှုစွမ်းအားတွေ အသုံးချမလဲ။

Jack Welch ရဲ့ ထင်ရှားတဲ့ စကားတစ်ခွန်းရှိပါတယ်။ ပြင်ပမှ ပြောင်းလဲမှုအတိုင်း မိမိလိုက်ပါ မပြောင်းလဲနိုင်ပါက မိမိသည်သာ နောက်ကျကျန်ရစ်လျက် အကျိုးနည်းပေလိမ့်မည်တဲ့။

ထိုခေါင်းဆောင်မှုစွမ်းအားတွေအကြောင်းကို လေးစားချစ်ခင်ရပါသော ဆရာဇင်ဖြိုးပိုင် (MESI) အထူးရေးသားပြုစုတဲ့ ၂၁ ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁ ချက် (21 Powers of Leadership for 21st Century)

စာအုပ်ပါအကြောင်းအရာတွေက ခေါင်းဆောင်မှုကို လေ့လာလျက်ရှိတဲ့ မိတ်ဆွေတို့အတွက် အင်မတန်မှ အကျိုးဖြစ်ထွန်းစေပါလိမ့်မယ်။

တိုင်းပြည်ယခုထက်ပိုမို ငြိမ်းချမ်းဖို့၊ ပညာရေး အဆင့်အတန်းတိုးတက်ဖို့၊ နည်းပညာထွန်းကားဖို့၊ ဆင်းရဲမွဲတေမှုလျော့ပါးဖို့အတွက် အဲ့လို ပြည်သူ ပြည်သားမျိုးတွေ အဲ့လို ခေတ်လူငယ်တွေကို အများအပြားလိုအပ်နေပါတယ်။

ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ ဘာလုပ်ရင် ကောင်းမလဲ။

ကိုယ်ကျိုးအတွက်ရော အများ အကျိုးအတွက်ပါ။ ခေါင်းဆောင်မှု စွမ်းရည်ကို လေ့လာဖို့ လိုအပ်ပါတယ်။

**လက်တွေ့ကြိုးစားလျက်**

**အစဉ်လေးစားလျက်**

**ရဲလွင်အောင် (MESI PMT Team)**

# Leadership

## ခေါင်းဆောင်မှုအဆင့် ဆန်းစစ်အမှတ်ပေးခြင်း

ထိန်းသိမ်းသင့်သော ထိပ်ဆုံးအဆင့် ဦးဆောင်မှု အမှတ် (၁၁) မှ (၁၆)

တိုးတက်နေသော အလယ်အဆင့် ဦးဆောင်မှု အမှတ် (၁၇) မှ (၂၂)

ပြောင်းလဲသင့်သော အောက်ဆုံးအဆင့် ဦးဆောင်မှု အမှတ် (၂၃) မှ (၃၃)

အမှတ်ပေးတဲ့ အခါ အရေးကြီးဆုံး (စည်းကမ်းချက်) မိမိကိုယ်တိုင် ရိုးသားပါ၊ စာအုပ်ထဲမှာ အမှတ်အများဆုံးရပြီး အပြင်မှာ အောက်ဆုံးခေါင်းဆောင်မှုပုံစံဖြစ်နေတာထက် အရှိတရားကို လက်ခံပြီး ပြင်ဆင်ကြိုးစားလိုက်မှသာ စစ်မှန်တဲ့ ထိပ်ဆုံးအဆင့်ဦးဆောင်မှုသို့ ရောက်နိုင်မှာဖြစ်ပါတယ်။

**ကိစ္စတစ်ခုခုမှာ စဉ်းစားဆုံးဖြတ်တဲ့အခါ ဘယ်သူ့ပုံစံနဲ့ စဉ်းစားဆုံးဖြတ်တက်လဲ**

– မိမိကိုယ်အတွက် အခြေခံစဉ်းစား တက်သူလား (၁)မှတ်

– ကိုယ့်အဖွဲ့အစည်းအတွက် စဉ်းစားတက်သူလား (၂)မှတ်

– နိုင်ငံနဲ့လူမျိုးအများအကျိုးအတွက် စဉ်းစားတက်သူလား (၃)မှတ်

**<u>အများနဲ့အလုပ်လုပ်တဲ့အခါ တခြားသူများနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်တက်သလဲ</u>**

– အရာရာကို မိမိကိုယ်တိုင် တစ်ဦးတည်း အလုပ်လုပ်တက်သူလား (၁)မှတ်

– အရာတချို့မှာ မိမိကြိုးစားပြီး အရာတချို့မှာ အများနဲ့လုပ်တက်သူလား (၂)မှတ်

– အရာအားလုံးမှာ အများနဲ့ကြိုးစားပြီး အသင်းအဖွဲ့နဲ့အတူတူ ဦးဆောင်နေသူလား (၃)မှတ်

<u>ကိစ္စတစ်ခု အမှားကြုံလာတဲ့အခါ သင်ဘယ်သူကို အပြစ်မြင်တက်သလဲ</u>

- မိမိမှာအပြစ်မရှိ အမြဲတမ်းတခြား သူကို အပြစ်မြင်တက်သူလား (၁)မှတ်

– တခြားသူလည်းအပြစ်ရှိသလို မိမိမှာလည်းအပြစ်ရှိတယ်လို့ မြင်တက်သူလား (၂)မှတ်

– မိမိနဲ့ တခြားသူ ဘယ်သူမှမပြစ်မရှိ အဖြေရှာပြီး ကြိုးစားဖြေရှင်းတက်သူလား (၃)မှတ်

<u>အလုပ်တစ်ခု စတင်ကြိုးစားလုပ်တဲ့အခါ ဘယ်လိုစိတ်နဲ့ကြိုးစားလုပ်တက်သလဲ</u>

- ကြောက်လို့ မယုံကြည်စွာနဲ့ပဲ ဘာမှမလုပ်ဖြစ်တာများနေလား (၁)မှတ်

– သူများကြောက်ပေမယ့် ကိုယ်တိုင်ယုံကြည်စွာနဲ့ လုပ်ဖြစ်ခဲ့သလား (၂)မှတ်

– ယုံကြည်မှုရှိရှိနဲ့ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ သတ္တိရှိရှိလုပ်ဖြစ်ခဲ့လား (၃)မှတ်

## ခေါင်းဆောင်ဖြစ်ဖို့ ဘဝမှာ ဘယ်သူတွေကို အားကျအတုယူ ကြိုးစားနေလဲ

- မိမိပတ်ဝန်းကျင်မှာရှိနေတဲ့ ဦးဆောင်သူတွေကို အားကျအတုယူကြိုးစားနေလား (၁)မှတ်
- နိုင်ငံမှာရှိတဲ့ ဦးဆောင်အောင်မြင်ခဲ့တဲ့ ခေါင်းဆောင်တွေကို အားကျအတုယူကြိုးစားနေလား (၂)မှတ်
- ကမ္ဘာမှာထင်ရှားတဲ့ ခေါင်းဆောင်ကြီးတွေကို အားကျအတုယူပြီး ကြိုးစားဦးဆောင်နေလား (၃)မှတ်

## မိမိပတ်ဝန်းကျင်မှာ ဘယ်လိုသူမျိုးတွေနဲ့ ပေါင်းသင်းဆက်ဆံကြိုးစားနေလဲ

- မိမိနဲ့ဘဝတူ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပေါင်းသင်းနေထိုင်နေလား (၁)မှတ်
- မိမိနဲ့ထူးချွန်သူ တိုးတက်နေသူတွေနဲ့ မိတ်ဖက်ပေါင်းသင်းပြီး ကြိုးစားနေလား (၂)မှတ်
- မိမိနဲ့များစွာ တိုးတက်အောင်မြင်သူများစွာနဲ့ မိတ်ဖက်ပေါင်းသင်းကြိုးစားနေလား (၃)မှတ်

## ပတ်ဝန်းကျင်မှ ဘယ်သူတွေက သင့်ကို သိနေပြီလဲ

- ကိုယ်ရဲ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ သိတဲ့သူဖြစ်နေပြီလား (၁)မှတ်
- ကိုယ်နေထိုင်ရာ ဝန်းကျင်အပြင် တခြားမြို့တိုင်းများမှ သိတဲ့သူဖြစ်နေပြီလား (၂)မှတ်
- ကိုယ်နိုင်ငံအပြင် တခြားနိုင်ငံများမှလည်း သိတဲ့သူဖြစ်နေပြီလား (၃)မှတ်

## သင်ပြောလိုက်တဲ့ စကား၊ အလုပ်တွေကို ဘယ်သူတွေမှ လက်ခံနေပြီလဲ

- ကိုယ်ပြောလိုက်ရင် ကိုယ့်ဝန်းကျင်မှ လက်ခံကြိုးစားနေပြီလား (၁)မှတ်
- ကိုယ်ပြောလိုက်ရင် ကိုယ့်ဝန်း ကျင်အပြင် လူအများမှ လက်ခံလိုက်နာကြိုးစားနေပြီလား (၁)မှတ်

– ကိုယ်ပြောလိုက်ရင် တစ်နိုင်ငံလုံးမှ ပြည်သူအများမှ လိုက်နာကြိုးစားနေပြီလား (၃)မှတ်

## ခေါင်းဆောင်မှုမှာ ထင်ရှားတဲ့ ခေါင်းဆောင်ကြီးတွေအကြောင်း လေ့လာခဲ့ဘူးလား

– တချို့သော ခေါင်းဆောင်အနည်းငယ်လောက်ပဲလေ့လာခဲ့ဘူးလား (၁)မှတ်

– ခေါင်းဆောင်များစွာ၏ အကြောင်းတွေကို လေ့လာမှတ်သားခဲ့ဘူးသလား (၂)မှတ်

– ထင်းရှားတဲ့ခေါင်းဆောင်ကြီးများ၏ အကြောင်းကို အသေးစိတ်လေ့လာအတုယူခဲ့ဘူးလား (၃)မှတ်

## ပတ်ဝန်းကျင်မှာ ကိုယ်နဲ့မဆိုင်ဘူးဆိုပေမယ့် မတရားတာတွေ့ရင် ပါဝင်ဦးဆောင်ခဲ့ဘူးလား

– တရားမျှတမှုတွေခဲ့ပေမယ့် ကိုယ့်အမုန်းဖြစ်မှာစိုး၍ မသိချင်ယောင်ရှောင်နေခဲ့ဘူးလား (၁)မှတ်

– မတရားမှုတွေ့တဲ့အခါ မတရား ကြောင်းကို ကိုယ်တိုင်ပါဝင်ပြောဆိုကူညီခဲ့ဘူးလား (၂)မှတ်

– တရားမျှတမှုမရှိမှု၊ ဆင်းရဲဒုက္ခရောက်မှုကို ကိုယ်တိုင်ပါဝင်ပြီး အများကိုဦးဆောင်ခဲ့ဘူးလား (၃)မှတ်

## ခေါင်းဆောင်မှုခရီးရေရှည်သွားဖို့အတွက် သင့်နောက်မှာဘယ်သူတွေရှိနေလဲ

– အရာတစ်ခုကို ဦးဆောင်ဖို့ ကိုယ်နောက်မှာ လူနည်းစုရှိနေပြီလား (၁)မှတ်

– အရာတစ်ခုကို ဦးဆောင်ဖို့ ကိုယ့်နောက်မှာ အဖွဲ့အစည်းတစ်ခု၊ လူနည်းစုတစ်ခုရှိနေပြီလား (၂)မှတ်

– အရာတစ်ခုကို ဦးဆောင်ဖို့ ကိုယ့်နောက်မှာ အဖွဲ့အစည်းများစွာ၊ လူပေါင်းများစွာရှိနေပြီလား (၃)မှတ်

# Power (1)

## နောက်လိုက်သူဟာ

**"Fail"** ကျရှုံးမှု အတိတ်ကို ပြန်တွေးဆွေးတယ်

## ခေါင်းဆောင်သူဟာ

**"Future"** အနာဂတ်သစ်ကို မျှော်မြင်ရှေ့ရှုတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 1

# Technology Power of Leadership

## (အသိပညာ စွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Technology Power ဆိုတာ မြင်းပြေးမြန်ခြင်းနှင့် တူပါတယ်။ လူတွေထက် မြင်းတွေဟာ ပိုမိုမြန်ဆန်ပြီး၊ မြင်းစီးသွားတဲ့ သူဟာလည်း မြင်းလိုမြန်သွားသလို နည်းပညာ၏ အရှိန်အဟုန်စီးသွားနိုင်သူဟာ ပိုမိုမြန်ဆန် တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

လူသားတွေဆိုတာ ကမ္ဘာအပေါ်မှာမှီခိုပြီးနေထိုင်ရပါတယ်၊ ကမ္ဘာကြီးဆိုတာလည်း ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲနေသောဖြစ်စဉ်လည်ပတ်မှုဖြစ်ပါတယ်။ ယခင်ခေတ်လူသားတွေနဲ့ ယနေ့လူသားတွေဟာ မတူညီစွာပဲ ဦးဆောင်ပြောင်းလဲနေထိုင်ခဲ့ကြပါတယ်။ ရွာ၊ မြို့၊ တိုင်းဒေသဆိုတဲ့နေရာဒေသအပေါ်မူတည်ပြီး အဆင့်အတန်းမတူညီစွာပြောင်းလဲနေထိုင်ကြသလို၊ ကိုလိုနီခေတ်၊ စက်မှုခေတ်၊ နည်းပညာခေတ်ဆိုတဲ့ စားသောက်နေထိုင်သုံးစွဲပုံတွေဟာ ပြောင်းလဲတိုးတက်လာခဲ့ပြီဖြစ်ပါတယ်။ ဟိုးယခင်ခေတ်မှာ ခရီးသွားဖို့ မြင်းလှည်းနဲ့သွားရာမှ ကားနဲ့သွားတဲ့ခေတ်ကိုရောက်လာပြီး ယနေ့ခေတ်မှာ လေယာဉ်နဲ့မြန်ဆန်တိုးတက်စွာ သွားလာနေထိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ခေတ်မှီဖို့ရာ ခေတ်မြင့်လာရင် မိမိလည်းမြင့်မှရနိုင်မယ်၊ ခေတ်တိုးတက်လာရင် မိမိလည်းတိုးတက်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

ယခင်ခေတ်နဲ့ ယနေ့ခေတ် မတူညီစွာ တိုးတက်ပြောင်းလဲလာမှုမှာ အသိပညာနဲ့ အတတ်ပညာဖြစ်ပါတယ်။

ယခင်ခေတ်အခါက အတတ်ပညာနိမ့်ခဲ့ပြီး အသိပညာမြင့်ခဲ့တယ်။ ယနေ့ခေတ်မှာ အသိပညာမြင့်သလို

အတတ်ပညာမြင့်မားဦးဆောင်လာပါတယ်။ တိုးတက်ပြောင်းလဲမှုအမြန်ဆုံးသော G-7 နိုင်ငံကြီးတွေကို လေ့လာကြည့်ရင်၊ အသိပညာထက် အတတ်ပညာများစွာ ဆန်းသစ်တီထွင် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ 21st Century ဆိုတာဟာ အသိပညာ၊ အတတ်ပညာဦးဆောင်လာတဲ့ ခေတ်လို့ဆိုနိုင်ပါတယ်။ ယနေ့ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများစွာ ဖြစ်လာခဲ့ပါပြီ။

ခေတ်မှီဖို့ ခေတ်ကို အမှီလိုက်နိုင်ဖို့လိုသလို၊ စက်မှုတွန်းလှန်ပြောင်းလဲမှု Industry Revolution 4.0 ကမ္ဘာတဝှမ်း နိုင်ငံများအသီးသီးမှာ ပြုပြင်ပြောင်းလဲမှုများစွာနဲ့ ခေတ်နဲ့လျော်ညီစွာ စီးပွားရေးအရ၊ နိုင်ငံရေးအရ လူမှုဖွံ့ဖြိုးတိုးတက်မှုအရ၊ နည်းပညာအရ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလျှက်ရှိနေပါတယ်။ ယနေ့ခေတ် ၂၁ ရာစုမှာ ဦးဆောင်မည့် ခေါင်းဆောင်သူများအနေဖြင့်လည်း ခေတ်နဲ့အညီ ဦးဆောင်အောင်မြင်ရမှာမို့ ၂၁ ရာစု ခေါင်းဆောင်မှုမှာ မဖြစ်မနေသိထားသင့်တဲ့ ကမ္ဘာမှာ အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲတိုးတက်လာတဲ့ Industry Revolution 4.0 နဲ့အညီ အလိုက်သင့် ဦးဆောင်အောင်မြင်သွားဖို့ကို Up to Date နေ့ချင်း

ညချင်း ပြောင်းလဲလာခြင်းထက် Up to Second စက္ကန့်ပိုင်း အတွင်း လျှင်မြန်ပြောင်းလဲတိုးတက်လာဖို့ သိသင့်တဲ့ (နည်း ပညာလိုင်း ABCDE) အချက် (၅) ချက်အကြောင်း မျှဝေ ရေးသားလိုက်ပါတယ်။

## A = AI (Artificial Intelligent)

## ဉာဏ်ရည်တု နည်းပညာ

ယနေ့ခေတ်မှာ နယ်ပယ်အသီးသီးမှာ စီးပွားရေး အဖွဲ့အစည်းတွေ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးနဲ့ ယနေ့ခေတ် တိုးတက်လာတဲ့ စက်မှုထွန်းကားတဲ့ Industry Revolution 4.0 ခေတ်မှာ အရာအားလုံးမှာ AI လို့ခေါ်တဲ့ ဉာဏ်အရည်အတု နည်းပညာတွေကို စီမံခန့်ခွဲအုပ်ချုပ်ပြီး နယ်ပယ်အသီးသီးမှာ အသုံးပြုလျှက် လျှင်မြန်စွာတိုးတက် ပြောင်းလဲလာတာ တွေ့နိုင်မှာဖြစ်ပါတယ်။ ဉာဏ်ရည်အတု နည်းပညာဆိုတာ (စက်တွေကို စက်ရုပ်တွေမှ တီထွင်လာမယ်၊ စက်ရုပ်တွေကို AI နဲ့ ထိန်းချုပ်ပြီး) လူတွေ လိုချင်သလို ဖန်တီးပုံဖော်နိုင်သော လူသားအစားထိုး ဉာဏ်ရည်စွမ်းအား ပင်ဖြစ်ပါတယ်။

## B = Block Chain

## (နည်းပညာနှင့် ဆက်သွယ်ချိတ်ဆက်မှု)

ခေတ်စနစ် တိုးတက်လာသည်နှင့်အမျှ တိုးတက်လာတဲ့အချက်အလက် Data တွေ ဖွံ့ဖြိုးတိုးတက်မှုတွေ အားလုံးကို Block Chain လို့ခေါ်တဲ့ သတင်းတစ်ခုနဲ့တစ်ခု၊ ကိစ္စတစ်ခုနဲ့တစ်ခုကို ဆက်သွယ်ချိတ်ဆက်ပြီးတော့ နည်းပညာကိုပေါင်းစပ် ဆက်သွယ်ချိတ်ဆက်ပြီး Block Chain ပုံစံနဲ့ အရာတစ်ခုမှတစ်ခု၊ လုပ်ငန်းတစ်ခုမှ တစ်ခု ပြီးမြောက်အောင်မြင်ဖို့ နည်းပညာဆက်သွယ်ချိတ်ဆက်ပြီး တနိုင်ငံနှင့်တနိုင်ငံ၊ သတင်းအချက်အလက်တွေကို ပိုမိုလျှင်မြန်သွက်လက်အောင် နည်းပညာချိတ်ဆက်မှုဖြင့် ဆန်းသစ်တီထွင်ဦးဆောင်လာလျှက် ရှိပါတယ်။

## C = Cloud Computing

## (သတင်းအချက်အလက် သိမ်းဆည်းစုစည်းမှု)

ယနေ့ခေတ် တိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ တိုးတက်လာတဲ့ Data အချက်အလက်များစွာကိုလည်း Cloud Computingလို့ခေါ်တဲ့ နည်းပညာစနစ်တွေနဲ့တူ Data

အချက်အလက်များစွာကို တစ်နေရာတည်းမှာ သိမ်းဆည်းသိုမှီး ထားပြီးတော့များစွာသော Data အချက်အလက်ကို အခြေခံ ပြီးတော့ ကမ္ဘာတဝှမ်းမှာရှိတဲ့ လူဦးရေသန်းပေါင်းများစွာကို သုံးစွဲနိုင်အောင် Computing Cloud System တွေကို တိုးချဲ့ ပြီးတော့ လူမှုဖွံ့ဖြိုးတိုးတက်မှုပိုင်းတွေမှာလည်း စီမံခန့်ခွဲ ဦးဆောင်လာတာ တွေ့ရပါတယ်။

## D = Digital Edge

## (မိုဘိုင်းနည်းပညာနှင့် ဆက်သွယ်ချိတ်ဆက်မှု)

ယနေ့ခေတ် သန်းနဲ့ချီသော လူဦးရေထဲမှာ လူတိုင်း လူတိုင်း သုံးစွဲလာပြီဖြစ်တဲ့ Digital လို့ခေါ်တဲ့ Mobile ဖုန်း များ၊ အီလက်ထရောနစ် ပစ္စည်းများကို အသုံးပြုပြီးတော့ လူ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ချိတ်ဆက်မှု၊ လူတစ်ဦးနဲ့ တစ်ဦး သတင်းအချက်အလက်ပေးမှု၊ တစ်ဦးနဲ့တစ်ဦး တစ်နိုင်ငံနဲ့ တစ် နိုင်ငံ ဆက်သွယ်ချိတ်ဆက်မှုတွေမှာ Digital လို့ခေါ်တဲ့ ယနေ့ ခေတ် နည်းပညာခေတ်ကို ဖွံ့ဖြိုးတိုးတက်ပြောင်းလဲပြီးတော့ ဦးဆောင်လာတာ တွေ့ရမှာဖြစ်ပါတယ်။

## E = Electronic Payment

## (နည်းပညာနှင့် ငွေကြေးပေးချေမှု)

ယနေ့ခေတ်မှာ ငွေသားစနစ်ကို သုံးစွဲမှုလျော့နည်းလာပြီးတော့ ငွေပေးချေမှု ပုံစံများတွင်လည်း Electronic မှ တဆင့် Mobile Banking တွေ ၊ ငွေကြေးကို Bank to Bank သွားတဲ့ပုံစံမျိုးတွေ၊ Phone to Phone သွားတဲ့ပုံစံမျိုးတွေ စတဲ့ပုံစံများတွေကို Electronic မှ တဆင့် ငွေကြေးပေးချေတဲ့ပုံစံများတွေသွားတဲ့အခါမှာ အရာအားလုံးမှာ စီးပွားရေးဆက်သွယ်ချိတ်ဆက်မှု အားလုံးတွေမှာလည်း ယနေ့ခေတ်မှာ နည်းပညာ များစွာတိုးတက် ပြောင်းလဲလာပြီဖြစ်ပါတယ်။

ကမ္ဘာအဝှမ်း၊ နိုင်ငံအဝှမ်း အဖွဲ့အစည်းအသီးသီးမှာ ဦးဆောင်အောင်မြင်ကြမယ့် အနာဂတ်ခေါင်းဆောင်ကြီးများ အနေဖြင့် ထည့်သွင်းစဉ်းစားရမှာ တိုးတက်လာတဲ့ဖွံ့ဖြိုးတိုးတက်မှုလို့ခေါ်တဲ့ ခေတ်စနစ်ဖွံ့ဖြိုးတိုးတက်လာရင် စီမံခန့်ခွဲဦးဆောင်မှုပုံစံကိုလည်း ဖွံ့ဖြိုးတိုးတက်ပြောင်းလဲဖို့ လုပ်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ခေတ်ဖွံ့ဖြိုးတိုးတက်လာတဲ့ Industry Revolution 4.0 ရဲ့ အနှစ်သာရဖြစ်တဲ့ ABCDE

လို့ခေါ်တဲ့ ဒီအချက် (၅)ချက်ကို ပေါင်းစပ်ပြီးတော့ နည်းပညာခေတ်မှာ ၂၁ ရာစု ဦးဆောင်မှုနဲ့ ပေါင်းစပ်စီမံခန့်ခွဲ ဦးဆောင်သွားမယ်ဆိုရင် ခေါင်းဆောင်တိုင်းအားလုံး ခေတ်နဲ့ လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှာ အသေအချာပဲ ဖြစ်ပါတယ် ။

အနာဂတ်ခေါင်းဆောင်များ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ လက်ရှိရှင်သန်နေထိုင်ရမယ့် ၂၁ ရာစုအပြောင်း အလဲမှာ မိမိခေါင်းဆောင်မှုပုံစံတွေကို အလိုက်သင့်ပြောင်းလဲပြီးတော့ ခေတ်နဲ့လျော်ညီပြောင်းလဲဦးဆောင်နိုင်သော အနာဂတ်ခေါင်းဆောင်ကြီးတွေ ဖြစ်ပါစေ. . . အားပေးတိုက်တွန်း ရေးသားလိုက်ပါတယ်။

## <u>တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း</u>

အောင်မြင်တိုးတက်ဖို့ အဓိက (၂-ချက်)

- ပညာများလေလေ - ကောင်းတာလုပ်လေလေ

- ကောင်းတာလုပ်လေလေ - ပညာများလေလေ

(ဥပမာ စာတတ်လာလေလေ - အတန်းပိုတက်လာလေလေ အတန်းတက်လာလေလေ - စာပိုတတ်လာလေလေပါပဲ) အဓိကတော့ - NATO

နေတိုးတွေ မလုပ်မိစေဖို့ပါ သတိပြုပါ။ Non Action Talk Only အပြောသက်သက် အလုပ်မပါ (ဘယ် အရာမှ မတိုးတက်နိုင်ပါ) လက်တွေ့ပါသော အသိ - အသိပါသော အကျင့်ဖြစ်ဖို့သာ အရေးကြီးဆုံးဖြစ်ပါ၏။

## ခေါင်းဆောင်မှု ဥပမာ

***********



Mark Zuckerberg ဟာ ကမ္ဘာပေါ်မှာ ရေပန်းစား ကျော်ကြားဆုံး လူမှုချိတ်ဆက်ကွန်ရက် Facebook ကို တီထွင်ခဲ့တာကြောင့် ယနေ့ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားသည့် စွန့်ဦးတီထွင်လူငယ်စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်လာတာပါ။

Zuckerberg ဟာ ယခုအချိန်တွင် Facebook,Inc တို့၏ကုမ္ပဏီနှင့်၏ CEO နှင့် Chairman နေရာတွင် လစာ

တစ်ဒေါ်လာထဲဖြင့် တာဝန်ထမ်းဆောင်နေပါတယ်။

Mark ၏ဘဝအကြောင်း ရေးသားပြုစုထားတဲ့ The Accident Billionaires ဆိုတဲ့ စာအုပ်ကိုအခြေခံပြီး Jesse Eisenberg ရိုက်ကူးထားသော The Social Network အမည်ရုပ်ရှင်ကားထွက်သည့်တိုင်အောင် သူ့အားကျော်ကြား လူသိများလာစေခဲ့ပါတယ်။

၂၀၀၄ ခုနှစ်တွင် Harvard ကောလိပ်ကျောင်းမှ ထွက်ခဲ့ပြီး Califonia ရှိ Palo Alto တွင် သူ၏ရုံးခန်းသစ် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ Accel Partner လို့ အမည်ရတဲ့ ကုမ္ပဏီတစ်ခုက Facebook ကို ဒေါ်လာ ၁၂. ၇ သန်း ပမာဏငွေကြေး ထောက်ပံ့ပေးခဲ့ပါတယ်။ (၂)နှစ် ကြာပြီးတဲ့နောက် Mark ဟာ Facebook platform ကို အောင်မြင်စွာ တီထွင် နိုင်ခဲ့ပြီး အခြား application များမှာပါ အသုံးပြုနိုင်ရန် ကြိုးပမ်းခဲ့ပါတယ်။

## Mark Zukerbag ၏ အဆိုအမိန့်အဖြစ်

The biggest risk is not taking any rist

ဘာစွန့်စားမှုမှ မလုပ်ခြင်းသာ အကြီးမားဆုံးသော အန္တရာယ်ပါပဲ

# Power
# (2)

## နောက်လိုက်သူဟာ

သူများနောက်မှာနေပြီး မှီခို ကြိုးစားတယ်

## ခေါင်းဆောင်သူဟာ

သူများရှေ့မှာနေပြီး ဦးဆောင် ကြိုးစားတယ်

## I AM LEADER
## ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂

# 2

## Role-Model Power of Leadership
## (စံနမူနာယူနိုင်မှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Role-Model Power ဆိုတာ မှန်ကြည့်ခြင်းနှင့် တူပါတယ်။ မှန်ကိုကြည့်ပြီး ကိုယ်ကပြောတဲ့အတိုင်း၊ မှန်ထဲမှာ ပုံစံတူဖြစ်လာသကဲ့သို့ ခေါင်းဆောင်သူအတိုင်း ပုံစံတူယူလိုက်ပြီး ကြိုးစားခြင်းဖြင့် တနေ့မှာ ထိုခေါင်းဆောင်ကဲ့သို့ ခေါင်းဆောင်ကောင်းဖြစ်လာနိုင်ခြင်းသဘောဖြစ်ပါတယ်။

**စံနမူနာ ယူနိုင်မှု စွမ်းအားဟာ ဘာကြောင့် အရေးကြီးသလဲ**

သင်လေးစားအားကျရတဲ့ ပုဂ္ဂိုလ်တွေသကဲ့သို့ နေထိုင်မယ်ဆိုရင်သင်ဒီနေ့ ဘယ်လိုတွေးခေါ်မလဲ။ ဘယ်လိုပြောဆိုမလဲ၊ ဘယ်လိုပြုမူနေ ထိုင်မလဲဆိုတာ (Role-Model) စံနမူထား လေးစားရတဲ့ ပတ်ဝန်းကျင်မှ အောင်မြင်သူတွေ၊ လေးစားရတဲ့ ခေါင်းဆောင်ကြီးတွေမှ (စု + တု + ပြု) လျှက်သင့်ရဲ့ စိတ်အတွေးအခေါ်၊ ပြုမူကြိုးစားမှုတွေကို တိုးတက်အောင် စံနမူနာအတုယူပြီး ကြိုးစားသွားနိုင်ပါတယ်။ ဥပမာ သင်ဟာ သင်လေးစားအားကျရတဲ့ ပုဂ္ဂိုလ်အတိုင်း (တသွေမသိမ်း ဒီနေ့တစ်ရက်) ကျင့်ကြံနေကြည့်မယ်ဆိုရင် သင်ဟာ အသေချာပင် ပြောင်းလဲသွားမည်ဖြစ်ပါတယ်။ ဒါကြောင့် Role-Model Strategy (စံနမူနာမဟာဗျူဟာ) ကို ယုံယုံကြည်ကြည်နဲ့ ကြိုးစားသွားဖို့ အားပေးလိုက်ပါတယ်။

**<u>လေးစားရတဲ့ ဆရာသမားများထံမှ ဘယ်လိုစံနမူနာအတုယူမလဲ</u>**

စက်ာပူကပြန်လာချိန်က အသက်ကလည်းငယ်သေး၊ ဆရာလောကထဲဝင်ဖို့ဆိုတာ တော်တော်မှခက်ခဲတဲ့ အရာပါပဲ။ စာဆိုတာ ကိုယ်တိုင်နားလည်အောင် သင်ဖို့လွယ်ပေ

မယ့် သူများလက်ခံ နားလည်အောင် သင်နိုင်ဖို့ကတော့ ဆရာကောင်းတစ်ဦးရဲ့ အရည်အချင်းပါရမီ ဖြစ်လိမ့်မယ်လို့ ဆရာတွေကို လေးစားမိပါတယ်။ စာသင်တဲ့ လောကထဲဝင်ရောက်တော့ထိုအချိန်က မြန်မာနိုင်ငံမှာ ယခုအချိန်အထိ အလေးစားရဆုံးနဲ့ စံနမူနာအတုယူကြိုးစားခဲ့တဲ့ ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ ပြောနည်းပြောဟန်တွေကို အတုယူခဲ့တယ်။ ဆရာကြီးဟောသမျှ Seminar များကို တက်ဖြစ်ခဲ့တယ်။ ဆရာကြီး ဟောပြောတဲ့ အချက်တွေသာမကဆရာကောင်းတစ်ဦးရဲ့ စိတ်နေ၊ စိတ်ထား၊ နေထိုင်ပုံ၊ နေထိုင်နည်း အားလုံးကို အတုယူကြိုးစားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံအနှံ့ စာသင်ချိန်က အသက်က ငယ်ငယ် တချို့တိုင်းဒေသတွေမှာ (ဝန်ကြီးချုပ်) အဆင့်တွေ၊ ဝန်ကြီးဌာနမှ လူကြီးပိုင်းတွေနဲ့အတူတူ ဟောပြောရချိန်မှာ Role-Model စံနမူထားပြီး ဆရာကြီးအား အတုယူမကြိုးစားခဲ့လျှင် ယနေ့ ဒီလိုဟောပြောသူဖြစ်လာနိုင်မည်မဟုတ်ပါ။ စက်ာပူမှာ သင်တန်းသွားတက်တော့ ကမ္ဘာ့နံပါတ် (၁) Tony Robbin ရဲ့ အောင်မြင်မှု အကြံပေးချက်တစ်ခုကို ထပ်ရမိတော့ Role-Model စံနမူနာထားခြင်းဆိုရာမှာ အားကျရုံ

သက်သက်မဟုတ်စေပဲ အားကျအတုယူတဲ့ ခေါင်းဆောင် အတိုင်းလိုက်လုပ်ခြင်းသာ ဖြစ်ပါတယ်ဆိုတဲ့ အချက်နဲ့ ယခု နောက်ပိုင်းမှာ လေးစားရတဲ့ ခေါင်းဆောင်တွေရဲ့ အမူအကျင့်တွေအတိုင်း လိုက်နာကြိုးစားနေမိပါတယ်။

**နိုင်ငံခြားမှာ လေ့လာဖူးတဲ့ Modelling စံနမူထားကြိုးစားခြင်းဆိုတာ**

(၁) မိမိနယ်ပယ်မှာ အောင်မြင်နေတဲ့ စံပြပုဂ္ဂိုလ်တွေကို ရှာဖွေပါ၊ သူတို့အကြောင်း အသေးစိတ်လေ့လာပါ။

(၂) ထိုစံပြပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပါ၊ ဆရာသမားတွေထံမှ နည်းလမ်းကောင်းများကို လေ့လာဆည်းကပ်ပါ။

(၃) စံပြထားတဲ့ ဆရာသမားတွေရဲ့ နည်းလမ်းအတိုင်း ယုံယုံကြည်ကြည်နဲ့ အတုယူကြိုးစားသွားပါ။

(၄) စံပြပုဂ္ဂိုလ်တွေရဲ့ Update ကြိုးစားဆောင်ရွက်မှုတွေ၊ အသစ်အကြံဉာဏ်တွေကို အမြဲရယူကြိုးစားပါ။

(၅) စံပြပုဂ္ဂိုလ်တွေ၏ ပုံရိပ်တွေ၊ စာအုပ်တွေ၊ မှတ်တမ်းတွေကို မိမိအနီးဆုံးမှာထားပြီး အမြဲအားဖြည့်ကြိုးစားသွားပါ။

ဒီအချက် (၅-ချက်) နဲ့အတူ သင့်ဘဝရဲ့ ဘဝမှာ

ကိုယ်ဘယ်နယ်ပယ်မှာ ထူးထူးချွန်ချွန် အောင်မြင်ချင်သလဲ။ ဘယ်လိုပုံစံနဲ့ အောင်မြင်ချင် သလဲဆိုတာ Role-Model Strategy (စံနမူနာ မဟာဗျူဟာ)ဖြင့် ယုံကြည်စွာ ကြိုးစား အောင်မြင်သွားနိုင်မှာဖြစ်ပါတယ်။

<u>စံနမူနာအတုယူမဟာဗျူဟာ (သာဓကတင်ပြချက်)</u>

ငယ်စဉ် ကလေးဘဝမှာ အတုမြင်အတက်သင်ဆိုတာ ဟာ Role-Model ရဲ့သဘောဖြစ်ပြီး၊ လူငယ်ဘဝမှာ ကိုယ် လေးစားရတဲ့ ရုပ်ရှင်အနုပညာ၊ အောင်မြင်မှုနယ်ပယ်တစ်ခုမှ တစ်စုံတစ်ဦးကို လူငယ်တိုင်းဟာ အတုယူကြိုးစားခဲ့ခြင်းသာ ဖြစ်ပါတယ်။ အောင်မြင်ခဲ့တဲ့ လူငယ်တိုင်းရဲ့ နောက်ကွယ်မှာ သူတို့လေးစားရတဲ့ Role-Model ပုဂ္ဂိုလ်တွေဆိုတာ ရှိနေခဲ့ ကြပါတယ်။ ယနေ့ ကမ္ဘာ့နံပါတ် (၁) ဟောပြောသူအဖြစ် ရပ်တည်နေတဲ့ Tony Robbin ဟာ ယခင်က သူရဲ့ဆရာ ဖြစ်တဲ့ အမေရိကန် နံပါတ် (၁) ဟောပြောသူ Jim Rohn ထံမှ အနီးကပ် လေ့လာဆည်းပူးခဲ့ပြီး Tony Robbin ဖြစ် လာနိုင်ခြင်းဖြစ်တယ်ဆိုတာ သာဓကဆောင်ချင်ပါတယ်။

**စံနမူနာအတုယူကြိုးစားဖို့ စိတ်ထဲမှာသံဓိဋ္ဌာန်ချရန်**

ငါဘယ်သူပုံစံနဲ့အောင်မြင်ချင်သလဲ။ ထိုသူတွေကို ငါယုံကြည်စွာနဲ့ စံနမူထားကြိုးစားသွားမယ်။

ငါ၏ ဆရာသမားတို့ ဖြစ်နိုင်တယ်ဆိုရင် သူတို့ နည်းအတိုင်းကြိုးစားသွားရင် ငါလည်းတစ်နေ့ဖြစ်နိုင်တယ်။

I must be Role-Model ငါသည် အားလုံးမှ လေးစားစံနမူနာထားရတဲ့ ပုဂ္ဂိုလ်ဖြစ်အောင်ကြိုးစားသွားမယ်။

**စံနမူနာထားမှုဖြင့် အောင်မြင်နိုင်ဖို့ ကိုယ့်တွေ့သင်ခန်းစာများ**

ကမ္ဘာ့နံပါတ် (၁) စိတ်ဓါတ်မြင့်တင်ရေးဟောပြောသူ Tony Robbin ၏ မလုပ်နိုင်ရင် မဖြစ်ဖြစ်အောင်လုပ်၊ မဖြစ်ဖြစ်အောင် လုပ်ရင် လုပ်နိုင်တယ်ဆိုတဲ့ (I Must I Can) ဆိုတဲ့ စိတ်ဓာတ်တို့နဲ့ အတိုင်းအဆမသိတဲ့ စိတ်တို့ရဲ့ ပါဝါတွေကို စင်္ကာပူနိုင်ငံတွင် လေ့လာခွင့်ရခဲ့ပြီး) သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ လေးစားရတဲ့ ဆရာကြီးပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၏ ချစ်တဲ့အလုပ်ကိုလုပ်ပြီး၊ လုပ်တဲ့ အလုပ်အပေါ် အကောင်းဆုံး အားထုတ်ကြိုးစားပုံ၊ မေတ္တာစေတနာအရင်းခံပြီး အားလုံးသို့ ကောင်းစေဖို့ မျှတ

မှန်ကန်သော ဦးဆောင်ဟောပြောလမ်းညွှန်မှုကို လေ့လာသင်ယူခွင့်ရရှိခဲ့ပြီး. . .

ပြည်တွင်းသာမက၊ ပြည်ပမှရှိကြတဲ့ ဆရာသခင်၊ ကျေးဇူးရှင်များအားလုံး၏ နည်းပေးလမ်းပြ သင်ယူခဲ့လို့သာ ယခုကဲ့သို့ နယ်ပယ်တစ်ခုမှာ နေရာလေးတစ်ခု ရယူထားနိုင်ခြင်းသာဖြစ်ပါတယ်။ Role-Model Strategy စံနမူနာမဟာဗျူဟာဆိုတဲ့ အတုယူကြိုးစားခြင်းသည်သာ ဘယ်နယ်ပယ်မှာမဆို အောင်မြင်စေဖို့ အကောင်းဆုံးသော နည်းလမ်းတစ်ခုပင်ဖြစ်ပါတယ်။ စိတ်အတွေးအခေါ်၊ ပညာထူးချွန်မှုနှင့် ကျွမ်းကျင်တက်မြောက်မှုတို့ဟာ (လေ့ကျင့်ယူနိုင်စွမ်း) ရှိပါတယ်။ အရေးကြီးအချက်ကတော့ Role-Model ထားခြင်းဆိုတာ စံနမူနာထားသူတွေကို အားကျရုံသက်သက်မဟုတ်စေပဲ အားကျအတုယူတဲ့ ခေါင်းဆောင်အတိုင်းလိုက်လုပ်ခြင်း၊ သူတို့သကဲ့သို့ စိတ်နစ်ကိုယ်နစ်ကြိုးစားခြင်းသာဖြစ်ပါတယ်။ မိမိလေးစားရတဲ့ ခေါင်းဆောင်တွေ၊ အောင်မြင်သူတွေတိုင်း တစ်သွေမသိမ်း အတုယူကြိုးစားသွားဖို့ပါ။ စိတ်ထဲမှာ ယုံကြည်စွာနဲ့ ယခုနည်းအတိုင်း ကြိုးစားသွားလျှင် သင်လည်း တစ်နေ့တော့ အအောင်မြင်ဆုံးသူအဖြစ်နဲ့ တွေ့မြင်ရမှာဖြစ်

ပါတယ်။ ယခုပဲ သင်ဖြစ်ချင်တဲ့ ဘဝပုံစံမှာ အောင်မြင်နေတဲ့ Role-Model တစ်ဦးကို ရွေးချယ်ရှာဖွေပြီး၊ သူတို့ ကြိုးစားနည်းအတိုင်း လက်တွေ့စပြီး ကြိုးစားလိုက်ပါတော့။

## Role-Model စံနမူနာ အတုယူစွမ်းအားယူခြင်း

| **စံနမူနာယူမည့် ခေါင်းဆောင်သူပုံစံ** | **မိမိကိုယ်တိုင် ဦးဆောင်မှုပုံစံ** |
|---|---|
| **(ဥပမာ - ဗိုလ်ချုပ်အောင်ဆန်း)** | **(ဥပမာ - သင်)** |
| (ထိုခေါင်းဆောင်သည် ရိုးသားသည်) | (သင်သည်လည်း ရိုးသားသည်) |
| (ထိုခေါင်းဆောင်သည် ကြိုးစားသည်) | (သင်သည်လည်း ကြိုးစားသည်) |
| ------------------------------------------------------- | ------------------------------------------------------- |
| ------------------------------------------------------- | ------------------------------------------------------- |

### တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ပါရမီ (၁၀-ပါး) အနှစ်ချုပ် အတ္တဟိတ / ပရဟိတ

အတ္တဟိတ/ မိမိအကျိုး - သီလ/ ပညာ စသည့်တရားများရှိဖို့

ပရဟိတ / တပါးသူအကျိုး - ဒါန / မေတ္တာ စသည့်တရားများရှိဖို့

မိမိအကျိုး - အများအကျိုး ကြိုးပမ်းဦးဆောင်မှသာ

ပါရမီပြည့်စုံသော လူတော်/ လူကောင်းများဖြစ်နိုင်ကြပါမည်

(နိုင်ငံအဝှမ်း တရားလွှမ်း၍ - ကောင်းကျိုးအဖြာဖြာပြည့်စုံပါစေ

# ခေါင်းဆောင်မှု ဥပမာ

**********



မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာဆိုလျှင် မြန်မာနိုင်ငံမှာ လူတိုင်းရဲ့ရင်ထဲမှာ ရှိနေတဲ့ တကယ့်ထူးချွန်သော ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် အသက်ငယ်သော်လည်း ကြီးမားသော တာဝန်တွေကို ဦးဆောင်ဦးရွက်ထမ်းဆောင်ခဲ့ပြီး နိုင်ငံပေါ်မှာ တာဝန်ကျေခဲ့သော အမျိုးသား ခေါင်းဆောင်ကြီး တစ်ဦးလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်၏ ထူးခြားသော ရိုးသားမှု၊ ကြိုးစားမှုနဲ့ အနစ်နာခံမှုနဲ့ ခေါင်းဆောင်ပီသတဲ့စိတ်ဓါတ်တွေက အားလုံးမြင်သာနိုင်မှာဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုမှာလည်း အားလုံးနဲ့ပေါင်းစပ်ကြိုးစားပြီး ဂျပန်ကို တိုက်ထုတ်ဖို့အတွက် အင်္ဂလိပ်ကို ပေါင်းစပ်ခဲ့သလို အင်္ဂလိပ်ကို

ပြန်တိုက်ထုတ်ဖို့ကိုလည်း ဂျပန်နဲ့ပေါင်းစပ်ပြီးတော့ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့ကို အောင်ဆန်းအီတလီစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းစသည် စွမ်းရည်တွေက တကယ့်ကို အံ့မခန်းပဲဖြစ်ပါတယ်။ လူသာသေပြီး နာမည်မသေခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်လွှမ်းမိုးမှုတွေဟာ ယနေ့တိုင်ပဲ လူကြီး၊ လူငယ်အားလုံးရဲ့ရင်ထဲမှာ ဦးဆောင်နေမြဲဖြစ်ပါတယ်။ အခုဆိုလည်း မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးဆက်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုဟာလည်း ဗိုလ်ချုပ်ရဲ့ဦးဆောင်ခဲ့မှု သမိုင်းပုံရိပ်တွေနဲ့အတူ အခုအချိန်မှာ များစွာအကျိုးရှိစေခဲ့တာဖြစ်ပါတယ်။

ခေါင်းဆောင်သူများအနေနဲ့ ဗိုလ်ချုပ်ရဲ့ရိုးသားကြိုးစားမှုတွေကို အားကျအတုယူပြီးတော့ အနာဂတ်ခေါင်းဆောင်များပိုပြီးတော့ လူငယ်ခေါင်းဆောင်များ ထွန်းကားလာဖို့အတွက် ဗိုလ်ချုပ်ကို အားကျအတုယူဖို့အားပေးပါတယ်။

**ဗိုလ်ချုပ်ရဲ့အဆိုအမိန့်အဖြစ်**

ငါသာလျှင် ငါ့ဘဝရဲ့ အကြီးအကဲဖြစ်၍

ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်သည်

# Power (3)

## နောက်လိုက်သူဟာ

မစွန့်စားပဲ အခွင့်အလမ်း မျှော်တတ်တယ်

## ခေါင်းဆောင်သူဟာ

အကျပ်အတည်းတွေ့ရင် ကျော်ဖြတ်ဖို့ ကြိုးစားတယ်

# I AM LEADER

# ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 3

# Motivational Power of Leadership

## (စိတ်ဓာတ်စွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Motivation Power ဆိုတာ စပလိန်တွန်းအားနဲ့တူတယ်။

စပလိန်ရဲ့တွန်းအားက များလေလေ

တွန်းကန်အားကောင်းလေလေဖြစ်သလို၊

စိတ်ဓာတ်ခွန်အားကြီးလေလေ ဦးဆောင်အောင်မြင်

တိုးတက်လေလေဖြစ်ပါတယ်။

ကြီးမားတဲ့ ရေတံခွန်တွေဟာ မိမိလိုရာသို့ ရေအား လုံးသို့ ဆွဲခေါ်စီးဆင်းနိုင်စွမ်းရှိသလို၊ စိတ်ခွန်အား ကြီးမား သော ခေါင်းဆောင်တို့ဟာ နောက်လိုက်များစွာကို မိမိလို ရာသို့ ဆွဲခေါ် ဦးဆောင်သွားပြီး ရည်မှန်းချက်တွေကို မဖြစ် ဖြစ်အောင် ဦးဆောင်နိုင်စွမ်းတွေရှိပါတယ်။ (စိတ်ခွန်အား နှစ်မျိုးဆိုတဲ့ မိမိကိုယ်တိုင် စိတ်ခွန်အားရှိဖို့၊ အများကို စိတ် ခွန်အားပေးဖို့) ဒီလို စိတ်ခွန်အားရှိသူတွေဟာ ဦးဆောင်နိုင် သူတွေပင်ဖြစ်ပါတယ်။ (ယနေ့ခေါင်းဆောင်မှုနဲ့ စိတ်ခွန် အားကို လေ့လာကြည့်ရင် များစွာသော သမ္မတနိုင်ငံဦးဆောင် ခဲ့သူတွေရဲ့ အဓိကဦးဆောင်မှုဟာ သူတို့ပြောလိုက်တဲ့ စကား၊ လုပ်ဆောင်မှုအားလုံးမှာ အများထက် စိတ်ဓါတ်ခွန်အား ကြီးမားခြင်းကို မြင်နိုင်ပါလိမ့်မယ်)။

***လောကမှာ ဘယ်ပါဝါဟာ အကြီးဆုံးလဲ။ Money Power (or) Mind Power လား. . . ။***

Mind Power is Most Power (စိတ်စွမ်းအား သည်သာ အကြီးဆုံးသောပါဝါဖြစ်တယ်)

လူတိုင်းဟာ ဘဝအောင်မြင်ဖို့လျို့ဝှက်ချက် အဖြေများစွာကို (အလုပ်လုပ်ရင်း ရှာဖွေနေကြတယ်) + (ပတ်ဝန်းကျင်မှာ ရှာဖွေနေကြတယ်) + (ငွေကြေးတွေနောက်လိုက်ရှာဖွေနေကြတယ်) တကယ်တော့ ကျွန်တော့်တို့ အားလုံးရှာဖွေနေတဲ့ အရာအားလုံးဟာ (ကျွန်တော်တို့ ကိုယ်တိုင်ထဲမှာ ရှိနေခဲ့တာ လူတွေသတိမထားမိခဲ့ဘူး)

အောင်မြင်သူတွေကို (သုသေသန) ပြုကြည့်ရင် စိတ်ဓါတ်ခွန်အားဦးဆောင်မှုဟာ ဘယ်လောက် အရေးကြီးသလဲဆိုတာ. . .

- Jack Ma ရဲ့ (စိတ်စွမ်းအား၏ ဦးဆောင်မှုနောက်သို့) သန်းချီတဲ့ ငွေတွေလိုက်လာခဲ့ပြီ။
- Tony Robbin ရဲ့ (စိတ်စွမ်းအား၏ ဦးဆောင်မှုနောက်သို့) သန်းချီတဲ့ လူတွေလိုက်ခဲ့ပြီ။

စစ်မှန်သော ဦးဆောင်သူများအဖို့ ဘယ်အရာနောက်မှာ မလိုက်ပါနဲ့။ မိမိရဲ့ ရည်မှန်းချက်သို့ စိတ်စွမ်းအားနောက်သို့ လိုက်ကြိုးစားကြည့်ပါ။ သေချာတယ် တနေ့တချိန်မှာ

ထိုခေါင်းဆောင်သူတို့ရဲ့ ရည်မှန်းချက်ဆိုတာ မလွဲကေန်ဖြစ်လာမှာပါ။ (ဗိုလ်ချုပ်အောင်ဆန်းဟာ သူယုံကြည်တဲ့ လွတ်လပ်ရေးသို့ စိတ်ဓါတ်စွမ်းအားအပြည့်နဲ့ ကြိုးပမ်းခဲ့တယ်။ တနေ့တော့ လွတ်လပ်တဲ့ မြန်မာနိုင်ငံဖြစ်လာနိုင်ခဲ့ပါတယ်)။ ခေါင်းဆောင်တိုင်းဟာ မိမိယုံကြည်နောက်သို့ စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်ခဲ့သည်ရှိသော် တနေ့ အရာရာဟာ အသေချာအောင်မြင်ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။




**Motivational Leadership**

ကမ္ဘာမှာ သုသေသနပြုချက်အရ ၁၀၀ % သောလူငယ်စွန့်ဦးတီထွင်သူတွေမှာ ၅၀ % ဟာ ၅-နှစ် ကြာတဲ့အခါ အရှုံးပေးပျောက်ကုန်ကြပြီး၊ ၁၀ နှစ်လောက်ကြာတဲ့အခါ ၇၀ % လောက် အားလုံးနီးပါး အရှုံးပေးခဲ့ကြပါတယ်။

ထိုအထဲမှာ ၃၀ % သော ဘယ်တော့မှ အရှုံးမပေးသူတွေသာ အောင်မြင်မှုရရှိခဲ့ကြပါတယ်။ အားလုံးကို အားပေးချင်တာ တော့ (Never Give-up ဘယ်တော့မှ အရှုံးမပေးဖို့ပါ။ I Can Do It ငါလုပ်နိုင်မှာပါ)။ ဒီစိတ်နဲ့ ဦးဆောင်နိုင်သူမှ အောင်မြင်မှာဖြစ်ပါတယ်။

ခေါင်းဆောင်သူတွေဟာ စတင်ကြိုးစားဖို့ အရေးကြီး သလို၊ အဆုံးသတ် ပြီးမြောက်အောင်မြင်ဖို့လည်း အရေးကြီး ဆုံးဖြစ်ပါတယ်။ ဦးဆောင်သူတစ်ဦးအနေနဲ့ အောင်မြင်မှုသို့ ခရီးဆက်တဲ့အခါ Motivation (စိတ်ဓါတ်ခွန်အားသည်) ပေါင်းကူးတံတားလိုပါပဲ။ လူတိုင်းဘာကြောင့် မအောင်မြင် သလဲ အောင်မြင်မှုပန်းတိုင် မရောက်လို့ပါ၊ အောင်မြင်မှုပန်း တိုင်း ဘာကြောင့် မရောက်သလဲ အခက်အခဲတွေကို မကျော် ဖြတ်နိုင်ပဲ လမ်းတစ်ဝက် အရှုံးပေးခဲ့လိုက်လို့ ဖြစ်ပါတယ်။ တကယ်တော့ ဘဝမှာ လူတိုင်းဟာ အောင်မြင်ဖို့ပဲ အဖြေရှာ နေကြတာများပါတယ်။ ဘာကြောင့် ကျရှုံးသလဲဆိုတဲ့ အဖြေ ကို လေ့လာတဲ့သူဟာ နည်းပါတယ်။ ဒါကြောင့်လည်း လူတိုင်း ဟာ ဘဝမှာ အခက်အခဲကြုံလာတဲ့အခါ (အရှုံးပေးလိုက်ပြီး) မအောင်မြင်ကြတာ များနေခြင်းဖြစ်ပါတယ်။

လူတိုင်းဟာ လမ်းတစ်ဝက်အထိ အကောင်းဆုံး ကြိုးစားနိုင်လိမ့်မယ်၊ အခုအားပေးချင်တာတော့ ခရီးဆက်ရမဲ့ ကျန်တဲ့ ၅၀ % ခွန်အားဆိုတဲ့ . . .

The Power of Turning Point (ဘဝအချိုးအကွေ့မှာ လှည့်ပြန်မလား၊ ဆက်သွားမလားဆိုတဲ့ အဖြေပါပဲ။

(အကောင်းဆုံး ဥပမာတစ်ခု - ပင်လယ်ပြင် ဟိုတဖက်ကမ်းသွားတဲ့အခါ (၅၀ % ခရီး) လမ်းတစ်ဝက် ရောက်ပြီဆိုပါစို့။ လှိုင်းထန်လာတဲ့အချိန် ဘာလုပ်မလဲ (မဖြစ်နိုင်တော့ဘူး) အရှုံးပေးလှည့်ပြန်မလား . . ? (မအောင်မြင်သူတိုင်းဟာ အရှုံးပေးလှည့်ပြန်ခဲ့ကြတယ်)။ အောင်မြင်သူတွေကတော့ ဆက်သွားရင်ရော မဖြစ်နိုင်လို့လား။ (တစ်ဝက် ခရီးရောက်ခဲ့ပြီ) လှည့်ပြန်လည်း လှိုင်းဒါဏ် ၅၀ % အရှုံးနဲ့ ဘာမှမထူးဘူး။ ဆက်သွားလိုက်ရင် ၅၀ % ဆက်သွားရမယ်။ ဒါပေမယ့် ဘဝရဲ့အနိုင်ပဲဆိုတဲ့ စိတ်နဲ့ ဘာပဲဖြစ်လာဖြစ်လာ ဆက်သွားနေပါ။

ဗိုလ်ချုပ်မိန့်ခွန်းတွေကြည့်မလား။ ကမ္ဘာကျော်ခေါင်းဆောင်ကြီးများ၏ မိန့်ခွန်းများကို ကြည့်မလား။ ခေါင်းဆောင်များ အားလုံး၏ ကြိုးပမ်းဦးဆောင်ခဲ့မှုတွေကို မြင်

ယောင်လေ့လာကြည့်ရင် (ကြက်သီးထဖွယ် စိတ်ခွန်အားကြီးမားခြင်းနှင့် ခွန်အားအပြည့်ကြိုးပမ်းခြင်း) ဆိုတဲ့ ခြသေ့်မင်းတို့၏ အားမာန်နဲ့ ကြိုးစားဦးဆောင်အောင်မြင်ခဲ့ခြင်းသာဖြစ်ပါတယ်။ ခေါင်းဆောင်သူတွေဆိုတာ အရာရာမှာ အခက်အခဲဆုံးအရာများ၊ တာဝန်အကြီးဆုံးအလုပ်များ၊ အရေးကြီးဆုံးအခြေအနေများကို ဦးဆောင်နေရသူများမို့ အများထက်သာလွန်တဲ့ စိတ်ဓါတ်ခွန်အားတွေရှိဖို့ဟာ အဓိကဖြစ်ပါတယ်။

Computer ဖွင့်ဖို့ လျို့ဝှက်ချက် Password ဆိုတာ၊ ထိုကွန်ပျူတာထဲမှာ ရှိနေပါတယ်။

လူသားတစ်ဦး အောင်မြင်ဖို့ လျို့ဝှက်ချက် Secret ဆိုတာ၊ ထိုသူစိတ်ထဲမှာပဲ ရှိနေပါလိမ့်မယ်။

ဘဝမှာ အရေးကြီးတဲ့ စိတ်ဓာတ်ခွန်အား ရရှိရန်အတွက် ကမ္ဘာ့ နံပါတ်(၁) Motivation ဂုရုကြီး Tony Robbin ပြောကြား သည့် အချက် (၅)ချက်ကို ဖော်ပြလိုပါတယ်။

(၁) မိမိရဲ့စိတ်ကို အမြဲတမ်း နိုးကြားတက်ကြွအောင်ထားပါ။

စိတ်ကို အမြဲနိုးကြားတက်ကြွစေတဲ့ စာအုပ်များ၊ လူများ၊ ပတ်ဝန်းကျင်များမှာ နေထိုင်ပါ။

(၂) မိမိအားကျ အတုယူရမည့် **Role Model** ထားပါ။

မိမိအားကျရတဲ့ သူတွေရဲ့ ပုံတွေ၊ စကားတွေကို အမြဲ မြင်တွေ့နားထောင်ပြီး ခွန်အားရှိပါ။

(၃) မိမိရဲ့ခန္ဓာကိုယ်ကို စိတ်ပါဝါအမြင့်ဆုံးရရှိအောင်ထားပါ။

ခန္ဓာကိုယ်ဆိုတာ အတိုင်းအဆမသိတဲ့ စွမ်းအားရှိ၏၊ ထုတ်ယူအသုံးပြုဖို့ ကြိုးစားနေပါ။

(၄) ချာန်ဝင်တဲ့အထိ အလုပ်လုပ်ပါ။

Mood အပြည့်နဲ့ စိတ်နှစ်ကိုယ်နှစ် ချာဉ်ဝင်တဲ့အထိ အလုပ်ကို နစ်မျောကြိုးစားဦးဆောင်နေပါ။

(၅) Gratitude ကျေးဇူးတရား ထားပါ။

ကျေးဇူးရှိသူတွေအတွက်ဆို ဘာမဆိုပေးဆပ်ချင်ကြ ၏၊ ထိုကဲ့သို့ ကျေးဇူးစိတ်ထားရှိကြိုးစားပါ။

ခေါင်းဆောင်တစ်ယောက်အနေနဲ့ မိမိကိုယ်တိုင် စိတ်ရဲ့အခြေအနေကို ထိန်းနိုင်ဖို့၊ မိမိရဲ့ အဖွဲ့ဝင် နောက်လိုက်များနှင့် ပတ်ဝန်းကျင်မှာတွေ့ကြုံရတဲ့ လူတွေရဲ့ စိတ်ရဲ့ အခြေအနေကို တိုင်းတာဖို့အတွက် (Mood Meter - စိတ်ခံစားမှု တိုင်းတာမှု) ၄-ချက် အကြောင်း နားလည်ထားရမှာဖြစ်ပါတယ်။

| | |
|---|---|
| **အနီရောင်**<br>(High Energy  Low Pleasant)<br>စိတ်ပါလက်ပါ - နှစ်လိုဖွယ်မကောင်း<br>ဥပမာ - ဒေါသထွက်နေသူ | **အဝါရောင်**<br>(High Energy – High Pleasant)<br>စိတ်ပါလက်ပါ - နှစ်လိုဖွယ်ကောင်း<br>ဥပမာ - ပျော်ရွှင်ကျေနပ်နေသူ |
| **အပြာရောင်**<br>(Low Energy – Low Pleasant)<br>စိတ်မပါလက်မပါ - နှစ်လိုဖွယ်မကောင်း<br>ဥပမာ - စိတ်ပျက်လက်ပျက်ဖြစ်နေသူ | **အစိမ်းရောင်**<br>(High Energy – High Pleasant)<br>စိတ်မပါနလက်ပါ - နှစ်လိုဖွယ်ကောင်း<br>ဥပမာ - ဟန်ဆောင်ပြုံးနေသူ |

လောကစကြာဝဠာမှာ ရှိလာသမျှ ရုပ်ဝတ္ထုအားလုံးတို့သည်။ လူသားတို့၏ (စိတ်၊ အတွေး၊ ဖန်တီးမှု) ဖြင့် ဖြစ်ပေါ်လာသည်မှာ အမှန်ပါ။ ဒါကြောင့် စိတ်တို့သည် အရာအားလုံးတို့၏ ဖန်တီးနေပါတယ်။ ယနေ့ခေတ်နဲ့ နောင်နှစ်

ပေါင်းများစွာအတွက် တိုးတက်ပြောင်းလဲမှု အားလုံးတို့သည် လူတွေရဲ့ လုပ်ရပ်နဲ့ ရလဒ်ဖန်တီးမှုအပေါ်မှာသာ မှီခိုနေပါလိမ့်မယ်။

**တိုးတက်မှုကို အလုပ်တွေမှ ဦးဆောင်ပါတယ်**

**အလုပ်တွေကို လူတွေမှ ဦးဆောင်ပါတယ်**

**လူတွေကို စိတ်တွေမှ ဦးဆောင်ပါတယ်**

လူတွေကို စိတ်ကဦးဆောင်စေတာမို့၊ စိတ်တွေကို ဦးဆောင်နိုင်သူဖြစ်လျှင် လူတိုင်းအားလုံး၏ ဦးဆောင်အရှင်သခင်ဖြစ်နိုင်ပါလိမ့်မယ်။ လူတွေကို မဦးဆောင်ပဲ လူတွေရဲ့စိတ်ကို လွှမ်းမိုးဦးဆောင်နိုင်သူဖြစ်အောင် ကြိုးစားပါ။

လူအများကို ဦးဆောင်ဖို့အတွက် လူတွေရဲ့ စိတ်အခြေအနေကို (Mood Meter အဝါသို့) အမြဲပြောင်းလဲမြင့်တင်ပေးပြီး စိတ်ဓါတ်ခွန်အားအမြင့်ဆုံးနဲ့ စိတ်ပါလက်ပါ မိမိကိုယ်တိုင်ကြိုးစားပြီး၊ စိတ်ပါလက်ပါ တခြားသူများ အလုပ်ပြီးမြောက်အောင် ဦးဆောင်သွားဖို့ အားပေးရေးသားလိုက်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

လောကမှာ နေရင် လောကရဲ့ ဓါဏ်ဆိုတာ ခံနိုင်ရမယ်။ ပတ်ဝန်းကျင် လူအများနဲ့ နေရတာမို့ -----

(ကောင်းတာရှိမယ် / မကောင်းတာလည်းရှိမယ်)၊ (ကိုယ်ရတာရှိမယ် / ကိုယ်မရတာလည်းရှိမယ်)၊ (ကြိုက်တာရှိမယ် / မကြိုက်တာလည်းရှိမယ်)။ ကောင်းတာရချိန် ဘဝမြင့်စိတ်ကြီးဝင်တာ ရောဂါပဲ။ မကောင်းတာရချိန် ဘဝအရှုံးပေးစိတ်ဓါတ်ကျတာ ရောဂါပဲ။

(ဘဝကို အနိုင်ယူဖို့မှာ အဆိုးအကောင်းကျော်ပြီး ရည်မှန်းချက်အောင်မြင်ဖို့သာ အဓိကဖြစ်ပါတယ်)

# ခေါင်းဆောင်မှု ဥပမာ

*********



Nick သည် ကျန်းမာစွာမွေးဖွားလာခဲ့ပေမယ့် ကံမကောင်းစွာပဲ ကိုယ်လက်အင်္ဂါ ချို့ယွင်းစွာမွေးဖွားလာခဲ့သည်။ သို့သော် သူ၌ လက်အမွှာသေးလေး နှစ်ချောင်းနှင့် ခြေအမွှာသေးလေးနှစ်ချောင်းပါရှိခဲ့သည်။ ဘာမှမရှိဘူးဆိုပေမယ့် ရှိတဲ့အရာတွေကို အကောင်းဆုံး အသုံးချရင် ဘာမဆိုဖြစ်နိုင်တယ်ဆိုတာ Nick မှ စိတ်ဓါတ်ခွန်အားပေးနိုင်ပါလိမ့်မယ်။

ကြီးနိုင်ငယ်ညှင်း သဘောတရားရဲ့ကြား ခြေလက်အင်္ဂါချို့တဲ့မှုဟာ သူငယ်စဉ်က အနိုင်ကျင့်ခြင်းကိုခံရဖို့ အခွင့်အရေးဖြစ်စေခဲ့တယ်။ နစ်ခ်သည် မရေမတွက်နိုင်လောက်အောင် ဆိုးရွားပြင်းထန်တဲ့စိတ်ဓါတ်ကျခြင်းထဲတွင် အကြိမ်ကြိမ်လဲပြိုခဲ့သည်။ (၈-နှစ်သား) အရွယ်တွင် ကိုယ့်ကိုယ်ကိုသတ်သေဖို့ကြိုးစားခဲ့သည်။ ၁၀ နှစ်အရွယ်တွင် ရေချိုးဇလုံတွင်

ရေနစ်သေဖို့အတွက် ကြိုးပမ်းခဲ့ပြန်ပါသေးတယ်။ ဒါပေမယ့် မိဘကိုချစ်တဲ့ သူ့ရဲ့စိတ်ကပြန်ပြန်ပြီး လွတ်မြောက်စေခဲ့တယ်။

Nick ဟာ မသန်စွမ်းပေမဲ့ ထက်သန်တဲ့ စိတ်အားနဲ့ အတူ တင်းနစ်ဘောလုံးကစားခြင်း ၊ ဒရမ်တီးခြင်း ၊ ဂေါက်ရိုက်ခြင်း ၊ ရေကူးခြင်းနှင့် sky diving ကစားနည်းတွေကိုလည်း သင်ယူတက်မြောက်ခဲ့သူလည်း ဖြစ်တယ်။ ထူးဆန်းအံ့ဖွယ်ကောင်းအောင် စိတ်ဓါတ်မြင့်မားသူဖြစ်ပြီး၊ ပေးလာတဲ့ ဘဝရဲ့ အရှုံးကို လက်မခံ အရှုံးမပေးပဲ (Never Give-up) ဘယ်တော့မှ အရှုံးမပေးဖို့ သမိုင်းတစ်လျောက်မှာ Nick ဟာ စံပြဖြစ်နေမှာပဲဖြစ်ပါတယ်။

ဘဝရဲ့ အခိပ္ပာယ်တွေကို ဇနီးဖြစ်သူနဲ့ အတူ ရှာဖွေဖြတ်သန်းရှင်သန်နေထိုင်ခဲ့ပြီး၊ မိဘများ၏ ချစ်ခြင်းကြောင့် အောင်မြင်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြိုးစားနေခဲ့ပါတယ်။ ယနေ့ဆိုလျှင် ကမ္ဘာက သိတဲ့ Nick အဖြစ်နဲ့ နစ်ခ်သည် ထောင်ချီသော ပရိတ်သတ်ကြီးအား စိတ်အားတက်ကြွအောင် ဟောပြောနိုင်ခဲ့ပါတယ်။

Nick သည် ဖိနပ်တစ်ရံကို ဗီရိုထဲမှာ အမြဲတမ်း သိမ်းဆည်းထားလေ့ရှိပါတယ်။ ဘာကြောင့်လဲဟု မေးကြည့်တဲ့အ

ခါမှာ ကျွန်တော့်ရဲ့ အိမ်မက်က တစ်နေ့မှာ ခြေထောက်ပြန် ပေါက်လာခဲ့လျှင် အဆင့်သင့်ဝတ်ဖို့ပါဟု အကောင်းမြင်စိတ်နဲ့ အမြဲနေထိုင်ကြိုးစားလျှက်ရှိပါတယ်။

မှတ်သားစရာအကောင်းဆုံးမှာ သူ့လိုခြေလက်မပါ တဲ့လူတောင် အောင်မြင်အောင် လုပ်နိုင်သေးလျှင်၊ လူ ကောင်းတွေအဖို့ ဘာကြောင့် မလုပ်နိုင်ရမှာလဲ ဟူ၍ဖြစ်သည်။ နစ်ခ်သည် ကမ္ဘာရဲ့ အောင်မြင်ထင်ရှားသော Motivation Speaker အဖြစ် ရပ်တည်နိုင်ခဲ့သည်။ နစ်ခ်က ကျွန်တော် ဘဝမှာ အကြိမ်ကြိမ်ကျရှုံးခဲ့လို့၊ ပြန်ထနိုင်အောင် ကြိုးစားနိုင် ခဲ့လျှင် အားလုံးလည်းကြိုးစားနိုင်မှာပါဟု အားပေးရင်း Never Give-up ဘယ်တော့မှ အရှုံးမပေးဖို့ပါ။

## Nick ၏ အဆိုအမိန့်

You can't even stand without risking in fail.

လဲကျတဲ့ စွန့်စားမှုကို မလုပ်ပဲ၊ သင်ဘယ်တော့မှ လမ်းမလျှောက်နိုင်ဘူး။

# Power (4)

## နောက်လိုက်သူဟာ

**"Role"** တာဝန်ပေးပြီး နေရာယူချင်တယ်

## ခေါင်းဆောင်သူဟာ

**"Responsibility"** နေရာပေးပြီး တာဝန်ယူချင်တယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်

# 4

## Professional Power of Leadership

## (ထူးချွန်ကျွမ်းကျင်မှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Professional Power ဆိုတာ ကားမောင်းတတ်သူနဲ့ တူပါတယ်။ ကားမောင်းလေလေ ကားမောင်းကျွမ်းကျင်လေလေ၊ ကားမောင်းကျွမ်းကျင်လေလေ၊ ကားမောင်းကျွမ်းကျင်သူဟာ ကားကို လိုရာသို့ အမြန်ရောက်ဖို့ သွားနိုင်သလို ခေါင်းဆောင်မှုကျွမ်းကျင်လာခြင်းဟာ အဖွဲ့အစည်း၏ ရည်မှန်းချက်သို့ပိုမိုအောင်မြင်နိုင်ခြင်းဖြစ်၏။

ကိုယ်အတွက်ကြိုးစားသူဟာ (လူတော်)၊ အများအတွက်ကြိုးစားသူဟာ (လူကောင်း) လူတော်လူကောင်းဆိုတာ ကိုယ်အတွက်၊ သူ့အတွက် မျှတကြိုးစားနိုင်သူဖြစ်ပါတယ်။ ခေါင်းဆောင်ကြီးများပင်လျှင် ခေတ်အဆက်ဆက်မှာ ပညာရှင်များ၏ အကူအညီများဖြင့် အခက်အခဲ၊ ပြဿနာများစွာကို ဖြေရှင်းဦးဆောင်နိုင်ခဲ့ကြပါတယ်။ (ရှေးခေတ် ဘုရင်များဆိုလျှင် ပညာရှိ အမတ်ကြီးများ၏ အကြံတော်အတိုင်း တိုင်းပြည်ရေးရာ အဖြာဖြာကို အကြံညာဏ် ဖြေရှင်းဦးဆောင်ခဲ့ကြတာဟာ) Professional Power ထူးချွန်ကျွမ်းကျင်မှု စွမ်းအား၏ ဦးဆောင်မှုသဘောများပင်ဖြစ်ပါတယ်။




Professional ဆိုတာ (Personal နဲ့ထက်စာရင်၊ People လူအများအကျိုးအတွက် ပိုပြီးဦးစားပေးကြိုးစားနေသူ (သို့မဟုတ်) ကိုယ့်အတွက်၊ သူ့အတွက် မျှတစွာ

ကြိုးစား ဦးဆောင်နေသူများပင်ဖြစ်ပါတယ်။ ခေါင်းဆောင်မှုဟူသည် အများအတွက်၊ အသင်းအဖွဲ့အတွက်၊ အဖွဲ့အစည်းအတွက်ဆိုတဲ့ (အများကိုအခြေပြုထားသော) Professional များပင်ဖြစ်ပါတယ်။ လောကပတ်ဝန်းကျင်မှာ လူ (၄-မျိုး) ရှိတယ်လို့ဆိုပါတယ်။ သူများဘယ်သူဆိုတာထက် ကိုယ်ဘယ်သူဖြစ်အောင်ကြိုးစားပါ။

(၁) ကောင်း၏ + ပြော၏ (ပညာရှင်ကဲ့သို့လူ)

(၂) ကောင်း၏ + လုပ်၏ (ခေါင်းဆောင်ကဲ့သို့လူ)

(၃) မကောင်း၏ + ပြော၏ (လူဖျင်းကဲ့သို့လူ)

(၄) မကောင်း၏ + လုပ်၏ (လူမိုက်ကဲ့သို့လူ)

| | |
|---|---|
| **(၁) ပညာရှင်များ**<br>- ကောင်း၏ / ပြော၏ | **(၂) ခေါင်းဆောင်များ**<br>- ကောင်း၏ / လုပ်၏ |
| **(၃) လူပျင်းများ**<br>- မကောင်း၏ / ပြော၏ | **(၄) လူမိုက်များ**<br>- မကောင်း၏ / လုပ်၏ |

ကောင်းမွန်တိုးတက်ဖို့ နိုင်ငံမှာ အဖွဲ့အစည်းတိုင်းမှာ ပညာရှင်များ၊ ခေါင်းဆောင်များ တိုးလာဖို့ အားပေးရမယ်။ ဒါမှသာ နိုင်ငံအဝှမ်း၊ ပတ်ဝန်းကျင်အသီးသီးမှာ တိုးတက်ပြောင်းလဲမှုဟာ မြင်လာရမှာဖြစ်ပါတယ်။

**ဘာကြောင့် ပညာရှင် ခေါင်းဆောင်တွေဟာ ပိုအရေးကြီးသလဲ**

သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားလို့ရဆိုသလိုပညာရှင် (၁-ဦး) ရဲ့ လမ်းညွှန်ဟောပြောမှုကြောင့် (လူပေါင်း ၁-သောင်း) တိုးတက်နိုင်တယ်။

ခေါင်းဆောင် (၁-ဦး) ရဲ့ ဦးဆောင်ကြိုးပမ်းမှုကြောင့် (လူပေါင်း ၁-သောင်း) အောင်မြင်စေနိုင်တယ်။

ဒါကြောင့် ပညာရှင်တွေ ခေါင်းဆောင်တွေကို အားပေးဖို့ အရေးကြီးတယ်။ ထူးချွန်မှုဆိုတာ မွေးရာပါ မဟုတ်သလို၊ လေ့ကျင့်သင်ယူနိုင်တဲ့ စွမ်းရည်မျိုးဖြစ်တယ်။

လောကမှာ သူများလို မသိတာ အပြစ်၊ ဒီထက်ကြီးမားတဲ့ အပြစ်ဟာ မသိချင်တာပဲ။ သိချင် တက်ချင်ရင် လူတိုင်း ပညာရှင် ဦးဆောင်သူ ဖြစ်နိုင်တယ်လို့ အားပေးချင်ပါတယ်။




ခေါင်းဆောင်မှုမြင့်လာလေလေ - တာဝန်ယူမှုများလာလေလေ - ရပိုင်ခွင့်နည်းလာလေလေ ဖြစ်ပါတယ်။ ခေါင်းဆောင်မှုမြင့်မာလာသည်နှင့်အမျှ အများအတွက် တာဝန်ယူမှုများလာပြီး၊ မိမိအတွက် ရပိုင်ခွင့်နည်းလာခြင်း သဘောတရားကို နားလည်လက်ခံကြိုးစားမှ Professional Leader ထူးချွန်သော ခေါင်းဆောင်သူဖြစ်နိုင်ပါတယ်။

**"ခေါင်းဆောင်ဖြစ်ဖို့ - နေရာပေး၍ - တာဝန်ယူပါ**

**ပညာရှင်ဖြစ်ဖို့ - မျှဝေပေး၍ - သင်ယူနေပါ"**

အပင်တစ်ပင်တည်းနဲ့ သစ်တောဖန်တီးလို့မရဘူး၊ သစ်ပင်များစွာတည်ရှိမှ သစ်တောဖြစ်သလို၊ လူတစ်ဦးချင်းစီ

ပြောင်းလဲတိုးတက်ဖို့ အရေးကြီးတယ်။ မိမိတိုးတက်လာတဲ့ အခါမှာလည်း အများတိုးတက်အောင် ကူညီဆောင်ရွက်ဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။

လောကမှာ သုသေသနလုပ်ကြည့်ရင် ခေါင်းဆောင်သူတွေပဲ နှစ်ပေါင်းများစွာ ရှင်သန်ကျန်ရစ်ခဲ့ကြတယ်။ စင်္ကာပူရဲ့ ဖခင်ကြီး လီကွမ်ယု (ငွေဘယ်လောက် ချမ်းသာလဲ) ဘယ်သူမှ မသိဘူး။ သို့သော် လီကွမ်ယု ဘာတွေ ဦးဆောင်ပြောင်း လဲခဲ့လဲ အမြဲရှင်သန်နေလိမ့်မယ်။

မြန်မာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (ငွေဘယ်လောက် ချမ်းသာလဲ) ဘယ်သူမှလဲ မသိချင်ပါဘူး။ သို့သော် ဗိုလ်ချုပ် ဘယ်လောက်ကြိုးပမ်းခဲ့လဲ ပိုလေးစားနေလိမ့်မယ်။ ဒါကြောင့် ခေါင်းဆောင်တွေဟာ သူတို့ရဲ့ လုပ်ရပ်တွေကိုပဲ တန်ဖိုးထားကြတာ မြင်သာနိုင်တယ်။

လောကလူ (၄-မျိုးမှာ) လူပျင်း၊ လူမိုက်တွေဟာ အချိန်ကာလ တစ်ခုကြာလာရင် နောက်ဆုံးအုတ်ဂူပဲ ကျန်ခဲ့လိမ့်မယ်။ ပညာရှင် ဦးဆောင်သူတွေဟာ အချိန်ကာလ ရှည်စွာ သမိုင်းမှတ်တိုင်တွေ ကျန်ခဲ့ကြပါလိမ့်မယ်။

ကမ္ဘာ့အထူးချွန်ဆုံး CEO ဟု တင်စားခေါ်ဝေါ်တဲ့ Jack Welch ရဲ့ ခေါင်းဆောင်မှု အဆိုအမိန့်အရ . .

Before you are a leader, success is all about growing yourself. When you become a leader, success is all about growing others.

**ခေါင်းဆောင်မဖြစ်ခင်မှာ အောင်မြင်မှုအားလုံးဟာ မိမိတိုးတက်မှုအတွက်ဖြစ်ပြီး၊ ခေါင်းဆောင်ဖြစ်ပြီးချိန်မှာ အောင်မြင်မှုအားလုံးဟာ အများတိုးတက်မှုအတွက်ဖြစ်၏**

ပညာရှင်ခေါင်းဆောင်များဖြစ်ဖို့ မိမိအတွက်၊ ပတ်ဝန်းကျင်အတွက် မျှတစွာဦးဆောင်ကြိုးစားသူဖြစ်ဖို့ (10-P Professional) ထူးချွန်ကျွမ်းကျင်သူများဖြစ်ဖို့ မျှဝေရေးသားလိုက်ပါတယ်။

**(၁) Professional ကျွမ်းကျင်ထူးချွန်သူဖြစ်ပါစေ**

ဘဝမှာ ကိုယ်အားသန်တဲ့ နယ်ပယ်တစ်ခုမှာ ထူးချွန်ကျွမ်းကျင်ဖို့ ကြိုးစားနေပါ။ ကျွမ်းကျင်ထူးချွန်လာလေလေ

အောင်မြင်မှုတွေကို ဖန်တီးနိုင်လေလေဖြစ်ပါတယ်။ ဦးဆောင် အောင်မြင်ဖို့ဆိုတာ နယ်ပယ်တစ်ခုမှာ တဖက်ကမ်းထူးချွန် ကျွမ်းကျင်ဖို့ လိုအပ်ပါတယ်။

## (၂) **Personality** မိမိကိုယ်တိုင်ကောင်းအောင်တည်ဆောက်ပါ။

ဘဝဆိုတာ မိမိပြုလုပ်ကြိုးစားမှုတို့၏ ဖော်ပြထားတဲ့ ပုံစံပင်ဖြစ်ပါတယ်။ ကောင်းမွန်သော ပြုလုပ်ကြိုးစားမှုဖြင့် အကောင်းဆုံးသော ဘဝပုံစံကို ဖန်တီးနိုင်ပါတယ်။ မိမိကောင်း အောင်ကြိုးစားလေလေ၊ ဦးဆောင်အောင်မြင်တိုးတက်လာ လေလေဖြစ်ပါတယ်။

## (၃) **Passion** စိတ်ဆန္ဒဖြစ်ချင်စိတ်ပြင်းပြင်းပြပြကြိုးစားပါ

လူတိုင်းတူညီပေမဲ့ မတူညီတဲ့ စိတ်ဆန္ဒပြင်းပြမှုဟာ ဘဝတစ်ခုကို ပိုမိုလျှင်မြန်တိုးတက်အောင်မြင်စေပါတယ်။ စိတ်ဆန္ဒပြင်းပြလေလေ ရည်မှန်းချက်ပန်းတိုင်းသို့ မြန်မြန် ရောက်လေလေပါပဲ။ ခေါင်းဆောင်တိုင်းဟာ အများတွေမဖြစ် ချင်တဲ့၊ မဖြစ်နိုင်ဘူးထင်တဲ့ အရာအားလုံးကို စိတ်ဆန္ဒပြင်းပြ စွာနဲ့ ကြိုးစားဦးဆောင်ဖန်တီးခဲ့ခြင်းဖြစ်ပါတယ်။

## (၄) **Prepare** အနာဂတ်အတွက် အမြဲပြင်ဆင်ကြိုးစားပါ

အောင်မြင်မှုဆိုတာ ပေးလာတဲ့အခွင့်အရေးနဲ့ ကိုယ်ပြင်ဆင်ထားမှုရှိမှ အခွင့်အရေးကို ဖန်တီးနိုင်မှာမို့ အမြဲပြင်ဆင်ကြိုးစားနေပါ။ သာမန်သူတွေဟာ ရေတိုကိုကြည့်ပြီးကြိုးစားတယ်။ ခေါင်းဆောင်သူတွေဟာ ရေရှည်ကြည့်ပြီး ကြိုးပမ်းတယ်။ အနာဂတ်အမျှော်အမြင် ဘယ်လောက်ရှိသလဲ။ ဘယ်လောက်ကြိုမြင် ကြိုပြင်နိုင်သလဲဆိုတာ ခေါင်းဆောင်များ၏ ထူးချွန်မှုပင်ဖြစ်ပါတယ်။

## (၅) **Promotion** မြင့်တင်တိုးတက်အောင်ကြိုးစားပါ

မိမိကိုယ်တိုင်မြင့်တင်ပါမှ၊ ဘဝပုံစံဟာ မြင့်တင်နိုင်မှာမို့၊ ပိုမိုမြင့်တင်အောင် ကြိုးစားခြင်းသည်သာ ဘဝပုံစံကို အဆင့်မြင့်တိုးတက်စေမှာဖြစ်ပါတယ်။ မိမိမြင့်တက်လာသည်နှင့်အမျှ ခေါင်းဆောင်များအနေနဲ့ မိမိ၏အဖွဲ့ဝင်၊ အများပတ်ဝန်းကျင်ကို မြင့်တင်ပေးနိုင်ပါမှ ခေါင်းဆောင်ကောင်းများဖြစ်၍လာမည်မှအမှန်ပါ။ ခေါင်းဆောင်တစ်ဦးဆိုတာ တခြားသူများ ဘယ်လောက်မြင့်တက်လာအောင် ကြိုးစားခဲ့သလဲ

ဆိုတာနဲ့ တိုင်းတာကြပါတယ်။

## (၆) **Persistent** အရှုံးမပေးသောဇွဲလုံ့လတို့နဲ့ကြိုးစားခြင်း

အောင်မြင်မှုဆိုတာ အခက်အခဲတွေရဲ့ကြားမှာပဲ တည်ရှိနေတဲ့အရာမို့ ဇွဲလုံ့လ ဝီရိယနဲ့ အရှုံးမပေးကြိုးစားသူတွေသာ ပိုင်ဆိုင်နိုင်ပါတယ်။ ခေါင်းဆောင်သူတို့မည်သည် လောကမှာ အခက်အခဲ၊ ပြဿနာတွေကို ဖြေရှင်းဦးဆောင်ကြဖို့ ပေါ်လာခြင်းသာဖြစ်ပါတယ်။ အခက်အခဲတွေကို ဘယ်လောက်ခံနိုင်သလဲ၊ အရှုံးမပေးကျော်ဖြတ်နိုင်သလဲဆိုတာ ခေါင်းဆောင်တစ်ဦး၏ လူတိုင်းလေးစားအတုယူဖွယ်ကောင်းသော ပြရုပ်တစ်ခုပင်ဖြစ်ပါတယ်။

## (၇) **Partner** လုပ်ဖော်ကိုင်ဖက်ကောင်းများထားရှိစေပါ

အောင်မြင်မှုဆိုတာ ဝန်းရံလျှက်ရှိတဲ့ ပတ်ဝန်းကျင်ဟာ လွှမ်းမိုးစေတာမို့၊ မိမိထက်ထူးချွန်သော ဆရာသခင်၊ ကျွမ်းကျင်သူတွေနဲ့ လွှမ်းမိုးစေပြီး မိမိဘဝကို ပိုမိုတိုးတက်အောင်ဖန်တီးနိုင်မှာဖြစ်ပါတယ်။ မိမိထက်ထူးချွန်သော ကိုယ့်ထက်မြင့်သော ခေါင်းဆောင်များ၊ စီမံသူများ မိမိရဲ့နဘေး

မှာ ဝန်းရံထားနိုင်ပြီဆိုရင် ခေါင်းဆောင်တစ်ဦးအနေနဲ့ ဘယ်ရည်မှန်းချက်မဆို အောင်မြင်ဖန်တီးနိုင်မှာဖြစ်ပါတယ်။

## (၇) **Power** **အလုပ်မှာရာထူးနေရာဩဇာရှိဖို့ကြိုးစားပါ**

အလုပ်မှာ အတွေ့အကြုံရှိမှု၊ လေးစားမှုနဲ့အတူ အားလုံးအပေါ်မှာ လွှမ်းမိုးဩဇာရှိဖို့လိုအပ်ပါတယ်။ ဩဇာရှိသူဖြစ်လေလေ အောင်မြင်လေလေဖြစ်ပါတယ်။ အဖွဲ့အစည်းမှာဖြစ်စေ၊ ပတ်ဝန်းကျင်မှာဖြစ်စေ၊ လူအများလေးစားရတဲ့ အမြင့်ဆုံးရာထူးအာဏာကို ပိုင်ဆိုင်နိုင်ခြင်းဟာလည်း ဦးဆောင်အောင်မြင်ဖို့ စွမ်းအားကို ရရှိနိုင်မှာဖြစ်ပါတယ်။ ရာထူးအာဏာရှိဖို့ ပထမ၊ လေးစားဩဇာရှိဖို့ဟာ အဓိကပင်ဖြစ်ပါတယ်။

## (၈) Pioneer **ဦးဆောင်တီထွင်ဖန်တီးသူဖြစ်ပါစေ**

ခေါင်းဆောင်တွေဆိုတာ Pioneer ဦးဆောင်တီထွင်ကြိုးစားခဲ့သူတွေဖြစ်ပါတယ်။ ဆန်းသစ်တီထွင်ကြိုးစားလေလေ၊ အောင်မြင်မှုအသစ်သစ်တွေ ရရှိနိုင်လေလေပါပဲ။ ခေါင်းဆောင်တိုင်းဟာ အရာတခုခုကို ဦးဆောင်ထူထောင်ခဲ့ကြသူတွေဖြစ်ပါတယ်။ ခေါင်းဆောင်သူဆိုတာ စွန့်ဦးတီထွင်

စတင်ဖန်တီးခဲ့သူများသာဖြစ်ပါတယ်။

### (၁၀) People လူတွေအတွက် အားပေးရင်းအောင်မြင်စေပါ

အောင်မြင်မှုဆိုတာ လူတွေမှပေးလာခြင်းဖြစ်လို့ လူတွေကို အားပေးကူညီ တန်ဖိုးမြင့်တင်ရင်း အောင်မြင်မှုများစွာကိုပိုင်ဆိုင်ပါစေ။ လူတွေကို များများပေးနိုင်လေလေ၊ လူတွေမှ အောင်မြင်မှုပြန်ပေးလေလေပါပဲ။ ခေါင်းဆောင်တို့၏ အကြီးဆုံးသော ပါဝါဆိုတာ လူအများမှ ယုံကြည်စွာနောက်လိုက်ပေးနေတဲ့စွမ်းအားပင်ဖြစ်ပါတယ်။ လူအများအားလုံးမှ ယုံကြည်စွာနဲ့ ဝိုင်ဝန်းကြိုးစားနိုင်ပြီဆိုလျှင် ဒါဟာအမြင့်မြတ်ဆုံးသော ခေါင်းဆောင်မှုဖြစ်၏။

အရာရာဖန်တီးဖြစ်ပေါ်လာဖို့ဆိုတာ (ဘာမှမရှိတဲ့စာရွက်လိုပါပဲ)။ ဘာတွေ ရေးဆွဲပုံဖော် ဖန်တီးမလဲဆိုတာ Professional ခေါင်းဆောင်များအားလုံး၏ Profile ပဲဖြစ်ပါတယ်။ ကိုယ်ပိုင်အမြင်နဲ့ ကိုယ်တိုင်ဖန်တီးရတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ လှပအောင်ရေးဆွဲပုံဖော်ပြီး (10-P Professional) ပုံစံနဲ့ ဦးဆောင်လမ်းပြကြိုးစားရင်း. . .

ကိုယ်တိုင်ဘဝတိုးတက်ဖို့၊ ကိုယ်တိုင်မကြိုးစားရင်၊ ဘယ်သူကြိုးစားပေးနိုင်မှာလဲ. . .

မိမိကိုယ်တိုင် ထူးချွန်ကျွမ်းကျင်စွာ ဦးဆောင်ပါ၊ အများအတွက် ယခု 10-P နှင့်အတူ ထူးချွန်ကျွမ်းကျင်ဦးဆောင်ရှင်အဖြစ်နဲ့ လူအများ တိုးတက်အောင်မြင်ရေးသို့ ဦးဆောင်ပြောင်းလဲပေးနိုင်တဲ့ မိမိအကျိုး၊ အများအကျိုး ဦးဆောင်ပေးနိုင်သူ Professional Leader ပညာရှင်ခေါင်းဆောင်များဖြစ်နိုင်ပါစေ။ အနာဂတ်ပညာရှင်ခေါင်းဆောင်များအတွက် အားပေးလျှက်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ထူးချွန်ဖို့ လေ့ကျင့်ပါ Practice make Professional ၁ မှ ၁၀ တန်း စာသင်ပါများရင် စာတတ်လာသလို ထူးချွန်ကျွမ်းကျင်ခြင်းဆိုတာ နေ့စဉ်လေ့ကျင့်နေခြင်းပါပဲ။ လေ့လာပါ၊ လေ့ကျင့်ပါ (ထူးချွန်အောင်မြင်သူဖြစ်မှာပါ)။အားလုံးထူးချွန်အောင်မြင် တိုးတက်ကြပါစေ။ ပါရမီဆိုတာ (ကောင်းတဲ့အရာတွေကို ဖြည့်ဆည်းကြိုးစားခြင်း)၊ ဘုန်းကံကြီးတယ်ဆိုတာ (ကောင်းခြင်းများလုပ်ခြင်းရဲ့အကျိုးရလဒ်) လောကမှာ ပါရမီ ၁၀ ပါး လက်ကိုင်ထား၍ အောင်မြင်နိုင်ကြပါ

## ခေါင်းဆောင်မှု ဥပမာ

*********



John C. Maxwell သည် American Management Association မှ စီးပွားရေး နယ်ပယ်တွင် ကမ္ဘာ့နံပါတ်တစ် ခေါင်းဆောင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီး၊ Business Insider မှလည်း ခေါင်းဆောင်မှုနှင့် ပတ်သက်ပြီး ကမ္ဘာတွင် လွှမ်းမိုးမှု အရှိဆုံး အဖြစ်သတ်မှတ် ခံခဲ့ရပါသည်။

၂၀၁၄ ခုနှစ်တွင် Inc. Magazine မှ ကမ္ဘာ့အကျော်ကြားဆုံး ခေါင်းဆောင်မှု လုပ်ပိုင်ခွင့်ရှိသူ အဖြစ် ခေါ်ဝေါ်ခြင်းခံခဲ့ရပါသည်။ နိုင်ငံပေါင်း (၁၈၀)ရှိ ခေါင်းဆောင်ပေါင်း (၅) သန်းကျော်ကို မွေးထုတ်ပေးခဲ့သော The John Maxwell Company နှင့် The John Maxwell Team & EQUIP တို့ကို တည်ထောင်ခဲ့သူ တစ်ဦးလည်းဖြစ်ပါသည်။

John C. Maxwell သည် (Leader born Leader ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်တွေပဲ မွေးထုတ်ပါတယ်) လက်တွေ့ခေါင်းဆောင်မှု ကျင့်စဉ်အတိုင်း၊ John Maxwell Team ထူထောင်ပြီး ကမ္ဘာအနှံ့ ခေါင်းဆောင်များစွာကိုလည်း မွေးထုတ်ထားနိုင်ခြင်းဟာ အတုယူစရာပင်ဖြစ်ပါတယ်။

သူ၏ ထင်ရှားကျော်ကြားသော စာအုပ်များ အနက်မှ The 21 Irrefutable Laws of Leadership, Developing the Leader Within You စတဲ့ စာအုပ်များဟာဆိုရင် (၁-မီလီယံကျော်) စံချိန်တင် ရောင်းချခဲ့ရတဲ့ Best Seller ကမ္ဘာကျော်စာအုပ်များဖြစ်ခဲ့ပါတယ်။

## John C. Maxwell ၏ အဆိုအမိန့်

Know the Way, Go the Way, Show the Way

နည်းလမ်းသိပါ၊ နည်းလမ်းအတိုင်းကျင့်ပါ၊ နည်းလမ်းပြခဲ့ပါ။

## ချုံကြားမှ ဘုံဖျားသို့ (Do or Die)

(မိမိကိုယ်တိုင် ဦးဆောင်မှု ပုံပြင်)



ဟိုးရှေးရှေးတုန်းက တောင်သူလယ်သမားကြီး တစ်ယောက်ဟာ တောထဲကိုသွားရင်းနဲ့ ဥလေးတစ်လုံး တွေ့ခဲ့တယ်။ ထိုဥလေးကို ရှင်သန်အောင်လို့ သူ့အိမ်မှာရှိတဲ့ ကြက်မကြီးဝပ်နေတဲ့ အထဲမှာပဲ ကြက်ဥတွေနဲ့ အတူတူရှင်သန်အောင် ကြိုးစားခဲ့ပါတယ်။ ကံကောင်းစွာပဲ ဒီဥလေးက အကောင်ပေါက်လာတဲ့အခါမှာ ကြက်ကလေးတွေနဲ့ အတူတူ ကြီးပြင်းနေထိုင်လာခဲ့ပါတယ်။ တစ်နေ့မှာတော့ တောင်သူလယ်သမားကြီးဆီကို သူ့ရဲ့ မိတ်ဆွေရောက်လာတဲ့အခါမှာ ကြက်တွေရဲ့ကြားထဲမှာ

အကောင်လေးကို မြင်သွားတဲ့ အခါမှာ. . .

“ဟာ ဒီကောင်ကကြွက်မှမဟုတ်တာ၊ ငှက်တို့ရဲ့ဘုရင် သိန်းငှက်ပဲ။ သူကကြွက်တွေရဲ့ကြားထဲမှာနေရမှာမဟုတ်ဘူး။ ကောင်းကင်မှာ ပျံဝဲနေရမှာ”ဟု ပြောပါတယ်။

ဒီအခါမှာ သိန်းငှက်ကောင်လေးက ကြွက်မကြီးကို မေးလိုက်သတဲ့။ “မေမေ ကျွန်တော်ပျံလို့ရရဲ့လား”ဆိုတော့ ကြွက်မကြီးက “ဟယ်. . . နင်ဘယ်လိုပျံလို့ရမှာလဲ နင်ဟာ ကြွက်တွေကြားမှ ပေါက်လာလို့ ငါတို့လိုပဲ မပျံပဲနေရမှာ”လို့ ပြောလိုက်ပါတော့တယ်။ ဒီလိုနဲ့ပဲ သိန်းငှက်လေးဟာ ကြွက်တွေလိုပဲ နေသွားဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ဒါဟာ ပုံပြင်လေးရဲ့ အဆုံးမဟုတ်ပါဘူး။ ဒီပုံပြင်လေးရဲ့ အဆုံးမှာတော့. . .

ဒီလိုနဲ့ပဲ သိန်းငှက်လေးကို ညှော်သည်မိတ်ဆွေကြီးမှ တောင်ပေါ်ထိပ်ကို ခေါ်သွားပြီးတော့ “ကဲ မင်းဟာ သိန်းငှက်ပဲ၊ ငှက်တို့ရဲ့ ဘုရင်ဖြစ်တယ်။ ကောင်း

ကင်မှာ ပျံဝဲနေရမှာ။ အဲ့တော့ ငါမင်းကို တောင်ပေါ်ကနေ ခုပစ်ချလိုက်မယ်။ မင်းပျံရင်ပျံ၊ မပျံရင် မင်းကတော့ တောင်အောက်ကို ကျပြီးတော့သေမှာပဲ"။

(အသေခံမလား၊ ပျံသန်းလိုက်မလား ရွေးချယ်စရာပေးလာရင်- ဘာလုပ်မလဲ)

ဒီလိုပြောပြီး သိန်းငှက်လေးကို တောင်အောက်ကို ပစ်ချလိုက်တဲ့အခါမှာ သိန်းငှက်ဟာ သူ့ရဲ့ အတောင်ပံတွေကိုဖြန့်ကျက်လိုက်ချိန်မှာတော့ လေပေါ်မှာပျံဝဲပြီး ဟိုးအဝေးဆုံးကို ပျံသန်းသွားပါတော့တယ်။

ဒီပုံပြင်လေးကို သာဓကဆောင်ပြီး လူတွေအားလုံးဟာလည်း အတိုင်းအဆမရှိသော တန်ခိုးတွေသည် မိမိရဲ့ ခန္ဓာကိုယ်ထဲမှာ အတိုင်းအဆမရှိ ရှိနေနိုင်ပါတယ်။ ဒါကြောင့် တကယ့်မိမိရဲ့ တန်ခိုးသတ္တိတွေကို ရှာဖွေကြည့်ပါ။ သိန်းငှက်တောင်ပံ ဖြန့်ကျက်ပြီး ပျံသကဲ့သို့ပင် အစွမ်းကုန် ကြိုးစားကြည့်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘာအလုပ်မှ မလုပ်ရသေးပဲ မဖြစ်နိုင်ဘူးလို့ ပြောလို့မရနိုင်ပါဘူး။

လောကကြီးမှာ မပြီးဆုံးသေးပဲ ဘယ်အရာမှ မဖြစ်နိုင်ဘူးလို့ပြောလို့မရနိုင်ပါဘူး။

အားလုံးလည်း ဒီပုံပြင်လေးနဲ့အတူ လောက အောင်မြင်တိုးတက်မှုသို့ မိမိမှာရှိတဲ့ အစွမ်းအစအကုန် ထုတ်လျှက် တိုးတက်အောင်မြင်သွားဖို့ အားပေးလိုက်ပါတယ်။

# Power
# (5)

## နောက်လိုက်သူဟာ

လွယ်တဲ့အလုပ်ကို ခက်ခဲအောင်ကြိုးစားတယ်

## ခေါင်းဆောင်သူဟာ

ခက်ခဲတဲ့အလုပ်ကို လွယ်အောင်စဉ်းစားတယ်

## I AM LEADER
## ငါသည် ခေါင်းဆောင်သူဖြစ်တယ်

# 5

## Entrepreneurship Power of Leadership

## (စွန့်ဦးတီထွင်မှုစွမ်းအား၏ ခေါင်းဆောင်မှု သဘောတရား)



Entrepreneurship Power ဆိုတာက
လမ်းသစ်ဖောက်တာနဲ့ တူပါတယ်။ တစ်နေရာမှ
တစ်နေရာသို့ လမ်းများဆက်သွယ်ချိတ်ဆက် လမ်းသစ်
ဖောက်နိုင်သလိုပဲ စွန့်ဦးတီထွင်မှုသည် အရာရာကို ထိုးဖောက်
ဖန်တီးနိုင်စွမ်းသော ဦးဆောင်မှုအားပင်ဖြစ်ပါတယ်။

What is Entrepreneurship - စွန့်ဦးတီထွင်မှုဆိုရာမှာ. . . စွန့်ဦးတီထွင်သူနဲ့ လုပ်ဆောင်ချက်ကို ပေါင်းစပ်ပြီး Entrepreneus + Function (E + F) စွန့်ဦးတီထွင်မှုလို့ ဆိုပါတယ်။ စွန့်ဦးတီထွင်သူဆိုတာ ပုံစံမျိုးစုံနဲ့ စီးပွားရေးသို့ ဦးဆောင်နိုင်သူတွေဖြစ်ပါတယ်။

စွန့်ဦးတီထွင်သူဆိုတာ Think and Act differently အများနဲ့မတူညီတဲ့ ရှုဒေါင့်အသီးသီးမှ တွေးခေါ်နိုင်သူ၊ ဖန်တီးတည်ဆောက်နေသူဖြစ်ပါတယ်။ စွန့်ဦးတီထွင်မှုကို ဖန်တီးနိုင်တဲ့ အဓိကအချက် (၂-ချက်) ရှိပါတယ်။

Business Partner, Mentor, Teacher-စီးပွားရေးလုပ်ငန်းရှင်များ၊ အကြံညာဏ်ပေးနိုင်သူများ၊ ဆရာများထံမှ လေ့လာခြင်း၊ အတွေ့အကြုံယူခြင်းအားဖြင့်လည်းကောင်း၊ Impressing to Success Business Leader - အောင်မြင်သော စီးပွားရေးခေါင်းဆောင်များသို့ အားကျခြင်း၊ စံနမူနာယူခြင်း၊ လေ့လာခြင်းအားဖြင့်လည်း စွန့်ဦးတီထွင်မှု အတွေးအခေါ်များစွာရရှိနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာကျော် စွန့်ဦးတီထွင်မှု ဟောပြောသူဖြစ်တဲ့ Tony Robin ကပြောဖူးပါတယ်။ Find Success

Business Leaders, သူဖြစ်ချင်တဲ့ စီးပွားရေးအောင်မြင်နေသူကိုရှာဖွေပါ၊ Follow the way what they are doing, သူတို့ကြိုးစားတဲ့အတိုင်း နမူနာယူ လုပ်ဆောင်ကြည့်ပါ၊ So, you will also be success …! ဒါဆို ကိုယ်လည်းတနေ့မှာ သူတို့လို အောင်မြင်နိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။

Entrepreneurship ဆိုတာ (စွန့် + ဦး + တီထွင်) ဆိုတဲ့ အချက် (၃-ခု) ကို ပေါင်းစပ်ထားပြီး စွန့်စားတီထွင်ခေါင်းဆောင်နေသူဟု အဓိပ္ပါယ်မည်ပါတယ်။ ယနေ့ခေတ်ခေါင်းဆောင်များအနေနဲ့ စွန့်စားတီထွင် ဦးဆောင်နေဖို့လိုအပ်မှာဖြစ်ပြီး ခေတ်နဲ့အညီ ဆန်းသစ်တီထွင်မှု၊ စွန့်စားသတ္တိရှိစွာ ဆောင်ရွက်မှုနှင့်၊ အောင်မြင်တိုးတက်အောင်ဦးဆောင်နိုင်လျှင် (စွန့်ဦးတီထွင် ဦးဆောင်အောင်မြင်သူများ) ဖြစ်လာမှာ ဧကန်မလွဲပင်ဖြစ်ပါတယ်။ ခေတ်နဲ့အညီ လျှင်မြန်တိုးတက်စွာဦးဆောင်တက်ဖို့ ခေါင်းဆောင်သူတစ်ဦးအတွက် (အမြဲလက်စွဲ 5-Ship) ကို အနှစ်ချုပ်လျှင် ခေါင်းဆောင်ကြီးများထံမှ လေ့လာရင်း၊ အနာဂတ်ခေါင်းဆောင်များအတွက် မျှဝေရင်း ယခုနည်းလမ်းများနဲ့ ထူးချွန်ကျွမ်းကျင်ဦးဆောင်ဖို့ အားပေးလိုက်ပါတယ်။

## 5-Ship Leadership (ဦးဆောင်မှုဆိုတာ)




(၁) Entrepreneurship (စွန့်ဦးတီထွင်မှု)

(၂) Mentorship (အကြံညာဏ်ရယူမှု)

(၃) Partnership (ပူးပေါင်းကြိုးစားမှု)

(၄) Membership (အဖွဲ့ဝင်ဆောင်ရွက်မှု)

(၅) Followership (နောက်လိုက်အားယူမှု)

စတဲ့ 5-Ship စွမ်းအားများကို ပေါင်းစပ်ပြီး၊ ခေါင်းဆောင်သူ၏ စွမ်အားကို တိုးတက်စေနိုင်ပါတယ်။ တိုးတက်လာတဲ့ ခေတ်ပြိုင်အခြေအနေမှာ ယခုစွမ်းအားတွေကို ပေါင်းစပ်အသုံးပြုနိုင်သော ခေါင်းဆောင်များသာ အောင်မြင်တိုးတက်နိုင်မှာအသေချာပင်ဖြစ်ပါတယ်။

## Entrepreneurship (စွန့်ဦးတီထွင်မှု)

ဦးဆောင်သူဟာ စွန့်ဦးတီထွင်ဖန်တီးကြိုးစားသူဖြစ်ဖို့လိုပါတယ်။ ရည်မှန်းချက်နဲ့ အဖွဲ့အစည်းအောင်မြင်ဖို့ အမြဲလိုလို ဆန်းသစ်တီထွင် ကြိုးစားဦးဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ (သာဓက - ကမ္ဘာကျော် စီးပွားရေးအောင်မြင်သူတွေဟာ လုပ်ငန်းအဖွဲ့အစည်းတွေကို စွန့်ဦးတီထွင်ကြိုးစားဦးဆောင်ခဲ့မှုကို မြင်နိုင်ပါတယ်)။

## Mentorship (အကြံဉာဏ်ရယူမှု)

ဦးဆောင်သူဟာ မိမိကိုယ်တိုင် အကြံပေးလမ်းပြသူဖြစ်ဖို့လိုအပ်ပြီး၊ ဆရာသမား၊ ကျွမ်းကျင်သူများထံမှ အကြံဉာဏ်တောင်းခံတက်သူဖြစ်ဖို့ လိုအပ်ပါတယ်။ သို့မှသာ အရာရာကို အခက်အခဲမရှိ ဖြေရှင်းဦးဆောင်နိုင်မှာဖြစ်ပါတယ်။

(သာဓက - ရှေးခေတ်ဘုရင်မင်းမြတ်တွေဟာ အခက်အခဲရှိလာလျှင် ပညာရှိအမတ်များနှင့် တိုင်ပင်ဆွေးနွေးပြီး အရာရာကိုဖြေရှင်းဦးဆောင်နိုင်ခဲ့မှုကို မြင်နိုင်ပါတယ်)

## Partnership (ပူးပေါင်းကြိုးစားမှု)

ဦးဆောင်သူဟာ လုပ်ဖော်ကိုင်ဖက်၊ အသင်းအဖွဲ့နှင့် ပူးပေါင်းကြိုးစားပြီး၊ အများပတ်ဝန်းကျင်နဲ့ ပူးပေါင်းဆက်သွယ်ဆောင်ရွက်တက်သူဖြစ်မှ များစွာသော အလုပ်တွေကို ပြီးမြောက်နိုင်မှာဖြစ်ပါတယ်။

(သာဓက - ထင်ရှားတဲ့နိုင်ငံခေါင်းဆောင်ကြီးတွေဟာ များစွာသော အဖွဲ့အစည်း၊ လူမျိုးစုံနဲ့ ပူးပေါင်းဆက်သွယ်ကြိုးစားဦးဆောင်ခဲ့မှုကို မြင်နိုင်ပါတယ်)

## Membership (အဖွဲ့ဝင်ဆောင်ရွက်မှု)

ယနေ့ခတ်မှာ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုဟာ ခေါင်းဆောင်သူတို့၏ အဓိကအချက်ဖြစ်လာခဲ့ပါတယ်။ အောင်မြင်နေတဲ့ လုပ်ငန်းရှင်ခေါင်းဆောင်တိုင်း အနေနဲ့ ခေါင်းဆောင်မှု အဆက်သွယ်များများရှိဖို့ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းချိတ်ဆက်ကြိုးစားသွားနိုင်မှာဖြစ်ပါတယ်။

(သာဓက - Association အဖွဲ့တွေမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး၊ Top Level Networking ထိပ်ပိုင်းအဆင့်အကြီးအကဲတွေနဲ့ဆောင်ရွက်ပုံကို မြင်သာနိုင်ပါ၏)

## Followership (နောက်ပါအဖွဲ့အားယူမှု)

ကားတစ်စီး၏ သွားနှုန်းဟာ စက်အပေါ်မူတည်သလို၊ ခေါင်းဆောင်သူတစ်ယောက်ရဲ့ အားဆိုတာ နောက်ကွယ်မှ Follower တို့၏ ကြီးမားတဲ့ အင်းအားရှိဖို့လိုပါတယ်။ ခေါင်းဆောင်သူကို ယုံကြည်သော မိမိရှင်ဆိုရှင်၊ သေဆိုသေ နောက်လိုက်အဖွဲ့ဝင်တွေ ရှိလာပြီဆိုရင် ခေါင်းဆောင်သူအဖို့ မဖြစ်နိုင်တဲ့အရာ မရှိသလောက် ပြီးမြောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

(သာဓက - နိုင်ငံအကြီးအကဲ ခေါင်းဆောင်သူတို့၏ ပါဝါဆိုတာ ဦးဆောင်သူအား ယုံကြည်စွာနဲ့ တသွေးတသားတည်း ကြိုးစားနေခြင်းမျိုး ဖြစ်ပါတယ်)

မည်သည့်အဖွဲ့အစည်းကို ဦးဆောင်သူ ဖြစ်ပါစေ၊ ဘယ်ခေတ်ကို ရောက်ရောက်ပါစေ၊ ယခု 5-Ship ဦးဆောင်မှုဖြင့် ခေါင်းဆောင်ခြင်းဖြင့် အခက်အခဲမှ အခွင့်အရေးသို့၊ စွန့်စားမှုမှ ရလဒ်သို့၊ လူတစ်စုမှ လူများစုသို့၊ အသေးအဖွဲ့မှ အကြီးမားဆုံးသို့ တိုးတက်အောင်မြင်ဦးဆောင်နိုင်မှာ အသေချာပင်ဖြစ်ပါတယ်။

Jack Ma ရဲ့ ခေါင်းဆောင်မှုအကြံပေးချက်မှာ

ဦးဆောင်သူဆိုတာ ထူးချွန်သူတွေကို အတူတူအလုပ်လုပ်တက်အောင် စေ့စပ်ညှိနှိုင်းပြီး အားလုံးလိုချင်တဲ့ ရည်မှန်းချက်သို့ ရောက်အောင် ကြိုးစားဦးဆောင်သွားနိုင်ခြင်းဖြစ်တယ်ဟု ခေါင်းဆောင်များသို့ အကြံပေးချက်ရှိပါတယ်။

***ကားမောင်းတက်သူဟာ ကားကို လိုရာခရီးသို့ ကားမောင်းသွားနိုင်သလို ဦးဆောင်မှုထူးချွန်သူဟာ အသင်းအဖွဲ့ကို လိုရာခရီး ဦးဆောင်သွားနိုင်၏။***

ခေါင်းဆောင်သူဆိုတာ အားလုံးသောသူတွေမှ အားကိုးယုံကြည်သူဖြစ်၏။ အခက်အခဲကို ဦးဆောင်ဖြေရှင်းနိုင်သူလို့ ယုံကြည်ထား၏၊

ခေါင်းဆောင်သူတစ်ဦးအတွက် ခံယူချက်ဖြစ်တဲ့ - ယုံကြည်ထိုက်အောင် ရိုးသား၊ လေးစားထိုက်အောင် ကြိုးစားဆိုတဲ့ (ရိုးသား၊ ကြိုးစားမှု)နဲ့အတူ အားလုံးသော အသင်းအဖွဲ့၏ ယုံကြည်မှု၊ ပတ်ဝန်းကျင်နဲ့ပူးပေါင်းမှု၊ ဆရာသခင်များမှအကြံညာဏ်ရယူမှုနှင့် အားလုံးယုံကြည်မျှော်မှန်းသော အနာဂတ်သို့ ဦးဆောင်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

လှိုင်းဒါဏ်ကို ခံနိုင်ပါမှ ပင်လယ်တဖက်ကမ်းရောက်မည်။ (အခက်အခဲဒါဏ်ကို ခံနိုင်မှ အောင်မြင်မှုရောက်၏)။ (တာဝန်ယူမှုဒါဏ်ကို ခံနိုင်မှ ရာထူးကြီးရရှိနိုင်၏) ၁၀ တန်းအောင်ဖို့ရာ ခက်ခဲတဲ့စာတွေရဲ့ ခေါင်းပူခံကြိုးစားမှ နောက်ဆုံးအောင်မြင်မှုကို ရရှိနိုင်တယ်။ (ဘဝမှာ အောင်မြင်သူတွေဆိုတာ အရာရာကို ပိုမိုခံနိုင်စွမ်းရှိမှသာ နောက်ဆုံးရည်မှန်းချက် ရောက်နိုင်မည်) အဆိုးအကောင်းမှန်သမျှ သည်းခံကြိုးစားဖို့ပါ။ ရေခရီးကို (လှေ) နဲ့သွားနိုင်၏။ လေခရီးကို (လေယာဉ်) နဲ့သွားနိုင်၏။ ကုန်းခရီးကို (ကား) နဲ့သွားနိုင်၏။ အောင်မြင်မှုခရီးကို (အသင်းအဖွဲ့) နဲ့သွားနိုင်၏

## ခေါင်းဆောင်မှု ဥပမာ

**********



မီးလုံးတီထွင်သူဟာ ဘယ်သူလဲဆိုရင် လျှပ်စစ်တီထွင်မှုမှာ သမိုင်းတွင်ခဲ့တဲ့ Thomas Edison သည် တီထွင်သူနှင့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပါသည်။ အလုပ်တဖက် ဆန်းသစ်တီထွင်အစပျိုးရင်းနဲ့ တဖက်မှာကြေးနန်းလုလင်အဖြစ် အသက်မွေးရင်း အားလပ်ချိန်များတွင် ဝါသနာအရသိပ္ပံ စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ပြီး ကြေးနန်းပို့နိုင်သည့်စက်ကို တီထွင်ခဲ့သည်။ အမျှော်အမြင်ရှိစွာနဲ့ စွန့်ဦးတီထွင်ခဲ့ပြီး ကြေးနန်းစက်ကိုရောင်းချပြီး ရရှိသည့်ဝင်ငွေဖြင့် စက်မှုသုတေသနစမ်းသပ်ခန်းများတွင် ထူထောင်ပြီးဝန်ထမ်းတချို့ခန့်အပ်လျှက် လျှပ်စစ်တီထွင်ဖန်တီးမှုများစွာ ပြုလုပ်ခဲ့သည်။ Edison ၏ ဆန်းသစ်တီထွင်မှုတို့သည် ခေတ်သစ် စက်မှုတခေတ်မှာ ကမ္ဘာ

ပေါ်မှာ များစွာအကျိုးဖြစ်ထွန်းစေခဲ့သလို၊ စက်မှုတိုးတက်ထွန်းကားမှုရဲ့ လမ်းပြဦးဆောင်ခဲ့သူလည်းဖြစ်၏။ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု၊ ရုပ်ရှင်ဗီဒီယိုရိုက်ကူးရေး၊ ကြေးနန်းနှင့်ဆက်သွယ်ရေးစသည့် နယ်ပယ်အသီးသီးအတွက် တီထွင်ဖန်တီးမှုများစွာကြိုးစားခဲ့သူဖြစ်ပြီး ယနေ့ကမ္ဘာမှာ Wizard of Menlo Park (လျှပ်စစ်တီထွင် မှော်ဆရာတစ်ဆူ) အဖြစ်လည်း ဂုဏ်ပြုတင်စားခေါ်ဝေါ်ခဲ့ကြပါသည်။

**I have not failed, I have just found 10000 Ways that would not work.**

**ဘယ်တော့မှ ကျရှုံးခဲ့သည်ဟု မသတ်မှတ်၊ မဖြစ်နိုင်သည့် နည်းလမ်း ၁၀၀၀၀ တစ်သောင်းကို တွေ့ခဲ့သည်ဟုသာ သတ်မှတ်ပါသည်**

# Power (6)

## နောက်လိုက်သူဟာ

သူများနောက်လိုက်ပြီး ကြိုးစားလိမ့်မယ်

## ခေါင်းဆောင်သူဟာ

သူ့နောက်လိုက်အောင် ကြိုးစားလိမ့်မယ်

**I AM LEADER**

**ငါသည် ခေါင်းဆောင်သူဖြစ်တယ်**

# 6

# Authority Power of Leadership

## (ဩဇာအာဏာစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Authority Power ဆိုတာ ချိန်ခွင် ဟိုဘက်ဒီဘက် ညီခြင်းနှင့်တူပါတယ်။ မိမိမှာရှိတဲ့ Authority ဩဇာအာဏာကို မှန်မှန်ကန်ကန်မျှမျှတတ ချိန်ခွင်လို လုပ်နိုင်တယ်ဆိုရင် မိမိလည်းတိုးတက်မယ် အများလည်း အကျိုးရှိနိုင်စေတဲ့ မျှတစွာဦးဆောင်မှုတရားပင်ဖြစ်ပါတယ်။

အာဏာရှိဖို့ ပထမ၊ ဩဇာရှိဖို့ အဓိက ခေါင်းဆောင်မှုမှာ ရာထူးမဟုတ်ဆိုတာ မှန်ပေမဲ့၊ ခိုင်းနိုင်းတင်ပြထားသော သဘောပင်ဖြစ်ပါလိမ့်မယ် (ရာထူးထက် လုပ်ဆောင်မှုဟာ) ပိုပြီးအဓိကဖြစ်တယ်ဆိုတဲ့သဘောပါပဲ။ လုပ်ဆောင်ခွင့်ရှိဖို့ ရာထူးအာဏာလည်း လိုအပ်မှာဖြစ်ပါတယ်။ စဉ်းစားကြည့်ရင် အဖွဲ့အစည်းတစ်ခုမှာတောင်မှ လုပ်ပိုင်ခွင့်ရာထူးတစ်ခု မရှိပဲ ထိုအဖွဲ့အစည်းမှ ဝန်ထမ်းတွေကို ဦးဆောင်ခိုင်းခွင့်ရှိပါ့မလား။ ဒါကြောင့် ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ မိမိမှာလုပ်ပိုင်ခွင့် ရာထူးအာဏာတစ်ခု ရရှိထားဖို့လုပ်ရမှာဖြစ်ပါတယ်။ မိမိအာဏာရရှိလာတဲ့အခါမှာတော့ ထိုအာဏာကို အကျိုးရှိရှိ အသုံးချတက်ဖို့ပဲဖြစ်ပါတယ်။

ခေါင်းဆောင်မှု ဩဇာအာဏာအတွက် ဥပမာတင်ပြရမယ်ဆိုရင် အမေရိကန်သမ္မတဟောင်း အိုဘားမားအနေဖြင့် ယခုအချိန်မှာ နိုင်ငံကို ဦးဆောင်လွှမ်းမိုးလို့မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် သမ္မတဆိုတဲ့ရာထူးမှ အနားယူသွားခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ခုအချိန်မှာ ဒေါ်နယ်ထရန့်ဟာဆိုရင် ရာထူးအာဏာရရှိပြီးတဲ့နောက်မှ နိုင်ငံကို ဦးဆောင်ပြီးတော့ ဆုံးဖြတ်နိုင်စွမ်းရရှိသွားမယ်ဆိုရင်

Authorities Power of Leadership ဆိုတဲ့ အဓိက Authorities တွေကြောင့်ပဲ ဖြစ်ပါတယ်။ ကားနဲ့အမှန်သွားဖို့ဆိုရင် ကားပေါ်တက်ပြီးမောင်းဖို့ လိုအပ်တဲ့သဘောပါ။ အဖွဲ့အစည်းတစ်ရပ်၊ လူထုဝန်းကျင်တစ်ခုကို ဦးဆောင်သွားဖို့ဆိုတာ လုပ်ပိုင်ခွင့်ရှိသော ဩဇာအာဏာရရှိနိုင်ဖို့လည်း ကြိုးစားရမှာဖြစ်ပါတယ်။ Authorities နဲ့ ပတ်သက်ပြီးတော့ မိမိမှာရှိသင့်တဲ့ Authorities များကို ကမ္ဘာကျော် ဦးဆောင်မှု ဂုရုကြီးဖြစ်တဲ့ John C. Maxwell ၏ ဩဇာအာဏာဖြစ်စေနည်းများမှ ပြန်လည်ကိုးကား ဖော်ပြပေးလိုက်ပါတယ်။ အာဏာရှိဖို့ ပထမ၊ ဩဇာရှိဖို့ အဓိကဆိုတဲ့အတိုင်း ဩဇာအာဏာကို မျှတဦးဆောင်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**Positional Authorities (ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိခြင်း)**

အထူးသဖြင့် မိမိမှာ ရာထူးအာဏာလုပ်ပိုင်ခွင့်ရှိမှ ဝင်ရောက်စဉ်းစားဆုံးဖြတ်နိုင်မယ်၊ အားလုံးကို လွှမ်းမိုးဦးဆောင်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ အသင်းအဖွဲ့နယ်ပယ်တိုင်းမှာ ရာထူးလုပ်ပိုင်ခွင့်ရှိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ (ဥပမာ လွှတ်တော်မှာ ပြောရေ

ဆိုခွင့်ရှိဖို့ဆိုတာ နိုင်ငံရေးနယ်ပယ်တစ်ခုမှာ Position တစ်ခုခုရှိထားဖို့ လိုအပ်တဲ့သဘောဖြစ်ပါတယ်။

**Knowledge Authorities (အသိပညာ လွှမ်းမိုးဩဇာအာဏာရှိခြင်း)**

ယနေ့ခေတ်မှာ ထူးချွန်အောင်မြင်နေတဲ့ ပညာရှင်ကြီးတွေ၊ အကြံပေးပုဂ္ဂိုလ်တွေရဲ့ အကြံပေးချက်အတိုင်းကို ခေါင်းဆောင်များပင်လျှင် ယုံကြည်လက်ခံပြီးကြိုးစားခြင်းဟာ အသိပညာကို ယုံကြည်ခြင်း၊ အသိပညာရဲ့ ဩဇာအာဏာ လွှမ်းမိုးနိုင်ခြင်းကြောင့်ပဲဖြစ်ပါတယ်။ (ဥပမာ ကုမ္ပဏီ Consultant အကြံပေးများ၏ အကြံပေးချက်အတိုင်း အဖွဲ့အစည်းများမှာ လိုက်နာဖော်ဆောင်ကြတဲ့ သဘောပင်ဖြစ်ပါတယ်)။

**Success Authorities (အောင်မြင်မှု အာဏာရှိခြင်း)**

ပတ်ဝန်းကျင်မှာ လေ့လာကြည့်ရင် အောင်မြင်သူတွေ ပြောတဲ့စကားလုံးများဆိုလျှင် လူအများမှ လက်ခံကြတာတွေ့ရပါတယ်။ ဒါကြောင့်လည်းပဲ မိမိအောင်မြင်မှုသည် Authorities တစ်ခုကိုဖြစ်စေ နိုင်တဲ့အခါမှာ အောင်မြင်မှု Authorities ကိုလည်း ရယူဦးဆောင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။

သင်အောင်မြင်လာလေလေ လွှမ်းမိုးဩဇာရှိလေလေဖြစ်ပါတယ်။

**Senior Authorities (ရာထူးအဆင့်ကြီးမြင့်မှု အာဏာရှိခြင်း)**

မိမိထက်ရာထူးကြီးတဲ့သူ၊ ဩဇာအာဏာကြီးတဲ့လူများ၏ ဦးဆောင်လမ်းညွှန်ချက်များကို နောက်လိုက်တိုင်း လိုက်နာကြိုးစားဆောင်ရွက်ကြတာ တွေ့ရပါတယ်။ Company အဖွဲ့အစည်းတွေမှာ Senior လို့ခေါ်တဲ့ အထက်အကြီးအကဲတွေရဲ့ ရာထူးအဆင့်အာဏာအပေါ် မူတည်ပြီးတော့လည်း လိုက်နာကြိုးစားဆောင်ရွက်ကြတာ ရှိပါတယ်။ အများထက် Senior ဖြစ်ခြင်းဟာလည်း မိမိလက်အောက်သို့ လွှမ်းမိုးဩဇာသက်ရောက်နိုင်သော အာဏာဖြစ်ပါတယ်။

**Money Authorities (ငွေကြေးချမ်းသာခြင်း ဩဇာအာဏာရှိခြင်း)**

ယနေ့ခေတ်မှာ ငွေကြေးသည်လည်းအားပါဝါတစ်ခုဖြစ်လာတာတွေ့ရပါတယ်။ ငွေကြေးအားဖြင့် တချို့ကိစ္စတွေမှာ ဖြေရှင်းဦးဆောင်ကြတယ်၊ အထူးသဖြင့် ကြွယ်ဝချမ်းသာကြတဲ့ သူဌေးကြီးတွေမှာ ငွေကြေးရဲ့ ပါဝါသည် ကြီးမားကြပြီး၊ ကမ္ဘာကျော် သူဌေးကြီးတွေ ပြောလိုက်ရင်ပဲ လူအများကို

လွှမ်းမိုးဩဇာသက်ရောက်စေနိုင်သော အရာဖြစ်လာပါတယ်။ ဒါကြောင့် ငွေကြေးသည်လည်းပဲ ခေါင်းဆောင်မှု ဩဇာအာဏာသက်ရောက်မှုကို ဖြစ်စေနိုင်ပါတယ်။

**Popular Authorities (ထင်ပေါ်ကျော်ကြားမှု ဩဇာအာဏာရှိခြင်း)**

နာမည်ကြီးသူတွေဆို လူအများမှ အထင်ကြီးကြပြီး၊ ထင်ပေါ်ကျော်ကြား နာမည်ကြီးသောလူများကို Follow လုပ်တဲ့သူ များတဲ့အခါမှာ စီးပွားရေးမှာဖြစ်ဖြစ်၊ နိုင်ငံရေးမှာဖြစ်ဖြစ်၊ တချို့သောကိစ္စတွေမှာ နာမည်ကြီးတဲ့ Popular များကို ဖိတ်ခေါ်ပြီး ဩဇာအာဏာပေါင်းစပ်လာတာ တွေ့ရပါတယ်။

ဥပမာ - ကမ္ဘာမှာဆိုရင် နာမည်ကြီး အဆိုတော်ဖြစ်တဲ့ မိုက်ကယ်ဂျက်ဆင်ကို တချို့နိုင်ငံကြီးများက ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးသီချင်းတွေနဲ့အတူ ထင်ပေါ်ကျော်ကြားမှု အာဏာကိုပေါင်းစပ်ပြီးတော့ ဦးဆောင်သွားတာမျိုး တွေ့ရပါတယ်။ ***"သာမန်ခေါင်းဆောင်သူဟာ နောက်လိုက်များစွာကို ဦးဆောင်နိုင်စွမ်းရှိ၏။ ထူးချွန်သော ခေါင်းဆောင်သူဟာ ခေါင်းဆောင်များစွာကို ဦးဆောင်နိုင်စွမ်းရှိ၏"*** ဟုဆိုပါတယ်။

ကမ္ဘာကျော် Jack Ma ၏ ထူးချွန်သော ခေါင်း

ဆောင်မှုဆိုတာ တော်တဲ့ခေါင်းဆောင်တွေကို အလုပ်အတူတူ လုပ်နိုင်ဖို့ စည်းရုံးဦးဆောင်နိုင်စွမ်းဖြစ်တယ်လို့ အကြံပေးထားပါတယ်။ ဒါကြောင့် ထူးချွန်သော ခေါင်းဆောင်ဖြစ်ဖို့ Leadership Authority ဩဇာအာဏာများစွာကို စုပေါင်းရယူ ကြိုးစားသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**Leadership Authority (ခေါင်းဆောင်မှု ဩဇာဏာအာစုပေါင်းခြင်း)**

- Positional Authorities (ရာထူးဩဇာအာဏာရှိသော အာဏာပိုင်များ
- Knowledge Authorities (ပညာဩဇာအာဏာရှိသော) ပညာရှင်များ
- Success Authorities (အောင်မြင်မှုဩဇာအာဏာရှိသော) အောင်မြင်သူများ
- Money Authorities (ငွေကြေးချမ်းသာမှုဩဇာအာဏာရှိသော) စီးပွားရေးလုပ်ငန်းရှင်များ
- Popular Authorities (ထင်ပေါ်ကျော်ကြားမှု ဩဇာအာဏာရှိသော) နာမည်ကြီးသူများ




အားလုံးသော ဩဇာအာဏာများကို ဦးတည်ချက်တစ်ခုတည်းသို့ စုပေါင်းကြိုးစားနိုင်သူဟာ Great Leader အထွဋ်အထိပ် မြင့်မြတ်သော ခေါင်းဆောင်သူဖြစ်နိုင်ပါလိမ့်မယ်။ အောင်မြင်သောခေါင်းဆောင်များ၊ စီးပွားရေးခေါင်းဆောင်များ၊ ပညာရှင်ခေါင်းဆောင်များဟာ မတူညီတဲ့ ရည်မှန်း ချက်တွေနဲ့ ကြိုးစားဦးဆောင်နေမှာဖြစ်ပါတယ်။ စစ်မှန်သော ခေါင်းဆောင်သူ တစ်ဦးအနေနဲ့ Diversity - မတူညီသော ခေါင်းဆောင်မှုပုံစံမှ တဆင့် Unity - တူညီသော ခေါင်းဆောင်မှုပုံစံသို့ ပေါင်းစည်းဦးဆောင်သွားနိုင်ဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။

နိဂုံးချုပ်လိုက်မယ်ဆိုရင် ဦးဆောင်သူတစ်ယောက်အနေဖြင့် မတူညီသော Authorities ဩဇာအာဏာတွေကို ပေါင်းစပ်အသုံးပြုဖို့လုပ်ရမှာဖြစ်ပါတယ်။ မိမိမှာ ဘယ်လို

သြဇာအာဏာတွေ ရှိနေသလဲ၊ တခြားသော ဘယ်လို Authorities တွေကို ပေါင်းစပ်ပြီးတော့ မိမိအဖွဲ့အစည်းတစ်ရပ်၊ ရည်မှန်းချက်တစ်ခု၊ လူအများအတွက် အကျိုးရှိစေဖို့ ပတ်ဝန်းကျင်မှ Authority တွေကို အကျိုးရှိရှိ ပေါင်းစပ်အသုံးပြုရမှာမလဲဆိုတာ ဦးဆောင်သွားနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အခွင့်အာဏာပေါင်းစပ် ဦးဆောင်မှုပုံစံဖြင့် အားလုံးသော ခေါင်းဆောင်ကြီးတွေအဖို့ အနာဂတ်မှာ သြဇာအာဏာ လွှမ်းမိုးဦးဆောင် သွားနိုင်မှာဖြစ်ပါတယ်။

Authority အာဏာ နှင့် Influence

သြဇာ ရှိသော ခေါင်းဆောင်မှုကွာခြားချက်

| **Authority**<br>**အာဏာရှိသော ခေါင်းဆောင်များ** | **Influence**<br>**သြဇာရှိသော ခေါင်းဆောင်များ** |
|---|---|
| နောက်လိုက်မွေးသောခေါင်းဆောင်သူ | ခေါင်းဆောင်မွေးသောခေါင်းဆောင်သူ |
| ရာထူးအပေါ် မူတည်သော သြဇာအာဏာ | မိမိအပေါ် မူတည်သော သြဇာအာဏာ |
| အဆင့်ရာထူးမရှိချိန် လွှမ်းမိုးနိုင်၏ | အဆင့်ရာထူးမရှိချိန်လည်း သြဇာလွှမ်းမိုး၏ |
| ရာထူးကိုကြောက်၍ နောက်လိုက်၏ | ခေါင်းဆောင်ကိုချစ်၍ နောက်လိုက်၏ |
| အာဏာကို မိမိအကျိုးအတွက်သုံး၏ | သြဇာကို အများအကျိုးအတွက်သုံး၏ |

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

အောင်မြင်သူဆိုတာ------

ဦးစားပေး (၁) အများအတွက် စဉ်းစားကြိုးစား၏

ဦးစားပေး (၂) မိသားစုမိတ်ဆွေအတွက် ကြိုးစားပေး၏

ဦးစားပေး (၃) မိမိအကျိုးရှိဖို့ နောက်ဆုံးမှ မျှော်လင့်ကြိုးစား၏

အများအတွက် အလုပ်လုပ်ပေးသူစာ အများမှ အောင်မြင်မှုပေးနိုင်မည် အမှန်ပါ။ အများအကျိုးဦးစားပေးရင်း အောင်မြင်ကြပါစေ

# ခေါင်းဆောင်မှု ဥပမာ

*******



အမေရိကန်ပြည်ထောင်စု၏ (၁၆) ဦးမြောက်သမ္မတဖြစ်တဲ့ Abraham Lincoln ဟာ ဆင်းရဲစွာနေထိုင်ခဲ့သူဖြစ်ပြီး၊ သစ်လုံးဆောက်ထားသည့် အိမ်လေးတွင် မွေးဖွားကြီးပြင်းခဲ့သူလည်းလည်းဖြစ်ပါတယ်။ ခေါင်းဆောင်ဖြစ်ဖို့ လေ့လာမှုအားကြီးသူဖြစ်ပြီး ဥပဒေပညာကိုလေ့လာလျက် ၁၈၄၆ ခုနှစ်မှာ လွှတ်တော် အမတ်နေရာ ရွေးချယ်ခံရပြီး နိုင်ငံရေးလောကသို့ စတင်ကြိုးစားချေခြခဲ့ပါတယ်။ Abraham Lincoln ၏ အဟောအပြောစွမ်းရည်ကြောင့် လူသိများလာခဲ့ပြီး ၁၈၆၀ ခုနှစ်တွင် သမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည်။ Abraham Lincoln ဟာ သမ္မတရွေးကောက်ပွဲအနိုင်ရပြီး သမ္မတဖြစ်ခဲ့သည်။ အမေရိကန် သမ္မတများထဲတွင် ထူးချွန်သော ခေါင်းဆောင်တစ်ဦးအဖြစ် ဖော်ပြခဲ့ပြီး Gettysburg တွင် ပြော

ကြားခဲ့သော မိန့်ခွန်းဟာ ကမ္ဘာ့သမိုင်းမှာ အကောင်းဆုံးနဲ့ ကိုးကားပြောဆိုရဆုံးသော မိန်းခွန်းဖြစ်ခဲ့သည်။ Abraham Lincoln ၏ အတွေးအမြင် မိန့်ခွန်းများမှ အကောင်းဆုံး စကားဖြစ်တဲ့. . .

Government of the People,

By the People, For the People.

ပြည်သူအားဖြင့် ဖွဲ့စည်းထားသော အစိုးရသည်

ပြည်သူ့အတွက်ဖြစ်၏။

# Power (7)

## နောက်လိုက်သူဟာ

**"Speak First"** ပြောပြီးမှ နားထောင်တယ်

## ခေါင်းဆောင်သူဟာ

**"Listen First"** နားထောင်ပြီးမှ ပြောတတ်တယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂

# 7

# Organization Power of Leadership

## (အဖွဲ့အစည်းစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Organization Power ဆိုတာ သစ်ပင်ကြီးနဲ့တူပါတယ်။ သစ်ပင်ကြီးတစ်ခု အသီးအရွက် ဝေဖြာဖို့တာ ပင်စည်၊ နေစွမ်းအားနှင့် မြေမှာရှင်သန်ပြီး အရာအားလုံးပေါင်းစပ်မှ သစ်ပင်ကြီးဖြစ်လာသလိုပဲ၊ ခေါင်းဆောင်မှုဆိုတာ အဖွဲ့အစည်းမှာရှိတဲ့ အဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ အားလုံးရဲ့ ပူးပေါင်းအားကို စုပေါင်းလိုက်မှ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား ဆိုသလို အောင်မြင်တိုးတက်မှုကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

မိုင်ထောင်ချီတဲ့ခရီးကို အမြန်ဆုံးရောက်ချင်ရင် (ပြေး သွားလျှင်) အချိန်ကြာမှရောက်၏။ အမြန်ဆုံးရောက်ချင်ရင် (ကားနဲ့သွားမလား) ဒီထက်အမြန်ဆုံးရောက်ချင်ရင် (လေ ယာဉ်ပျံနဲ့သွားမလား) ဆိုသလိုပဲ- ရည်မှန်းချက်ကြီးမားသော ခေါင်းဆောင်များအဖို့ များစွာသောအောင်မြင်တိုးတက်မှုတွေ ကို မိမိတစ်ဦးတည်းမဖန်တီးနိုင်၊ အသင်းအဖွဲ့၊ အဖွဲ့အစည်း ထူထောင်ကြိုးစားမှသာ အချိန်တိုအတွင်း တိုးတက်အောင်မြင် နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်အ နေနဲ့ Organization အဖွဲ့အစည်းကို ထူထောင်ကြိုးစားနိုင် မှု၊ Team အသင်းအဖွဲ့ကို ဦးဆောင်နိုင်စွမ်းရှိဖို့ဟာ အရေး ကြီးဆုံးသော ခေါင်းဆောင်မှုသဘောဖြစ်ပါတယ်။

**The Quantity of Follower**

**(နောက်လိုက်အဖွဲ့ဝင်များ၏ အရေအတွက်သည်)**

**The Quality of Leader**

**(ခေါင်းဆောင်သူ၏ အရည်အသွေးကို ဖော်ပြ၏)**

# 5-Stpes of Leadership
# (ဦးဆောင်မှုအဆင့် ၅ ဆင့်)

ကမ္ဘာမှာ ထူးချွန်သော CEO အဖြစ် တင်စားခေါ်ဝေါ်တဲ့ General Electronic (GE) ကုမ္ပဏီကို ဦးဆောင်ခဲ့သူ Jack Walch ရဲ့ အကောင်းဆုံးသော အဆိုအမိန့်ဖြစ်တဲ့"ခေါင်းဆောင်မဖြစ်ခင်မှာမိမိကိုယ်တိုင်ဦးဆောင်ပါ။ ခေါင်းဆောင်ဖြစ်ချိန်မှာ အများအတွက်ဦးဆောင်ပါ"။ ခေါင်းဆောင်မှုကို အနှစ်ချုပ်ကြည့်ရင် (Self-Leadership မိမိကိုယ်တိုင်ဦးဆောင်မှု)နှင့် (Other-Leadership တခြားသူများသို့ဦးဆောင်မှု) ဆိုတဲ့ ခေါင်းဆောင်မှုအရာ (၂-ရပ်) ဖြင့် အနှစ်ချုပ်လေ့လာတိုးတက်နိုင်မှာဖြစ်ပါတယ်။

<u>ခေါင်းဆောင်များအတွက် အဆင့်ဆင့်ဦးဆောင်မှု ၅-ဆင့်</u>

**အဆင့် (၁)** Self Leadership **(မိမိကိုယ်တိုင် ခေါင်းဆောင်မှု)**

မိမိရဲ့စိတ်ဓါတ်၊ စည်းကမ်း၊ ခံယူချက်၊ ရည်ရွယ်ချက်နဲ့ အမှန်တရားကိုချစ်မြတ်နိုးပြီး အများအတွက်စိတ်ဖြစ်အောင်ဦးဆောင်လှုံ့ဆော်ပေးနေခြင်းဖြစ်ပြီး မိမိကိုယ်တိုင်ဦးဆောင်

နိုင်ခြင်းပင်ဖြစ်ပါတယ်။ "ရန်သူပေါင်းများစွာကို နိုင်သူထက်၊ မိမိကိုယ်တိုင် အောင်နိုင်သူသည် ပိုမြတ်၏၊ မိမိကိုယ်တိုင် ဦးဆောင်စတင်လိုက်ပါ"။

**အဆင့် (၂) Team Leadership (အသင်းအဖွဲ့ ဦးဆောင်မှု)**

မိမိနဲ့အတူ ရည်မှန်းချက်များအောင်မြင်ဖို့ အတူတူကြိုးစားနေသော အသင်းအဖွဲ့၊ လုပ်ဖော်ကိုင်ဖက်၊ လုပ်ငန်းပတ်ဝန်းကျင်မှ လူအပေါင်းအား အားလုံးယုံကြည်ရည်မှန်းသို့ ပန်းတိုင်သို့ရောက်အောင် ဦးဆောင်နေခြင်းပင်ဖြစ်ပါတယ်။ "အလုပ်မြန်မြန်ပြီးမှ တဦးတည်လုပ်လို့ရပေမဲ့၊ အလုပ်များများပြီးဖို့ အများနဲ့ပူးပေါင်းဦးဆောင်နိုင်ဖို့ဟာ အရေးကြီးဆုံးဖြစ်ပါတယ်"။

**အဆင့် (၃) Organizaion Leadership (အဖွဲ့စည်း ဦးဆောင်မှု)**

အသင်းအဖွဲ့အားလုံးနဲ့ ဌာနအသီးသီးနဲ့ ဖွဲ့စည်းပုံဖော်ထားသော အဖွဲ့အစည်းတစ်ရပ်လုံးသို့ အားလုံးတူညီကြိုးစားရေးနဲ့ ဌာနအားလုံးတူညီအောင်မြင်နိုင်ရေးဆိုတဲ့ အားလုံးမျှော်မှန်းသော အဖွဲ့အစည်း၏ ရည်မှန်းချက်များ၊ ပန်းတိုင်

များသို့ ဦးဆောင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ "စစ်မှန်သော ခေါင်းဆောင်မှုဟူသည် ဦးဆောင်မှုထက် နည်းစနစ်တကျဦးဆောင်တက်သော အဖွဲ့အစည်းတစ်ရပ်ဖန်တီးရေးဖြစ်၏"။

**အဆင့် (၄) Society Leadership (လူမှုဝန်းကျင် ဦးဆောင်မှု)**

အဖွဲ့အစည်းများအားလုံးပါဝင်ပြီး၊ လူမှုဝန်းကျင်တစ်ရပ်လုံးသို့ ကိုယ်စားပြုသော လူအများ၏ လူ့မှုဘဝတိုးတက်ရေးသို့ ရှေ့ရှုဦးဆောင်ပြီး၊ လူမှုပတ်ဝန်းကျင်အားလုံး တိုးတက်အောင်မြင်ရေးသို့ ဦးဆောင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ "လူတစ်ယောက် အောင်မြင်မှုဟာ (၁-ဦး) ဆိုသလို အကျိုးအမြတ်နည်းပြီး၊ လူမှုပတ်ဝန်းကျင်အားလုံး (လူ ၁-သန်း) အောင်မြင်မှုဟာ အကျိုးအမြတ်များ၏"။

**အဆင့် (၅) Country Leadership (နိုင်ငံ ဦးဆောင်မှု)**

လူသန်းပေါင်းများစွာနဲ့ တိုင်းဒေသတဝှမ်း နိုင်ငံတစ်ခုလုံး အဆင့်အတန်းမြင့် တိုးတက်အောင်မြင်ရေးသို့ အားလုံးသော လုပ်ငန်းဌာနများနှင့် လူမှုဝန်းကျင်တစ်ရပ်လုံးသို့ တသွေးတည်းတသားတည်းဖြစ်အောင် စည်းရုံးဦးဆောင်နိုင်ခြင်း

ပင်ဖြစ်ပါတယ်။ **“**ပြည်တန်ပတ္တမြားသည် နိုင်ငံတစ်ခုလုံးကို ချမ်းသာစေသလို၊ ခေါင်းဆောင်တစ်ဦးသည် နိုင်ငံတစ်ခု-လုံးကို တိုးတက်ပြောင်းလဲစေနိုင်၏**”**။

ကျွန်တော်ရေးသားပြုစုထားတဲ့ Change Management & Leadership စာအုပ်မှာ ဖော်ပြထားဖူးတဲ့ အပြောင်းအလဲ (၅-ဆင့်) ကို ပြန်လည်လေ့လာကြည့်ရင် အဆင့်ဆင့် ပြောင်းလဲဦးဆောင်သွားမှသာ တိုးတက်အောင်မြင်နိုင်တယ်ဆိုတာ လေ့လာကြည့်နိုင်မှာဖြစ်ပါတယ်။

**အဆင့် (၁) Job Seeker Level -** ဘဝအတွက် ဦးဆောင်နေသူ အလုပ်ရှာဖွေနေသူ အဆင့် (မှ)

**အဆင့် (၂) Supervisory Staff Level -** လုပ်ငန်းခွင်အတွက် ဦးဆောင်နေသူ ဝန်ထမ်းအဆင့် (မှ)

**အဆင့် (၃) Staff Manager Level -** အလုပ်နှင့် ဝန်ထမ်းများအတွက် ဦးဆောင်သူ မန်နေဂျာအဆင့် (မှ)

**အဆင့် (၄) Business Owner Level -** စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွက် ဦးဆောင်သူ လုပ်ငန်းရှင် အဆင့် (မှ)

**အဆင့် (၅) Country Leader Level -** အများပြည်သူ နိုင်ငံတော်အတွက် ဦးဆောင်မှု နိုင်ငံဦးဆောင်သူ အဆင့် (သို့) . . .

အဆင့်ဆင့်ပြောင်းလဲဦးဆောင်သွားရမှာဖြစ်ပါတယ်။ ယခုအချိန်မှာ အဆင့် (၂) Supervisory Staff Level မှ တဆင့်၊ နေ့ချင်းညချင်း တိုးတက်အောင်မြင်နေတဲ့ အဆင့် (၄) Business Owner Level - စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွက် ဦးဆောင်သူ လုပ်ငန်းရှင်အဆင့်သို့ အချိန်ခဏတာအတွင်း ပြောင်းလဲသွားချင်လို့ မဖြစ်နိုင်ပါဘူး။ အချိန်ပေါင်းများစွာ၊ ရက်ပေါင်းများစွာ၊ အတွေ့အကြုံများစွာ၊ ကျော်ဖြတ်ကြိုးစားမှုများစွာနဲ့ ပြောင်းလဲမှုအဆင့်ဆင့်ကို ကြိုးစားဦးဆောင်သွားနိုင်ဖို့ လိုအပ်ပါလိမ့်မယ်။

**အဆင့်** (၁) Job Seeker Level - **ဘဝအတွက် အလုပ်ရှာဖွေနေသူ အဆင့်မှာ. . .**

<u>Self – Leadership (မိမိကိုယ်တိုင် ဦးဆောင်ခြင်း)</u>

(မိမိဘဝအတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

**အဆင့်** (၂) Supervisory Staff Level - **လုပ်ငန်းခွင်အတွက် ဝန်ထမ်းအဆင့်မှာ. . .**

<u>Job – Leadership (အလုပ်အတွက် ဦးဆောင်ခြင်း)</u>

(မိမိအတွက်) + (အလုပ်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

**အဆင့် (၃)** Staff Manager Level - **အလုပ်နှင့် ဝန်ထမ်းများအတွက် စီမံခန့်ခွဲမှုအဆင့်မှာ. . .**

Staff – Leadership (ဝန်ထမ်းများအတွက် ဦးဆောင်ခြင်း)

(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများ အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့် ဖြစ်ပါတယ်။

**အဆင့် (၄)** Business Owner Level - **စီးပွားရေး လုပ်ငန်းအားလုံးအတွက် ဦးဆောင်မှုအဆင့်မှာ. . .**

Organization Leader (အဖွဲ့အစည်းအတွက် ဦးဆောင်ခြင်း)

(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများ အတွက်)+(လုပ်ငန်းအဖွဲ့အစည်းအတွက်) ပြောင်းလဲတိုးတက် ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

**အဆင့် (၅)** Country Leader Level - **အများပြည် သူ နိုင်ငံနှင့်တိုင်းပြည်အတွက် ဦးဆောင်မှုအဆင့်မှာ. . .**

Country Leader (အများပြည်သူနိုင်ငံအတွက် ဦးဆောင်ခြင်း)

(မိမိအတွက်) + (အလုပ်အတွက်) + (ဝန်ထမ်းများ အတွက်) + (လုပ်ငန်းအဖွဲ့အစည်းအတွက်) + (အများပြည်သူ နိုင်ငံတော်အတွက်) ပြောင်းလဲတိုးတက်ဖို့ စီမံဦးဆောင်သော အဆင့်ဖြစ်ပါတယ်။

ခေါင်းဆောင်မှု (၅-ဆင့်) ၏ သဘောတရားမှာ Levels အဆင့်များမြင့်လာသည်နှင့်အမျှ(Responsibility- တာဝန်ယူမှုများ) ပိုလာပြီး၊ (Other - တခြားနဲ့ဆိုင်သော) ထည့်သွင်းစဉ်းစားမှုတွေကို တာဝန်ယူဆောင်ရွက်လာရမှာဖြစ်ပါတယ်။ တခြားအရာများ၊ တခြားသူများအတွက် စဉ်းစား ဦးဆောင်နိုင်သူသည်သာ Level အဆင့်မြင့်သော ခေါင်းဆောင်များသို့ ဦးဆောင်နိုင်မှာဖြစ်ပါတယ်။

**ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ စီမံခန့်ခွဲဦးဆောင်နည်း (၄-ရပ်)**

၁ - Planning (အစီအစဉ် ရေးဆွဲခြင်း)

၂ - Organizing (ဖွဲ့စည်းပုံဖော်ခြင်း)

၃ - Leading (စီမံဦးဆောင်ခြင်း)

၄ - Controlling (ထိန်းသိမ်းကွပ်ကဲခြင်း)

(၁) **Planning (အစီအစဉ်ရေးဆွဲခြင်း)**

အမျှော်အမြင်ကြီးမားတဲ့ ခေါင်းဆောင်သူတစ်ဦး အနေနဲ့ မိမိလုပ်ငန်းမဟာဗျူဟာများကို ကြိုမြင်လျှင် ကြိုပြင်ရမည်။ ထိုကြောင့် ကြိုတင်ပြင်ဆင်မှုဟာ ခေါင်းဆောင်သူတို့အတွက် အဓိကဖြစ်ပါတယ်။ စီစဉ်မှုဟာ အလုပ်တွေကို ပိုမိုထိရောက်အောင်မြင်ဖို့ စီမံခန့်ခွဲနည်းပင်ဖြစ်ပါတယ်။

(၂) **Organizing (ဖွဲ့စည်းပုံဖော်ခြင်း)**

ဖြစ်ချင်သော ရည်မှန်းချက်များကို Dream တွေကို Do လက်တွေ့လုပ်ဖို့ လက်တွေ့ကျကျလုပ်ငန်းတစ်ခုကို ဖွဲ့စည်းပုံဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ ကောင်းမွန်သော အဖွဲ့အစည်း နှင့် ညီညွတ်သော အသင်းအဖွဲ့ကို ပုံဖော်နိုင်မှ အားလုံးညီညွတ်စွာ ဦးဆောင်ဖန်တီးသွားနိုင်မှာဖြစ်ပါတယ်။

## (၃) Leading (စီမံဦးဆောင်ခြင်း)

ကားတစ်စီး ရှေ့ရောက်ဖို့ဆိုလျှင် မောင်းနှင်ဦးဆောင်သွားသော သူပေါ်တွင် မူတည်ပါတယ်။ ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ မိမိအဖွဲ့အစည်း ဘယ်ကိုသွားမလဲဆိုတာ ဦးဆောင်မောင်းနှင်သွားဖို့လည်း အရေးကြီးမှာဖြစ်ပါတယ်။ အရာရာမှ အရှေ့မှ စဉ်းစားဆုံးဖြတ်၊ စီမံဦးဆောင်သွားသူဟာ အဓိကဖြစ်ပါတယ်။

## ၄ - Controlling (ထိန်းသိမ်းကွပ်ကဲခြင်း)

ရွက်လှေတစ်ခု လိုရာရောက်ဖို့ဆိုတာ တပ်မထိန်းကွပ်ပြီးတော့ သွားဖို့လိုသလို ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ နောက်ကွယ်မှာ တစ်ချို့အရာတွေကို စီမံကွပ်ကဲထိန်းကွပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ပြန်လည်ဆန်းစစ်သုံးသပ်ပြီး အခြေအနေနဲ့ အကြောင်းအပေါ်မှာ ပြောင်းလဲပြီး ရည်မှန်းချက်များ အောင်မြင်ဖို့ကြိုးစားသွားရမှာဖြစ်ပါတယ်။

**နေ့စဉ် ခေါင်းဆောင်သူတို့ လက်ကိုင်ကျင့်သုံးရန် (၃-ချက်)**

(မနက်) မှာ - ကြိုတင်စီစဉ်

(နေ့လည်) မှာ - စီမံကြီးကြပ်

(ညဘက်) မှာ - ဆန်းစစ်သုံးသပ်

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

သူ့အကြောင်း ကိုယ့်အကြောင်း သိကောင်းဖို့ရာဘယ်သူတွေနဲ့ပေါင်းသင်းရမလဲ။ ကိုယ့်ကျင့်ကောင်းသူ/ စကားတည်သူ/ စိတ်ဓါတ်ကြံ့ခိုင်သူ/ ပညာရှိသူနဲ့ ပေါင်းပါ။

လူဆိုးဆိုတာ လူကောင်းနဲ့မပေါင်းသင်းနိုင် လူကောင်းဆိုတာ အလူဆိုးနဲ့ဘယ်တော့မပေါင်းသင်း။ လူ့အကြောင်းသိဖို့ဆိုတာ ပေါင်းကြည့်မှသိ / အနေကြာမှသိ / သတိထားမှသိ / ပညာနဲ့ကြည့်မှသိမယ်။

(ရှေ့တမျိုး နောက်တမျိုး မိတ်ဆွေမျိုး မပေါင်းလေနဲ့)

(သူ့အကျိုး ကိုယ့်အကျိုး မျှတကူညီတက်သူသာ ပေါင်းသင်းစေပါ)

## ခေါင်းဆောင်မှု ဥပမာ

*******



မီးလုံးတီထွင်ခဲ့သူ Edison ထူထောင်ခဲ့တဲ့ General Electronic (GE) ကုမ္ပဏီကြီးကို ပိုမိုတိုးတက်အောင်မြင်အောင် ဦးဆောင်ခဲ့သူ၊ ကမ္ဘာပေါ်မှာ အထူးချွန်ဆုံးဟု တင်စားခေါ်ရတဲ့ ဂျက်ဝဲဖြစ်ပါတယ်။ ဂျက်ဝဲဟာဆိုရင် သူတာဝန်ယူခဲ့တဲ့ကာလမှာ ကုမ္ပဏီရဲ့ အစမှာ 13 billion $ အခု အချိန်မှာ သူတာဝန်ယူခဲ့တဲ့ အချိန်အတွင်းမှာ 500 billion $ အထိ ရာခိုင်နှုန်း ၄၀၀ လောက်တိုးတက်အောင် ဦးဆောင်နိုင်ခဲ့သော CEO ကောင်းတစ်ယောက်ဖြစ်ပါတယ်။ ကမ္ဘာမှာ ဂျက်ဝဲရဲ့ ဦးဆောင်မှုများစွာ ထင်ရှားပြီး အဓိကအားဖြင့် Six Sigma ကို စီမံခန့်ခွဲ ဦးဆောင်မှုနဲ့ ပတ်သက်ပြီး လက်ကိုင်ကျင့်သုံးတဲ့ မဟာဗျူဟာ နည်းဗျူဟာ တစ်ခုဖြစ်ပါတယ်။

ဂျက်ဝဲရဲ့ကောင်းမွန်တဲ့ စီမံခန့်ခွဲမှု ရှိသလို ထူးချွန်တဲ့ ခေါင်းဆောင်မှု အရည်အချင်းများစွာနဲ့ ပြည့်ဝသူလဲဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်ခေါင်းဆောင်သူတွေအားလုံး အဖွဲ့အစည်းတစ်ရပ်ကို စီမံခန့်ခွဲ ဦးဆောင်ပြီးတော့ အဖွဲ့အစည်းတစ်ရပ်ကို ရာခိုင်နှုန်းများစွာ တိုးတက်အောင်မြင်ဖို့ဆိုရင် ဂျက်ဝဲရဲ့ စီမံခန့်ခွဲ ဦးဆောင်မှုတွေကို များစွာ အတုယူလေ့လာပြီး၊ ပြန်လည်စီမံခန့်ခွဲ ဦးဆောင်သွားမယ်ဆိုရင်တော့ ဖြင့် အဖွဲ့အစည်းတိုင်း တိုးတက်အောင်မြင်ပြီးတော့ ခေါင်းဆောင်ကောင်းတွေ ဂျက်ဝဲကဲ့သို့ ထူးချွန်အောင်မြင်သော CEO တွေ ဖြစ်လာနိုင်မှာဖြစ်ပါတယ်။

### Jack Welch ၏ **ထင်ရှားသော ခေါင်းဆောင်မှုအဆိုအမိန့်**

ခေါင်းဆောင်မဖြစ်ခင်မှာ တိုးတက်မှုအားလုံးဟာ
မိမိအတွက်ဖြစ်ပြီး၊
ခေါင်းဆောင်ဖြစ်လာချိန်မှာ တိုးတက်မှုအားလုံးဟာ
အများအတွက်ဖြစ်ပါတယ်။

# Power (8)

## နောက်လိုက်သူဟာ

**"Many Talk"** အပြောများပြီး အလုပ်နည်းတယ်

## ခေါင်းဆောင်သူဟာ

**"Many Task"** အပြောနည်းပြီး အလုပ်များတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



# 8

# Communication Power of Leadership

## (ပြောဆိုမှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Communication Power ဆိုတာ အင်တာနက်နဲ့ တူပါတယ်။ Internet ရှိရင် တကမ္ဘာလုံးသို့ ဆက်သွယ်ချိတ်ဆက်နိုင်သလိုပဲ ဆက်သွယ်ချိတ်ဆက်မှုစွမ်းအားသည် လူမှုပတ်ဝန်းကျင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်လျှက်အောင်မြင်မှုကို ဦးဆောင်သွားနိုင်မှာဖြစ်ပါတယ်။

ဘာကြောင့် ခေါင်းဆောင်တစ်ဦးဟာ Communication Power ရှိဖို့လိုအပ်သလဲ။ ယနေ့ခေတ် ၂၁ ရာစုဟာ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ အဖွဲ့အစည်းတခုနှင့်တခုဟာ ပိုမိုချိတ်ဆက်လုပ်ဆောင်လာလျှက်ရှိပါတယ်။ လူမှုဝန်းကျင်မှာဖြစ်စေ၊ အဖွဲ့အစည်းမှာဖြစ်စေ (စကားပြောခြင်း၊ ပြောဆိုဆက်ဆံခြင်း) ဟာ အများဆုံးသော နေ့စဉ်ဒူဝ လုပ်ဆောင်နေခြင်း လူမှုဝန်းကျင်အားလုံးအတွက် ဦးဆောင်လည်ပတ်နေမှုခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ. . .

- Team အသင်းအဖွဲ့နှင့် ပြောဆိုဆက်ဆံမှုများမှာ ဘယ်လို စည်းလုံးပြောဆိုမလဲ။
- မိတ်ဖက်များနှင့် ပြောဆိုဆက်ဆံမှုများမှာ ဘယ်လို ဆွေးနွေးပြောဆိုမလဲ။
- Social လူမှုဝန်းကျင်နှင့် ပြောဆိုဆက်ဆံမှုများမှာ ဘယ်လိုဆွဲဆောင်ပြောဆိုမလဲ

နယ်ပယ်အစုံ၊ လူမျိုးစုံနှင့် ပြောဆိုဆက်ဆံနိုင်မှုဟာ ခေါင်းဆောင်ကောင်းများ၏ ထူးချွန်သော စကားပြောမှုစွမ်းရည်ပင်ဖြစ်ပါတယ်။

အမေရိကန်သမ္မတဟောင်း Obama ဟာ စကား

ပြောအလွန်ကောင်းသူဖြစ်ပါတယ်။ Obama ကဲ့သို့ ဘယ်လို ဘယ်ပုံ စကားပြောမလဲဆိုတာ အနာဂတ်ခေါင်းဆောင်များ- အနေဖြင့် စကားပြောနည်း ဥပဒေသတချို့ကို အတုယူလေ့ လာစေဖို့ Say It Like OBAMA စာအုပ်မှ အနှစ်ချုပ် ဖော်ပြလိုက်ပါရစေ-။

(၁) First Impression (Image/ Gesture)

ပထမအမြင် ရုပ်ပိုင်းဟန်ပန်ဆွဲဆောင်မှုရှိစေခြင်း။

(၂) Self-Confident and Trust Building

မိမိကိုယ်တိုင်ယုံကြည်မှုအပြည့်နဲ့ အများသို့ယုံကြည်မှုတည် ဆောက်နိုင်ခြင်း။

(၃) Leverage Sussessful People Words

အောင်မြင်သူတို့၏ စကားများအား ကိုးကားပြောခြင်း

(၄) Persuasive Other People Benefit

တခြားသူများ၏ အကျိုးရှိဖို့ ဆွဲဆောင်ပြောခြင်း

(၅) Powerful Words (I / You / We)

စွမ်းအားရှိစေသော ကျွန်ုပ်တို့ စကားများသုံးခြင်း

(၆) Voice Tone (Hight and Slow)

အသံဩဇာနှင့် အနိမ့်အမြင့် အဖြတ်အတောက်များရှိခြင်း

(၇) Keyword and Urgency

အရေးကြီးတယ်ဆိုတဲ့ အဓိကစကားစုများသုံးနှုန်းခြင်း

(၈) Motivation Other People

တခြားသူများသို့ အားပေးလှုံ့ဆော်နိုင်ခြင်း

(၉) Braking Down Barrier (Q & A Feedback)

နှစ်ဖက်အတားအဆီးများမဖြစ်ရှိစေဖို့ (အမေး၊ အဖြေများရှိခြင်း)

(၁၀) Strong Last Impression (Slogan)

နောက်ဆုံးသော အဆုံးသတ်ကောင်းခြင်းနှင့် (ရင်မှာစွဲမြဲ အဆို

အမိန့်များပြောခြင်း)

ကမ္ဘာမှာ ထင်ရှားအောင်မြင်ခဲ့တဲ့ ခေါင်းဆောင်ကြီးတွေကို လေ့လာကြည့်ရင် (အပြော၊ အဟော) သိပ်ကောင်းမွန်ပြီး၊ လူအများကို လွှမ်းမိုးနိုင်မှု၊ ဆွဲဆောင်နိုင်မှု၊ စိတ်အားပေးနိုင်မှုတွေကြောင့်ဆိုတာ သင်လေးစားခဲ့ဘူးတဲ့ ခေါင်းဆောင်တစ်ဦးဦးရဲ့ ဟောပြောနေမှုကို မြင်ယောင်၊ ကြားယောင်ရင်း ခံစားကြည့်နိုင်မှာဖြစ်ပါတယ်။

Leadership is not about Titles, Position or Flow-chart. It is about one life influencing other.

**ခေါင်းဆောင်မှုဆိုတာ ရာထူးမဟုတ်၊ အဆင့်မဟုတ်ပါဘူး၊ တခြားသူတစ်ဦးအပေါ်မှာ လွှမ်းမိုးနိုင်ခြင်းသာဖြစ်၏။**

John C. Maxwell

ခေါင်းဆောင်တစ်ယောက်ဖြစ်လာသည်နဲ့အမျှ (တွေ့ဆုံရတဲ့ လူမှုဝန်းကျင်ဟာ ကြီးလာပါတယ်) ကျယ်ပြန့်လာတဲ့ လူမှုဝန်းကျင်အလျှောက်၊ တွေ့ဆိုပြောဆိုရတဲ့ လူများစွာရှိလာမှာဖြစ်ပါတယ်။ ကမ္ဘာမှာ ထင်ရှားခဲ့တဲ့ (သမ္မတများ၏ မိန့်

ခွန်းတစ်ချို့ကို လေ့လာစေချင်ပါတယ်) ခေါင်းဆောင်သူ သမ္မတတိုင်းဟာ ပြည်သူအတွက် အဓိကအကျဆုံးသော မိန့်ခွန်းတွေဟာ အသက်ဖြစ်သလို၊ ခေါင်းဆောင်မှုမှာ ပြောဆိုဟောပြောနိုင်မှုသည်သာ အရေးကြီးဆုံးဖြစ်ပါတယ်။ လူတွေကို ကိုယ့်နောက်ပါလာအောင် စည်းရုံးဟောပြောနိုင်မှု၊ လူတွေကို ကိုယ်လုပ်စေချင်တာကိုလုပ်ချင်အောင်ပြောနိုင်မှု၊ လူတွေကိုရည်မှန်းသောပန်းတိုင်သို့ ရောက်အောင်အားပေးနိုင်မှုသာလျှင် ခေါင်းဆောင်မှုဟာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန် ကိုယ်တိုင်ရေးသား၍ ကိုယ်တိုင်လိုက်နာကျင့်သုံးသော ယဉ်ကျေးမှု အပြုမူဆိုင်ရာကျင့်ဝတ် ဥပဒေ ၁၁၀ အနက်မှ အချို့ကို လုပ်ငန်းဦးဆောင်နေသော ခေါင်းဆောင်များအတွက် ပြန်လည်မျှဝေဖော်ပြပေးလိုက်ပါရစေ။ ဘာကြောင့်လဲဆိုရင် ခေါင်းဆောင်သူတိုင်း ယခုအချက်များကို လိုက်နာကျင့်သုံး ပြောဆိုဆက်ဆံလျှင် နယ်ပယ်အသီးသီး၊ လူမျိုးအစုံစုံ၊ အလွှာအသီးသီးနှင့် ပြောဆိုဆက်ဆံရေးမှာ ကေန်မလွဲအဆင်ပြေ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

စကားစကားပြောပါများ (အမှားပါ) ဆိုသလို၊ စကား

ပြောလျှင်စကားကြောမရှည်နှင့်၊ လိုရင်းကိုတိုတိုပြောပါ။

အကြံဉာဏ်မတောင်းခံသူအား ဘယ်တော့မှအကြံဉာဏ်မပေးပါနှင့်။ သူတပါးအလိုက်မသိပဲ သူတပါးမကြိုက်သလိုဖြစ်တက်ပါတယ်။

သူတစ်ပါးအား ဝေဖန်အကြံပြုမယ်ဆိုရင် လူအများရှေ့တွင် ပြုသင့်သလား (သို့) နှစ်ယောက်ချင်းသာ ပြုသင့်သလား၊ ဘယ်လိုရလဒ်ဖြစ်လာနိုင်မလဲ သေချာစဉ်းစားပြီးမှ လုပ်ပါ။ အထက်လူကြီးအား (ဘယ်တော့) မှ မငြင်းခုံပါနဲ့၊ အထက်လူကြီးမှ သင့်အားသတိပေးဆုံးမလျှင် ဆင်ခြေမပေးမိပါစေနှင့်။ အထက်လူကြီးအဆင်ပြေချိန်မှသာ အေးအေးဆေးဆေးရှင်းလင်းတင်ပြပါ။

မိမိလက်အောက်ငယ်သားတစ်ယောက် မအောင်မြင်လျှင် (လူအများအရှေ့မှာ) အပြစ်မတင်ပါနဲ့ (လူကွယ်ရာမှာ) အပြစ်ပြောပါ။ လက်အောက်ငယ်သားတစ်ယောက် အောင်မြင်လျှင် (လူကွယ်ရာမှာ) မချီးမြှောက်ပါနဲ့ (လူအများအရှေ့မှာ) ချီးမွမ်းစကားပြောပါ။

အခြားသူများနှင့် ပတ်သတ်သောမကောင်းသတင်းကို အလျင်စလိုမယုံလွယ်ပါနှင့်။ သေချာစုံစမ်းပြီးမှ အကျိ-

းသင့်အကြောင့်သင့် ယုံကြည်လက်ခံစေပါ။

မိတ်ကောင်းမရှိတာထက်၊ မိတ်ပေါင်းမှားတာပိုဆိုး၏။ မကောင်းသူများနှင့်ပေါင်းသင်းခြင်းထက် တစ်ယောက်တည်းနေခြင်းကပို၍ကောင်းသည်။

မိမိ၏လုပ်ရပ်တိုင်းဟာ အမြဲလိုလို ကျိုးကြောင်းညီညွတ်ပါစေ။ အပြောနဲ့အလုပ်နဲ့ ညီနိုင်မှသာ ခေါင်းဆောင်ကို ယုံကြည်လက်ခံမှာဖြစ်ပါတယ်။

**၃၆၀ ရက် ( ✔ မှန် )**

✓ ✓ ✓ ✓ ✓

✓ ✕ ✓ ✓ ✕

**၅ ရက် ( ✖ မှား )**

**စီမံဦးဆောင်သူဆိုတာ အမှားမရှိအောင် အလုပ်လုပ်ပါ။**

ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ (အမှားနည်းအောင်) ကြိုးစားဖို့ အရေးကြီးဆုံးပင်ဖြစ်ပါတယ်။ ဘာကြောင့်အမှားနည်းဖို့ လိုအပ်သလဲ- (ဥပမာ - ရက်ပေါင်း ၃၆၅ ရက်မှာ- အမှန်လုပ်ခဲ့တဲ့ ရက်ပေါင်း ၃၆၀ ရှိခဲ့ပါစေ၊ အမှား ၅ ရက်ဖြစ်ခဲ့လျှင်) ထိုအမှားကို ထောက်ပြီး အားလုံးဟာ မှားသွားနိုင်ပါတယ်။ ဒီထက်မြင်သာအောင် ပြောရမယ်ဆိုရင်

လောကမှာ ရက်ပေါင်း ၃၆၀ လူမသတ်ခဲ့ပါစေ၊ ရက်ပေါင်း ၅-ရက် လူသတ်မိရင် အပြစ်ဖြစ်သွားသလိုပါပဲ၊ လောကမှာ အမှားကို နည်းသထက်နည်းအောင်၊ မရှိအောင် ကြိုးစား ဦးဆောင်နိုင်ဖို့ အရေးကြီးဖြစ်တယ်ဆိုတာ ခေါင်းဆောင်သူ-တိုင်းလက်ခံနိုင်မှာဖြစ်ပါတယ်။

## စကားပြောနည်း

| | | |
|---|---|---|
| အလောတကြီးကိစ္စ | - | ဖြည်းဖြည်းပြောပါ |
| အရေးတကြီးကိစ္စ | - | ရှင်းရှင်းလင်းလင်းပြောပါ။ |
| အရေးမကြီးသည့်ကိစ္စ | - | ဟာသနှော၍ပြောပါ။ |
| မပိုင်နိုင်သောကိစ္စ | - | ဆင်ဆင်ခြင်ခြင်ပြောပါ။ |
| ပျော်ရွှင်ဖွယ်ကိစ္စ | - | ကာလံဒေသံကိုကိုက်၍ပြောပါ။ |
| မပျော်ရွှင်ဖွယ်ကိစ္စ | - | ပြောသင့်သူကိုမှ ပြောပါ။ |
| ဝမ်းနည်းဖွယ်ကိစ္စ | - | လူတွေ့တိုင်း မပြောပါနဲ့။ |
| သူတပါးကိစ္စ | - | သတိထားပြီး ပြောပါ။ |
| မဖြစ်ပျက်သေးသည့်ကိစ္စ | - | လက်လွတ်စပယ် မပြောပါနဲ့။ |
| မလုပ်နိုင်သောကိစ္စ | - | ကြွားဝါမပြောပါနဲ့။ |
| သူတပါးထိခိုက်မည့်ကိစ္စ | - | လုံးဝမပြောရ။ |
| လင်မယားကိစ္စ | - | တိုင်ပင်ဆွေးနွေးပြောပါ။ |
| ကလေးများကိစ္စ | - | လမ်းကြောင်းညွှန်၍ပြောပါ။ |
| မိမိကိစ္စ | - | သူများပြောတာနားထောင်ပါ။ |
| သက်ကြီးဝါကြီးနှင့်ပြောလျှင် | - | များများနားထောင် နည်းနည်းပြောပါ။ |

## Communication Power

### (ပြောဆိုဆက်ဆံမှုစွမ်းအား) အတွက် ရှောင်ရန်၊ ဆောင်ရန်များ

| ပြောဆိုဆက်ဆံမှု ရှောင်ရန် | ပြောဆိုဆက်ဆံမှု ဆောင်ရန် |
|---|---|
| သူတပါးမကောင်းကြောင်း ဘယ်တော့မှမပြောမိပါစေနဲ့ | မကြိုက်လျှင်လည်း မကောင်းမပြောပဲ၊ ကောင်းဖို့အကြံပေးပြောပါ |
| စိတ်ဆိုးဒေါသထွက်ချိန် ဘယ်တော့မှ စကားမပြောမိအောင်ရှောင်ပါ | တပါးသူ၏ ကောင်းကွက်ရှာပြီး ချီးမွမ်းပြောပါ၊ သူတပါးအကျိုးရှိတာ ရှာကြံပြောပါ |
| ဘုန်းကြီးစာချ (လက်မခံသူ) အများအရှေ့မှာ ဘယ်တော့မှ စကားများများမပြောပါနဲ့ | ကိုယ့်ထက်ဝါကြီးသူများရှေ့တွင် နည်းနည်းပြော၍ များများနားထောင်ပါ |

### တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

လူနဲ့ စကား သတိထား

စကားကို နားနဲ့မထောင်နဲ့ မျက်လုံးနဲ့ကြည့်ပြီးမှယုံပါ

(အရက်သောက်နေသူကို အကုသိုလ်ဟု သွားပြော၍မကြိုက်သလိုပါ)

(လူဆိုးအတွက် လူကောင်းဟာ ကောင်းတာပြောလည်း ရန်သူဖြစ်သွားနိုင်၏)

သဒ္ဓါရှိသူလား / သီလရှိသူလား / ပညာရှိသူလား

ထိုအပေါ် မူတည်ပြီး စကားပြောတက်မှသာ အကျိုးရှိနိုင်၏ အားလုံး အကျိုးရှိရှိ ပြောဆိုတက်ကြပါစေ

# ခေါင်းဆောင်မှု ဥပမာ

*******



လူမှုဆက်ဆံရေးထူးချွန်တဲ့ အပြောအဟောကောင်းစွာ ဦးဆောင်ခဲ့သူ Barack Obama ဟာ အမေရိကန်နိုင်ငံရဲ့ (၄၄) ယောက်မြောက်သမ္မတဖြစ်ပြီး ပထမဆုံး အာဖရိကန် အမေရိကန်လူမျိုး သမ္မတဖြစ်ပါတယ်။ Change We Can Believe In (ကျွန်ုပ်တို့ ယုံကြည်မှုရှိတဲ့အတိုင်း ပြောင်းလဲပါ) ဆိုတဲ့ ဆောင်ပုဒ်နဲ့အတူ အပြောင်းအလဲကို ဦးဆောင်ဖို့ သူဟာ သမ္မတဖြစ်လာခဲ့တယ်ဆိုရင် မမှားနိုင်ပါဘူး။

Obama ရဲ့ ဖခင်ဟာ ရက်စက်စွာဖြင့်ပဲ သူ အသက် (၂) နှစ်အရွယ်လောက်မှာ မိသားစုကို ထားခဲ့ပြီး၊ ကားအက်ဆီဒင့်ကြောင့် သေဆုံးသွားခဲ့ပါတယ်။ အိုဘားမား

၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ Columbia University တွင် နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်တွင်လည်း Harvard Law School မှ ဥပဒေပညာဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့ပါတယ်။

၂၀၀၉ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ အခက်တွေများစွာမှ ကြိုးစားဦးဆောင်ခဲ့သူ အိုဘားမား၏ အရှုံးမပေးစိတ်ဓါတ်၊ ကြိုးစားမှုစိတ်ဓါတ်နဲ့ (အမေရိကန် သမ္မတတစ်ဦးအထိဖြစ်လာဖို့) များစွာ ကြိုးပမ်းခဲ့မှုဟာ လေးစားအတုယူဖွယ်ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်ပါတီမှ Matt Romney ကိုအနိုင်ရရှိပြီး အမေရိကန်သမ္မတအဖြစ် ဒုတိယအကြိမ်မြောက် ထပ်မံရွေးကောက်ခြင်းခံခဲ့ရပါတယ်။ Obama ၏ နိုင်ငံခြားရေးရာဆက်သွယ်ဆောင်ရွက်နိုင်စွမ်း၊ လူမှုဆက်သွယ်ရေးဆိုင်ရာယုံကြည်လေးစားမှုနှင့် အမေရိကန်နိုင်ငံ၏ ချစ်ခင်မှုရရှိဆုံးသော အိုဘားမား၏ ခေါင်းဆောင်မှု စွမ်းရည်များကို အတုယူလေ့လာပြီး အနာဂတ်မှာ ပြောင်းလဲမှု ဦးဆောင်နိုင်သော ခေါင်းဆောင်များ ဖြစ်လာနိုင်ပါစေ။

## President Obama ၏ အဆိုအမိန့်များ

"Change will not come if we wait for some

other person or some other time.

We are the ones we've been waiting for.

We are the change that we seek."

ပြောင်းလဲမှုတွေဖြစ်လာဖို့ လူတွေ၊ အချိန်တွေကို

စောင့်နေမယ်ဆိုရင် ရောက်လာမှာမဟုတ်ဘူး။

အပြောင်းအလဲကို စောင့်နေတာ ကျွန်ုပ်တို့ ကိုယ်တိုင်ပါ။

ကျွန်ုပ်တို့ရှာနေတဲ့ အပြောင်းအလဲဟာ

ကျွန်ုပ်တို့ကိုယ်တိုင်မှာပါပဲ။

## စွန့်လွှတ် စွန့်စား ယောနသံ စင်ရော်

(အမြင့်ဆုံးပျံမှ အဝေးဆုံးမြင်နိုင်တယ်)



ကမ္ဘာမှာ ထင်ရှားတဲ့ ယောနသံ စင်ရော် စာအုပ်မှ (ယခုအခြေအနေကို စွန့်လွှတ်ရဲခြင်း၊ အခြေအနေအသစ်ကို စွန့်စားရဲခြင်းရှိတဲ့) ယောနသံ စင်ရော်ဆိုတာ သာမန်ကမ်းနေစင်ရော်လေး ဘဝမှ ရိုးရှင်းစွာပဲ ဘဝကိုအစာရှာလိုက် ပျံသန်းလိုက်နဲ့ နေထိုင်လျှက်ရှိပါတယ်။ ဒီလိုနဲ့ပဲ ဘဝကို အစာရှာဖို့ အသက်ရှင်နေတဲ့ ဘဝကိုငြီးငွေ့လာပြီးတော့ စွန့်စားဖို့ အဝေးဆုံးကို ပျံသန်းဖို့ သူဟာ စဉ်းစားလာပါတယ်။

ဒီအခါမှာ သူ့ရဲ့ အတွေးက အမြင့်ဆုံးပျံမှ အဝေးဆုံးကို မြင်နိုင်မယ်။ ဒီစိတ်နဲ့အတူ ယောနသံ စင်ရော်ဟာ ပျံနည်းအမျိုးမျိုးကို လေ့ကျင့်ပြီး၊ အမြင့်ဆုံးကို ကြိုးစားပျံသန်းသွားပါတော့တယ်။ ဒီလိုနဲ့ပဲ သူမိုင်ပေါင်းများစွာ ပျံသန်းရင်း ပျံသန်းရင်းနဲ့ မိမိခန္ဓာကိုယ်မှာ အမွေးအမျှင်တွေ မရှိတော့တဲ့အထိကို ပျံသန်းပြီး၊ မိမိမှာရှိတဲ့ အစွမ်းအစ အကုန်ထုတ်သုံးပြီးတော့ ပျံသန်းရင်းနဲ့ နောက်ဆုံးမှာတော့ သာမန်စင်ရော်တွေထက် ထူးခြားတဲ့ မြင့်မြတ်တဲ့ ပင်လယ်စင်ရော်တွေဆီသို့ ရောက်ရှိပြီး၊ ဒီထက် ပိုကောင်းတဲ့ နေရာ၊ ဒီထက် ပိုကောင်းတဲ့ ဘဝပုံစံကို တွေ့ရှိခဲ့ပါတော့တယ်။

(ယခုကို စွန့်လွှတ်ရပြီး၊ အသစ်တွေကို စွန့်စားဖို့ ကြိုးစားမှ အောင်မြင်နိုင်ပါတယ်)

ပင်လယ်စင်ရော်တွေဆီ ရောက်သွားတဲ့အချိန်မှာ သူတို့ထက်မြင့်မြတ်တဲ့ သူတို့ထက် ပျံနည်းမျိုးစုံပျံတက်တဲ့၊ မုန်တိုင်းဒဏ်တွေခံနိုင်တဲ့ ကမ်းနေဇင်ယော်တွေဆီက ပျံသန်းနည်းမျိုးစုံကို သင်ပြီးတဲ့နောက်မှာ-

အရောင်အသွေးလှပသော စင်ရော်တစ်ကောင်အဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ယောနသံစင်ရော်ဟာ သူ့ရဲ့ ပျံနည်းအတက်မျိုးစုံနဲ့ အတူ ငှက်တို့ရဲ့ မြင့်မြတ်မှုတွေကို သူလာခဲ့တဲ့ ကမ်းခြေစင်ရော်တွေကို ပြောင်းလဲစေဖို့ သူ့ရဲ့မျိုးနွယ်စုဖြစ်တဲ့ စင်ရော်တွေကို သာမန်နဘဝမှာ မနေတော့ပဲ ဒီထက်ပိုပြီးမြင့်မားသော၊ အဓိပ္ပာယ်ရှိသော ပျံနည်းတွေရှိတဲ့အကြောင်း ပြန်လည်မျှဝေဖို့ ကြိုးစားချိန်မှာတော့--

(ယောနသံ စင်ရော်ကို အားလုံးဟာ ဝိုင်းလှောင်ပြောင်ကြတယ်၊ ပွဲအလယ်မှာ အရှက်ကွဲ သိက္ခာချတဲ့အထိ) လက်မခံပဲ ရှိနေပါသေးတယ်။ နောက်ဆုံးမှာတော့ ယောနသံ စင်ရော်ဟာ သူရဲ့ ပျံသန်းနည်းအမျိုးစုံကို ပြသနိုင်ခဲ့ပြီး၊ မြင့်မြတ်သော စင်ရော်တို့၏ တန်ဖိုးရှိသော အနှစ်သာရတွေကို သူရဲ့မျိုးနွယ်စု ကမ်းနေစင်ရော်တွေ အားလုံးအတွက် အကျိုးပြုနိုင်သော (ယောနသံ စင်ရော်) အဖြစ်နဲ့ သမိုင်းတွင်ခဲ့ပါတော့တယ်-။

ယောနသံ စင်ရော်မှ ဘာတွေ သင်ခန်းစာပေးခဲ့သလဲ

သာမန်ကမ်းနေစင်ရော်ဘဝမှ မြင့်မြတ်ကျွမ်းကျင်သော ယောနသံ စင်ရော်သို့ ပြောင်းလဲစေသလို- (ယခုကို စွန့်လွှတ်ရဲပြီး၊ အသစ်တွေကို စွန့်စားဖို့ ကြိုးစားမှအောင်မြင်နိုင်ပါတယ်)။ အမြင့်ဆုံးပျံသန်းမှအဝေးဆုံးကို မြင်နိုင်ပါတယ်။ အဝေဆုံးသွားကြည့်မှ ခရီး၏အောင်မြင်မှုကို သိနိုင်ပါတယ်။ (ဘဝမှာ အောင်မြင်ဖို့ အမြင့်ဆုံးကြိုးစားကြည့်မှ အောင်မြင်မှုကို သိနိုင်တယ်၊ အဝေးဆုံးအထိ ခရီးဆက်ကြည့်မှ နောက်ဆုံးအောင်မြင်မှု ရလဒ်ကို ပိုင်ဆိုင်နိုင်ပါတယ်)။

(အများအကြိုက် အမှားစရိုက်နဲ့ % အများစုဟာ ပြောင်းလဲရမှာ လက်မခံ၊ အပြောင်းအလဲ လုပ်သူတွေကို ဆန့်ကျင်လက်မခံတဲ့ သဘောရှိတယ်ဆိုတာ နားလည်ရမှာဖြစ်ပါတယ်)။ အများနဲ့မတူအောင် ဦးဆောင်တိုးတက်ဖို့ဆိုတာ လူတိုင်းနဲ့ တူနေမှ သာမန်သူဖြစ်မယ်ဆိုတဲ့အသိနဲ့ တခါတရံ အများနဲ့ဆန့်ကျင်ပြီး ကြိုးစားဦးဆောင်သွားမှ အောင်မြင်တိုးတက်နိုင်ပါတယ်)။

# Power (9)

## နောက်လိုက်သူဟာ

အဖွဲ့အစည်းရဲ့အောက်ခြေနဲ့ တွေ့ဆုံလိမ့်မယ်

## ခေါင်းဆောင်သူဟာ

အဖွဲ့အစည်းမှ အကြီးအကဲနဲ့ တွေ့ဆုံလိမ့်မယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 9

# Brand Power of Leadership

## (နာမည်ကြီးမှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Brand Power ဆိုတာ နာမည်ကြီး မင်းသား မင်းသမီးနဲ့ တူတယ်။ နာမည်ကြီး မင်းသား မင်းသမီးတွေ ရိုက်ကူးတဲ့ ရုပ်ရှင်အများစုဟာ ပေါက်သလိုပဲ Brand အရှိန်ဩဇာ ကြီးမားလာသည်နှင့် လူတွေရဲ့ ရင်ထဲကို လွှမ်းမိုးနိုင်ပြီး ပတ်ဝန်းကျင်မှာ ပိုမိုဩဇာသက်ရောက် ဦးဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

အရှိန်အဟုန်ရဲ့သဘော လောကရဲ့သဘာဝသဘော တရားမှာ ***"လေအားနည်းလေလေ မုန်တိုင်းပျက်ပျယ်လေလေ၊ လေအားကြီးလေလေ မုန်တိုင်းကြီးလေလေ"***သဘော အတိုင်း၊ အောင်မြင်သူတွေဟာ ပိုအောင်မြင်လေလေ၊ နာမည် ကြီးလာလေလေ၊ လူသိပိုများလေလေ (အရှိန်အဟုန်)ရဲ့ သဘောတရားများစွာရှိနေပါတယ်။ စီးပွားရေးမှာဖြစ်စေ၊ အောင် မြင်မှုမှာဖြစ်စေ၊ လူတိုင်းအောင်မြင်တိုးတက်ဖို့ ကြိုးစားနေ သလို၊ အောင်မြင်သူတွေဟာ ပိုမိုတိုးတက်အောင်မြင်နေတာ တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီအခါမှာ ဘာတွေအဓိက ကွာခြား သွားစေလဲ လို့ဝှက်ချက်ကတော့ (Brand-နာမည်ရမှု) ကွာ ခြားသွားခြင်းပဲဖြစ်ပါတယ်။ ခေါင်းဆောင်သူများ အောင်မြင် ဖို့ ကြိုးစားမှုမှာ နံပါတ် (၁) Brand နာမည်ရအောင် တည် ဆောက်ပြီးမှ ကြိုးစားရမှာဖြစ်ပါတယ်။ Brand နဲ့ပတ်သတ်ပြီး အမြဲလူတိုင်းရင်ထဲရှိမှာ ရှိနေဖို့အတွက် . . .

**(Three-Good Leadership) အကောင်းဆုံးခေါင်းဆောင်မှုပုံစံ (၃-၃)**

(၁) Good Work (အကောင်းဆုံး အလုပ်လုပ်ပါ)။

အလုပ်ကြိုးစားသူတိုင်းကို လူတိုင်းမှလေးစားမှတ်မိကြပါတယ်။

(၂) Good Win (အကောင်းဆုံး အောင်မြင်ပါ)။ အောင်မြင်သောသူတိုင်းကို လူတိုင်းမှအတုယူအားကျမှတ်မိကြပါတယ်။

(၃) Good Will (အကောင်းဆုံး နာမည်ကောင်းထိန်းပါ)။ နာမည်ကောင်းရှိသူတိုင်းကို လူတိုင်းရဲ့ရင်မှာ အမြဲရှိနေပါလိမ့်မယ်။

လူတိုင်းရဲ့ ရင်ထဲမှာ အကောင်းဆုံးရိုးသားဦးဆောင်ခဲ့တဲ့၊ အအောင်မြင်ဆုံးကြိုးစားခဲ့တဲ့၊ နာမည်ကောင်းနဲ့ကောင်းမွန်ခဲ့တဲ့ (စက်ဘီးပူထူထောင်သူ - လီကွမ်ယူ)၊ (မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း)၊ (ငြိမ်းချမ်းရေးဦးဆောင်ခဲ့သူ - ဂန္ဒီ) စတဲ့ ခေါင်းဆောင်ကြီးများဟာ Good Work + Good Win + Good Will ဆိုတဲ့ Good Leadership အကောင်းဆုံးသော ခေါင်းဆောင်မှုပုံစံ (၃-ခု) နဲ့အညီ ကြိုးပမ်းဦးဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။




Leadership & Organization Brand

အဖွဲ့အစည်းတစ်ခုအောင်မြင်မှုမှာ (ခေါင်းဆောင်မှု Brand နှင့် အဖွဲ့အစည်း၏ Brand) ဟာ ကိုင်းကျွန်းမှီ - ကျွန်းကိုင်မှီ ဆိုသလို အပြန်အလှန် မှီခိုလျှက်ရှိပါတယ်။ ခေါင်းဆောင်သူ၏ Brand မြင့်တက်လာခြင်းသည်လည်း၊ အဖွဲ့အစည်း၏ Brand မြင့်တက်မှုသို့ဖြစ်စေပြီး၊ ခေါင်းဆောင်သူ၏ Brand ကျဆင်းလေလေ၊ အဖွဲ့အစည်း၏ Brand ပုံရိပ်ဟာ မှေးမှိန်သွားလေလေဖြစ်ပါတယ်။ (ကမ္ဘာမှာသုသေသနပြုကြည့်ရင် Jack Ma ၏ ဦးဆောင်မှု Brand မြင့်တက်လာခြင်းဟာ Alibaba အဖွဲ့အစည်း၏ Brand မြင့်တက်ခြင်းသို့ များစွာအကျိုးပြုစေပါတယ်)။

Brand နာမည်ရရှိမှုနဲ့ပတ်သက်ပြီး အဓိက အရေးကြီးတဲ့ B.R.A.N.D ဆိုသော အချက်(၅) ခုကို အနှစ်ချုပ်အားဖြင့် ပေါင်းစပ်တည်ဆောက်ဖို့လိုပါတယ်။

## B - Believe (ယုံကြည်မှုတည်ဆောက်ပါ)

"B" ဆိုတာ Believe လူတွေရဲ့ ယုံကြည်မှုကိုရဖို့ အရေးကြီးမှာဖြစ်ပါတယ်။ Brand ဆိုတဲ့ အဓိကအနှစ်သာရမှာ လူတွေကိုယုံကြည်နေဖို့ဖြစ်ပါတယ်။ iPhone ကို ဘာ

ကြောင့် ကိုင်နေသလဲ၊ Apple Company ကို ယုံကြည်မှု ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ယုံကြည်မှုနဲ့ ပတ်သတ်ပြီး မိမိ ကုမ္ပဏီ၊ လူပုဂ္ဂိုလ် လူတစ်ဦးချင်းစီဖြစ်စေ Brand ပါဝါကြီးဖို့ ဆိုရင်၊ လူတွေရဲ့ယုံကြည်မှုကိုရအောင် အဓိကတည်ဆောက် ရမှာဖြစ်ပါတယ်။ လူတိုင်းယုံကြည်ဖို့ဆိုရာမှာ ***"ရိုးသားမှုသည် ယုံကြည်မှု၊ ကြိုးစားမှုသည် လေးစားမှု"*** ဆိုတဲ့အတိုင်း လူတွေ ရဲ့ ယုံကြည်လေးစားမှုရဖို့အတွက် ရိုးသားကြိုးစားနေဖို့ လို အပ်ပါလိမ့်မယ်။ ဒါကြောင့်အရေးကြီးဆုံးဖြစ်တဲ့ နံပါတ်(၁) မိမိရဲ့ Brand အမြဲတမ်းရှင်သန်နေဖို့ဆိုရင် လူတွေယုံကြည် အောင်အရင် တည်ဆောက်ရမှာပဲဖြစ်ပါတယ်။

## R = Remember (မှတ်မိအောင်ကြိုးစားပါ)

မိမိကိုယ်တိုင်၊ အဖွဲ့အစည်းရဲ့ နာမည်အား လူတွေ ရဲ့ရင်ထဲမှာ အမြဲတမ်းမှတ်မိနေအောင် ဖန်တီးစေပါ။ လူတွေ ရဲ့ ရင်ထဲမှာ အမြဲရှိမှသာလျှင် Brand သည် အောင်မြင်နိုင် မှာဖြစ်ပါတယ်။ လူတွေရဲ့ရင်ထဲကို စွဲမြဲအောင်၊ ရင်ထဲမှာ အမြဲရှိနေအောင် ဖန်တီးပေးနိုင်မှ Brand တစ်ခုသည် ပေါက် တယ်ဟုဆိုပါတယ်။ နံပါတ်(၂) အရေးကြီးတဲ့ လူတွေအမြဲ

တမ်း Remember မှတ်မိ သတိရနေအောင် လုပ်နိုင်စွမ်းဟာ အရေးကြီးပါတယ်။ များများမြင်မှ များများမှတ်မိတယ်၊ များများသိမှ များများမှတ်မိတယ် လူတိုင်းရဲ့ပတ်ဝန်းကျင်မှာ အမြဲမြင်အောင်၊ ကြားအောင်၊ သိအောင် ကြိုးစားနေသော ခေါင်းဆောင်သူများကို ပိုမိုသတိရမှတ်မိနေမှာဖြစ်ပါတယ်။

**A = Advertising** (ကြော်ငြာများ ပြုလုပ်ပါ)

အဖွဲ့အစည်း၏ Brand လူသိများရန် ကြော်ငြာမှုများ ပြုလုပ်ရမှာဖြစ်ပါတယ်။ လူတွေကို ကြော်ငြာသတင်းပေးနိုင်မှ Brand ရဲ့တန်ဖိုးမြင့်တက်လာပြီး လွှမ်းမိုးမှုရှိလာမှာဖြစ်ပါတယ်။ ကြော်ငြာတိုင်း ရောင်းချခြင်းမျိုးမဟုတ်ပါလား။ မိမိအဖွဲ့အစည်းအကြောင်း လူသိများအောင်၊ အသေးစိတ်ပိုသိလာအောင် အသိပညာပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ***"လောကမှာ လူတစ်ယောက် အကြောင်း များများသိလေလေ၊ ထိုလူကို ပိုယုံကြည်လေလေပါပဲ"*** ကမ္ဘာမှာ အောင်မြင်ကျော်ကြားခဲ့တဲ့ ခေါင်းဆောင်တိုင်းဟာ သူတို့ရဲ့ လျို့ဝှက်ချက်အားလုံးကိုပင် လူသိရှင်ကြား ဖွင့်ဟပြောနိုင်ခြင်းကြောင့် လူများမှလေးစားအားကျခြင်းဖြစ်ပါတယ်။

## N = Name (နာမည်ကောင်းထိန်းပါ)

အဖွဲ့အစည်းတစ်ခုရဲ့ Brand နာမည်ပေးတဲ့အခါမှာ ရိုးရှင်းရမယ်။ လူတိုင်း မှတ်မိရလွယ်တဲ့ Brand နာမည်မျိုးဖြစ်ရမှ လူတွေကို အချိန်တိုအတွင်း လွှမ်းမိုးနိုင်မယ်။ လူတွေကလည်း တစ်ယောက်နဲ့တစ်ယောက်ပြန်ပြောတဲ့အခါမှာ ဘယ် Brand ကို သုံးတယ်ဆိုတာမျိုးပဲပြောသလို၊ ကိုယ့်ဦးဆောင်မှုရဲ့ပုံစံ၊ ကိုယ့်အဖွဲ့အစည်း၏ ကောင်းခြင်းတွေဟာ လူတိုင်း လူတိုင်းရဲ့နှုတ်ဖျားမှာ Word of Mouth (တဆင့်စကားတဆင့် ပြောနိုင်အောင်) ကောင်းနေဖို့လိုအပ်မှာဖြစ်ပါတယ်။ ပန်းသတင်းလေညှင်းဆောင်သလို၊ လူသတင်းလူချင်းဆောင်ပါတယ်။ ပန်းသတင်းဟာ လေအောက်မှာပဲ မွှေးနိုင်ပေမယ့် လူသတင်းကတော့ လေညာ၊ လေအောက် ပတ်ဝန်းကျင်မှာ ပျံ့နှံ့နေတာမို့ ကိုယ့်ရဲ့ကောင်းသတင်းဟာ လူအများကို လွှမ်းမိုးဩဇာသက်ရောက်စေသော အဓိကအချက်ပင်ဖြစ်ပါတယ်။

## D = Design (ဒီဇိုင်းပုံဖော် ဖန်တီးပါ)

Brand ရဲ့ ဖန်တီးမှုအနုပညာဆိုတာ ဒီဇိုင်ပုံဖော်

ဖန်တီးနိုင်ခြင်းဖြစ်ပါတယ်။ ခေါင်းဆောင်တိုင်းမှာ မိမိကိုယ်ပိုင် ဒီဇိုင်းတစ်ခုရှိဖို့လိုအပ်သလို၊ အဖွဲ့အစည်းမှာလည်း ကိုယ်ပိုင် ဟန်ပန်ဒီဇိုင်းနဲ့ လူတိုင်း လူတိုင်းကို ထိုးဖောက်သွားနိုင် အောင် ဘယ်လို ဒီဇိုင်းမျိုးနဲ့ ဖန်တီးတည်ဆောက်မလဲ။ လူ တွေ ဘယ်လိုမှကို လိုက်ပြီးတော့ မမှီနိုင်သော ဒီဇိုင်းမျိုးတွေ စဉ်းစားရပါမယ်။ Apple မှာဆိုလည်း နောက်ဆုံးပေါ် ဖန်တီး တီထွင်ခြင်းအားလုံးသည် မည်သူမှလိုက်မမှီနိုင်တဲ့ ဒီဇိုင်း ရေး ဆွဲဖန်တီးမှုတွေပဲဖြစ်ပါတယ်။ အဖွဲ့အစည်းကို ဦးဆောင်သွား မှုမှာလည်း ဒီဇိုင်းဖန်တီးမှု မဟာဗျူဟာ အရေးကြီးဆုံးပင်ဖြစ် ပါတယ်။ ယနေ့ခေတ်မှာ လူတိုင်းဟာ အပေါ်ယံ အမြင်၊ အပြင်အဆင်ကို အထင်ကြီးလေးစားကြလာတဲ့အခါ မိမိရဲ့ အဖွဲ့အစည်း၏ မြင်ရတဲ့ဒီဇိုင်း၊ ခေါင်းဆောင်တစ်ဦး၏ ပတ် ဝန်းကျင်မှာ မြင်ရတဲ့ ဒီဇိုင်းပုံစံအားလုံးဟာ အထင်ကြီးလေးစား ဖွယ် ကောင်းမွန်နေဖို့ အရေးကြီးဆုံးပင်ဖြစ်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

သူတော်ကောင်းဖြစ်နည်း (၂-ပါး)

ခြင်္သေ့ဖြစ်ဖို့ ခြင်္သေ့တို့နှင့် လေ့ကျင့်သင်ယူပါ

သူတော်ကောင်းဖြစ်ဖို့ သူတော်ကောင်းနဲ့ပေါင်းပါ

- မိမိကိုယ်တိုင် သူတော်ကောင်းတရားကျင့်ခြင်း
- သူတော်ကောင်းများနဲ့ ပေါင်းသင်းဆည်းကပ်ခြင်း

ယနေ့တွေ့သမျှ / ပေါင်းသင်းသမျှ လူတိုင်းဟာ မိမိဘဝကို ကိုယ်စား-ပြုပေးနေသည်။ လောကမှာကောင်းဖို့ သူတော်ကောင်းများနဲ့ပေါင်းပါ။

## ခေါင်းဆောင်မှု ဥပမာ

********



ဒစ်ဂျစ်တယ်လောက၏ဖခင်ဟု တင်စားခေါ်ဝေါ်ခြင်း ခံခဲ့ရသူ Steve Jobs ဟာ ယခုအချိန်အထိ ပြောစာမှတ်တွင်ရလောက်အောင် Personal Computer တီထွင်မှုနဲ့

အောင်မြင်ခဲ့သူဖြစ်ပါတယ်။

သတင်းအချက်အလက် နည်းပညာနဲ့ ပတ်သက်တဲ့ ခေတ်ရှေ့ပြေးအကြောင်းအရာတွေကို ကြိုမြင်ခဲ့ပြီး Product အသစ်တွေ ထုတ်နိုင်အောင်ကြိုးစားခဲ့ပါတယ်။ မူပိုင်ခွင့် ၃၄၆ ခုနဲ့ ဆန်းသစ်တဲ့အတွေးအမြင်နဲ့အတူ သူ့လုပ်ငန်းမှာ Revolution တစ်ခုကို ဖန်တီးခဲ့ပါတယ်။ Apple မှာလုပ်နေတဲ့ ကာလ အတောအတွင်းမှာ iMac, iTunes, iPod, iPhone နဲ့ iPad တို့ရဲ့ တီထွင်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှာ Fortune Magazine က ဆယ်စုနှစ်ရဲ့CEO အဖြစ် သတ်မှတ်ခဲ့ပါတယ်။ နောက်နှစ်မှာ Forbesရဲ့ကမ္ဘာပေါ်မှာဩဇာအရှိဆုံးပုဂ္ဂိုလ်တွေထဲမှာနံပါတ် (၁၇)အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

**What to Do**

**ဘယ်အရာကို လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာအရေးကြီးသလို**

**What not to Do**

**ဘယ်အရာကို မလုပ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကလည်း အရေးကြီးတယ်။**

# Power (10)

## နောက်လိုက်သူဟာ

အလုပ်တစ်ခုကို အချိန်ဆွဲပြီးလုပ်တယ်

## ခေါင်းဆောင်သူဟာ

အလုပ်တစ်ခုကို အချိန်ကိုက်ပြီးအောင်လုပ်တယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



လှိုင်မိုးဦး (MESI)

21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 10

## Art Power of Leadership

## (အနုပညာစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Act Power ဆိုတာ နိုင်ငံတော်သီချင်း တစ်ပုဒ်နဲ့ တူပါတယ်။ နိုင်ငံတော် သီချင်းဟာ ပြည်သူတွေရဲ့ ရင်ထဲမှာ စွဲစွဲမြဲမြဲမှတ်မိသွားသကဲ့သို့ အနုပညာဆိုတာ လူတိုင်းရဲ့ရင်ထဲ လွှမ်းမိုးနိုင်ခြင်းရှိပြီး၊ လူမှုပတ်ဝန်းကျင်အားလုံးကို လွှမ်းမိုး ဦးဆောင်နိုင်မှာဖြစ်ပါတယ်။

အနုပညာနဲ့ ဦးဆောင်ခြင်းဟာ လူသားတွေကို အလွှမ်းမိုးနိုင်ဆုံးထဲမှ ဦးဆောင်မှု တစ်ခုပင်ဖြစ်ပါတယ်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသားများ၊ အဆိုတော်များ၊ စာရေးဆရာများဟာ (အနုပညာ ဦးဆောင်မှု) ရဲ့ လွှမ်းမိုးခြင်း လျှို့ဝှက်ချက်ပင်ဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ဦးအနေနဲ့ အနုပညာရဲ့ လွှမ်းမိုးနိုင်ခြင်းနှင့် ဦးဆောင်မှုကို ပေါင်းစပ်ဦးဆောင်တတ်ဖို့လိုအပ်ပါလိမ့်မယ်။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား Bruce Lee ဟာ သိုင်းပညာထူးချွန်မှုနဲ့ (အနုပညာ) ကို ပေါင်းစပ်လိုက်ချိန်မှာ ကမ္ဘာအဝှမ်း လူသိများပြီး လွှမ်းမိုးဦးဆောင်နိုင်ခြင်းပဲဖြစ်ပါတယ်။ အနုပညာသည်သာ လူသားတို့၏ နှလုံးသားကို အလွှမ်းမိုးနိုင်ဆုံးသော အရာတစ်ခုဖြစ်ပေသည်။ လူတိုင်းလူတိုင်းမှာ ကိုယ်စီကြိုက်နှစ်သက်တဲ့ အနုပညာရပ် တစ်ခုစီဟာ ရှိနေကြမှာဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ဦးဖြစ်ဖို့ရာမှာ အနုပညာရဲ့ လွှမ်းမိုးနိုင်စွမ်းနဲ့ ပေါင်းစပ်ပြီး လူအများလွှမ်းမိုးခြင်းကို ရနိုင်မှာဖြစ်ပါတယ်။

မြန်မာလူမျိုးတိုင်းရဲ့ရင်ထဲမှာ လွှမ်းမိုးဦးဆောင်နေ

ဆဲ သီချင်းတစ်ပုဒ်ရှိနေပါလိမ့်မယ်။ (မြန်မာနိုင်ငံတော် သီချင်းပဲဖြစ်ပါတယ်) သီချင်းဆိုတဲ့ အနုပညာနဲ့ လူတွေရဲ့စိတ်ဓါတ်နိုးကြားတက်ကြွစေတဲ့ စာပေ၊ ဂီတ၊ အနုပညာတွေပေါင်းလိုက်ချိန်မှာ လူတိုင်းရင်ထဲစွဲမြဲခံစားမှုနဲ့ ထာဝရဦးဆောင်သွားနိုင်ခြင်းသာဖြစ်ပါတယ်။

> တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ
>
> တို့ပြည် ... တို့မြေ
>
> များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်
>
> တို့ပြည် ... တို့မြေ
>
> ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌါန်ပြုပေ ထိန်းသိမ်းစို့လေ...
>
> ကမ္ဘာမကျေ၊ မြန်မာပြည်၊ တို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ
>
> ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ
>
> ဒါတို့ပြည်၊ ဒါတို့မြေ တို့ပိုင်တဲ့မြေ တို့ပြည်၊ တို့မြေ၊
>
> အကျိုးကို ညီညာစွာလို့လေ ထမ်းဆောင်ပါစို့လေ
>
> ဒို့တာဝန်ပေ အဖိုးတန်မြေ...။

ယနေ့နိုင်ငံရေးမှာဖြစ်ဖြစ်၊ အောင်မြင်ရေးမှာဖြစ်ဖြစ်၊ အနုပညာစာပေရဲ့ လွှမ်းမိုးဦးဆောင်မှုဟာ မဖြစ်မနေပါဝင်ခဲ့ပါတယ်။ မြန်မာ့လွတ်လပ်ရေးခေတ်မှာလည်း စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့လို မျိုးချစ်စိတ်နဲ့ လှုံ့ဆော်ရေးစာပေများနှင့် နိုင်ငံလွတ်လပ်ရေးသို့ များစွာပါဝင်ကြိုးပမ်းခဲ့ပါတယ်။ တက်ခေတ်မှာလည်း ဆရာဇော်ဂျီတို့လို ဆရာများ၏ (ထလော့မြန်မာ) ကဗျာများဖြင့် မျိုးချစ်စိတ်ဓါတ် နိုး-ကြားတက်ကြွသော စာပေများဖြင့် အောင်မြင်တိုးတက်ရေးသို့ အနုပညာစာပေ၏ စွမ်းအားဖြင့် များစွာတိုးတက်ပြောင်းလဲခဲ့ကြပါတယ်။

## စာရေးခြင်း အနုပညာ

**အောင်မြင်သူတိုင်း စာရေးကြ၏၊ စာရေးသူတိုင်း အောင်မြင်ကြ၏**

**စာရေးဆရာများဟာ အနုပညာစွမ်းအားနှင့် ဦးဆောင်အောင်မြင်သူများဖြစ်၏**

ယနေ့ ကမ္ဘာမှာ ဘာကြောင့် ဆရာတွေ စာရေးကြသလဲ။ (Think & Growth Rich) စာအုပ်ဖြစ်လာဖို့ ထိုစာအုပ်ကို ဒေါ်လာ (၅-သန်း) ပေးပြီး စာရေးဆရာကို ရေး

သားမျှဝေစာအုပ်ထုတ်စေခဲ့တယ်။

သို့သော် ထိုစာအုပ်သည် ကမ္ဘာ့နံပါတ် ၁ စာအုပ်ဖြစ်လာခဲ့ပြီး ကမ္ဘာမှာ ဒေါ်လာ (သန်း ၅၀) မက လူသားတို့ရဲ့ ဘဝတွေကို ပြောင်းလဲစေနိုင်ခဲ့ပါတယ်။

ကျွန်တော်အပါအဝင် ထိုစာအုပ်ဟာ အောင်မြင်သူများစွာအတွက် (လက်စွဲစာအုပ်ကောင်းဖြစ်နေဆဲပါပဲ)။

**One Person Can Change The World**

**လူသားတစ်ဦးဟာ ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်တယ်။**

**One Book Can Change The People**

**စာအုပ်တစ်အုပ်ဟာ လူသားဘဝတွေကို ပြောင်းလဲစေနိုင်ပါတယ်။**

လူတစ်ဦး ပြောင်းလဲခဲ့တယ်ဆိုရင် (စာအုပ်တစ်အုပ်ကြောင့်)ဖြစ်လိမ့်မယ်။ လူတစ်ဦး တိုးတက်ခဲ့တယ်ဆိုရင်(ခေါင်းဆောင်တစ်ဦးကြောင့်) ဖြစ်လိမ့်မယ်။ ကောင်းမွန်တဲ့ စာအုပ်တစ်အုပ်ဖြစ်စေ၊ ထူးချွန်တဲ့ခေါင်းဆောင်ဖြစ်စေ လူသားတို့ကို လွှမ်းမိုးဦးဆောင် ပြောင်းလဲစေနိုင်သော အကြောင်းများဖြစ်ပါတယ်။ ယခုကဲ့သို့ ခေါင်းဆောင်မှုသဘောတရား

စာပေများဟာ အနုပညာစွမ်းအားမြောက် လူသားတို့ကို အကြီးမားဆုံးပြောင်းလဲစေနိုင်သော မဟာဗျူဟာဖြစ်ပါတယ်။

အနာဂတ်မှာ ပညာစွမ်းအား၊ စာပေစွမ်းအား၊ အနုပညာစွမ်းအားနှင့် ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်များအတွက် ကျွန်တော်ရဲ့ စာပေရေးသားနည်းတချို့ကို မျှဝေပေးချင်မိပါတယ်။ (ဆရာစားခြင်းမဟုတ်ပဲ အားလုံးသို့ အတွေ့အကြုံမျှဝေခြင်းသာဖြစ်ပါတယ်)။

## <u>စာအုပ်၊ စာပေ စာရေးသားခြင်း နည်းလမ်းကောင်းများ</u>

### (၁) ကိုးကားစာပေများ

ဘာသာပြန်ဖြစ်စေ၊ ကိုးကားမှုဖြစ်စေ၊ ရှိပြီးသော အကြောင်းအရာများကို ကိုးကားရေးသားခြင်းဖြင့် လွယ်ကူစွာ စာရေးနိုင်ပါတယ်။

### (၂) အတွေ့အကြုံစာပေများ

ကိုယ်တိုင်အတွေ့အကြုံနှင့် ခံစားမှုရသပါဝင်သော Story များကိုလည်း ပြန်လည်မျှဝေရေးသားနိုင်ပါတယ်။

**(၃) စိတ်ကူးယဉ်ဝတ္ထုတိုစာပေများ**

ဇာတ်လမ်းပမာတင်ပြပြီး ဝတ္ထုစာပေ၊ အခန်းဆက်များကိုလည်း ရသခံစားမှုမြောက်အောင် ရေးသားနိုင်ပါတယ်။

**(၄) ကဗျာစာပေများ**

နှစ်တစ်ရာစာတစ်လုံး စာပေအနှစ်ချုပ် ကဗျာအလင်္ကာ စာပေများကိုလည်း လိုရင်းတိုရှင်းရေးသားနိုင်ပါတယ်။

**(၅) ရာဇဝင်စာပေများ**

ရှေးဟောင်းဖြစ်စဉ် သမိုင်းစဉ်ဆက် စာပေများကိုလည်း ခေတ်နဲ့အညီ ရေးသားပြုစုနိုင်ပါတယ်။

**(၆) သတင်းအချက်အလက်စာပေများ**

လိုအပ်လာတဲ့ သတင်းအချက်အလက်ကို အခြေခံပြီး ကျိုးကြောင်းချိတ်ဆက်ပြီး စာပေအဖြစ်ရေးသားနိုပါတယ်။

**(၇) ဗဟုသုတစာပေများ**

အတွေးအခေါ် ဗဟုသုတများကို အခြေခံပြီး ကိုယ်

ပိုင်ထင်မြင်ယူဆချက်များကိုလည်း ရေးသားနိုင်ပါတယ်။

**(ဂ) သင်ကြားမှုနယ်ပယ်စာပေများ**

သီအိုရီ၊ အချက်အလက်များကို အခြေခံပြီး စာသင်ကြားမှုနယ်ပယ်အတွက် သီအိုရီ Case Study များကိုလည်း ရေးသားနိုင်ပါတယ်။

စာပေအမျိုးအစားများစွာရှိတဲ့အနက် လေ့လာမိသလောက် တင်ပြထားပါတယ်။ (စာရှည် တရားဟောသလိုဖြစ်မှာစိုးလို့ဒီလောက်ပဲ ကောင်းပါတယ်) ဆိုလိုချင်တာတော့ မိမိကြိုက်တဲ့၊ အားသန်တဲ့ စာပေအမျိုးအစားတွေကို မျှဝေရေးသားဖို့ပါ။

စာရေးဖို့ ဖြစ်ပါ့မလားဆိုတဲ့ ကိုယ့်မိတ်ဆွေ ဆရာတွေကို အားပေးချင်တာတော့ (စာရေးဆရာမဖြစ်ရင်တောင်မှ စာရေးသူဖြစ်နိုင်ပါတယ်) (စာရေးဆရာဆိုတာ စာကိုဖွဲ့နွဲ့စွာရသမြောက်အောင် တင်ပြနိုင်သူတွေဖြစ်နိုင်ပါတယ်)။ ကျွန်တော်ကိုယ်တိုင်လည်း စာရေးသူအဆင့်ပါ။ အတွေးထဲကောင်းတာလေးကို မျှဝေရင်း စာရေးသူအဖြစ်နဲ့ စာအုပ်များရေးသားနိုင်ပါတယ်။

## စာရေးဆရာများအတွက် နည်းလမ်းကောင်းများ

(၁) မှတ်စု စာအုပ်ဆောင်ပြီး အတွေးရရင် မှတ်သားပြီး ပြန်လည်ရှင်းလင်းရေးသားခြင်းဖြင့် စာများစုနိုင်ပါတယ်။

(၂) စာအုပ်ကောင်းတွေမှ ပြန်လည်ကိုးကားထုတ်နှုတ်ပြီး စာပေများစုဆောင်းရေးသားနိုင်ပါတယ်။

(၃) အကြောင်းအရာ အချက်အလက်များကို (ဖြတ်၊ ညှပ်၊ ကပ်) လုပ်ပြီး စာများစုဆောင်းနိုင်ပါတယ်။

(၄) Google မှ လိုအပ်တဲ့ အရာများကို စုဆောင်းကိုးကား ရေးသားနိုင်ပါတယ်။

(၅) Best Seller စာအုပ်များ၏ တင်ပြရေးသားဟန်များကို နမူနာယူပြီး ရေးသားနိုင်ပါတယ်။

ဆရာတို့ရဲ့ ပညာတွေဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူများစွာသို့ ရောက်စေဖို့ စာအုပ်ဖြင့်သာ အကောင်းဆုံးနည်းလမ်းပင်ဖြစ်ပါတယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ ခေါင်းဆောင်ကြီးတွေ ဗိုလ်ချုပ်အောင်ဆန်း၊ လီကွမ်ယု တို့ကိုယ်တိုင်ဟာ အားချိန်တိုင်းမှာ စာရေးခဲ့ကြလို့ မြန်မာနိုင်ငံမှာ လေးစားရတဲ့ ပညာရှင်များလည်း အချိန်လေးပေးပြီး စာရေးပေးနိုင်လျှင်

အားလုံးပိုမိုတိုးတက်သော နိုင်ငံဖြစ်ဖို့ယုံကြည်မိပါတယ်။

ဒေါ်လာ (၅-သန်း) ကုန်ကျခံပြီး ရေးခဲ့တဲ့ Think & Grow Rich စာအုပ်ဟာ လူပေါင်း (သန်း ၅၀) မက ပြောင်းလဲစေနိုင်တယ်ဆိုတဲ့ (ဒီစိတ်နဲ့ ကျွန်တော်လည်း အများအကျိုးအတွက် စာပေရေးသားနေလို့) နိုင်ငံတိုးတက်ရေးမှာ ပညာရှင်များဟာ ပိုမိုစည်းလုံးကြ၍ ယုံကြည်မှုဖြင့် ဆရာသမားများ၊ ဆရာငယ်များအားလုံးနဲ့ အတူတူစာပေအသိပညာဖြင့် တိုးတက်သော လူမှုအဖွဲ့အစည်းသို့ ဖန်တီးနိုင်ဖို့ မျှော်လင့်မိပါတယ်။

## အောင်မြင်သူတိုင်း စာရေးကြသလို စာရေးသူတိုင်း ပိုမိုအောင်မြင်ကြပါတယ်

ယနေ့ကမ္ဘာမှာ အောင်မြင်ကျော်ကြားတဲ့ Tony Robbin, John C. Maxwell, Adam Khoo တို့အား သာဓကဆောင်လျှက် နိုင်ငံတကာမှာ ဟောပြောသူတိုင်း စာရေးကြလို့ အားပေးရင်းဖြင့် အနာဂတ်သို့ အနုပညာစွမ်းအား၊ စာပေစွမ်းအားဖြင့် ပြောင်းလဲတိုးတက်နိုင်ပါစေ အားပေးလိုက်ပါတယ်။

# တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ဖွံ့ဖြိုးတိုးတက်ရေး (၂-မျိုး)

- Internal Development အတွင်းပိုင်းဖွံ့ဖြိုးမှု
- External Development အပြင်ပိုင်းဖွံ့ဖြိုးမှု

စိန်ဝတ်တယ်ဆိုတာ ရုပ်ပိုင်းတိုးတက်မှုကိုဖြစ်၏

စာဖတ်တယ်ဆိုတာ စိတ်တိုးတက်မှုကိုဖြစ်စေ၏

စိတ်ပိုင်း/ ရုပ်ပိုင်း ၂ မျိုးတိုးတက်မှသာ ဖွံ့ဖြိုးတိုးတက်မှုအစစ်ဖြစ်၏

## ခေါင်းဆောင်မှု ဥပမာ

**********



ကွန်ဖူးကိုကမ္ဘာကသိအောင်ဖန်တီးခဲ့သူ ကမ္ဘာကျော် ရုပ်ရှင်မင်းသား၊ ကွန်ဖူးဘုရင်ဖြစ်လာမယ့် ဘရုစ်လီဟာ ထူးချွန်မှု၊ ဖန်တီးမှု၊ အနုပညာဖန်တီးမှု တို့ကို ဦးဆောင်ခဲ့ပြီး၊ ယနေ့တိုင် ကမ္ဘာမှာ လွှမ်းမိုးဦးဆောင်နေဆဲဖြစ်ပါတယ်။

ဘရုစ်လီဟာ ဝါရှင်တန်တက္ကသိုလ်မှာ ပြဇာတ်ဘာသာရပ်၊ စိတ်ပညာဘာသာရပ်နဲ့ အတွေးအခေါ်ဘာသာရပ်တွေကို အဓိကလေ့လာဆည်းပူးခဲ့သလို အခြားသော ကိုယ်ခံပညာရပ်တွေဖြစ်တဲ့ ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒိုပညာရပ်တွေကို သင်ကြားလေ့ကျင့်ခဲ့ပါတယ်။

ကိုယ်ခံပညာပေါင်းစုံပြိုင်တွေမှာ အနိုင်ရပြီး လူသိများလာတဲ့ ဘရုစ်လီဟာ ဟောလိဝုဒ်က သတိထားလာမိပါတော့တယ်။ အဲ့ဒီအချိန်ကနေစပြီး ဘရုစ်လီဟာ ရုပ်ရှင်နယ်ပယ်ထဲကို ရောက်လာခဲ့ပြီး၊ ကိုယ်တိုင်သရုပ်ဆောင်တဲ့အပြင်၊ ဒါရိုက်တာအဖြစ်နဲ့ ဇာတ်လမ်းဇတ်ကွက်များကို ဖန်တီးနိုင်ခဲ့ပြီး၊ (အနုပညာစွမ်းအားနဲ့ ကမ္ဘာကိုထိုးဖောက်လျှက် သိုင်းလောကကိုလည်း ဦးဆောင်ဖန်တီးနိုင်ခဲ့ပါတယ်)။ ဘရုစ်လီရဲ့ ကိုယ်ခံပညာအရည်အချင်း၊ ဆန်းသစ်ပြီးထူးခြားတဲ့ သူရဲ့တိုက်ခိုက်မှုပုံစံတွေကြောင့် ကမ္ဘာမှာ နာမည်ကျော်ရုပ်ရှင်မင်းသား၊ ကွန်ဖူးပညာရှင်တစ်ဆူအဖြစ်နဲ့ ကမ္ဘာကျော်လာခဲ့ပါတယ်။

ဘရုစ်လီမရှိတော့ပေမယ့် ကမ္ဘာကခုထိမှတ်မိနေဆဲ၊ သိုင်းလောကမှ လွှမ်းမိုး ဦးဆောင်နေဆဲဖြစ်ပါတယ်။ ကွန်ဖူးပညာရပ်အမှတ်တံဆိပ်ကို ကမ္ဘာအနှံ့ သိုင်းလောကသားတို့

အတွက် စိုက်ထူခဲ့ပြီး၊ သိုင်းလောကနဲ့ အနုပညာမှာ လွှမ်းမိုး ဦးဆောင်နိုင်ဆုံးသော ဘရုစ်လီပင်ဖြစ်ပါတယ်။

**Bruce Lee (Quote) ဘရုစ်လီ၏ အဆိုအမိန့်**

Knowledge is not enough, we must Apply

(အသိပညာနဲ့ မလုံလောက်၊ လေ့ကျင့်မှ ရမယ်)

Willing is not enough, we must Do

(စိတ်ဆန္ဒရှိရုံနဲ့ မလုံလောက်၊ လက်တွေ့ကြိုးစားရမယ်)

# Power (11)

## နောက်လိုက်သူဟာ

အသေးအဖွဲကို အကြီးအမားကိစ္စလုပ်တယ်

## ခေါင်းဆောင်သူဟာ

အကြီးအမားကိစ္စကို အသေးအဖွဲလို ကြိုးစားတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 11

# Management Power of Leadership

## (စီမံခန့်ခွဲမှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)




Management Power ဆိုတာ ကုတ်အားနဲ့ ဥပမာတူပါတယ်။ ကိုယ်မနိုင်တဲ့ အရာတွေကို ကုတ်အားနဲ့ တွန်းလိုက်တဲ့ အချိန်မှာ ရွှေ့သွားနိုင်သလိုပဲ ကိုယ်တစ်ဦးတည်းမပြီးတဲ့ များစွာသောအလုပ်တွေကို ကုတ်ရဲ့တွန်းအားနှင့် စီမံနိုင်ပါတယ်။

ခေါင်းဆောင်သူ နဲ့ စီမံသူဟာ (အရှေ့နဲ့ အနောက်) ဟန်ချက်ညီညီစီမံခန့်ခွဲဦးဆောင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။ ခေါင်းဆောင်သူတစ်ဦးတည်းမှ ထူးချွန်ပြီး၊ နောက်လိုက်များ၏ စီမံမှု ညံ့ဖျင်းလျှင်လည်း တိုးတက်အောင်မြင်မှုဆိုတာ မဖြစ်လာနိုင်ပါဘူး။ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု သဘောတရားအရ (Leadership 75% + Management 25% = 100% Success) ခေါင်းဆောင်မှု (၇၅%) နှင့် စီမံခန့်ခွဲမှု (၂၅%)ပေါင်းစပ်စီမံဦးဆောင်မှုအောင်မြင်တိုးတက်မှု၁၀၀% ကို ရနိုင်တယ်လို့ဆိုပါတယ်။

အများအားဖြင့် အဖွဲ့အစည်းမှာ မဟာဗျူဟာချမှတ်ဖော်ဆောင်ပြီး ရှေ့ဆောင်ကြိုးပမ်းနေသော (Leader ခေါင်းဆောင်များ) မှန်ကန်ဖို့လိုအပ်ပြီး၊ လုပ်ငန်းလည်ပတ်မှုကြီးကြပ်၊ နောက်ကွယ်ကြီးကြပ်ဆောင်ရွက်နေသော (Manager စီမံခန့်ခွဲမှုသူများ) ကောင်းမွန်ဖို့ အရေးကြီးမှာဖြစ်ပါတယ်။ (ပလိုင်းပေါက်နဲ့ဖားကောက်) ဆိုသလို အရှေ့မှ ခေါင်းဆောင်မှုပဲ အလေးထားပြီး၊ နောက်ကွယ်မှ စီမံခန့်ခွဲမှုကို အလေးမထားလျှင် အဖွဲ့အစည်းတိုင်းမှာ ထင်ထားသလောက်အောင်

မြင်ဖို့ဆိုတာခက်ခဲမှာ ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခု ဖွဲ့စည်းထားပုံကို လေ့လာကြည့်လျှင် ထိပ်ပိုင်းလူနည်းစုဟာ (ဦးဆောင်မှုနေပြီး) အောက်ပိုင်းလူများစုဟာ (စီမံခန့်ခွဲပြီး) လုပ်ငန်းများကို လည်ပတ်နေတာတွေ့နိုင်မှာဖြစ်ပါတယ်။

| **ခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု (ဖွဲ့စည်းတည်ဆောက်ထားပုံ)** |
|---|
| Top Leader (ထိပ်ပိုင်းအဆင့် ခေါင်းဆောင်သူများ) |
| Mid Manager (အလယ်ပိုင်းအဆင့် စီမံခန့်ခွဲသူများ) |
| Supervisor (အောက်ပိုင်းအဆင့် ကြီးကြပ်သူများ) |

Organization Power of Leadership (အဖွဲ့အစည်းစွမ်းအား၏ ဦးဆောင်မှု) အပိုင်းမှာ တင်ပြထားသကဲ့သို့ (၈၀ % အလုပ်တွေဟာ) Team အဖွဲ့ဝင်များ၏ အလုပ်ပြီးမြောက်အောင်မြင်မှု များမှသာလျှင် လုပ်ငန်းများ တိုးတက်နိုင်မယ်ဆိုတာ- (ပတ်ဝန်းကျင်မှာ မြင်တွေ့ရတဲ့ အဖွဲ့အစည်းအသီးသီးသို့) လေ့လာဆန်းစစ်ကြည့်မယ်ဆိုလျှင် မြင်သာနိုင်မှာဖြစ်ပါလိမ့်မယ်။

စင်္ကာပူမှာ ကျောင်းတက်စဉ်က စင်္ကာပူနိုင်ငံရဲ့ တိုး

တက်မှုရဲ့ လျို့ဝှက်ချက် (လီကွမ်ယူ) ရဲ့ စီမံဦးဆောင်မှုကို တွေးကြည့်မိခဲ့တယ်။ ဘာကြောင့် စင်္ကာပူ အချိန်တိုအတွင်း တိုးတက်အောင်မြင်ခဲ့လဲဆိုတာ… Top Leader ထိပ်ပိုင်း အဆင့် ဦးဆောင်မှုများ တော်သလို၊ Mid Manager အလယ်ပိုင်းအဆင့် စီမံသူများဟာ ကောင်းမွန်ခြင်းဆိုတာ အားလုံးလက်ခံနိုင်မှာဖြစ်ပါတယ်။

**Mid Management ၏ အရေးကြီးပုံ**

Top အပေါ်ပိုင်းမှ - Lower အောက်ပိုင်းအဆင့်သို့ (တိုက်ရိုက်ညွှန်ကြားခြင်း) နည်း၏။

Mid အလယ်အဆင့်ကို (လမ်းညွှန်ပြီးမှသာ အောက်ပိုင်းအဆင့်သို့ ရောက်နိုင်၏)

Lower အောက်ပိုင်းအဆင့်မှ - Top အပေါ်ပိုင်းသို့ (တိုက်ရိုက်တင်ပြခြင်း) နည်း၏။

Mid အလယ်အဆင့်ကို (တင်ပြပြီးမှသာ အပေါ်ပိုင်းအဆင့်သို့ ရောက်နိုင်၏)

အပေါ်ပိုင်း နှင့် အောက်ပိုင်းအဆင့်သို့ ဆက်သွယ်ပေါင်းကူးနေတာ Mid အလယ်အဆင့်သာဖြစ်ပါတယ်။ ဟို

ဘက်ကမ်းနဲ့ ဒီဘက်ကမ်း ကူးနိုင်ဖို့ ပေါင်းကူးတံတားဟာ အရေးကြီးသလို (အထက် - အောက်) အလုပ်များချိတ်ဆက်မိမိတိုးတက်အောင်မြင်ဖို့ဟာ Mid အလယ်အဆင့်၏ စီမံခန့်ခွဲမှုသည်သာ အရေးအကြီးဆုံးဖြစ်ပါတယ်။

လုပ်ငန်းတစ်ရပ် တိုးတက်အောင်မြင်ဖို့ဆိုရာမှာ စီမံခန့်ခွဲမှု ဖွဲ့စည်းပုံစံဟာ အရေးကြီးဆုံးဖြစ်ပြီး၊ ဘယ်သူမှ ဦးဆောင်မလဲ၊ ဘယ်သူမှ စီမံခန့်ခွဲမလဲ၊ ဘယ်သူမှ အကောင်အထည်ဖော် ဆောင်ရွက်မလဲဆိုတဲ့ အဆင့် (၃-ဆင့်) လုံးကို ပေါင်းစပ်စီမံဦးဆောင်နိုင်ဖို့ အရေးကြီးဆုံးပင်ဖြစ်ပါတယ်။

ဘယ်အောင်မြင်မှုမှ ခေါင်းဆောင်တစ်ယောက်တည်းနဲ့ အားနဲ့ရွေ့၍ မဖြစ်နိုင်ပါဘူး။ အားလုံးစုပေါင်းစီမံဦးဆောင်သွားမှသာ အဖွဲ့အစည်း၏ ရည်မှန်းချက်အားလုံးဟာ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါလိမ့်မယ်။

**ခေါင်းဆောင် (၁–ဦး) ၏ အလုပ်ပြီးမြောက်အောင်မြင်မှု ၂၀ % ရလဒ်ထက်စာရင်**
**အဖွဲ့ဝင်ပေါင်း (၁၀၀–ဦး) ၏ အလုပ်ပြီးမြောက်အောင်မြင်မှု ၈၀ % ဟာ ပိုများပါလိမ့်မယ်။**




စစ်မှန်သော ခေါင်းဆောင်မှု၏ သဘောတရားမှာ (ခေါင်းဆောင်သူ ၁-ဦး အလုပ်ဘယ်လောက်ပြီးသလဲထက်) အဖွဲ့ဝင်ပေါင်း (၁၀၀-ဦး) အလုပ်ဘယ်လောက်ပြီးဖို့ စီမံဦးဆောင်နိုင်သလဲဆိုတာ အဓိကဖြစ်ပါတယ်။ ခေါင်းဆောင်သူ မိမိကိုယ်တိုင် စီမံနေတာထက်၊ အဖွဲ့ဝင်ပေါင်းများစွာ အသင်းအဖွဲ့ကို စီမံခန့်ခွဲနိုင်ဖို့ဟာ ခေါင်းဆောင်မှုပညာဖြစ်ပါတယ်။

ကမ္ဘာမှာ ခေါင်းဆောင်သူတိုင်း လက်ကိုင်ထားကျင့်သုံးတဲ့ Leverage Power ဆိုတာ ရှိပါတယ်။ (အားလုံးပဲ ငယ်ငယ်တုန်းက သင်ခဲ့ဖူးတဲ့ ကုတ်ရဲ့တွန်းအားပင်ဖြစ်ပါတယ်)။ သဘောမှာ မိမိမရွှေ့နိုင်တဲ့ ကြီးလေးတဲ့ အရာတွေကို ကုတ်ရဲ့တွန်းအားနဲ့ ရွှေ့နိုင်တယ်ဆိုတဲ့ သဘောပင်ဖြစ်ပါတယ်။ ခေါင်းဆောင်သူတစ်ယောက်အနေနဲ့လည်း မိမိ

တစ်ဦးတည်း ကြိုးပမ်း၍ မပြီးနိုင်သော ရည်မှန်းချက်ရလဒ် များစွာကို ကုတ်ရဲ့တွန်းအားနဲ့ ရွေ့နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

Leadership Leverage ခေါင်းဆောင်မှုကုတ် တွန်းအားဆိုတာ (Team အသင်းအဖွဲ့၏ စွမ်းအား) ကို ဆို လိုပါတယ်။ ၂၀ % သော ခေါင်းဆောင်မှု၏ အလုပ်ပြီး မြောက်အောင်မြင်မှုထက် - ၈၀ % သော အသင်းအဖွဲ့၏ အလုပ်ပြီးမြောက်အောင်မြင်မှုဟာ ပိုများနေပါလိမ့်မယ်။

(ဥပမာအားဖြင့် - မြန်မာ့နိုင်ငံမှာ ဝန်ထမ်းပေါင်း ၅၀၀၀ ရှိတဲ့ အဖွဲ့အစည်းတစ်ခုလုံး၏ အလုပ်ပြီးမြောက်မှုဟာ ခေါင်းဆောင်သူပိုင်ရှင်တစ်ဦး၏ လုပ်အားထက်အဆပေါင်း များစွာ ပြီးမြောက်အောင်မြင်တယ်ဆိုတဲ့ သဘောပင်ဖြစ်ပါ တယ်)။ ခေါင်းဆောင်မှု လျှို့ဝှက်ချက်ဟာ Team ရဲ့ အားပင် ဖြစ်သလို၊ ရလဒ်များစွာ ပြီးမြောက်အောင်မြင်ဖို့ဟာလည်း Team ရဲ့ စွမ်းဆောင်မှုအားပင်ဖြစ်ပါတယ်။

***“ထူးချွန်သော ခေါင်းဆောင်တစ်ယောက်၏ အရည် အချင်းဆိုတာ နောက်ကွယ်မှာရှိသော အဖွဲ့ဝင်များ၏ အလုပ် ပြီးမြောက်မှုသို့ စီမံခန့်ခွဲနိုင်ခြင်း”*** ဟု ဆိုထားပါတယ်။

ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ မိမိကို စီမံဦးဆောင်တာထက်၊ အသင်းအဖွဲ့ကို စီမံဦးဆောင်ဖို့၊ အသင်းအဖွဲ့ကို တိုးတက်အောင် စီမံဦးဆောင်ဖို့ဟာ အရေးကြီးဖြစ်တာမို့၊ ခေါင်းဆောင်ကောင်းတိုင်းဟာ မိမိကဲ့သို့ ခေါင်းဆောင်များစွာ၊ စီမံခန့်ခွဲနိုင်သူများစွာကို မွေးထုတ်စီမံ ဦးဆောင်သွားဖို့ဟာ ခေါင်းဆောင်မှုသဘောတရား၏ လျှို့ဝှက်ချက်ဖြစ်ပါတယ်။

နောက်လိုက်မွေးဖွားသော ခေါင်းဆောင်




ခေါင်းဆောင်မွေးဖွားသော ခေါင်းဆောင်




**Leader never born Follower**

**ခေါင်းဆောင်ဆိုတာ နောက်လိုက်မမွေး**

**Leader born Leader**

**ခေါင်းဆောင်များသာ မွေးထုတ်ပေး၏**

ကမ္ဘာမှာ ထင်ရှားတဲ့ အဆိုအမိန့်အရ ခေါင်းဆောင်တွေဟာ နောက်လိုက်တွေကို ဘယ်တော့မှ မမွေးထုတ်ပါဘူး။ ခေါင်းဆောင်တွေဟာ ခေါင်းဆောင်တွေဖြစ်အောင်ပဲ မွေးမြူထုတ်ပါတယ်။ ဘာကြောင့်လဲ စဉ်းစားကြည့်ရင်. . .

- ခေါင်းဆောင်မှာရှိတဲ့ (၁၀၀ %) စွမ်းရည်ကို နောက်လိုက်သို့ (၅၀ %) သာ ပေးလိုက်လျှင်
- ထိုနောက်လိုက်မှ (၅၀ %) ရရှိတဲ့စွမ်းရည်ကို နောက်လိုက်သို့ (၂၅ %) ပေးလိုက်တော့ရင်
- နောက်ဆုံးမှာ စွမ်းရည်ကျဆင်းသော ဦးဆောင်မှု နောက်လိုက်မှုများ ဖြစ်လာပြီး အနာဂတ် ဦးဆောင်မှုဟာ ကြောက်စရာကောင်းသွားပါလိမ့်မယ်။

ဒါကြောင့် ခေါင်းဆောင်ရဲ့ တာဝန်ဆိုတာ ခေါင်းဆောင်ကောင်းတွေကို မွေးထုတ်ဖို့ပါပဲ။ နောက်လိုက်တွေကို မွေးထုတ်နေမိရင်တော့ ထိုခေါင်းဆောင်သူဟာ ခေါင်းဆောင်သူလို့ မဆိုနိုင်ပါဘူး။ ခေါင်းဆောင်မွေးထုတ်နေသလား။ နောက်လိုက်မွေးထုတ်နေသလား ဆိုတဲ့အချက်နဲ့ပတ်သတ်ပြီး (Delegation အလုပ်ခွဲဝေမှု ပေးနေသလား) သို့မဟုတ် (Authority လုပ်ပိုင်ခွင့် ပေးနေသလား) ဆိုတဲ့ အချက်

(၂-ခ) ကို ပြန်လည်သုံးသပ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ဦးအနေနဲ့ အလုပ်တွေကို (delegation) တာဝန်ခွဲဝေပေးခြင်းဟာ မိမိရဲ့နောက်မှာ follower တွေပဲတိုးတက်စေပြီး၊ အလုပ်တွေကို (Authority) လုပ်ပိုင်ခွင့်ပေးခြင်းဟာ မိမိသကဲ့သို့ ခေါင်းဆောင်တွေကို ဖန်တီးနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် အားလုံးပါဝင်ကြိုးပမ်းမှ အောင်မြင်မည့် မိမိရည်မှန်းထားသော ပန်းတိုင်သို့ ဦးဆောင်တဲ့အခါမှာ မိမိရဲ့ Follower တွေကို ခေါင်းဆောင်သူတွေဖြစ်အောင် မွေးဖွားဦးဆောင်ပေးဖို့ကလည်း အရေးကြီးပါတယ်။ ဒါကြောင့်လည်း ခေါင်းဆောင်တစ်ဦးအနေနဲ့ Delegation တာဝန်ပေးတာထက် Authority လုပ်ပိုင်ခွင့် ပေးလာနိုင်ပြီဆိုရင် Follower တွေမှတဆင့်ထက်တိုးတက်ပြီး Leadership ဦးဆောင်မှုမြင့်တက်လာပြီး၊ မိမိနဲ့ လက်တွဲပြီးတော့ မိမိရည်မှန်းချက်ကို ပူးပေါင်း ကြိုးစားဆောင်ရွက်နိုင်သော Future Leader အနာဂတ်ခေါင်းဆောင်တွေ များစွာပေါ်ထွန်းလာပြီး မိမိရည်မှန်းချက်ကို အမြန်ဆုံးနဲ့အထိရောက်အောင်မြင်ဆုံး ဦးဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ ခေါင်းဆောင်သူဖြစ်ဖို့ ခေါင်းဆောင်တွေကို မွေးထုတ်ဖို့သာ ခေါင်းဆောင်တစ်ဦးရဲ့ တာဝန်ပါပဲ။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

လိုရာဆန္ဒပြည့်စုံဖို့လား (အချက် ၅ ချက်)

(၁) သဒ္ဓါ (ယုံကြည်ချက်ရှိမှု)

(၂) သီလ (ရိုးသားကြိုးစားမှု)

(၃) သုတ (လေ့လာသင်ယူမှု)

(၄) စာဂ (ပေးကမ်းလှူဒါန်းမှု)

(၅) ပညာ (မှားမှန်ခွဲခြားသိမြင်မှု)

ဒီအချက် (၅) ချက် ပြည့်စုံနေမှုဟာ အရာရာလိုအင်ဆန္ဒ ပြည့်စုံနိုင်မည်။

## ခေါင်းဆောင်မှု ဥပမာ

*********



Colonel Harland Sanders onf KFC ကြက်ကြော်ဆိုင်ကို စတင်တည်ထောင်ခဲ့သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ Sanders ကို စက်တင်ဘာလ ကိုးရက် ၁၈၉၀ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ခြောက်နှစ်သားအရွယ်တွင် သူ၏ ဖခင်ဆုံးပါးသွားခဲ့ပြီး အသက်ငယ်ငယ်ဖြင့် အလုပ်မျိုးစုံလုပ်ခဲ့ရသည်။ အသက်လေးဆယ်တွင် ဆာလောင်နေသော ခရီးသွားပြည်သူများ အဆင်ပြေစေရန် Kentucky တွင် Service Station တစ်ခု ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်းတွင် စားသောက်ဆိုင် တစ်ခုအနေဖြင့် လုပ်ဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ် Sanders ၏ အသက် ၆၂နှစ် တွင် Chicken Business ကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပီး ယခုအခါ ဆိုင်ခွဲပေါင်းများ

စွာဖြင့် ကမ္ဘာတစ်ဝှမ်းတွင် KFC လူတိုင်းသိတဲ့ အောင်မြင်ကျော်ကြားသောလုပ်ငန်းတစ်ခုအနေဖြင့်တည်ရှိနေခဲ့ပါတယ်။ နိုင်ငံအသီးသီးမှာ ခေါင်းဆောင်သူ မပါပဲ အောင်မြင်တဲ့ လုပ်ငန်းတစ်ခုကို ဖန်တီးနိုင်ဖို့ KFC – Founder ကြီး၏ စီမံခန့်ခွဲဦးဆောင်ခဲ့ပုံမှာလေးစားဖွယ်ကောင်းလောက်အောင်ပင် ဖြစ်ပါတယ်။

“One has to remember that every failure can be a stepping-stone to something better”

**ကျရှုံးမှုတိုင်းဟာ နောက်ခြေလှမ်းအသစ်တစ်ခုစတင်ဖို့အတွက် ပိုမိုကောင်းမွန်တဲ့အခွင့်အလမ်းတစ်ခုဖြစ်နိုင်တယ်ဆိုတာ အမှတ်ရပါ**

“Have ambition to work, willingness to work and integrity in what you do”

သင်လုပ်မယ့်အလုပ်အတွက်ရည်မှန်းချက်ထားရှိပြီး သင်ဘာလုပ်မလဲဆိုတာကို ရှင်းရှင်းလင်းလင်းသိပြီး လုပ်ချင်တဲ့ စိတ်ဆန္ဒပြင်းပြမှုရှိဖို့ လိုအပ်တယ်။

# Power
# (12)

## နောက်လိုက်သူဟာ

"I Am Zero" စိတ်နဲ့ သိမ်ငယ်တယ်

## ခေါင်းဆောင်သူဟာ

"I Am Hero" စိတ်နဲ့ သတ္တိရှိတယ်

## I AM LADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



# 12

## Competition Power of Leadership

## (ယှဉ်ပြိုင်ခြင်းစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Competition Power သည် ဝါးစည်းနဲ့ တူပါတယ်။

ဝါးတစ်ချောင်းချင်းစီကို ချိုးတဲ့ အခါမှာ ကျိုးပေမယ့်

ဝါးစည်းကို ချိုးတဲ့ အခါမှာ မကျိုးနိုင်သလိုပဲ၊

ယှဉ်ပြိုင်တဲ့ အခါမှာ စုစုစည်းစည်းနဲ့ ပြိုင်သွားနိုင်ရင်

စုပေါင်းမှုနှင့် အရာရာမှာ အောင်မြင်နိုင်ပါတယ်။

ယနေ့ခေတ်ယှဉ်ပြိုင်မှုကြီးမားလာတဲ့ခေတ်မှာအောင်မြင်ရေးမှာဖြစ်စေ၊ စီးပွားရေးမှာဖြစ်စေ၊ နိုင်ငံရေးမှာဖြစ်စေ နယ်ပယ်အသီးသီးမှာ ယှဉ်ပြိုင်တိုးတက်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ခေတ်နဲ့အညီ ယှဉ်ပြိုင်တိုးတက်ဖန်တီးရမှာမို့ ဦးဆောင်သူတစ်ယောက်အနေနဲ့ Competitive Leadership ယှဉ်ပြိုင်ဦးဆောင်ခြင်း ဥပဒေသများကို လေ့လာပြီး မိမိရဲ့ နယ်ပယ်မှာရှိနိုင်တဲ့ ပြိုင်ဘက်တွေနဲ့ပြိုင်ပြီး၊ Competitive Advantage ယှဉ်ပြိုင်လာမှုရဲ့ အားသာချက်ကို ရယူပြီး ၂၁ ရာစုခေတ်မှာ ဦးဆောင်အောင်မြင်သွားဖို့ အားပေးလိုက်ပါတယ်။

Competition ယှဉ်ပြိုင်ဦးဆောင်မှုမှာ ပုံစံ (၂-မျိုး) နဲ့ ပြန်လည်တိုက်ခိုက်မလား၊ ခုခံကာကွယ်မလားဆိုတာ စဉ်းစားပြီး တိုးတက်မြန်ဆန်စွာ ဦးဆောင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။

(၁) Attack Competition (**တိုက်ခိုက်ယှဉ်ပြိုင်ခြင်း**) **နှင့်**

(၂) Defence Competition (**ကာကွယ်ယှဉ်ပြိုင်ခြင်း**)

ဟူ၍ ဖြစ်ပါတယ်။

## (Defence Strategy) ကာကွယ်ယှဉ်ပြိုင်မှု မဟာဗျူဟာ

မိမိရဲ့အသင်းအဖွဲ့ (သို့) မိမိအဖွဲ့အစည်းရဲ့ စုပေါင်းအားကို စုစည်းထားပြီး ကာကွယ်ထားရမှာဖြစ်သလို၊ ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးပြီးတော့ ကာကွယ်ထားရမှာဖြစ်ပါတယ်။ (ဥပမာ- စစ်တိုက်တယ်ဆိုရင် တောင်ပေါ်မှတိုက်တဲ့ စစ်တပ်က အနိုင်ရရှိမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ကာ နေရာကောင်း အသာစီးရခြင်းကြောင့် ဖြစ်ပါတယ်။) ယနေ့ခေတ် ယှဉ်ပြိုင်တိုးတက်မှုမှာ ပြန်လည်ခုခံကာကွယ်တတ်ဖို့ လိုသလို အများထက်သာလွန်အောင် လုပ်ပြနိုင်ခြင်းဟာလည်း ယှဉ်ပြိုင်မှုကို ကာကွယ်ပြီးသားဖြစ်သလို၊ အများကိုလည်း ယှဉ်ပြိုင်အနိုင်ယူပြီးသား ဖြစ်စေပါတယ်။ ဦးဆောင်သူတစ်ယောက်အနေနဲ့ အခြေအနေအပေါ်မူတည်ပြီး ကာကွယ်ယှဉ်ပြိုင်မှု မဟာဗျူဟာများအတိုင်း မိမိနယ်ပယ်မှာရှိတဲ့ ယှဉ်ပြိုင်မှုတွေကို ဦးဆောင်အောင်မြင်သွားနိုင်မှာဖြစ်ပါတယ်။

## (Attack Strategy) တိုက်ခိုက်ယှဉ်ပြိုင်မှု မဟာဗျူဟာ

ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ ယှဉ်ပြိုင်တဲ့အ

ခါ အခြေအနေတစ်ခု၊ အဖွဲ့အစည်းတစ်ခု အားပြိုင်လာတဲ့ အခါ ကိုယ့်ဘက်က အလုံးအရင်းနဲ့ တိုက်ခိုက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ (ဥပမာ - စစ်ပွဲတစ်ခုမှာ ရန်သူကို တိုက်ခိုက်ချေမှုန်းတဲ့အခါ အလုံးအရင်းနဲ့ စုစုစည်းစည်း ဝင်ရောက်တိုက်ခိုက်နိုင်မှသာ ယှဉ်ပြိုင်ဘက်ရန်သူတွေကို အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။) နံပါတ် (၂) ကတော့ အရေးကြီးတယ်လို့ဆိုရမယ် ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါမှာ သူ့ကို မတိုက်ခိုက်ပဲနဲ့ သူ့ထက်သာအောင် ဖန်တီးခြင်းလို့ခေါ်တဲ့ (Creation) ဖန်တီးမှုတွေလုပ်ဖို့လည်း စဉ်းစားရမှာဖြစ်ပါတယ်။

(ဥပမာ - မြင်းလှည်းတွေ ခေတ်စားနေချိန်မှာ မြင်းလှည်းကို မယှဉ်ပြိုင်ပဲ၊ မတီထွင်ပဲ မော်တော်ကားကိုတီထွင်နိုင်တဲ့သူတွေဟာ မြင်းလှည်ဈေးကွက်ကို ဦးဆောင် အောင်မြင်သွားနိုင်သလိုပါပဲ။ ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ ဆန်းသစ်တီထွင်မှုတွေနဲ့ မိမိရဲ့ပြိုင်ဘက်တွေကို ကျော်လွန်အောင် ယှဉ်ပြိုင်နိုင်တတ်ဖို့ အရေးကြီးပါတယ်။




**Competition Leadership**

ယှဉ်ပြိုင်မှုမဟာဗျူဟာမှာ အဓိကဖြစ်တဲ့ (Guerilla) လို့ခေါ်တဲ့ ပျောက်ကျားစနစ်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့ ပုံစံဖြစ်ပါတယ်။ မိမိရဲ့ပြိုင်ဘက်တွေ သတိမထားမိတဲ့အချိန်၊ ပြိုင်ဘက်တွေ တစ်ကယ်အငိုက်မိတဲ့ အချိန်ကိုစောင့်ပြီးတော့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဉာဏ်အမြော်အမြင်ရှိရှိနဲ့ ဦးဆောင် ယှဉ်ပြိုင်မယ်ဆိုရင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ခေါင်းဆောင်သူတို့အတွက် (Competition ယှဉ်ပြိုင်ခြင်း နိယာမ) သဘောတရားများကို ကောင်းစွာနားလည်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ နိုင်ငံတစ်ခုကို ယှဉ်ပြိုင်တဲ့အခါမှာလည်း နိုင်ငံတိုင်းမှာ ပြိုင်ဘက်ဆိုတာ ရှိပါတယ်။ ပါတီ ပါတီတိုင်းကို ယှဉ်ပြိုင်ဦးဆောင်တဲ့ အခါမှာလည်း

ပါတီပြိုင်ဘက်ဆိုတာ ရှိပါတယ်၊ စီးပွား စီးပွားရေးကို ယှဉ်ပြိုင် တိုးတက်တဲ့ အခါမှာလည်း စီးပွားပြိုင်ဘက်ဆိုတာ ရှိကြတဲ့ အခါမှာ မိမိရဲ့ပြိုင်ဘက်တွေကို ဦးဆောင်ယှဉ်ပြိုင်မှုနဲ့ ပတ်သတ်ပြီးတော့. . .

- Defenece Strategy ခုခံကာကွယ်တဲ့ မဟာဗျူဟာကို သုံးပြီးဦးဆောင်မလား။

- Attack Strategy ထိုးစစ်တိုက်ခိုက်တဲ့ မဟာဗျူဟာနဲ့ ဦးဆောင်သွားမလားဆိုတာ ယနေ့ခေတ် ယှဉ်ပြိုင်တိုးတက်လာမှုရဲ့ ခေါင်းဆောင်မှု မဟာဗျူဟာတစ်ခုပင်ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ယှဉ်ပြိုင်ခေါင်းဆောင်မှု ဘောလုံးအသင်းနဲ့တူတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ (ဥပမာ - ဘောလုံးအသင်းမှာ Defence ခံစစ်နဲ့ ဆော့မယ်ဆိုရင်တော့ဖြင့် ခံစစ်ဆိုတဲ့အတိုင်းပဲ သရေကျရင်ကျမယ် သို့မဟုတ် ရှုံးနိမ့်နိုင်မှာဖြစ်နိုင်ပါတယ်။ Attack တိုက်စစ်နဲ့ ဆော့နိုင်မှသာလျှင် သရေကျရင်ကျမယ်။ မကျရင် နိုင်ကောင်းနိုင်နိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်ထားနိုင်မှာ ဖြစ်ပါတယ်။ ယှဉ်ပြိုင်ဦးဆောင်မှုမှာ အရှုံးကိုလက်မခံချင်လျှင် အနိုင်ရအောင်ကြိုးစားပါ၊ အနိုင်ရအောင်မကြိုးစားနိုင်လျှင် အရှုံးကိုသာလက်ခံရမှာဖြစ်ပါတယ်။

## Leadership Courage (ခေါင်းဆောင်မှု ရဲစွမ်းသတ္တိ)

(ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ အရေးကြီးဆုံး ရှိသင့်တဲ့စွမ်းရည်ကတော့ (Courage) သတ္တိဖြစ်ပါတယ်။ ခေါင်းဆောင်တိုင်း သတ္တိရှိဖို့ လိုအပ်ပါလိမ့်မယ်။ ***သတ္တဆို တာ မကြောက်တာကို ပြောတာမဟုတ်ပါဘူး။ ကြောက် သော်ငြားလည်း လုပ်ရဲတဲ့စိတ်ရှိတာကို သတ္တိရှိတယ်လို့ ခေါ်ပါ တယ်။ သတ္တိဆိုတာ အရာရာကို မိုက်မိုက်မဲမဲလုပ်တာလည်း မဟုတ်ပါဘူး၊ လုပ်သင့်တာကို လုပ်ရဲတာသတ္တိ၊ မလုပ်သင့် တာကို မလုပ်တာလည်း သတ္တိရှိခြင်းပါပဲ။***

ဘယ်လိုအခြေအနေမျိုးမှာ ပိုပြီးတော့ သတ္တိရှိရမလဲ။ ခေါင်းဆောင်တစ်ယောက်အနေနဲ့ အများတွေက အမှန်ဖြစ် နေတဲ့အခါမှာ အမှန်တရားကို ပြောရဲဖို့အတွက် သတ္တိရှိဖို့လို အပ်မှာ ဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ယောက်အနေနဲ့ အခြေ အနေတွေက ကျဆုံးတော့မယ့် အခြေအနေမှာ ကျရှုံးမှုတွေကို အချိန်မှီတားဆီးနိုင်ဖို့အတွက် အားလုံးကိုလည်း သတိပေးပြော ရဲတဲ့ သတ္တိရှိဖို့လိုအပ်မှာ ဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ယောက်အနေနဲ့ လူဆိုး၊ လူကောင်း

တွေနဲ့ တွေ့တဲ့အခါမှာ လူဆိုးတွေကိုလည်း ဆုံးမပြောဆိုရဲတဲ့ သတ္တိရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

(ယှဉ်ပြိုင်ဘက်တွေကို ယှဉ်ပြိုင်နိုင်စွမ်းသော သတ္တိ၊ အမှားတွေနဲ့ တိုက်ခိုက်မှုတွေကို တုန့်ပြန်ရဲသော သတ္တိ၊ အသင်းအဖွဲ့အတွင်း မဟုတ်မမှန်မှုတွေကို သတ္တရှိရှိ ပြောဆို ဦးဆောင်နိုင်စွမ်းသော သတ္တိ) စတဲ့ သတ္တိအမျိုးမျိုးရှိဖို့ဟာလည်း အဓိကဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ယောက်အနေနဲ့ အခြေအနေတစ်ခုကို ဦးဆောင်တဲ့အခါမှာ ဒီသတ္တိကို အလိုက်သင့်သုံးပြီးတော့ ဦးဆောင်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ (မြွေဆိုတာ အန္တရာယ်ကြုံလာရင် အဆိပ်နဲ့ကာကွယ်သလို၊ ခေါင်းဆောင်သူဟာလည်း ဆုံးရှုံးနိုင်မှုဖြစ်လာလျှင် သတ္တိနဲ့ကာကွယ်ပြီး အဖွဲ့အစည်းအောင်မြင်ရေးသို့ ကြိုးစားဦးဆောင်သွားရမှာဖြစ်ပါတယ်။ ဦးဆောင်တဲ့အခါမှာ ယှဉ်ပြိုင်မှုကို မကြောက်ပဲ။ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မိမိအသင်းအဖွဲ့ကို စုစုစည်းစည်းဦးဆောင်ပြီး၊ ဖြစ်ပေါ်လာတဲ့အခြေအနေပေါ်မှာ ခုခံသော မဟာဗျူဟာ၊ ဖြစ်ပေါ်လာတဲ့ အခြေအနေအလိုက် အနိုင်ရရှိအောင် ပြန်လည်တိုက်ခိုက်သော မဟာဗျူဟာ စသ

ဖြင့် အခြေအနေနဲ့ အချိန်အခါပေါ်မူတည်ပြီးတော့ အလိုက်သင့် ဦးဆောင်နိုင်ပြီး ခေတ်ပြိုင် အဖွဲ့အစည်းအသီးသီးနဲ့ ယှဉ်ပြိုင်နေရသော အားလုံးသောခေါင်းဆောင်များကို တိုးတက်အောင်မြင်နိုင်ပါစေလို့ အနာဂတ် ခေါင်းဆောင်တွေအတွက် အမှန်တရားကိုမြတ်နိုးသော ခေါင်းဆောင်စိတ်များ နိုးကြားစေဖို့ သတ္တိရှိရှိကြိုးစားပြီး၊ မှန်မှန်ကန်ကန်ဦးဆောင်ပြီး၊ တိုးတက်အောင်မြင်နိုင်ပါစေ အားပေးလိုက်ပါရစေ။

**တပါးသူကို ကျရှုံးအောင်လုပ်ခြင်းဖြင့် - ကိုယ်တိုင် အောင်မြင်မှုမရနိုင်ဘူး**

**တပါးသူကို မုန်းတီးအောင်လုပ်ခြင်းဖြင့် - မိမိကို လူအများမချစ်စေနိုင်ဘူး**

**တပါးသူကို မှားအောင်လုပ်ခြင်းဖြင့် - မိမိကိုယ်တိုင် အမှန်တရားမရစေနိုင်ဘူး**

**တပါသူကို ဆင်းရဲအောင်လုပ်ခြင်းဖြင့် - ကိုယ်တိုင် ချမ်းသာမှုကိုမဖြစ်စေနိုင်ဘူး**

**တပါးသူကို မကောင်းပြောဆိုခြင်းဖြင့် - မိမိကိုယ်တိုင် ကောင်းခြင်းတွေမဖြစ်စေနိုင်ဘူး**

**တပါးသူ တက်လမ်းကို ပိတ်ဆိုခြင်းဖြင့် - မိမိကိုယ်တိုင် တိုးတက်လမ်းကို မရောက်စေနိုင်ဘူး**

ယှဉ်ပြိုင်တိုးတက်ရေးနှင့်ပတ်သတ်ပြီး (Alibaba) ထူထောင်သူ Jack Ma ရဲ့ အကြံပေးချက်ဖြစ်တဲ့ ယှဉ်ပြိုင်ဦးဆောင်ကြတဲ့အခါမှာ မာရသွန်အပြေးပြိုင်ပွဲတစ်ခုနှင့် တူပါ

တယ်။ မာရသွန်အပြေးပြိုင်ပွဲမှာ ပွဲထွက်စတင်ယှဉ်ပြိုင်တဲ့ အခါမှာ လူ(၁၀-ဦး) လောက်နှင့်ပြိုင်ရပြီး၊ ပြေးရင်း ပြေးရင်း နဲ့ အချိန်ကြာလာတဲ့အခါ တစ်ဝက် (၅)ဦးလောက်ပဲ ယှဉ်ပြိုင် ရတော့ပြီး၊ နောက်ဆုံး ပန်းဝင်သွားလို့ နံပါတ် (၁) ဖြစ် အောင် ပြေးနိုင်ပြီ ဆိုရင်တော့ဖြင့် မည်သူနှင့်မျှ ပြိုင်စရာ မလိုတော့ပဲ ပြိုင်ဘက်ကင်းဦးဆောင်နိုင်တယ်ဆိုတဲ့ ယှဉ်ပြိုင် ခြင်း သာဓကကိုဆောင်လျှက် - ယှဉ်ပြိုင်နေဖို့လိုအပ်ပြီး၊ အများထက်သာအောင် ပြေးနိုင်ဖို့၊ အရှေ့ကိုရောက်အောင် ကြိုးစားနိုင်ဖို့ဟာ အရေးကြီးဆုံး ယှဉ်ပြိုင်မှု ဥပဒေသပဲ ဖြစ် ပါတယ်။ ယှဉ်ပြိုင်ဦးဆောင်မှုဟာ မာရသွန်အပြေးပြိုင်ပွဲဆို လျှင် (First - ပထမဆုံးပြေးနိုင်သူဖြစ်ဖို့)၊ (Fast - အမြန် ဆုံးပြေးနိုင်သူဖြစ်ဖို့) နဲ့ (Far - အဝေးဆုံးပြေးနိုင်သူဖြစ်ဖို့) ဆိုတဲ့ 3-F Competitive ယှဉ်ပြိုင်ဦးဆောင်ရမှာဖြစ်ပါတယ်။

## 3-F Competitive Leadership

### ယှဉ်ပြိုင်ဦးဆောင်မှု

ယနေ့ခေတ်ရဲ့ဦးဆောင်နေကြတဲ့ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ နယ်ပယ်အသီးသီးမှာ ယှဉ်ပြိုင်မှုဟာ

လူတိုင်းလူတိုင်း ဦးဆောင်သူတိုင်းမှာ ယှဉ်ပြိုင်ဦးဆောင်မှု ဆိုတာရှိလာခဲ့ပြီဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုနဲ့ပတ်သက်ပြီးတော့ 3F ယှဉ်ပြိုင်ဦးဆောင် အောင်မြင်ဖို့ အားပေးလိုက်ပါရစေ။

**The First (အဦးဆုံးဖန်တီးပါ)**

ပြိုင်ပွဲတစ်ခုမှာ ပထမဦးဆုံး စတင်ပြေးတဲ့သူဟာ ပန်းတိုင်ဦးဆုံးရောက်နိုင်သလို၊ အများတွေမလုပ်သေးတဲ့ အရာတွေကို ဦးဆုံးတီထွင်ဦးဆောင်သူတွေဟာ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

The Fast **(အမြန်ဆုံးပြုလုပ်ပါ)**

ပထမဦးဆုံးပြေးတဲ့သူဖြစ်ပေမဲ့ အမြန်ပြေးနိုင်တဲ့သူ-ဖြစ်မှ ပြိုင်ပွဲကိုအနိုင်ရရှိမှာဖြစ်ပါတယ်။ အများနဲ့ ယှဉ်ပြိုင်တဲ့ ခေတ်မှာ အမြန်ဆုံးကြိုးစားဦးဆောင်နေသူတွေသာအများ ထက်စောလျှင်အောင်မြင်နိုင်ပါတယ်။

**The Far (အဝေးဆုံး ခရီးဆက်ပါ)**

ပြိုင်ပွဲတစ်ခုကို အမြန်ဆုံးတော့ ပြေးနိုင်ပေမမယ့် အဝေးဆုံး ပြေးနိုင်သူသာနောက်ဆုံးပန်းတိုင်သို့ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ နယ်ပယ်အသီးသီးမှာနောက်ဆုံးအဆင့် အတိုး

တက်ဆုံးဖြစ်ဖို့ရာ အဝေးဆုံးခရီးအထိ ဆက်လက်ကြိုးစားနေသူ တွေသာအောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဦးဆောင်ယှဉ်ပြိုင်မှုကို သွားတဲ့အခါမှာ မာရသွန် အပြေးပြိုင်ပွဲနဲ့တူတယ်လို့ ဂျက်မားက ဆိုခဲ့ပါတယ်။ မာရသွန် အပြေးပြိုင်ပွဲမှာအဓိကကတော့ မိမိရောက်ချင်တဲ့ (Destination) ပန်းတိုင်ကိုသာ focus ကြည့်ပြီးတော့ ပြေးပါ။ မည်သည့် Competitors ကိုမှ မကြည့်ပါနဲ့။ ဥပမာ - မိမိကစက်ာပူကိုသွားမယ်လို့ရည်မှန်းထားရင် မိမိသွားချင်တဲ့ စက်ာပူကို မိမိအရင်ရောက်အောင် အမြန်ဆုံးရောက်အောင် ကိုယ်ဘယ်လိုသွားမလဲပဲစဉ်းစားပါ၊ ပြိုင်ဘက်ကို ကြည့်နေရုံနဲ့ စက်ာပူကို မရောက်စေနိုင်ပါဘူး။ ၂၁ ရာစု ယနေ့ခေတ် အနာဂတ်တိုးတက်လာမှုမှာ ယှဉ်ပြိုင်တိုးတက်မှုများစွာကြုံလာ ပါလိမ့်မယ်။ ဦးဆောင်သူတစ်ယောက်အနေနဲ့ များစွာယှဉ်ပြိုင် ရတဲ့အခါမှာ3 F Competition Leadership ပုံစံနဲ့ပထမ ဦးဆုံးနဲ့ အမြန်ဆုံးနဲ့ အဝေးဆုံးခရီးအထိယှဉ်ပြိုင်ဦးဆောင် နိုင်မှသာပြိုင်စံရှားဦးဆောင်နိုင်သော 21st Century Future Leader ၂၁ ရာစု အနာဂတ်ခေါင်းဆောင်သူများဖြစ် ပါစေအားပေးတိုက်တွန်းရေးသားလိုက်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ရန်သူ နဲ့ မိတ်ဆွေ ဆိုတာ ...?

ရန်သူ (မိမိတိုးတက်မှု မလိုလား ဝမ်းမသာသူ) ဥပက္ခာထားပါ

မိတ်ဆွေ (မိမိတိုးတက်မှု လိုလား ဝမ်းမြောက်သူ) မေတ္တာထားပါ

(ရန်သူ % နည်းအောင်ကြိုးစား) - (မိတ်ဆွေ % များအောင်ကြိုးစားပါ)

ရန်သူဆိုတာ (မီး) မိတ်ဆွေဆိုတာ (ရေ) ဆိုရင် (မီးကိုရေနဲ့ငြိမ်းအေးပါစေ)

(မိုးရွာတာ တား၍မရ ထီးနဲ့ကာ၍ သွားပါ) မည်သူမဆို မိတ်ဆွေ ရန်သူ မရှိ၍

မရပါ (ပညာ) နဲ့ ပေါင်းသင်းနေထိုင်ပါ

## ခေါင်းဆောင်မှု ဥပမာ

************



Donald John Trump ဟာ ၂၀၁၇ခုနှစ်၊January ၂၀ ရက်နေ့မှာမှာ တာဝန်လွှဲပြောင်းရယူခဲ့တဲ့ ၄၅ ဆက်မြောက် အမေရိကန် သမ္မတကြီးဖြစ်ပါတယ်။

တိကျပြတ်သားတဲ့ ဦးဆောင်သူ Trump ဟာ ဒေါ်လာဘီလျံပေါင်းများစွာ ကြွယ်ဝချမ်းသာလာစေမဲ့ ကမ္ဘာ့အဆင်မီ ဟိုတယ်တွေ Casino ကစားဝိုင်းတွေ Office Tower တွေကို တည်ဆောက်ပြုပြင်ခြင်းများစွာကို လုပ်ဆောင်ခဲ့ပါတယ်။

နှောင့်ယှက်အဟန့်အတားများ ရှိနေသော်ငြားလည်း Trump ဟာ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ မှာ Republican ပါတီကိုယ်စားပြုအဖြစ် ပြိုင်ဖက် Democratic ပါတီ ခေါင်းဆောင် Hillary Clinton ကို အံ့ဩဖွယ်အနိုင်ရရှိခဲ့ပါတယ်။

ဒါ့အပြင် Trump ဟာ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ နည်းပေးလမ်းညွှန်စာအုပ်များ ရေးသားခဲ့ရာ ကမ္ဘာနဲ့အဝှမ်း အောင်မြင်ကျော်ကြားမှုများ ရှိခဲ့ပါတယ်။

## ကြောက်တတ်တဲ့ ကြောင်လား ရဲရင့်တဲ့ ခြင်္သေ့လား



တခါက တောအုပ်တစ်ခုမှာ တောကြောင်များသည် အုပ်စုဖွဲ့၍ နေထိုင်လျှက်ရှိကြလေသည်။ တနေ့သောအခါ ထိုတောကြောင်အုပ်များ အပြင်အစာ ရှာထွက်ရင်း တောအုပ်၏အစပ်တွင်ရှိသော မြစ်ချောင်းငယ်တစ်ခုမှ (အကောင်လေး) တစ်ကောင်သည် သစ်တုံးပေါ်တွင် မျော၍ပါလာခဲ့ပါတယ်။

ထိုအခါ တောကြောင်အုပ်တို့သည် (ထိုအကောင်လေး) အား မြင်လိုက်လျှင် သူတို့နှင့် အသွင်တူသည့် ထိုအကောင်လေးအား ကယ်ဆယ်လျှက် တော

ကြောင်လေးအဖြစ် မွေးစားလိုက်ပါတော့တယ်။ ဒီလိုနဲ့ ထိုအကောင်လေးသည် တောကြောင်များထဲ နေထိုင်ကြီးပြင်းလာခဲ့ပြီး တောကြောင်တွေကဲ့သို့ ပြုမူနေထိုင်ရင်း တောကြောင်လေးအဖြစ် နေထိုင်လျှက်ရှိပါတယ်။ တနေ့သောအခါ ထိုတောကြောင်အုပ်သို့ စားရန် ချဉ်းကပ်လာသော (ခြင်္သေ့ကြီး) သည် ထိုတောကြောင်အုပ်ကြီအား လန့်ဖြန့်အောင် လုပ်လိုက်ပြီး၊ တောကြောင်များ တစ်ကောင်နဲ့တစ်ကောင် အုပ်စုခွဲအောင် ခြောက်လှန့်လိုက်ပါတော့တယ်။ ထိုအခါ တောကြောင်အုပ်ထဲမှာ ကြီးပြင်းလာတဲ့ (ထိုအကောင်လေး) သည်လည်း အုပ်စုကွဲသွားပြီး တစ်ကောင်တည်း ကျန်နေပါတော့တယ်။

ဒီအခါမှာ (ခြင်္သေ့ကြီး) သည် ကြောက်လန့်ပြီး အော်နေသော ထို အကောင်လေးအား ဂုတ်မှ ဖမ်းယူလိုက်ကာ တောအုပ်၏ ရေစပ်သို့သွားပြီး (ထိုအကောင်လေး)အား၊ (မင်းကိုယ်မင်းလည်း ပြန်ကြည့်ပါအုံး)။

မင်းဟာ- (ကြောက်လန့်တဲ့ ကြောင်လား)- (ရဲရင့်တဲ့ ခြင်္သေ့လား) ဆိုတာ. . .

ထိုအခါမှာ ထိုအကောင်လေးသည် မိမိကိုယ်တိုင် ရေနဲ့ပြန်ကြည့်ပြီး (ခြင်္သေ့ဖြစ်နေမှန်း) သိလိုက်ပါတော့တယ်။

တောကြောင်တွေကြားမှာ ကြီးပြင်းလာတဲ့ (ခြင်္သေ့) သည်ပင် တောကြောင်များနဲ့နေလျှင် တောကြောင်ကဲ့သို့ ပြုမူနေထိုင်ရင်း ပင်ကိုယ်ရှိနေတဲ့ အရည်အချင်းအစစ်တွေ ဖုံးလွှမ်းသွားပြီး ပတ်ဝန်းကျင်မှ အတူတူနေထိုင် ကြီးပြင်းတဲ့- (ကြောင်) စိတ်နဲ့အတူ ကြောက်စိတ်တွေဝင်သွားတက်ပါတယ်။

ထိုနည်းတူပဲ- လူတိုင်းသည်ပင် (Hero သူရဲကောင်းဖြစ်ပါစေ) နေထိုင်တဲ့ ပတ်ဝန်းကျင်အပေါ်မူတည်ပြီး အပြုအမူ၊ စိတ်ဓါတ်၊ အရည်အချင်းတွေဟာ မတူညီစွာပြောင်းလဲသွားတက်ပါတယ်။

ဒီသင်ခန်းစာကို နှလုံးသွင်းလျှက် လူတိုင်းမူလစိတ်တို့သည် အတိုင်း အဆမသိတဲ့ (စိတ်စွမ်း

အင်)(ခန္ဓာကိုယ်ရဲ့စွမ်းအား)တန်ဖိုးရှိသော လူသား တို့ ပင်ဖြစ်ပါတယ်။ ယုံကြည်လိုက်ပါ ကိုယ်သည် (ခြသေ့်) ပမာ စွမ်း အားရှိ သူတွေပါ။ ကိုယ်တိုင်သာ ကိုယ်တိုင် ပြန်မြင်လျှက် (ရဲဝင့်စိတ်) (ယုံကြည် စိတ်) အပြည့်နဲ့ (Zero to Hero) သုညဘဝဖြစ်ပါစေ။ သူရဲကောင်း ဘဝသို့ ပြန်လည်ကူးပြောင်းဖန်တီးနိုင်တယ်ဆိုတာ ယုံ ကြည်လိုက်စေချင်ပါတယ်။

မှန်ကြည့်တိုင်း ငါသည် (ခြသေ့်ပမာ) ရဲစွမ်း သတ္တိရှိသူ၊ (သူရဲကောင်းပမာ) စွမ်းအားရှိသူအဖြစ်နဲ့- အနာဂတ်မနက်ဖြန်တွေကို ရဲဝင့်သတ္တိရှိစွာ ဦးဆောင် နိုင်သူဖြစ်ဖို့ပါ။

I am Hero – not Zero (ငါသည် သုည မဟုတ် ရဲစွမ်းသတ္တိရှိသူနေသူ ဖြစ်၏) I Am Leader of my Life (ငါသည် ငါ့ဘဝ၏ အရှင်သခင် ဦး ဆောင်သူ ဖြစ်တယ်ဆိုတဲ့ ရဲဝင့်သောစိတ်ဓါတ်တို့နဲ့ ယုံ ကြည်နေထိုင်သွားဖို့ အားပေးလိုက်ပါတယ်။

# Power (13)

## နောက်လိုက်သူဟာ

အလုပ်ကို နည်းနည်းနဲ့ နေးနေးလုပ်တယ်

## ခေါင်းဆောင်သူဟာ

အလုပ်ကို များများနဲ့ မြန်မြန်လုပ်တယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်

# 13

# Change Power of Leadership

## (ပြောင်းလဲနိုင်သောစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Change Power သည် ပိုးတုံးလုံးဘဝမှ ကူးပြောင်းလာတဲ့ လိပ်ပြာနဲ့ တူပါတယ်။ လှပတဲ့ လိပ်ပြာဆိုတာ အရုပ်ဆိုးတဲ့ ပိုးတုံးလုံးဘဝမှ ပြောင်းလဲလာသကဲ့သို့ အောင်မြင်တိုးတက်မှုဆိုတာ အခက်အခဲတွေကျော်ဖြတ်မှုမှ ပြောင်းလဲပေးခြင်းဖြစ်ပါတယ်။

**Same Activity = Same Result**

**(တူညီသော လုပ်ဆောင်မှုဟာ = တူညီသော ရလဒ်)**

**Change Activity = Change Result**

**(ပြောင်းလဲသော လုပ်ဆောင်မှုဟာ = ပြောင်းလဲသော ရလဒ်)**

လွယ်ကူရိုးရှင်းတဲ့ ပြောင်းလဲမှုသဘောကို အမေရိကန်၏ အောင်မြင်ရေးဟောပြောသူ Jim Rohn မှ အကြံပေးခဲ့ပါဘူးပါတယ်။ ပြောင်းလဲမှု တိုးတက်မယ်ဆိုတာ အားလုံးလက်ခံကြိုးစား ပြောင်းလဲဖို့ဖြစ်ပါတယ်။

လောကမှာ အပြောင်းအလဲတွေဟာ နေရင်းထိုင်ရင်းဖြစ်လာသလား၊ ခေါင်းဆောင်တစ်ဦးဦးမှ ဦးဆောင်ပြောင်းလဲမှုဖြစ်လာနိုင်မလား၊ခေါင်းဆောင်သူကတော့ပြောင်းလဲပြီဆိုပါစို့၊ ကိုယ်တိုင်ကရော မပြောင်းလဲသမျှ အပြောင်းအလဲဖြစ်လာပါ့မလား (ပြောင်းလဲတိုးတက်ရေး အတွေးမြင်) ဦးစွာပြောင်းလဲဖို့ကို အကြံပေးချင်မိပါတယ်။

မြန်မာနိုင်ငံမှာ ဘာကြောင့်မပြောင်းလဲသေးလဲဆိုရင် (ဗိုလ်ချုပ်ဆောင်ဆန်း) လို ခေါင်းဆောင်ကောင်းတွေ ပြန်ပေါ်လာနိုးနဲ့ ဟိုလူမျှော်၊ ဒီလူမျှော်နဲ့ (ခေါင်းဆောင်ကောင်းတွေ) မရှိတဲ့ ပြဿနာပါပဲ။




Who wants Change? **ဘယ်သူ အပြောင်းအလဲ (လိုချင်) သလဲ?**

လူတိုင်း လူတိုင်းပဲ အပြောင်းအလဲ လိုချင်ကြတာပေါ့။




Who wants to Change? **ဘယ်သူ အပြောင်းအလဲ (လုပ်ရန်) ရှိသလဲ?**

ဘယ်သူမှ မလုပ်ချင်ကြဘူး။ အပြောင်းအလဲ ဘယ်သူမှ စပြီးမလုပ်ကြဘူး။




Who wants to Lead the Change? **ဘယ်သူ အပြောင်းအလဲ (ဦးဆောင်) မလဲ?**

ဘယ်သူမှ ဦးဆောင်မည့်သူမရှိဘူး ခေါင်းဆောင်ပြီး ဘယ်သူလုပ်မလဲ မေးရင် သူ့မျှော်ကိုယ့်မျှော်နဲ့ ဘယ်သူမှမရှိသလိုဖြစ်နေကြပါတယ်။

**ကိုယ်ကလည်း သူ့မျှော်သလို - သူကလည်း ကိုယ့်မျှော်နေမှာပါ**
**နောက်ဆုံးတော့ ဘယ်သူမှ ခေါင်းဆောင်မဲ့သူမရှိတာဖြစ်နေပါတယ်**

- တိုးတက်နေပြီး ခေါင်းဆောင်တွေများနေတာ ပြဿနာ-မဟုတ်။
- မတိုးတက်ချိန် ခေါင်းဆောင်မဲ့သူ မရှိတာဟာ ပြဿနာဖြစ်တယ်။

သူလိုလို ကိုယ်လိုလို၊ ဟိုခေတ်လိုလို ဒီခေတ်လိုလိုနဲ့ပဲ ခေါင်းဆောင်တွေ ရှားပါးတဲ့ခေတ်ပါပဲ။ ယနေ့နယ်ပယ်အသီးသီးမှာ မတိုးတက်သေးရင်၊ ဆင်းရဲသေးရင် (ခေါင်းဆောင်မှု ပြဿနာ) ဟု ဆိုပါတယ်။

| | | |
|---|---|---|
| **လောကမှာ ပြောနေတဲ့သူ များတယ်** | - | **လုပ်တွေ့လုပ်မှ ပြီးနိုင်ပါလိမ့်မယ်** |
| **လောကမှာ စောင့်မျှော်နေတဲ့သူများတယ်** | - | **အခုထလုပ်မှ ပြီးနိုင်ပါလိမ့်မယ်** |
| **လောကမှာ အားကိုးတဲ့သူများတယ်** | - | **ကိုယ်ထူကိုယ်ထမှ ဖြစ်နိုင်ပါလိမ့်မယ်** |
| **လောကမှာ ဖြစ်ချင်တဲ့သူ များတယ်** | - | **မဖြစ်ဖြစ်အောင်လုပ်မှ ပြီးနိုင်ပါလိမ့်မယ်** |
| **လောကမှာ ဆုတောင်းနေတဲ့သူများတယ်** | - | **လက်တွေ့ကျင့်မှ ရနိုင်ပါလိမ့်မယ်** |

ခေါင်းဆောင်ကြီးတွေကိုကြည့်ရင် (လက်တွေ့ကြိုးစားဦးဆောင်ခဲ့ကြတာမြင်နိုင်ပါတယ်) ဒီစာအုပ်နဲ့အတူ အနာဂတ်ခေါင်းဆောင်လူငယ်တွေကို လက်တွေ့ဦးဆောင်ကြပါလို့

တိုက်တွန်းချင်မိတယ်။ (ကိုယ်လိုချင်တဲ့ အပြောင်းအလဲကို စိတ်ကူးယဉ်နေမလား၊ လက်တွေ့ရယူကြိုးစားမလား) ခေါင်းဆောင်တွေကို ကြည့်ရင် သူတို့ဖြစ်ချင်တဲ့ ယုံကြည်ချက်တွေကို မဖြစ်ဖြစ်အောင် လက်တွေ့ကြိုးစားခဲ့ကြတာကို မြင်ယောင်ပြီး ကြိုးစားစေချင်ပါတယ်။ (ဥပမာ တင်ပြရရင် - အခန်းထဲမှာ သော့ခတ်ပြီး ပိတ်ထားရင်တောင်မှ ၊ အပြင်ရောက်ဖို့ဆိုတာ သော့ရှာပြီးဖွင့်မလား၊ တခါးကိုချိုးဖျက်ပြီးတော့ အပြင်ထွက်နိုင်အောင်ကြိုးစားမလားဆိုတာ စဉ်းစားကြည့်စေချင်ပါတယ်)။

*ခေါင်းဆောင်တစ်ဦး ဘယ်လိုဖြစ်လာနိုင်မလဲ-?*

John C. Maxwell ရဲ့ ခေါင်းဆောင်ဖြစ်ဖို့ လျှို့ဝှက်ချက်သုသေသနတွေ့ရှိချက်အရဆိုရင်. . .

- **၅ % ဟာ (အခက်အခဲမှကျော်ဖြတ်ရင်းဦးဆောင်ခဲ့မှု)**
- **၁၀ % ဟာ (ပင်ကိုယ်ထူးချွန်မှုဗီဇကြောင့်ဖြစ်ပြီး)**
- **၈၅ % ဟာ (ခေါင်းဆောင်တစ်ဦးအား အားကျအတုယူပြီး ကြိုးစားမှု)**

အများစုသော (၈၅ %) ဟာ စံနမူပြဦးဆောင်အောင်မြင်ခဲ့သော (ခေါင်းဆောင်ကောင်း) များကို အားကျအတုခြင်းမှ ခေါင်းဆောင်မှုများတိုးတက်လာခြင်းပင်ဖြစ်ပါတယ်။

ဘာကြောင့်ခေါင်းဆောင်သူဟု တင်စားခေါ်ဝေါ်ခဲ့ကြသလဲ။ (အပြောင်းအလဲတစ်ခုကို ) ဖန်တီးကြိုးစားခဲ့လို့ဖြစ်

ပါလိမ့်မယ်။ ကမ္ဘာမှာထင်ရှားအောင်မြင်ခဲ့တဲ့ ခေါင်းဆောင်ကြီးများက ခေါင်းဆောင်မှုနဲ့ အပြောင်းအလဲဖန်တီးမှုကို လက်တွေ့သင်ပေးခဲ့ပါလိမ့်မယ်။ (စင်္ကာပူကို တံငါမြို့လေးမှ အာရှအတိုးတက်ဆုံး စင်္ကာပူနိုင်ငံကြီးဖြစ်အောင် ပြောင်းလဲဦးဆောင်ခဲ့တဲ့ (လီကွမ်ယူ) ကို ကြည့်မလား။ သူ့ကျွန်ဘဝရောက်နေတဲ့ မြန်မာနိုင်ငံကို လွတ်လပ်ရေးရဖို့ ပြောင်းလဲဦးဆောင်ခဲ့တဲ့ (ဗိုလ်ချုပ်အောင်ဆန်း) ကို ကြည့်မလား။ သေချာတယ် ခေါင်းဆောင်မှုသဘော၊ ဦးဆောင်သူရဲ့တာဝန်ဆိုတာ (အပြောင်းအလဲ) တွေကို သတ္တိရှိရှိ ဖန်တီးဖို့ပါပဲ။ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်လူမှုဝန်းကျင်မှ ယခုအခြေအနေကို မကျေနပ်နိုင်ပါ (အပြောင်းအလဲဖြစ်ဖို့) အားလုံးမျှော်လင့်နေကြပါလိမ့်မယ်။

အပြောင်းအလဲလို့ ဆိုတဲ့အခါမှာလည်း နေ့ချင်း၊ ညချင်း ပြောင်းလဲကြိုးစားဖို့ မဟုတ်ပါဘူး။ (၁၀-တန်းအောင် ပြောင်းလဲဖို့ဆိုတာတောင်မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့် ကြိုးစားပြောင်းလဲမှ ရနိုင်သလို) ပြောင်းလဲတိုးတက်မှုဆိုတာ အဆင့်ဆင့် ပြောင်းလဲယူမှ ရနိုင်ပါတယ်။ (အခုပဲ တရားကျင့်၊ အခုပဲ သောတာပန်ဖြစ်ဆိုရင် ဘယ်ဖြစ်နိုင်ပါ့မလဲ)။

အပြောင်းအလဲကိုကြိုးစားဖန်တီးကြတဲ့ခေါင်းဆောင်များအတွက် လက်ကိုင်ထားကျင့်သုံးသွားရမဲ့ (XY Change

Leadership) ရဲ့ သဘောတရားအတိုင်း ဦးဆောင်ပြောင်းလဲသွားဖို့ အကြံပေးလိုက်ချင်ပါတယ်။




**XY Change Leadership**

- *X - ဆိုတဲ့ (အဟောင်း အခြေအနေမှ တဆင့်) တဖြည်းဖြည်းချင်း ပြင်ဆင်ပြောင်းလဲပြီး*
- *XY - ဆိုတဲ့ (အဟောင်း + အသစ်ဆိုတဲ့ ပူးတွဲပြောင်းလဲကြိုးစားခြင်းသို့ စတင်ဖန်တီးရပါတယ်)*
- *Y - ဆိုတဲ့ (အခြေအနေ အသစ်ဆိုတာ ရောက်ပြီဆိုမှ X ကို စွန့်လွှတ်ကြိုးစားသွားခြင်းဖြစ်ပါတယ်)*

မိမိတကိုယ်ရေပြောင်းလဲမှုလား၊ အဖွဲ့အစည်းပြောင်းလဲမှုလား၊ စီးပွားရေးတိုးတက်ပြောင်းလဲမှုလား၊ နိုင်ငံတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုလား (XY Change အတိုင်း) X > XY > Y ဆိုတဲ့ အဆင့်အတိုင်း ပြောင်းလဲဦးဆောင်သွားဖို့ အရေးကြီးပါတယ်။

## Change Leadership

**ပြောင်းလဲတိုးတက်ဦးဆောင်မှုသို့ . . (C - ၅ လုံး)**

၁။ Current - ယခုအခြေအနေကို မကြိုက်ပဲ ပြောင်းလဲဖို့ ကြိုးစားရမယ်။

၂။ Choice - ပြောင်းလဲမှုသို့ ဦးစားပေး ရွေးချယ်မှုတွေ မှန်ကန်ရမယ်။

၃။ Change - အပြောင်းအလဲတွေကို စွန့်လွှတ်၊ စွန့်စားဖို့ သတ္တိရှိရမယ်။

၄။ Challenge - စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ဖို့ ကြိုးစားရမယ်။

၅။ Chance - အခွင့်အရေးရှာတွေ့ပြီး အောင်မြင်ဖို့နည်းလမ်းရှာနိုင်ရမယ်။

ပြောင်းလဲတိုးတက်ရေး (5C) အတိုင်း ဦးဆောင်ကြိုးစားသွားလျှင် ခေါင်းဆောင်တိုင်း၊ အဖွဲ့အစည်းတိုင်း၊ လူတိုင်းလူတိုင်းဟာ အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

လူတိုင်းရဲ့ ဘဝ၊ နေထိုင်တဲ့ ပတ်ဝန်းကျင်ဆိုတာ ပြောင်းလဲတိုးတက်နေတဲ့ သဘာဝတရားပဲမလား။ ပြောင်းလဲနေမှုမှာ အဆန်းမဟုတ်သလို၊ ပြောင်းလဲဖို့ ကြိုးစားတာလည်း လုပ်ရိုးလုပ်စဉ်ပဲဖြစ်ပါတယ်။ ခေါင်းဆောင်တိုင်း အပြောင်းအလဲကို ကြိုးစားခဲ့တယ်၊ အပြောင်းအလဲကို ဖန်တီးနိုင်သူမှ ခေါင်းဆောင်သူဟု ခေါ်တွင်ပါလိမ့်မယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

သတိရှိသူတွေမှ အောင်မြင်နိုင်တယ် Are You Hero ?

- ရင်းနှီးမြုပ်နှံရဲတဲ့ သတ္တိရှိမှ ချမ်းသာကြွယ်ဝမှုကို ရနိုင်တယ်
- ကျရှုံးခံနိုင်တဲ့ သတ္တိရှိမှ အောင်မြင်တိုးတက်မှုကို ရနိုင်တယ်
- ကဲ့ရဲ့ခံနိုင်တဲ့ သတ္တိရှိမှ ခေါင်းဆောင်မှုနေရာကို ရနိုင်တယ်

ဘာကြောင့် သတ္တိမရှိသလဲ၊ ယုံကြည်မှုမရှိလို့ တခုခုကိုကြောက်နေလို့ပါ Fear is Fail ဘာမှမလုပ်ပဲ ဘာမှမဖြစ်ဘူး။ (မှန်တဲ့အရာ အများအကျိုးရှိမယ်ဆိုရင် ရဲရဲဝင့်ဝင့်သတ္တိရှိရှိလုပ်နိုင်ပါစေ။

# ခေါင်းဆောင်မှု ဥပမာ

***********



လီကွမ်ယုသည် ဉာဏ်အမြော်အမြင်ကြီးသူ၊ စည်းကမ်းစနစ်ကြီးသူ ပညာအရည်အချင်း ပြည့်ဝမှုနှင့် အတွေ့အကြုံ ရင့်ကျက်မှုစသော အဖိုးမဖြတ်နိုင်သည့် ခေါင်းဆောင်မှု အရည်အသွေးများနှင့်ပြည့်စုံသူ ဖြစ်ပါသည်။

၁၉၂၃-ခုနှစ်စက်တင်ဘာလ၁၆-ရက်နေ့တွင်စင်ကာပူ၌ မွေးဖွားခဲ့သည်။ မိသားစုတွင် အကြီးဆုံးသားဖြစ်၍ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်နိုင်မှု စွမ်းရည်ကို ငယ်စဉ်ကာလမှပင် အလေ့အကျင့်ရရှိခဲ့သည်။

၁၉၄၉-ခုနှစ်တွင် လန်ဒန်တွင် ဥပဒေပညာ သင်ကြားနေစဉ် ဆိုရှယ်လစ်ဝါဒကို စိတ်ဝင်စားကာ လေ့လာခဲ့သည်။

၁၉၅၀-ပြည့်နှစ်တွင် စင်ကာပူသို့ ပြန်လည်ရောက်ရှိ

လာပြီး ဗြိတိသျှလက်အောက်မှ စင်ကာပူ လွတ်မြောက်ရေး နိုင်ငံရေးလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ဗြိတိသျှ ဆန့်ကျင်ရေး သပိတ်များ၌ အလုပ်သမားခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၅၄-ခုနှစ်တွင် ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party-PAP) ကို စတင်တည်ထောင်ခဲ့သည်။

ထိုနောက် လီကွမ်ယုမှာလည်း ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီး စင်ကာပူကို ချမ်းသာသောနိုင်ငံဖြစ်အောင် ကြိုးစားခဲ့သည်။ လီကွမ်ယု ၁၉၅၉ စင်ကာပူဒေသ၌ ဝန်ကြီးချုပ် ဖြစ်လာချိန်ဝယ် အသက် ၃၆-နှစ်သာ ရှိသေး၏။ သို့ရာတွင် အရွယ်နှင့်မမျှအောင်ပင် ကြီးမား၍ အန္တရာယ်များလှသော တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။

စင်္ကာပူရဲ့ ဖခင်ကြီးဟု တင်စားခေါ်ဝေါ်ရတဲ့ လီကွမ်ယုရဲ့ ကြိုးပမ်းဦးဆောင်ခဲ့မှုကို တံငါမြို့လေးမှ အာရှအတိုး တက်ဆုံးနိုင်ငံကြီးကို ထူထောင်ကြိုးစားခဲ့ခြင်းနဲ့ အမြဲဂုဏ်ယူ လေးစားနေကြပါတယ်။

"I always tried to be correct,not politically correct"

**ကျွန်တော် နိုင်ငံရေးအတွက် မှန်အောင် မလုပ်ဘူး မှန်တာပဲ လုပ်တယ်**

# Power (14)

## နောက်လိုက်သူဟာ

အလုပ်တွေကို မှန်အောင်စီမံတယ်

## ခေါင်းဆောင်သူဟာ

မှန်တဲ့အလုပ်တွေကို ဦးဆောင်တယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 14

## History Power of Leadership

## (သမိုင်းကြောင်းစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



History Power ဆိုတာ နိုင်ငံခြားခရီးသွားတာနဲ့ တူပါတယ်။ နိုင်ငံခြားသို့ ခရီးရောက်ဖူးသူဟာ ဘယ်နေရာကို ဘယ်လိုသွားရမလဲ အတွေ့အကြုံရှိသလို၊ ခေါင်းဆောင်ခဲ့သူ သမိုင်းကို သိသူဟာ၊ အတွေ့အကြုံ အမှန်အမှားတွေကို သင်ခန်းစာယူနိုင်ပါတယ်။

ကမ္ဘာဦးအစ ဘယ်ကလဲ၊ သမိုင်းကြောင်းက စရပါလိမ့်မယ်။ လူသားတို့ရဲ့ အဆင့်ဆင့် ဦးဆောင်တိုးတက်လာမှုတို့မှာ သမိုင်းတွေဟာ လူသားတွေကို လွှမ်းမိုးဦးဆောင်စေသော စွမ်းအားတွေရှိနေပါလိမ့်မယ်။ (မြတ်စွာဘုရား၏ ဗုဒ္ဓဘာသာ တရားတော် သမိုင်းကြောင်းဆိုတာ သာသနာနှစ် (၅၀၀၀) အထိ လွှမ်းမိုးဦးဆောင်သွားနိုင်မယ်လို့ ဆိုထားပါတယ်)။ ဒီလိုပဲ မြန်မာ့ခေါင်းဆောင်တွေရဲ့ ရင်ထဲမှာလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု၊ ဦးဆောင်ခဲ့မှု သမိုင်းကြောင်းတွေဟာ ယနေ့ ခေါင်းဆောင်တိုင်းသို့ လွှမ်းမိုးဦးဆောင်နေလျှက်ရှိပါတယ်။ လူသားတွေရဲ့ အစဟာ သမိုင်းကြောင်းတွေရှိစမြဲပါ။ ဖြစ်တည်တိုးတက်လာမှု အားလုံးတို့၏ (စ-လယ်-ဆုံး) ဆိုတဲ့ သမိုင်းစဉ် တစ်ခုနဲ့ တစ်ခုကြားမှာ စတင်မှု၊ တိုးတက်မှု၊ ပျက်စီးမှု၊ ဆန်းသစ်တီထွင်မှုဆိုတဲ့ လည်ပတ်နေတဲ့ ပြောင်းလဲဦးဆောင်လာမှုမှာ သမိုင်းတို့ရဲ့ အတွေ့အကြုံ၊ အမှားအမှန်တွေမှ များစွာသင်ခန်းစာ ပေးနေတော့မှာဖြစ်ပါတယ်။




အချိန်ကာလသမိုင်းတစ်လျှောက်မှာ စတင်မှုနှင့် တိုးတက်မှုတို့ရဲ့ကြား (အတွေ့အကြုံ၊ သင်ခန်းစာ၊ အမှားအမှန်) အရာရာဟာ ဖြစ်ပျက်နေဟန် တူညီနိုင်ပါတယ်။ ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲတွေမှာ သုသေသနပြုကြည့်လျှင်. . . .

ခေတ်အဆက်ဆက် အနှစ်ချုပ်လေ့လာကြည့်ရင်- (ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်) ယနေ့ မျက်မှောက်ခေတ်စတဲ့ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှုမှာ အမှန်တရားများစွာ၊ သင်ခန်းစာများစွာ၊ အတွေ့အကြုံများစွာ ရှိနေခဲ့ပါတယ်။ ခေတ်တွေ ပြောင်းလဲလာမှု၊ ပျက်စီးခဲ့မှု၊ တိုးတက်ခဲ့မှုကို လေ့လာကြည့်ရင် အမှန်တရား (၄-ခု) ရှိနေပါတယ်။

(၁) စတင်မှု တည်ဆောက်မှုများ (ဥပမာ - ပုဂံခေတ်ကို စတင်ထူထောင်ခဲ့ကြတယ်)

(၂) တိုးတက်မှု ထိန်းသိမ်းမှု (ပုဂံခေတ်မှာ ဘာသာ၊ သာသနာများစွာတိုးတက်ခဲ့တယ်)

(၃) ပျက်စီးမှု ပျောက်ကွယ်မှုများ (ပုဂံခေတ်ဟာ ပျက်စီးခဲ့ပြီး ယနေ့ခေတ်သို့ ပုံစံအဆင့်ဆင့် ပြောင်းလဲခဲ့တယ်)

(၄) ဆန်းသစ်တီထွင်မှု အသစ်ပြန်စတင်မှုများ (ပုဂံခေတ် မှ တောင်ငူခေတ် မှ ကုန်းဘောင်ခေတ် မှ ကိုလိုနီခေတ် မှ ယနေ့ခေတ်သို့ ပုံစံမတူညီစွာ ပြောင်းလဲတိုးတက်လာခဲ့ပြီး၊ ယနေ့ ၂၁ ရာစု အနာဂတ်ခေတ်များဟာလည်း ယခင်က ယခုပုံစံသို့ ဆန်းသစ်တီထွင် ပြောင်းလဲလာကဲ့သို့ များစွာဆန်းသစ်လာဦးမှာပဲဖြစ်ပါတယ်။

ခေတ်တွေကို ဘယ်သူတွေ ပြောင်းလဲစေခဲ့လဲ (Leader Change the Century ခေါင်းဆောင်တွေဟာ ရာစုအဆက်ဆက်တွေကို ပြောင်းလဲစေခဲ့တယ်)။ ယခင်ခေတ်မှ ယခုခေတ်သို့ ခေါင်းဆောင်များအဆင့်ဆင့် ရည်မှန်းကြိုးစားပြောင်းလဲလာကြသလို၊ ယနေ့ခေတ်မှ အနာဂတ်ခေတ်တွေကို ခေါင်းဆောင်တို့၏ ရည်မှန်းချက်တွေနဲ့ ဆန်းသစ်

ပြောင်းလဲနေပါလိမ့်မယ်။ (သစ်ပင်ပန်းပင်တို့ရဲ့ ရှင်သန်မှု ဟာ ဥယျာဉ်မှူးလက်ထဲမှာ ရှိသလို၊ ရာစုခေတ်တို့ရဲ့ တိုး တက်မှုဟာ ခေါင်းဆောင်တွေရဲ့ လက်ထဲမှာရှိနေပါတယ်)။

ခေတ်တွေ ပျက်စီးခဲ့တဲ့ သမိုင်းတွေကို လေ့လာရင် ခေတ်တွေ မပျက်အောင်သင်ခန်းစာယူနိုင်သလို၊ ခေါင်းဆောင် တွေ ကျရှုံးခဲ့တဲ့ သမိုင်းကို လေ့လာရင် ခေါင်းဆောင်တွေ မကျရှုံးအောင် အတွေ့အကြုံသင်ခန်းစာကောင်းတွေ သင်ယူ နိုင်မှာဖြစ်ပါတယ်။

ငယ်ငယ်က ဘာမသိ၊ ညာမသိ (အသေကျက်၊ အလွတ်မှတ်ခဲ့တဲ့ သမိုင်းနဲ့ ပထဝီ) ဆိုတာ အဓိပ္ပါယ်များစွာ ပြည့်နှက်နေပါတယ်။ (သမိုင်းကို မသိလျှင် အမယ်ဟု သမိုင်း ဆရာကြီးတွေ ဆိုခဲ့ဘူးတယ်။ ခေတ်ကို မသိတော့တဲ့အခါ အမှား အမှန် အတွေ့အကြုံ သင်ခန်းစာတွေဟာ မယူနိုင် တော့ပဲ (ကြက်ကန်းဆန်အိုးတိုး ဆိုသလိုပဲ) အရာရာမှာ လမ်း မှားနိုင်မှာဖြစ်ပါတယ်။ ပထဝီ မကျေတော့ ရေမြေတော တောင်၊ ပတ်ဝန်းကျင်ကို မကျွမ်းကျင် စီးပွားရေးမှာ ကျရှုံး စေတတ်ပါတယ်။ ဒီစာအုပ်ကို ရေးသားတင်ပြတဲ့အခါ ကျွန် တော်အနေနဲ့ သမိုင်းကြောင်း သိပ်မကျွမ်းကျင်သလို၊ ပထဝီ

လည်း သိပ်မနှံ့စပ်ပါဘူး။ သို့သော်လည်းပဲ နိုင်ငံနှင့် ခေါင်းဆောင်သူတို့အပေါ်မှာ အမြင်မလှယ်ရင်းနဲ့ ယခင်ခေတ်ကို သင်ခန်းစာယူပြီး၊ ယနေ့ခေတ်ကို တိုးတက်အောင်ဖန်တီးဖို့နဲ့၊ စောလျှင်မှု - နောက်ကျမှု အားလုံးတို့ကို အတွေ့အကြုံအဖြစ် ရယူနိုင်ပြီး ခေါင်းဆောင်များ အောင်မြင်တိုးတက်ရေး မဟာဗျူဟာရဖို့ ရည်ရွယ်ချင်ပါတယ်။

ယနေ့ခေတ်မှာ တနိုင်ငံနှင့် တနိုင်ငံဟာ တိုးတက်ပြောင်းလဲမှုဟာ မတူညီတဲ့အခါမှာ တိုးတက်နေတဲ့ နိုင်ငံကြီးများ၏ (ယခင်နှစ် ၃၀ မှ) အတွေ့အကြုံ၊ အဖြစ်အပျက်ပုံစံဟာ မတိုးတက်သေးတဲ့ နိုင်ငံငယ်များ၏ (မျက်မှောက်နှစ် ၃၀ ၏) ဖြစ်လာနိုင်ချေရှိတဲ့ မဟာဗျူဟာ သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ တိုးတက်မှုဆိုတာ တိုးတက်နေတဲ့ နိုင်ငံကြီးတွေအတိုင်း၊ ဖွံ့ဖြိုးဆဲ နိုင်ငံတွေဆီသို့ အဆင့်ဆင့် ပုံစံတူကူးပြောင်းစီးဆင်းတဲ့ သဘောရှိနေပါတယ်။ တိုးတက်မှုသမိုင်းကြောင်း ခေတ်တွေကို လေ့လာရင်း ခေါင်းဆောင်သူများအဖို့ (Advantage အကျိုးကျေးဇူး) နှစ်မျိုး ရရှိနိုင်မှာဖြစ်ပါတယ်။ မိမိထက် နောက်ကျသွားတဲ့ ဖြစ်ပျက်မှု သမိုင်းကြောင်းအတွေ့အကြုံ၊ မိမိထက် စောလျှင်စွာတိုးတက်မှု သမိုင်း

ကြောင်းအတွေ့အကြုံများကို ပြန်လည်အဖြေထုတ် သင်ခန်းစာယူနိုင်ဖို့ အရေးကြီးပါတယ်။ မအောင်မြင်သူတွေဟာ ကိုယ်တိုင်မှားမှ မှားမှန်းသိတယ်၊ ထူးချွန်သောခေါင်းဆောင်တွေဟာ သူများအမှားမှ သင်ခန်းစာအတွေ့အကြုံယူနိုင်သူတွေဖြစ်ပါတယ်။

## Fast Mover Advantage

### (စောလျှင်စွာ တိုးတက်သူတို့၏ အကျိုးကျေးဇူးများ)

- တိုးတက်မှုတွေကို ဦးစွာခံစားပိုင်ဆိုင်နိုင်ပါတယ်။
- ဦးဆောင်နိုင်သော အခွင့်အရေးကောင်းများရရှိနိုင်ပါတယ်။
- ဈေးကွက်စီးပွားရေး တိုးတက်မှုတို့အား အခွင့်အရေးများ ဦးစွာပိုင်ဆိုင်ထားနိုင်ပါတယ်။

## Late Mover Advantage

### (နောက်ကျစွာ တိုးတက်သူတို့၏ အကျိုးကျေးဇူးများ)

- တိုးတက်ခဲ့မှု အတွေ့အကြုံတွေကို လွယ်ကူစွာနည်းလမ်း ပြန်ယူနိုင်ပါတယ်။
- ယခင်အမှားတွေကို သင်ခန်းစာယူပြီး ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်ပါတယ်။

- နောက်ကျမှုတွန်းအားဖြင့် ပိုမိုလျှင်မြန်တိုးတက်နိုင်ဖို့ တွန်းအားရရှိစေနိုင်ပါတယ်။

တိုးတက်မှုနောက်ကျနေခြင်းမှာလည်း အားသာချက်ပြောင်းပြီး တခြားသော တိုးတက်မှုမဟာဗျူဟာများကို အတွေ့အကြုံယူရင်း၊ စံနမူနာအတုယူကြိုးစားခြင်းဖြင့် အောင်မြင်တိုးတက်ဖို့ နည်းလမ်းများရရှိနိုင်မှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေ ဘယ်လိုတိုးတက်အောင်မြင်ခဲ့လဲ။ ဘယ်အရာတွေကို ဦးစားပေးပြောင်းလဲခဲ့လဲ။ ဘယ်လိုမဟာဗျူဟာနည်းလမ်းတွေနဲ့ စီမံဦးဆောင်ခဲ့လဲ လေ့လာပြီး တိုးတက်ပြောင်းလဲသွားဖို့ဟာ ယနေ့ထူးချွန်သော ခေါင်းဆောင်များအတွက် အကောင်းဆုံးသော သင်ခန်းစာတွေပဲဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ယောက်၏ အောင်မြင်တိုးတက်နိုင်စွမ်းအားဟာ အတွေ့အကြုံ သင်ခန်းစာအပေါ်မှာ များစွာမူတည်နေတာမို့၊ ခေါင်းဆောင်များအနေနဲ့ ကျရှုံးမှု၊ အောင်မြင်မှု သမိုင်း၊ အတွေ့အကြုံ၊ အဖြစ်အပျက်တို့မှ များစွာသင်ခန်းစာယူ ကြိုးစားနေဖို့အဓိကဖြစ်ပါတယ်။

## "ထလော့ မြန်မာ"

**ထလော့ မြန်မာ - မြန်မာ ထလော့**

**အားမလျော့နဲ့ မလျော့လို့လ၊ လက်ရုံးများမျှော်**

**ဉာဏ်များမျှော်နဲ့ စွမ်းဆောင်ကြပေ၊ ဆောင်ကြပေလော့**

**ဤမြေဤရွာ ဘယ်သူ့ရွာလဲ၊ ဤရွာစပါး ဘယ်သူ့စပါးလဲ၊**

**ထလော့ တာဝန်၊ ပွင့်လော့ လုပ်ငန်း၊ ဉာဏ်ရွှေပန်း၍**

**တစ်ဝမ်းတစ်စိတ် ညီစေသတည်း၊၊၊။**

### တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ကဲ့ရဲ့အပြစ်ပြောခြင်းဟာ ဘုရားတောင်မှ မကင်းနိုင်၏

အလွယ်လိုက်သူဟာ - ခက်ခဲကြိုးစားမှုသို့ ကဲ့ရဲ့နိုင်၏

မဟုတ်တာလုပ်သူဟာ - ရိုးသားကြိုးစားမှုကို ကဲ့ရဲ့နိုင်၏

ညံ့ဖျင်းမှုကိုလက်မခံချင်သူဟာ - ပညာရှိတွေကို ကဲ့ရဲ့နိုင်၏

(ဂန္ဒီပြောသလို - ကဲ့ရဲ့အပြစ်ပြောတဲ့ ကိုယ့်ကိုပေါက်လာတဲ့ ကျောက်ခဲတွေကို

စုပြီး တိုက်အိမ်ဆောက်လို့ရပါတယ်) လောကမှာ (ကဲ့ရဲ့ခြင်းလည်း မမှုနဲ့)

ချီးမွမ်းခြင်းလည်း မသာယာမိစေနဲ့ မိမိရည်ရွယ်ချက်သာ ကြိုးစားနေပါ

# ခေါင်းဆောင်မှု ဥပမာ

*********



ဘုရင့်နောင်သည် ၁၆ ရာစုခေတ် (အရှေ့တောင်အာရှသမိုင်း) တွင် ရဲစွမ်းသတ္တိရှိပြီး ခေါင်းဆောင်မှုထူးခန်သော ဘုန်းတန်ခိုးကြီးတဲ့ ဘုရင်တစ်ပါးအဖြစ် လက်ခံယုံကြည်ခဲ့ကြပါတယ်။ မြန်မာသမိုင်းတွင် ထင်ရှားလူသိများတဲ့ (နောင်ရိုးတိုက်ပွဲ) မှာ ရန်သူအင်အား (၈-ဆ) ကြီးမားတဲ့ တိုက်ပွဲကို အနိုင်တိုက်ခဲ့ပြီး ကျော်ထင်နော်ရထာမှ ဘုရင့်နောင်ဘွဲ့ကို ချီးမြင့်ခံခဲ့ရသည်။ (ဘုရင့်နောင်ဖောင်ဖျက်) ဆိုတဲ့ စကားဟာလည်း ယနေ့တိုင် စွန့်စားဦးဆောင်ကြသူတိုင်း၏ လက်သုံးစကားဖြစ်ခဲ့ပြီး ခေါင်းဆောင်တိုင်း၏ရင်ထဲ လွှမ်းမိုးဦးဆောင်စေခဲ့ပါတယ်။

ဘုရင့်နောင် နန်းတက်ခါစမှာ (နတ်ပူဇော်မှုများအားတားမြစ်ခဲ့ပြီး) နတ်တော်လှန်ရေးကိုလည်း စတင်ခဲ့ပြီး သာ

သနာရေးကိုလည်း အားပေးဆောင်ရွက်ခဲ့သော မင်းတစ်ပါး ဖြစ်ခဲ့ပါတယ်။ မြတ်စွာဘုရား တရားတော်များအား မွန်၊ မြန်မာ၊ ယွန်း ဆရာတော်များထံမှ သင်ကြားပို့ချစေပြီး ထင်ရှားလှတဲ့ ကျိုက်ထီးရိုးဘုရားသို့ စစ်အင်္ဂါလေးရပ်နဲ့အညီ ထီးတင်လှူဒါန်းမှုများလည်း ဦးဆောင်ခဲ့သော မင်းတစ်ပါးဖြစ်ပါတယ်။

ဘုရင့်နောင်၏ ထင်ရှားခဲ့မှုဟာ မြန်မာနိုင်ငံတွင်မက၊ ယိုးဒယားနိုင်ငံများအထိ ကျော်ကြားခဲ့ပြီး ယနေ့မှာ (ထိုင်းနိုင်ငံမှ ရိုက်ကူးထားတဲ့ ဘုရင့်နောင်သမိုင်း ဖြစ်ရပ်မှန် ဇာတ်ကားများလည်း ရှိခဲ့ပါတယ်)

## ဘုရင့်နောင်၏ အဆိုအမိန့်

**စစ်တို့၏ သဘောမှာ အင်အားကြီးသည်သေးသည် ပဓာနမဟုတ်**

**ရဲစွမ်းသတ္တိနှင့် ပရိယာယ် ပဓာနဖြစ်သည်**

# Power (15)

## နောက်လိုက်သူဟာ

ဘာဖြစ်ချင်လဲ မသိပဲ မလုပ်ဖြစ်တာရှိတယ်

## ခေါင်းဆောင်သူဟာ

ဘာဖြစ်ချင်လဲ သိပြီး မဖြစ်ဖြစ်အောင်ကြိုးစားတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 15

## Success Power of Leadership

(အောင်မြင်မှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Success Power ဆိုတာ မုန်တိုင်း ဥပမာနဲ့တူတယ်။
မုန်တိုင်းဆိုတာ လေဖိအားနည်းရပ်ဝန်းမှ ပင်လယ်မှ
လေတွေကို စုပေါင်းဖြစ်လာသလို၊
ခေါင်းဆောင်သူဆိုတာ လူတွေရဲ့ အားတွေကို စုပေါင်းပြီး
အောင်မြင်တိုးတက်နိုင်ပါတယ်။

အောင်မြင်မှုဆိုတာ လူသားတို့အတွက်၊ ပတ်ဝန်းကျင်အတွက် တစ်စုံတစ်ရာ အကျိုးပြုနိုင်သော ၊ ဖန်တီးနိုင်စွမ်းသာ ၊ ဦးဆောင်ပြောင်းလဲနိုင်စွမ်းသော၊ လေးစားဖွယ်ဖြစ်သော ကြိုးစားမှုတို့ကို ဖန်တီးခဲ့ခြင်း၏ ရလဒ်ဖြစ်ပါတယ်။ အောင်မြင်တိုးတက်မှုဆိုတာ ခေါင်းဆောင်မှုနဲ့အတူ (ခေါင်းနဲ့ ပန်း) ဒွန်တွဲတည်ရှိနေပါတယ်။ ခေါင်းဆောင်မှုမှန်ကန်လေလေ၊ အောင်မြင်တိုးတက်လေလေဖြစ်ပါတယ်။

ကမ္ဘာကျော် ခေါင်းဆောင်မှုဂုရုကြီး John C. Maxwell ပြောတဲ့ (အဖွဲ့အစည်းတစ်ခု၏ ကျရှုံးမှု အောင်မြင်မှုတို့သည် ခေါင်းဆောင်မှုအပေါ်မှာသာ မူတည်နေတယ်ဟု) ဆိုထားပါတယ်။ ခေါင်းဆောင်မှု အောင်မြင်မလား၊ ကျရှုံးစေမလားဆိုတာ အောက်ဖော်ပြထားတဲ့ နှိုင်းယှဉ်မှုဟာ အဆုံးအဖြတ်ပေးနိုင်ပါလိမ့်မယ်။

ထိရောက်စွာ ဦးဆောင်မှု




ထိရောက်သော ခေါင်းဆောင်မှု　　မထိရောက်သော ခေါင်းဆောင်မှု

အောင်မြင်သော ခေါင်းဆောင်မှုမှာ ထိရောက်စွာ ဦးဆောင်နိုင်မှုအပေါ် မူတည်ပါတယ်။ ကုန်ကျမှုများပြီး အောင်မြင်မှုနည်းခြင်းကို ထိရောက်သောခေါင်းဆောင်မှုဟု ခေါ်မလား (သို့မဟုတ်) ကုန်ကျမှုနည်းပြီး အောင်မြင်မှုများခြင်းကို ထိရောက်သောခေါင်းဆောင်မှုဟု ဆိုမလား။ ခေါင်းဆောင်မှု၏ ထိရောက်အကျိုးရှိမှုအပေါ် မူတည်ပြီး အောင်မြင်မှု၊ ကျရှုံးမှုကို တိုင်းတာနိုင်ပါတယ်။

ခေါင်းဆောင်မှုသဘောတို့ရဲ့ မလုပ်သင့်တာလုပ်နေပြီး၊ လုပ်သင့်တာမလုပ်နိုင်လျှင်
(အောင်မြင်သင့်သလောက် မအောင်မြင်ပဲ၊ မကျရှုံးသင့်ပဲ ကျရှုံးနိုင်မှာဖြစ်ပါတယ်)

လူတိုင်းသိ ထင်ရှားအောင်မြင်ခဲ့တဲ့ (မီးလုံးတီထွင်သူ အက်ဒီဇင်၊ ကားတီထွင်သူ ဟင်နရီဖို့အပါအဝင်) အောင်မြင်ကျော်ကြားသော ခေါင်းဆောင် (၅၀၀-ခန့်) ကို (၁၀-နှစ်တာ) သုသေသနပြုပြီး ရေးသားထားတဲ့ ကမ္ဘာ့ရောင်းအားကောင်းဆုံး နံပါတ် (၁) Think & Growth Rich စာအုပ်မှ ခေါင်းဆောင်များအတွက် (ဆောင်ရန်) နှင့် (ရှောင်ရန်) ၁၀-ချက်နှင့်အတူ အောင်မြင်တိုးတက်သော ခေါင်းဆောင်များဖြစ်လာဖို့ အားပေးလိုက်ပါတယ်။

ခေါင်းဆောင်သူ အောင်မြင်တိုးတက်လာလေလေ၊ အဖွဲ့အစည်းဟာလည်း ပိုမိုတိုးတက်လာလေလေဖြစ်ပါတယ်။

ခေါင်းဆောင်သူ၏ မှန်ကန်သော ဦးဆောင်မှုအတွက် ဘာတွေကို Do လုပ်သင့်သလဲ၊ ဘယ်အရာတွေကို Don't မလုပ်သင့်သလဲ ခွဲခြားသိထားရမှာ အဓိကဖြစ်ပါတယ်။

**အောင်မြင်တိုးတက်လိုသော ခေါင်းဆောင်များအတွက်**

**Leadership Do ခေါင်းဆောင်မှု (ဆောင်ရန်) အရည်အချင်း (၅-ချက်)**

**ခေါင်းဆောင်မှု ဆောင်ရန် (၁) ဇွဲသတ္တိ၊ လုံ့လဝီရိယရှိခြင်း**

ခေါင်းဆောင်ဆိုတာ ဇွဲသတ္တိရှိပါမှ (မိမိကိုယ်တိုင်ယုံကြည်မှုရှိသလို) မိမိအောင်မြင်လိုသော ရည်မှန်းချက်အတွက် လုံ့လဝီရိယ အားကောင်းသော ကြိုးစားဦးဆောင်စွမ်းအားကြီးမှုဟာ အဓိကလိုအပ်သောအရည်အချင်းဖြစ်ပါတယ်။

**ခေါင်းဆောင်မှု ဆောင်ရန် (၂) မိမိကိုယ်တိုင် ထိန်းချုပ်စီမံဦးဆောင်နိုင်ခြင်း**

ကိုယ်တိုင်အောင်နိုင်သူဖြစ်မှ တခြားသူကို လွှမ်းမိုးဦးဆောင်နိုင်မှာဖြစ်ပါတယ်။ လေးစားထိုက်တဲ့ ခေါင်းဆောင်ဖြစ်မှ နောက်လိုက်များမှ စံနမူထား လိုက်ပါကြိုးစားကြမှာဖြစ်ပါတယ်။

**ခေါင်းဆောင်မှု ဆောင်ရန် (၃) တခြားသူများသို့ စိတ်နိုးကြားအားပေးနိုင်ခြင်း**

ခေါင်းဆောင်တစ်ဦးရဲ့ အရည်အချင်းဟာ တခြား

သူများနှင့် နောက်လိုက်တွေကို ခွန်အားပေးဦးဆောင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ လူတိုင်းမှာရှိနေတဲ့ စိတ်ခွန်အားတွေကို မြှင့်တင်ပေးပြီး အားလုံးကြိုးစားပြီး အောင်မြင်မှုသို့ ဖန်တီးနိုင်စွမ်းအားပင်ဖြစ်ပါတယ်။

**ခေါင်းဆောင်မှု ဆောင်ရန် (၄) မှန်ကန်သော ဆုံးဖြတ်ချက်နှင့် တိကျပြက်သားခြင်း**

ခေါင်းဆောင်များသည် မှန်ကန်သော ကောင်းမွန်အကျိုးရှိသော ဆုံးဖြတ်ချက်များကို ယုံကြည်စွာ ပြက်သားစွာ ဆုံးဖြတ်နိုင်စွမ်း ရှိခြင်းပင်ဖြစ်ပါတယ်။ အဖွဲ့အစည်းများရဲ့ အောင်မြင်မှုအားလုံးဟာ ခေါင်းဆောင်၏ ဆုံးဖြတ်ချက်တွင် မူတည်နေပါတယ်။

**ခေါင်းဆောင်မှု ဆောင်ရန် (၅) တာဝန်ယူခြင်းနှင့် တာဝန်ကျေပွန်ခြင်း**

တာဝန်များများယူနိုင်လေလေ ခေါင်းဆောင်ဖြစ်လေလေ သဘောရှိလို့ တာဝန်ယူခြင်းနှင့် တာဝန်ကျေပွန်ခြင်းဖြင့် အဖွဲ့အစည်းတိုးတက်အောင်မြင်ရေးသို့ အကောင်းဆုံးစွမ်းဆောင်နိုင်စွမ်းသော တာဝန်ယူစိတ်ရှိသူများဖြစ်ပါတယ်။

**အောင်မြင်တိုးတက်လိုသော ခေါင်းဆောင်များအတွက်**

**Leadership Don't ခေါင်းဆောင်မှု (ရှောင်ရန်) အချက်များ**

**ခေါင်းဆောင်မှု ရှောင်ရန် (၁) ကိုယ်ကျိုးကြည့် တကိုယ်ကောင်းဆန်ခြင်း**

တစ်ဦးကောင်း နာမည်ယူတက်သော၊ ကိုယ့်ကျိုးကြည့် အကျိုးစီးပွားရှာသော ခေါင်းဆောင်များအဖို့ ရေရှည်မှာ နောက်လိုက်များမှ အထင်ကြီးမှုမရှိစေလို့ ခေါင်းဆောင်ဖြစ်ဖို့ တကိုယ်ကောင်းမဆန်သင့်ပါ။

**ခေါင်းဆောင်မှု ရှောင်ရန် (၂) အလုပ်ထက် အပြောကို ဦးစားပေးလွန်းခြင်း**

အပြောများပြီး လက်တွေ့နည်းသော ခေါင်းဆောင်များအဖို့ လုပ်ငန်းအောင်မြင်မှုဟာ သက်သေပြနေပြီး၊ ရေရှည်မှာ လုပ်ငန်းထိခိုက်မှုနှင့် နောက်လိုက်များ၏ မလေးစားမှုဖြင့် မအောင်မြင်နိုင်တာမို့ ရှောင်သင့်သောအချက်ဖြစ်ပါတယ်။

**ခေါင်းဆောင်မှု ရှောင်ရန် (၃) လက်အောက်ငယ်သားများ ယှဉ်ပြိုင်မည်ကို စိုးရိမ်ခြင်း**

ကိုယ်တိုင်အမြဲတိုးတက်အောင် ကြိုးစားရမည့်အစား၊ နောက်လိုက်များမှီလာမှာကို စိုးရိမ်နေခြင်းဖြင့် မိမိလည်း မတိုးတက်၊ ငယ်သားများလည်း မတိုးတက်ပဲ နှစ်ဦးနှစ်ဖက်ဆုံးရှုံးစေတာမို့ ခေါင်းဆောင်များအဖို့ ငယ်သားများအား ဆရာစားမချန်သင်ပေးပြီး အားလုံးအတူတူပိုမိုတိုးတက်မှုသို့ ဦးဆောင်ဖို့လိုအပ်ပါတယ်။

### ခေါင်းဆောင်မှု ရှောင်ရန် (၄) ရာထူးဂုဏ်မောက် အာဏာပြလွန်ခြင်း

မတည်မြဲသော ရာထူးကို အာဏာပြလျှက်၊ ကိုယ်တိုင် အရည်အချင်းနည်းပါးလာပြီး ညံ့ဖျင်းသော ဦးဆောင်မှုကို ဖန်တီးလာစေလို့ ရာထူးအာဏာထက်၊ ကိုယ်ပိုင်ထူးချွန်ဦးဆောင်နိုင်သော အရည်အချင်းများရှိဖို့လိုအပ်ပါတယ်။

### ခေါင်းဆောင်မှု ရှောင်ရန် (၅) အလုပ်၏လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ခြင်း

လိုအပ်သောအချိန်မှာ လိုအပ်သော ဆုံးဖြတ်မှု၊ လိုအပ်သော အရာများဖြည့်ဆည်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းအတွင်း ထိခိုက်နစ်နာမှုများဖြစ်လာပြီး မအောင်မြင်သော လုပ်ငန်းရလဒ်ကို ဖြစ်လာနိုင်လို့ အချိန်ကိုက် စီမံဦးဆောင်တက်ဖို့ လိုအပ်ပါတယ်။

## Why Leadership Fail ခေါင်းဆောင်မှု ကျရှုံးခြင်းများ

အောင်မြင်နေသော ခေါင်းဆောင်မှုတို့အတွက် အကြံပေးရေးသားစရာမလိုလောက်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဆေးဆရာဆိုတာ နေမကောင်းသူတွေအတွက်သာ ဆေးပေးရခြင်းပါ။ စာရေးသူတို့မည်သည်လည်း မအောင်မြင်မှုတွေကို အဖြေရှာပြီး အကြံပေးနိုင်မှသာ ခေါင်းဆောင်တိုင်းအတွက် ပိုမိုတိုးတက်နိုင်မယ်လို့ ခံယူမိပါတယ်။ ခေါင်းဆောင်မှုမှာ ဘယ်လိုကျရှုံးစေလဲသိရင် ဘယ်လိုမကျရှုံးအောင်ကြိုးစားမလဲ

သိထားရမှာဖြစ်ပါတယ်။

မိမိကိုယ်တိုင် အထင်ကြီးလွန်းခြင်း (ကိုယ်လောက် မတော်ပါဘူး၊ တပါးသူများသို့အထင်သေးခြင်း) ဆိုတဲ့ စိတ်ကြီးဝင်မှုဟာ ခေါင်းဆောင်မှု ရေရှည်ထိန်းသိမ်းနိုင်မှုမရှိခြင်းနှင့် အောင်မြင်ရေးကို ပြန်လည်ကျရှုံးစေသော အဓိကအချက်ပါပဲ။

နောက်လိုက်များ၏ လူယုံသတ်ခြင်း (နောက်လိုက်များမှ ပြန်လည်တိုက်ခိုက်ခြင်း) ခေါင်းဆောင်မှု နည်းလမ်း၊ ကောင်းကွက်များကို ရရှိသွားသော နောက်လိုက်များ၏ ရန်ငြိုးဖွဲ့ အုပ်စုဖွဲ့တိုက်ခိုက်မှုဟာလည်း ခေါင်းဆောင်မှုကို အားယုတ်ကျရှုံးစေခြင်းပဲဖြစ်ပါတယ်။

ယှဉ်ပြိုင်နေသောပြိုင်ဘက်များကို လျှော့တွက်ခြင်း (အားနည်းချက်ကိုချောင်းပြီး တိုက်ခိုက်ခံရခြင်း) တခြားသော ပြိုင်ဘက်များအား လျှော့တွက်ပြီး ပြင်ဆင်ထားမှုမရှိခြင်းဟာလည်း ခေါင်းဆောင်မှုတို့ အငိုက်မိကျရှုံးစေခြင်းဖြစ်နိုင်ပါတယ်။

ခေါင်းဆောင်အပေါ် မှီခိုလွန်းခြင်း (အရာရာကို ခေါင်းဆောင်သူသို့ အားကိုးနေခြင်း) အဖွဲ့အစည်းနဲ့ အသင်းအဖွဲ့ကို ကိုယ်တိုင်မှီခို ရပ်တည်ရမည့်အစား အရာရာကို ခေါင်းဆောင်အပေါ်မှာ မှီခိုလွန်းခြင်းဟာ ခေါင်းဆောင်မှု ကျရှုံးစေနိုင်ပါတယ်။

တိုးတက်မှုကို မထိန်းသိမ်းနိုင်ခြင်း (အတက်အကျ သဘာဝတရားကို လွန်ဆန်ချင်ခြင်း) အမြဲတမ်း တိုးတက်နေမည်ဟု ထင်မြင်ပြီး ဆင်ခြင်မှုမရှိ အလွဲသုံးစားလုပ်မှုများကြောင့် အလွဲအမှားများပြုလုပ်လာပြီး ခေါင်းဆောင်မှုများ ပြန်လည်ကျရှုံးတက်ပါတယ်။

## <u>တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း</u>

လူတော်လူကောင်းဆိုတာ + ဒီအချက်တွေကောင်းရမယ်

(၁) မိမိအတွက်ကောင်း + မိဘအတွက်ကောင်းသူ

(၂) မိမိအတွက်ကောင်း + မိသားစုအတွက်ကောင်းသူ

(၃) မိမိအတွက်ကောင်း + မိတ်ဆွေအတွက်ကောင်းသူ

(၄) မိမိအတွက်ကောင်း + ပတ်ဝန်းကျင်အတွက်ကောင်းသူ

(၅) မိမိအတွက်ကောင်း + နိုင်ငံပြည်သူအတွက်ကောင်းသူ

ဤကဲ့သို့ မိမိအတွက်ကောင်းပြီး + အများအကျိုးအတွက်ကောင်းသူကို လူတော်လူကောင်း သူတော်ကောင်းများဟု ယခုဘဝမှာရော သံသရာမှာရော ကောင်းမှုအမြဲတည်နေ၏။

## ခေါင်းဆောင်မှု ဥပမာ

**********



ဂျက်မားဟာ အွန်လိုင်းပေါ်မှာ ဈေးရောင်းဈေးဝယ်နိုင်တဲ့ သူ့ရဲ့ Alibaba အကျိုးတူလုပ်ငန်းစုကြီးနဲ့တွဲပြီး လူသိများပါတယ်။ ဂျက်မားဟာ ဒီကမ္ဘာကြီးထဲက စွန့်ဦးတီထွင်မှုဆိုတဲ့အရာအတွက် အကြီးကျယ်ဆုံးပြယုဂ်တစ်ခုဖြစ်ပါတယ်။

ဂျက်မားဟာ ဘယ်သူမှ အယုံအကြည်မရှိတဲ့သူ့ရဲ့ အကြံဉာဏ်ကို အကောင်အထည်ဖော်ဖို့အတွက် ဒေါ်လာ (၂) သောင်းဆိုတဲ့ ပမာဏလေးနဲ့ သူ့ရဲ့အိပ်မက်ကို စတင်ခဲ့ပါတယ်။

ဂျက်မားဟာ ၁၉၉၅ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုကို သွားရောက်လည်ပတ်ခဲ့ပြီး အင်တာနက်အကြောင်းကိုလည်း ပိုမိုသိရှိခဲ့ပါတယ်။ သူ့သူငယ်ချင်းတစ်ယောက်ကလည်း ဝက်ဘ်ဆိုဒ်တွေ ဘယ်လိုချိတ်ဆက်

ရတယ်ဆိုတာကို ပြသပေးခဲ့ပါတယ်။ အဲဒီနှစ်ထဲမှာ ဂျက်မားဟာ ဒေါ်လာ (၂)သောင်းဆိုတဲ့ ငွေပမာဏနဲ့ အင်တာနက်နဲ့ ပတ်သက်တဲ့ ကုမ္ပဏီတစ်ခု တည်ထောင်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ ဂျက်မားဟာ ကြီးကျယ်တဲ့ ဂုဏ်ပြုမှုတွေကို ရရှိခဲ့ပါတယ်။ Time မဂ္ဂဇင်းရဲ့ ကမ္ဘာ့လွှမ်းမိုးမှု အရှိဆုံးလူတစ်ယောက် (၁၀၀)စာရင်းမှာ ပါဝင်ခဲ့ပြီး CCTV က ချီးမြှင့်တဲ့ ရာစုနှစ်ရဲ့ စီးပွားရေးခေါင်းဆောင်ဆုကို ချီးမြှင့်ခြင်းလည်း ခံခဲ့ရပါတယ်။

Jack Ma ရဲ့ အဆိုအမိန့်အဖြစ်

Customer is No(1) ဝယ်ယူသူသည် ပထမဦးစားပေး

Customer is No(2) ဝန်ထမ်းသည် ဒုတိယဦးစားပေး

Customer is No(3) အစုရှယ်ယာဝင်သည် တတိယဦးစားပေး ဖြစ်ရမယ်။

# Power (16)

## နောက်လိုက်သူဟာ

ပြဿနာကို ရှောင်လွှဲဖို့ ကြိုးစားတယ်

## ခေါင်းဆောင်သူဟာ

ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား

# 16

# Wealthy Power of Leadership

## (ကြွယ်ဝချမ်းသာမှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Wealthy Power ဆိုတာ ကြက် နှင့် ကြဥ ဥပမာနဲ့ တူပါတယ်။ ကြဥမှ ကြက်ဖြစ်လာသလို၊ ကြက်မှလည်း ကြက်ဥတွေကို တိုးပွားလာစေကဲ့သို့ ငွေမှ ငွေကြေးများ ဖြစ်ပြီး၊ ထိုငွေကြေးများမှ ငွေကြေးများစွာ တိုးပွားလာနိုင်ပါတယ်။

ယနေ့ခေတ်မှာ နိုင်ငံတစ်နိုင်ငံကွာခြားမှုကို ဆင်းရဲ၊ ချမ်းသာမှုနဲ့တိုင်းပြီး ဦးဆောင်တိုးတက်မှုအဆင့်များ သတ်မှတ်နေတဲ့အခါ (ချမ်းသာကြွယ်ဝခြင်းသည်လည်း) ဦးဆောင်နိုင်စွမ်းအားရှိနေပါတယ်။ လူစွမ်းအားအရင်းအနှီးများစွာရှိနေသော်လည်း ငွေကြေးအရင်းအနှီးဆိုတာလည်း အဓိက အရေးပါလာခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခက်အခဲတချို့ကို (ငွေကြေး၊ ချမ်းသာမှု) နဲ့ ကူညီဖြေရှင်းနိုင်မှုလည်း ရှိနေပါတယ်။ နိုင်ငံတစ်ခု သဘာဝဘေးအန္တရာယ်ကျရောက်ပျက်စီးတယ်ဆိုပါစို့ ငွေကြေးအရင်းအနှီးနဲ့ ပြန်လည်တည်ဆောက်ရမှာဖြစ်သလို၊ စိတ်ဓါတ်ခွန်အားတွေနဲ့လည်း ပြန်လည်ကြိုးစားဖို့ အရေးကြီးပါတယ်။

ချမ်းသာကြွယ်ဝမှုလို့ ဆိုရရင် စီးပွားရေးဆိုတာမပါ၊ မဖြစ်ပါပဲ။ စီးပွားရေးတွေကောင်းပါမှ ကြွယ်ဝချမ်းသာမှုကိုလည်း တိုးတက်စေမှာဖြစ်ပါတယ်။ အိမ်နီးချင်း ထိုင်း၊ စင်္ကာပူ၊ ဗီယက်နမ်တို့ကို လေ့လာရေးခရီးတွေရောက်ဖြစ်တော့ များစွာတိုးတက်နေတာ စီးပွားရေးအင်အား၏ ကြွယ်ဝချမ်းသာခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ခေါင်းဆောင်တိုင်းဟာ ချမ်းသာကြွယ်ဝမှုနှင့် တိုးတက်ရေးကို တည်ဆောက်ရမှာမို့ စီးပွား

ရေးကို ကောင်းကောင်းနားလည်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝခြင်းကို ဖန်တီးဖို့အတွက် ယနေ့ ၂၁ ရာစု ခေတ်မှာ 7-M ကို ပေါင်းစပ်ပြီး ကြိုးစားဦးဆောင်သွားဖို့ လိုအပ်လာပါတယ်။

- Man - လူစွမ်းအားအရင်းအနှီး
- Money - ငွေကြေးအရင်းအနှီး
- Material - ပစ္စည်းအရင်းအနှီး
- Method - နည်းစနစ်အရင်းအနှီး
- Market - ဈေးကွက်အရင်းအနှီး
- Machine - စက်ပစ္စည်းအရင်းအနှီး
- Morden - နည်းပညာအရင်းအနှီး

ယနေ့ခေတ် စီးပွားရေး၏ အရင်းအနှီးဟုခေါ်သော (7-M အရင်းအနှီးအင်အား) အားလုံးပေါင်းစပ်နိုင်လျှင် ကြွယ်ဝချမ်းသာခြင်းကို အဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းမှာ ဦးဆောင်အောင်မြင်သွားနိုင်မှာဖြစ်ပါတယ်။

## Man - လူစွမ်းအားအရင်းအနှီး

ကြွယ်ဝချမ်းသာခြင်းရဲ့အစ၊ အရာရာကို စတင်ဖန်တီးဖို့မှာ လူသားတို့၏ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းအားပင်ဖြစ်ပါတယ်။ လူအရင်းအနှီးကို တန်ဖိုးထားမြှင့်တင်ပြီး ဦးဆောင်ပြောင်းလဲခဲ့တဲ့ နိုင်ငံတွေဟာ ပိုမိုတိုးတက်အောင်မြင်ခဲ့ကြသလို၊ အဖွဲ့အစည်းတစ်ရပ်ကို ဦးဆောင်နေတဲ့ ခေါင်းဆောင်များအဖို့ လူကိုအခြေပြု ဦးဆောင်သွားနိုင်လျှင် ကြွယ်ဝချမ်းသာ အောင်မြင်တိုးတက်မှုသို့ ဖန်တီးပုံဖော်နိုင်စွမ်းအား ရရှိနိုင်မှာဖြစ်ပါတယ်။

## Money - ငွေကြေးအရင်းအနှီး

မရှိလို့ မလှူ၊ မလှူလို့ မရှိ ဆိုသလို၊ မတိုးတက်တက်တော့ ဆင်းရဲ၊ ဆင်းရဲတော့ မတိုးတက် သံသရာအားလုံးမှ လွတ်မြောက်အောင် ထိုငွေကြေးကို ရှာဖွေပြီး အရင်းအနှီးပြု ကြိုးစားသွားရမှာဖြစ်ပါတယ်။ ငွေတစ်ခု မရှိလို့ အကြောင်းမပြပဲ ဖြစ်နိုင်ချေများစွာ တခြားအရာများကို ပေါင်းစပ်ပြီး ကြိုးစားကြည့်မယ်ဆိုရင်လည်း ချမ်းသာတိုးတက်မှုသို့ ဖန်တီးလာနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

## Material - ပစ္စည်းအရင်းအနှီး

ထင်းခုတ်ဖို့အတွက်၊ ဓါးလိုသလိုပဲ၊ စီးပွားရေးဖြစ်စေ၊ လုပ်ငန်းစတင်ဖို့ဖြစ်စေ၊ လုပ်ငန်းနဲ့ ဆိုင်သော ပစ္စည်းကိရိယာ အရင်းအနှီးကိုလည်း ပေါင်းစပ်ဖန်တီးရမှာဖြစ်ပါတယ်။ (ဥပမာ ကုမ္ပဏီတစ်ခုမှာ ရုံး၊ စားပွဲ၊ ကွန်ပျူတာ၊ အခြေခံပစ္စည်းတွေ ရှိဖို့လိုသလိုပါပဲ)။ ပစ္စည်းအရင်းအနှီး အားကောင်းလျှင်လည်း အလုပ်များတိုးတက်မှုသို့ ပေါင်းစပ်ဦးဆောင်သွားမှုမှာ မြန်ဆန်နိုင်ပါလိမ့်မယ်။

## Method - နည်းစနစ်အရင်းအနှီး

လုပ်ငန်းတစ်ခု တိုးတက်အောင်မြင်ဖို့ဆိုတာ နည်းစနစ်ပါ၊ ကြွယ်ဝချမ်းသာ တိုးတက်အောင်မြင်ဖို့ဆိုတာ နည်းစနစ်ကောင်းရှိဖို့ အဓိကပါ။ ရှိနေတဲ့ လူ၊ ငွေ၊ ပစ္စည်း ဆိုတဲ့ အရာတွေကို ဘယ်လိုနည်းစနစ်ကောင်းတွေနဲ့ စီမံခန့်ခွဲဦးဆောင်နိုင်မလဲဆိုတာ အဓိကဖြစ်ပါတယ်။ (Don’t Work Hard – Work Smart သိပ်မကြိုးစားပဲ၊ နည်းစနစ်နဲ့လုပ်ပါ) ဆိုတဲ့ စီမံဦးဆောင်မှု သဘောမှာလည်း နည်းစနစ်ကို သိပြီးကြိုးစားဖို့ အားပေးခြင်းဖြစ်ပါတယ်။

## Market - စျေးကွက်အရင်းအနှီး

ကြွယ်ဝချမ်းသာသော စီးပွားရေးအားလုံးတို့၏ လျို့ဝှက်မှုဟာ စျေးကွက်ထဲမှာ ရှိနေပါလိမ့်မယ်။ မရှိတဲ့ စျေးကွက်တွေကို ဖန်တီးဖို့နဲ့ ရှိနေတဲ့ စျေးကွက်စီးပွားရေးကို ပိုမိုတိုးတက်အောင် ဖန်တီးနိုင်စွမ်းဆိုတာ လုပ်ငန်းစုများ၊ နိုင်ငံများ၏ အဓိကစွမ်းအားပင်ဖြစ်ပါတယ် ။ (စျေးကွက်ပညာမှာ ရှိနေတဲ့ စျေးကွက်ဟာ အဓိကမဟုတ်ပဲ၊ ထိုစျေးကွက်မှာ ဘယ်လိုဖန်တီးကြိုးစားမလဲဆိုတာ အဓိကဖြစ်ပါတယ်)။ စီးပွားရေးကြွယ်ဝချမ်းသာဖို့မှာ စျေးကွက်အကြောင်းကို နားလည်သူ၊ စျေးကွက်ကို ဖန်တီးဦးဆောင်သူများဖြစ်ဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။

## Machine - စက်ပစ္စည်းအရင်းအနှီး

စက်မှုတိုးတက်ဦးဆောင်နေတဲ့ ယနေ့ခေတ်မှာ ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာနေတဲ့ နိုင်ငံကြီးတွေရဲ့ အဓိကအားသာချက်ဟာ (စက်မှုအရင်းအနှီးများ) ဖြစ်ပါတယ်။ လူသားတို့၏ ကြိုးစားမှုအားထက်၊ စက်တို့၏ ဖန်တီးမှုအားကို ပေါင်းစပ်ပြီး ခေတ်ကို တိုးတက်အောင် လျှင်မြန်စွာ ဖန်တီး

ဦးဆောင်နေတာမြင်နိုင်မှာဖြစ်ပါတယ်။ (လူတွေသွားလို့ ကြာတဲ့ခရီးကို၊ ကားနဲ့သွားရင် မြန်သလိုပါပဲ။ လူနဲ့မနိုင်တဲ့ အရာတွေကို၊ စက်အားဖြင့် ဖန်တီးတည်ဆောက်နိုင်ပါတယ်)။

## Morden - နည်းပညာအရင်းအနှီး

ယနေ့ခေတ် ၂၁ ရာစုမှာ နည်းပညာရဲ့ အရင်းအနှီးဟာ Up-to-Second စက္ကန့်အတွင်း လျှင်မြန်တိုးတက် ဦးဆောင်မှုရဲ့ အရေးကြီးဆုံး လျှို့ဝှက်ချက်ပဲဖြစ်ပါတယ်။ လူတွေအစား စက်တွေအစားထိုးလာတဲ့ခေတ်မှ ယနေ့ခေတ်မှာ စက်တွေကို ဉာဏ်ရည်အတုနည်းပညာနဲ့ ဦးဆောင်လာတဲ့အခါ အရာရာမှာ AI နည်းပညာဟာ လွှမ်းမိုးဦးဆောင်နိုင်စွမ်းများစွာ ရှိနေပါပြီ။ လူတွေမဆက်သွယ်နိုင်တဲ့နေရာများစွာကို IT နည်းပညာနဲ့ အချိန်မြန်စွာ ဆက်သွယ်နိုင်စွမ်းရှိနေပါပြီ။ လူတွေ မသိနိုင်တဲ့ အရာတွေကို IT နည်းပညာတွေက ထိုးဖောက်ရှာဖွေ ချိတ်ဆက်နိုင်စွမ်းတွေရှိနေတာမို့ နည်းပညာရဲ့ အားဖြင့် အရာရာကို တိုးတက်အောင်ကြိုးပမ်းဦးဆောင်သွားဖို့ အဓိကဖြစ်လာပါတယ်။

**မိမိအဖွဲ့အစည်း နှင့် တိုးတက်သော အဖွဲ့အစည်းသို့ နှိုင်းယှဉ်ကြိုးစား ဦးဆောင်သွားရန်**

| မတိုးတက်သော နိုင်ငံ၊ မအောင်မြင်သော အဖွဲ့အစည်း | **7-M** အရင်းအနှီးများ နှိုင်းယှဉ်ကြည့်မှုများ | တိုးတက်သော နိုင်ငံ အောင်မြင်သော အဖွဲ့အစည်း |
|---|---|---|
| ရှိ၏ | Man - လူ့စွမ်းအားအရင်းအနှီး | ရှိ၏ |
| နည်း၏ | Money - ငွေကြေးအရင်းအနှီး | များ၏ |
| မလုံလောက် | Material - ပစ္စည်းအရင်းအနှီး | ပြည့်စုံ၏ |
| ညံ့၏ | Method - နည်းစနစ်အရင်းအနှီး | ကောင်း၏ |
| ရှိ၏ | Market - ဈေးကွက်အရင်းအနှီး | ဖန်တီး၏ |
| မပြည့်စုံ | Machine - စက်ပစ္စည်းအရင်းအနှီး | ပြည့်စုံ၏ |
| နောက်ကျ၏ | Modern - နည်းပညာအရင်းအနှီး | ရှေ့ရောက်၏ |

တိုးတက်နေသော နိုင်ငံနှင့် မတိုးတက်သော နိုင်ငံများ (7-M) အရင်းအနှီးနှိုင်းယှဉ်ကြည့်မှု

အောင်မြင်သော အဖွဲ့အစည်းနှင့် မအောင်မြင်သော အဖွဲ့အစည်းများ (7-M) အရင်းအနှီးနှိုင်းယှဉ်ကြည့်မှု

အုပ်တစ်ချက်တည်းနဲ့ တိုက်တစ်လုံး မပြီးသလို၊ M-တစ်လုံးတည်းနဲ့ တိုးတက်အောင်မြင်မှုကို မဖြစ်နိုင်ပါဘူး။ ဖွံ့ဖြိုးတိုးတက်မှု အားလုံးကို ဦးဆောင်ဖန်တီးဖို့ဆိုရာမှာ အဖွဲ့အစည်းကို ဦးဆောင်မောင်းနှင်နေသူများအဖို့ (7-M)

ဆိုတဲ့ အရင်းအနှီး (၇-ခု) အားကို အပြည့်သုံးပြီး လျှင်မြန်စွာ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကို အမှီလိုက်နိုင်ရမှာဖြစ်ပါတယ်။ (မြင်းကိုမှီဖို့အတွက် မြင်းဖြစ်ဖို့မလိုတော့ပါဘူး။ မြင်းကို စီးသွားဖို့လိုအပ်ပါတယ်)။ ခေတ်ကို အမှီလိုက်ဖို့အတွက် ခေတ်ရေစီးကြောင်းအပေါ် စီးမျှော ပြောင်းလဲကြီးစားသွားနိုင်မှသာ ခေတ်တစ်ခုကို ဦးဆောင်အောင်မြင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးဆောင်အောင်မြင်နိုင်သော ခေါင်းဆောင်ကောင်းများဖြစ်လာမှာဖြစ်ပါတယ်။ အနာဂတ်ခေါင်းဆောင်များ 7-M ဖြင့် ချမ်းသာတိုးတက်အောင်မြင်ကြပါစေ အားပေးလိုက်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

စည်းစိမ်ချမ်းသာ (၂-မျိုး) ပိုင်ဆိုင်ပါစေ

(၁) ရုပ်ပိုင်းဆိုင်ရာ ငွေကြေးစည်းစိမ်ရှိမှု

(၂) စိတ်ပိုင်းဆိုင်ရာ သဒ္ဒါယုံကြည်ချက်ရှိမှု

ချမ်းသာမှုဆိုတာ ဥစ္စာရင်းနှီးရှိပြီးမှ ကြိုးစားဖို့မဟုတ်ချမ်းသာဖို့ဆိုတာ ကြိုးစားရင်းနဲ့ ဥစ္စာရှိလာခြင်းဖြစ်၏။ ချမ်းသာဖို့အရင်းအနှီးဟာ ကြိုးစားခြင်းဖြစ်၏

# ခေါင်းဆောင်မှု ဥပမာ

**********



ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်သူဌေးကြီး

Warren Buffett ဟာ အမေရိကန်ပြည်ထောင်စု Omaha မြို့ရဲ့ နိုင်ငံအများပိုင် Berkshrine Hathaway ကုမ္ပဏီရဲ့ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ် CEOလည်းဖြစ်တဲ့ ရှယ်ယာ အများဆုံးပိုင်ရှင် သူဌေးတစ်ဦးဖြစ်ပါတယ်။

သူဟာလုပ်ဖော်ကိုင်ဖက်တွေကြားမှာ အထူးလေးစား ခံရသလို စီးပွားရေးကိစ္စများ စီမံခန့်ခွဲရာတွင်လည်း လူ့ကျင့်ဝတ် စွဲမြဲထိန်းသိမ်းလိုက်နာသူ ငွေကြေးကိစ္စ အချွေတာဆုံးသူအဖြစ် တစ်ကမ္ဘာလုံးကပါ လေးစားခြင်းခံရပါတယ်။

၄ယ်စဉ်ဘဝ Warren Buffett ဟာ အချိုရည်နဲ့ သကြားလုံးလေးတွေ အိမ်တိုင်ရာရောက် လိုက်လံရောင်းချတဲ့

အလုပ်ကို လုပ်ခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနည်းလမ်းတွေ ကိုယ်တိုင်ချမှတ် လုပ်ဆောင်ပြီး လက်တွေ့ကျကျလိုက်နာကျင့်သုံးခဲ့တဲ့အတွက်လည်း ငွေကြေးမြောက်များစွာ ပိုင်ဆိုင်လာတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာပါတယ်။

၂၀၁၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သမ္မတ Barack Obama ပေးအပ်တဲ့ Presidential Medal of Freedom အဖြစ် ဂုဏ်ပြုခံရပါတယ်။

သူဟာ သူရဲ့ပိုင်ဆိုင်မှုတွေကို လူမှုရေးကိစ္စတွေနဲ့ ပရဟိတ အဖွဲ့အစည်းတွေမှာ ပေးကမ်းလှူဒါန်းဖို့ဆန္ဒရှိပါတယ်။ သူ့ကြွယ်ဝချမ်းသာမှုရဲ့ ၈၃%ကို Bill & Melinda Gates Foundation ကို ပေးလှူခဲ့ပါတယ်။

**မိုင်ထောင်ချီခရီးကို တစ်ယောက်တည်းပျံသန်းမလား**

**အဖွဲ့လိုက် ပျံသန်းမလား**



ကမ္ဘာမှာ နာမည်ကြီးထင်ရှားလှတဲ့ (ဆောင်းခိုငှက်)တွေဟာ ဘာကြောင့် မိုင်ထောင်ပျံသန်းနိုင်သလဲဆိုတဲ့ (အဖြေ)ကို ပညာရှင်များမှ သုသေသနပြုသင်ခန်းစာယူနိုင်ရန် မှတ်တမ်းတင်ထားတာရှိပါတယ်။ ဆောင်းခိုငှက်တို့သည် (ဆောင်းရာသီရှိတဲ့ နိုင်ငံတစ်ခုမှ တခြားနိုင်ငံ တစ်ခုသို့) ဆောင်ခိုရန် (မိုင်ထောင်ချီ) ပျံသန်းနိုင်ကြပါတယ်တဲ့။

ဘာကြောင့် ဆောင်းခိုငှက်တွေဟာ မိုင်ထောင်ချီးခရီး ပျံသန်းနိုင်သလဲ ဆိုရင်. . .

(၁) ငှက်တွေဟာ အုပ်စုဖွဲ့ပြီး (များ) ပုံစံပမာ လေကိုခွင်းပြီး ပျံသန်းကြပါတယ်။ ဒါကြောင့် သူတို့ သည် မိုင်ထောင်ချီခရီးကို ကာလရှည် ပျံသန်းစရာ မလိုပဲ၊ ရက်အနည်းငယ်အတွင်းရောက်အောင် အချိန် တိုအတွင်း ခရီးပေါက်နိုင်ခြင်း ဖြစ်ပါတယ်။

(၂) အရှေ့ဆုံးမှ ဦးဆောင်ပျံသန်းမှုကို ငှက်တစ်ကောင်တည်းမှ မဦးဆောင်စေပဲ၊ ဦးဆောင် ငှက်ဟာ မောပန်းလာချိန်မှာ နောက်မှ ဦးဆောင်နိုင် တဲ့ ငှက်တွေဟာ နေရာအစားထိုးပြီး ပျံသန်းကြခြင်း ကြောင့်ဖြစ်ပါတယ်။

(၃) ဆောင်ခိုငှက်တွေဟာ စည်းလုံးညီညွတ် စွာ အုပ်စုဖွဲ့ပြီးပျံသန်းကြပါတယ်၊ အုပ်စုဖွဲ့ပြီး တကောင် နဲ့တကောင် ဝန်းရံပြီး ညီညွတ်စွာ ပျံသန်းခြင်း ကြောင့် အားလုံးလေရဲ့ဒါဏ်ကို ပိုခံနိုင်ပြီး မမောမပန်းရေရှည် ခရီး ပျံသန်းနိုင် ခြင်းပဲဖြစ်ပါတယ်။

(၄) ငှက်အချင်းချင်း တစ်ကောင်နဲ့တစ် ကောင် အားပေးပြီး ပျံသန်းကြပါတယ်၊ ခရီးတ

လျှောက်မှာ တစ်ကောင် မပျံနိုင်ချိန်မှာ လေကို ဝန်းရံပျံသန်းပေးပြီး တစ်ကောင်နဲ့တစ်ကောင် အတူတူအားပေးခြင်းပျံသန်းခြင်းကြောင့်ဖြစ်ပါတယ်။

(၅) မိုင်ထောင်ချီပျံသန်းကြဖို့ ဆောင်ခိုငှက်အားလုံးဟာ စတင်မှုမှသည် ခရီးဆုံးအထိ လေထန်ခက်ခဲပါစေ စိတ်ဓါတ်ခွန်အားအပြည့်နဲ့ ပျံသန်းခြင်းကြောင့် မိုင်ထောင်ချီခရီးတွေကို အရောက်သွားနိုင်ခြင်းပင်ဖြစ်ပါတယ်။

ဒါကြောင့် ဆောင်းခိုငှက်ပမာ (မိုင်ထောင်ချီခရီးပျံသန်းဖို့) အတွက် ဦးဆောင်စီမံနေသော အဖွဲ့အစည်းတိုင်းအတွက် ခေါင်းဆောင်မှုမှာ နာမည်ကြီးတဲ့ V-Shape Leadership ဟူ၍ သင်ခန်းစာအဖြစ်ပြောင်းလဲသင်ကြားစေခဲ့ပါတယ်။

ဆောင်းခိုငှက်တွေ (မျှားပုံစံ) လေခွင်းပျံသလို (Strategy - မဟာဗျူဟာ ကောင်းမွန်ဖို့လိုအပ်ပါတယ်။

အလုပ်တခုအောင်မြင်မှုဟာ - Iill is 20 % -

Strategy is 80 % လို့ အမေရိကန် စီးပွားရေးပညာရှင် Jim Rohn ကို ဆိုထားပါတယ်။ မဟာဗျူဟာကောင်းမွန်ခြင်းဟာ လုပ်ငန်းတွေတိုးတက်ရေးအတွက် အဓိကဖြစ်ပါတယ်။

ခေါင်းဆောင်ငှက်ဟာ (နေရာအစားထိုးသလို) Leadership - ခေါင်းဆောင်သူများစွာမှ ဦးဆောင်သွားဖို့လိုပါတယ်။

မှန်ကန်တဲ့ ခေါင်းဆောင်မှုဆိုတာ မည်သူမဆိုပါဝင်စေခြင်းဖြင့် အချိန်တို အတွင်းအကျိုးရလဒ်ဖြစ်အောင် ဦးဆောင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ ခေါင်းဆောင်မှုဟာ ရာထူးမဟုတ်ပဲ လုပ်ရပ်၊ ရလဒ်ဖြစ်အောင် ဖန်တီးခြင်းသာဖြစ်ပါတယ်။

ငှက်တွေဟာ အုပ်စုဖွဲ့ပြီး တစ်ကောင်နဲ့တစ်ကောင် ဝန်းရံသလို Team-working - အားလုံးစည်းလုံးညီညွတ်ဖို့ လိုပါတယ်။

တဦးတည်းမလုပ်နိုင်တဲ့ အရာတွေကို အဖွဲ့လိုက်ပေါင်းစပ်လုပ်ကိုင်ချိန်မှာ ပိုမိုပြီးမြောက်အောင်

မြင်နိုင်ပါတယ်။ လုပ်ငန်းတခုတိုးတက်ရေးမှာ အသင်းအဖွဲ့၏ စည်းလုံးညီညွတ်မှုဟာ ရှေ့သို့ရောက်ဖို့ မဟာခွန်အားပါပဲ။

ခရီးတလျှောက်မှ ငှက်အချင်းချင်း အားပေးကူညီကြသလို Encou-raging - တဦးနဲ့တဦး အားပေးကူညီဖို့လိုပါတယ်။

တဦးနဲ့တဦး အားပေးကူညီဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းမှာ အပြန်အလှန်တန်ဖိုးမျှဝေပေးနေပြီး လုပ်ငန်းအားလုံးရဲ့ ပြီးမြောက်မှုတွေဟာ ပိုမိုတိုးတက်စေနိုင်ပါတယ်။

မိုင်ထောင်ချီခရီးပျံသန်းပြီး ဆောင်ခိုကြသလို Motivation - စိတ် ဓါတ်ပြင်းပြစွာနဲ့ ရေရှည်အောင်မြင်မှုဆီသွားဖို့လိုပါတယ်။

(ဝေးကွာတဲ့ မိုင်ထောင်ချီခရီးဟာ အဓိကမဟုတ်ပါဘူး၊ ပန်းတိုင်ကို အရောက်သွားဖို့သာ အဓိကဖြစ်ပါတယ်။ ပြင်းပြတဲ့ စိတ်ဆန္ဒသာရှိနေလျှင် လုပ်ငန်းတွေမှာ မအောင်မြင်စရာဆိုတာ မရှိနိုင်ပါဘူး။

ဒါကြောင့် (ဆောင်းခိုငှက်) တွေရဲ့ မိုင်ထောင်ချီခရီးပျံသန်းကြတဲ့ V-Shape Leadership သုသေသနအရအဖွဲ့အစည်းများအားလုံးဦးဆောင်ရာဝယ်. .

- Strategy - မဟာဗျူဟာ ကောင်းမွန်ခြင်း
- Leadership - ခေါင်းဆောင်မှု မှန်ကန်ခြင်း
- Team-working - အသင်းအဖွဲ့စည်းလုံးညီညွတ်ခြင်း
- Encouraging - တဦးနဲ့တဦး အားပေးခြင်း
- Motivation - စိတ်ဓါတ်ပြင်းပြစွာ ကြိုးစားခြင်း

V-ShapeLeadershipပုံစံသကဲ့သို့(ဆောင်းခိုငှက်တို့ မိုင်ထောင်ချီ ခရီးပျံသန်းမှုပမာ) အဖွဲ့အစည်းများအားလုံး ဦးဆောင်စီမံခန့်ခွဲပြီး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်နိုင်ကြပါစေ. . .။

# Power (17)

## နောက်လိုက်သူဟာ

**"Follower"** နောက်လိုက်တွေကို မွေးထုတ်တယ်

## ခေါင်းဆောင်သူဟာ

**"Leader"** ခေါင်းဆောင်တွေကို မွေးထုတ်တယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



# 17

# Training Power of Leadership

## (သင်ကြားပေးမှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Training Power ဆိုတာ သာလိကာ စကားပြောခြင်းနှင့် တူပါတယ်။ (သာလိကာ) ကို စကားပြောတက်ဖို့ သင်ပေးနိုင်သလိုပဲ ခေါင်းဆောင်မှု ပညာမသိသေးသူတွေကို ခေါင်းဆောင်မှု့ ပညာသင်ပေးနိုင်တယ်။ နောက်လိုက်တွေကိုလည်း ခေါင်းဆောင်နိုင်အောင် လေ့ကျင့်သင်ပေးနိုင်ပါတယ်။

ခေါင်းဆောင်တွေဆိုတာ လူတွေကို လမ်းညွှန်သင်ကြားပေးနိုင်သူတွေဖြစ်ဖို့လိုပါတယ်။ အထူးသဖြင့် ကမ္ဘာဖလားမှာ အောင်မြင်တဲ့အသင်းတွေရဲ့နောက်ကွယ်မှာ (Training & Coaching လေ့ကျင့်သင်ကြား၊ လမ်းညွှန်ပေးတဲ့) နည်းပြတွေကြောင့်ဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်း ပီသတဲ့ Jack Ma ရဲ့ အကြံပေးချက်အရ CEO ဆိုတာ ယဉ်ကျေးမှု နိုက-cation Officer (ပညာသင်ပေးနိုင်တဲ့ ခေါင်းဆောင်သူ) ဟု ခံယူပြောဆိုထားတာရှိပါတယ်။

တချို့ခေါင်းဆောင်တွေဟာ နောက်လိုက်တွေကို သင်ကြားလမ်းညွှန်ပေးရမှာ ကြောက်ပုံပေါ်တယ်။ (သူတို့နဲ့ တော်သွားရင်၊ တက်သွားရင်ဆိုတဲ့ ခေါင်းဆောင်မှုမပီသတဲ့ စိတ်ဓါတ်ကြောင့်ဖြစ်ပါတယ်)။ နောက်လိုက်တွေကို တက်အောင်သင်ပေးလိုက်ပါ (၁၀၀ % ကိုယ့်မှာ ရှိတဲ့ အရာမှန်သမျှ ပေးပြီးရင်၊ သူတို့ထက်သာတဲ့ ၂၀၀ % ကိုယ့်မှ ထပ်ရှိလာအောင် ကြိုးစားဖို့သာ အဓိကဖြစ်ပါတယ်)။ ဆရာဆိုတာ ဆရာထက်သာတဲ့ တပည့်များသာ မွေးထုတ်ကြသလို၊ ခေါင်းဆောင်ဆိုတာ မိမိထက်သာတဲ့ ခေါင်းဆောင်ကောင်းများ မွေး

ထုတ်လေ့ကျင့်သင်ကြားပေးဖို့ပဲဖြစ်ပါတယ်။

မှန်ပါတယ် ခေါင်းဆောင်ဆိုတာ လူတွေ တိုးတက်အောင်၊ လေ့ကျင့်သင်ကြား၊ လမ်းညွှန်ပေးနိုင်သူဖြစ်ဖို့ အရေးကြီးပါတယ်။ လက်ရှိမှာ မြို့ပေါင်းအနှံ့ စာသင်နေရတဲ့ ဆရာတစ်ဦးအနေနဲ့ လေ့ကျင့်သင်ကြား၊ လမ်းညွှန်ဆွေးနွေး၊ တင်ဆက်ပြောမှုမှာ အသုံးဝင်စေနိုင်တဲ့ နည်းလမ်း (၅-ချက်) ကို အကြံပြုရေးသားလိုက်ပါရစေ။ Leader as Trainer ခေါင်းဆောင် ဆရာတစ်ယောက်အနေနဲ့ အရေးကြီးတဲ့ အချက်များဖြစ်တဲ့ . . .

*၅၀ % မိမိဘက်မှ တင်ပြဆွေးနွေးပြောဆိုမှု*
*လေ့ကျင့်သင်ကြားလမ်းညွှန်ပေးမှုလိုသလို*
*၅၀ % တခြားသူသို့ နားလည်သဘောပေါက်စေတဲ့*
*နည်းများကို အသုံးပြုဖို့ လိုအပ်ပါတယ်*

ခေါင်းဆောင်တစ်ဦးအနေနဲ့ မိမိရဲ့နောက်လိုက်အဖွဲ့ဝင်တွေကို လေ့ကျင့်သင်ကြားမှုမှာ အသေးစိတ်အားဖြင့် အောက်ပါ (%) များ ပေါင်းစပ်အသုံးပြုပြီး (သင်ကြားပေခြင်း၊

လမ်းညွှန်ဆွေးနွေးခြင်း) များကို ဆောင်ရွက်နိုင်ပါလိမ့်မယ်။

## 50 % Presentation

**(တင်ဆက်ပြောဆိုမှု ၅၀ %) အသုံးပြုခြင်း**

အဓိကအရေးကြီးတာ ၅၀% Presentation တင်ဆက်ပြောဆိုမည့် ပုံစံပဲဖြစ်ပါတယ်။ ဘယ်အကြောင်းရာကို ဘယ်လိုစိတ်ဝင်စားအောင် အချက်အလက်၊ ဥပမာ ဥပမေ၊ သီအိုရီ၊ Case Study၊ လက်တွေ့နားလည်အောင် တင်ဆက်ပြောဆိုမလဲဆိုတာ အဓိကဖြစ်ပါတယ်။

## 15 % Coaching

**(လမ်းညွှန်အကြံပေးမှု ၁၅ %) အသုံးပြုခြင်း**

တိုးတက်အောင် ဘယ်နည်းလမ်းနဲ့ ဘယ်လိုဆက်လုပ်ရမယ်ဆိုတဲ့ အကြံပေးလမ်းညွှန်ချက်ဟာ အဓိအကျဆုံးဖြစ်ပါတယ်။ ပြင်ပလက်တွေ့ဘဝမှာ ဘယ်လိုတိုးတက်အောင် To Do List များ လက်တွေ့ပြုလုပ်စေခြင်း၊ သူတို့ကိုယ်တိုင် အဖြေရှာခြင်းစတဲ့ နည်းပေးလမ်းပြ လေ့ကျင့်သင့်ကြားပေးနိုင်မှုဟာလည်း ယနေ့ခေတ် အဓိကလိုအပ်လာပါတယ်။

## 15 % Discussion

### (ဆွေးနွေးဖလှယ်မှု ၁၅ %) အသုံးပြုခြင်း

လေ့ကျင့်သင်ကြားပေးမှု အဓိကဟာ (Audience ပရိတ်သတ်) ဖြစ်ပါတယ်။ မိမိရဲ့ တပည့်များဖြစ်စေ၊ မိမိရဲ့ နောက်လိုက်အဖွဲ့ဝင်များဖြစ်စေ၊ သူတို့ကိုယ်တိုင် နားလည် သဘောက်ပေါက်ဖို့ အချင်းချင်း အပြန်အလှန် ဆွေးနွေးဖို့လို အပ်မှာဖြစ်ပါတယ်။

(Don’t Follow ONE – Follow EVERY ONE) လူတစ်ယောက်ထဲ မလိုက်နဲ့၊ လူတိုင်းနောက်လိုက် မှ (အသိပညာတိုးပွားနိုင်ပါတယ်) လေ့လာသူများအဖို့ အား လုံးထံမှ ဆွေးနွေး မျှဝေခြင်းဟာလည်း များစွာသော တိုး တက်မှုကို ဖြစ်စေနိုင်ပါတယ်။

## 10 % Game/ Success Story

### (လက်တွေ့လေ့ကျင့်မှု ၁၀ %) အသုံးပြုခြင်း

လက်တွေ့နားလည်သဘောပေါက်စေမည့် ပညာရ စေသော Game များ၊ လက်တွေ့ အောင်မြင်ရေး အဖြစ် အပျက်ပုံပြင်များကို တသက်တာနားလည်မြင်သာသွားအောင်

လေ့ကျင့်လမ်းညွှန်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ (ပျော်ရွှင်မှုဟာ လေ့လာမှုကို တိုးစေပြီး၊ ပျော်ရွှင်စွာ လေ့ကျင့်သင်ကြားမှုဖြစ်ဖို့လည်း အဓိကဖြစ်လာပါတယ်)။ ဘ၀မှာ အောင်မြင်သူတို့၏ အဖြစ်အပျက်၊ လက်တွေ့ ဘ၀ပုံစံတွေကို လေ့ကျင့်သင်ကြားပေးမှုဟာ အတုယူအားကျမှုနှင့် ပိုမိုတိုးတက်အောင်မြင်မှုသို့ အားပေးလှုံ့ဆော်ပေးနိုင်ပါတယ်။

## 10 % Video

### (သင်ကြားမှုနဲ့ဆိုင်သော ဒီယိုများ ၁၀ %) အသုံးပြုခြင်း

အောင်မြင်ရေးမှာ အောင်မြင်နည်း ဖြစ်ရပ်မှန် Movie များ၊ စီးပွားရေးမှာ ဖြစ်ရပ်မှန် စီးပွားရေး ပညာပေး Movie များနှင့် ကိုယ်ပေးချင်တဲ့ ပညာရပ်နဲ့ဆိုင်တဲ့ Movie တိုများကိုလည်း လက်တွေ့ပြခြင်း၊ အားပေးလမ်းညွှန် ပြောကြားခြင်းဟာလည်း စိတ်ပိုင်းဆိုင်ရာမှာ စွဲမြဲမှတ်မိစေပြီး ပိုမိုတိုးတက်မှုသို့ အားပေးနိုင်ပါတယ်။ Art Power အနုပညာစွမ်းအားသည် လူတွေရဲ့ စိတ်ထဲသို့ အလွှမ်းမိုးဆုံးသော စွမ်းအားမို့ Music, Video များ ပေါင်းစပ်အသုံးပြုပြီး လေ့ကျင့်သင်ကြားမှုဟာ ထိရောက်စေသော နည်းလမ်းကောင်းဖြစ်ပါ

တယ်။

လေ့ကျင့်သင်ကြား ဦးဆောင်မှုစွမ်းအားကို အသုံးပြုပြီး ခေါင်းဆောင်များအနေဖြင့် ဖော်ပြထားတဲ့ နည်းလမ်းများအတိုင်း (မိမိကိုယ်တိုင်မှ မိမိအဖွဲ့အစည်းသို့ လေ့ကျင့်သင်ကြားပေးမှု၊ ကျွမ်းကျင်ပညာရှင် ဆရာများမှ မိမိအသင်းအဖွဲ့သို့ လေ့ကျင့်သင်ကြားပေးမှု) Training & Coaching နည်းလမ်းများကို ပေါင်းစပ်သုံးပြီး ယနေ့ (၂၁-ရာစု) လျှင်မြန်တိုးတက်ပြောင်းလဲလာမှုမှာ အသိပညာ၊ အတက်ပညာစွမ်းရည်များ မြင့်တင်ဖို့ လေ့ကျင့်သင်ကြားဦးဆောင်သွားနိုင်ဖို့ဟာ ဦးဆောင်မှုတို့ရဲ့ အတိုးတက်စေဆုံးသော တွန်းအားပင်ဖြစ်နိုင်ပါလိမ့်မယ်။




**Life > Learning > Leadership**

Learning & Leadership are independable

each other (လေ့လာသင်ယူမှုနှင့် ခေါင်းဆောင်မှုဟာ တစ်ခုနဲ့တခုဟာ အပြန်အလှန် မှီခိုနေတယ်)ဟု အမေရိကန်သမ္မတဟောင်း (John F Kennedy) မှ ဆိုခဲ့ဖူးပါတယ်။ မှန်ပါတယ် ခေါင်းဆောင်သူဟာ လေ့လာသူဖြစ်ပြီး၊ လေ့လာရင်းနဲ့ ခေါင်းဆောင်မှုအဆင့်ဆင့် မြင့်တက်လာခြင်းပင်ဖြစ်ပါတယ်)။ ခေါင်းဆောင်ဖြစ်ဖို့ ဘာအရေးကြီးဆုံးလဲဟောပြောရရင်. . . (လေ့လာသင်ယူ နှင့် လေ့ကျင့်သင်ကြားမှု) ဒီအရာ (၂-ခု) ဟာ အရေးကြီးဆုံးပင်ဖြစ်ပါတယ်။ ကမ္ဘာမှာအောင်မြင်ကျော်ကြားခဲ့တဲ့ ခေါင်းဆောင်များကို လေ့လာခဲ့ရင် အလွန်မှ လေ့လာသူများဖြစ်ပြီး၊ အဖြေများစွာတွေ့ခဲ့ပြီး၊ ဦးဆောင်အောင်မြင်မှုသို့ ရောက်ရှိစေခဲ့ခြင်း ဖြစ်ပါတယ်။ လှိုင်းပုံစံကဲ့သို့ သွားနေတဲ့ လောကသဘောမှာ အတက်အကျ၊ အနိမ့်အမြင့်၊ အမေးအဖြေ ဒွန်တွဲရှာဖွေကြီးစား ဦးဆောင်နေရတဲ့ ခေါင်းဆောင်များအဖို့ တဖက်မှာ (Learning လေ့လာမှု အဓိကဖြစ်ပြီး) တဖက်မှာ (Leading ခေါင်းဆောင်မှု အဓိကဖြစ်ပါတယ်)။

မြင့်မြတ်စွာ ဦးဆောင်ကြိုးပမ်းခဲ့တဲ့ (မြတ်စွာဘုရားရှင်) ကိုယ်တိုင်၊ လေ့ကျင့်သင်ကြား ဟောပြောမှုကို အားပေးခဲ့

သော အမြင့်မြတ်ဆုံးခေါင်းဆောင်သူဖြစ်ပါတယ်။ လေ့ကျင့်သင်ကြား ဦးဆောင်သူတွေဟာ ယခုအခြေအနေကိုလည်း ဦးဆောင်စေသလို၊ နောင်နှစ်ပေါင်းများစွာ အသိပညာတွေကို လက်ဆင့်အမွေပေးဦးဆောင်စေခဲ့သော ခေါင်းဆောင်ကောင်းများပင်ဖြစ်စေပါလိမ့်မယ်။ (ခေါင်းဆောင်တစ်ဦးမှ ခေါင်းဆောင်ကောင်းများ မွေးထုတ်ဖို့ဖြစ်စေ၊ နောက်လိုက်အဖွဲ့ဝင်များ စွမ်းရည်တိုးတက်လာဖို့ဖြစ်စေ - ခေါင်းဆောင်သူတစ်ဦးအနေနဲ့ မဖြစ်မနေ လေ့ကျင့်သင်ကြား ဦးဆောင်မှုကို ပေါင်းစပ်ကြိုးပမ်းဖို့ဟာ အရေးကြီးဆုံးပင်ဖြစ်ပါတယ်)။

Training Leadership လေ့ကျင့်သင်ကြားဦးဆောင်မှုအတွက် ခေါင်းဆောင်များအနေဖြင့် နည်းပြလေ့ကျင့်သင်ကြားမှုမှာ အထောက်အကူပြုစေနိုင်သော အချက်များဖြစ်တဲ့. . .

1. Interference Theory (သီအိုရီများကိုးကားပြီး လေ့ကျင့်သင်ကြားပေးခြင်း)
2. Giving Example (ဥပမာများပေးခြင်းဖြင့် နားလည်အောင်လမ်းညွှန်ပြပေးခြင်း)

3. Memorize Matching (ဒွန်တွဲမှတ်သားစေသော နည်းလမ်းများအသုံးပြုစေခြင်း)
4. Story (Never Forget) (ပုံပြောကောင်းသော လေ့ကျင့်သင်ကြားဦးဆောင်ခြင်း)
5. Remember Opposite (ဆန့်ကျင်ဘက်အမြင်များဖြင့် ပိုမိုမှတ်မိအောင်ပြောခြင်း)
6. Noted Serial Factors (မှတ်သားစရာ ၁၊ ၂၊ ၃ စတဲ့ အချက်အလက်များဖြင့်ပြခြင်း)
7. Affirmation Moto (ထပ်ခါထပ်ခါပြောသော ဆောင်ပုဒ်များဖြင့် စွဲမြဲအားပေးခြင်း)

လေ့ကျင့်သင်ကြားဦးဆောင်မှုမှာ (ယခု ၇-ချက်) အား ပေါင်းစပ်အသုံးပြုခြင်းဖြင့် ခေါင်းဆောင်ကောင်းများအဖို့ မိမိအဖွဲ့ဝင်များကို စွမ်းရည်မြင့်တက်အောင် လေ့ကျင့်လမ်းညွှန်းသွားနိုင်မှာ ယုံကြည်စွာနဲ့ မျှဝေပေးလိုက်ပါတယ်။

လေ့ကျင့်သင်ကြား ဦးဆောင်သူများအဖို့ စကားပြောထူးချွန်ဖို့အတွက် စကားပြောကောင်းသူတွေရဲ့ အမူအရာ၊ ပြောဟန်ဆိုဟန်တွေကို လေ့လာရမှာဖြစ်ပါတယ်။ တခါက

ဆရာကြီးမင်းသိခ်ရဲ့ စကားပြောနည်းလမ်းညွှန်ချက်ကို လေ့လာခဲ့ဖူးပါတယ်။ (စကားပြောရာမှာ - စိတ်ငြိမ်ရမယ်၊ ရုပ်ငြိမ်ရမယ် ၊ အသံငြိမ်ရမယ်၊ လူတိုင်းရဲ့ ရင်ထဲရောက်အောင်ပြောနိုင်ရမယ်) ဒီအချက်တွေဟာ လေ့ကျင့်ခြင်းဖြင့် ကျွမ်းကျင်အောင် ကြိုးစားယူနိုင်မှာဖြစ်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ကိုးကွယ်ယုံကြည်မှုဆိုတာ(အသိ + အကျင့် = အကျိုး) မှန်ကန်စေဖို့ဖြစ်၏ကိုးကွယ်ယုံကြည်ပြီးရင် အရေးကြီးဆုံးက မိမိကိုယ်တိုင် ဆရာကိုအားကိုးပြီး စာမကျက်လျှင် စာမေးပွဲမအောင်သလို တပည့် ကိုယ်တိုင် ကြိုးစားအားထုတ်မှ စာမေးပွဲအောင်၏

(သောတာပန်နည်းလမ်းသိရုံနဲ့ တရားမရနိုင် မိမိကိုယ်တိုင်ကျင့်အားထုတ်မှသာ တရားရနိုင်၏)။ မိမိကိုယ်သာ ကိုးကွယ်ရာဟု မြတ်စွာဘုရားမိန့်ကြားခဲ့၏

## ခေါင်းဆောင်မှု ဥပမာ

**********



Philip Kotler ဟာ အမေရိကန် Marketing ပါမောက္ခ စာရေးဆရာ အကြံပေးပုဂ္ဂိုလ် တစ်ဦးဖြစ်ပါတယ်။ Marketing စီးပွားရေးဘာသာကို သိသူတိုင်း၊ Philip Kotler ကိုသိကြပါတယ်။ Philip Kotler ကို မေလ (၂၇) ရက်၊ ၁၉၃၁ ခုနှစ်မှာ အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင်မွေးဖွားခဲ့ပြီး၊ ယခု ၂၀၁၉ ခုနှစ်မှာတော့ အသက် (၈၈) နှစ်ရှိပြီဖြစ်ပြီး၊ စီးပွားရေးလောကမှာ ဂုရုတစ်ဦးအဖြစ် ထင်ရှားကျော်ကြားလျှက်ရှိပါတယ်။

Marketing နှင့်ပတ်သက်ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် ၁၉၇၅ ခုနှစ်မှာ American Marketing Association မှ ချီးမြှင့်သော Leader in Marketing ဆုကို ရရှိခဲ့ပါတယ်။ Philip Kotler ဟာ Marketing

စာအုပ်ပေါင်း ၆၀ ကျော်ကို ရေးသားပြုစုခဲ့ပြီး ယနေ့ခေတ် Marketing ရဲ့ ဖခင်ကြီးဖြစ်ပါတယ်။ တက္ကသိုလ်များမှ ကိုးကားစာအုပ်အပြင်၊ သုတအသိပညာပေး စာအုပ်များစွာကို ရေးသားခဲ့ပြီး ထင်ရှားသော စာအုပ်များထဲမှ Kotler on Marketing စာအုပ်၊ Marketing 4.0 စာအုပ်၊ Marketing insight A to Z စတဲ့ စာအုပ်ကောင်းများကိုလည်း ပြုစုရေးသားခဲ့သော ပညာရှင်ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

Philip Kotler ဟာ Marketing Mix ရဲ့ အဓိပ္ပါယ်ကို ဖွင့်ဆိုခဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။ ယခင်က လူတိုင်းသိတဲ့ SWOT မဟာဗျူဟာကို - TOWS ဆိုပြီး ယနေ့ခေတ် Outside In အပြင်ကိုကြည့်ပြီး ပြောင်းလဲကြိုးစားဖို့လည်း အကြံပေးခဲ့ သော ခေါင်းဆောင်လမ်းပြ ပညာရှင်တစ်ဦးလည်းဖြစ်ပါတယ်။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှာ ကမ္ဘာ့အကျော်ကြားဆုံး စဉ်းစားသူ (၅၀) စာရင်းမှာထည့်သွင်းသတ်မှတ်ခြင်း ခံခဲ့ရပြီး၊ ကမ္ဘာပေါ်မှာ ပညာရပ်ပိုင်းဆိုင်ရာ ထူးချွန်တဲ့ စာရေးဆရာ၊ ပါမောက္ခတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

Philip Kotler ဟာ ယနေ့မျက်မှောက်ခေတ် ၂၁ ရာစု၏ Marketing 4.0 နဲ့အတူ ပြောင်းလဲလာတဲ့ နည်းပညာလှိုင်းတို့နှင့် ဈေးကွက်ဆင့်ကဲ တိုးတက်မှုတို့နဲ့အတူ-ဈေးကွက်စီးပွားရေး လောကအတွက်၊ အကြံညာဏ်၊ အသိပညာ၊ မဟာဗျူဟာများစွာကို ဦးဆောင်လမ်းပြအကျိုးပြုခဲ့သူအဖြစ် စီးပွားရေးလောကသားတို့၏ ရင်ထဲအမြဲစွဲမြဲနေမှာဖြစ်ပါတယ်။

**Philip Kotler (အဆိုအမိန့်)**

Good Company will MEET the Need.

Great Company will CREAT the Need.

ကောင်းတဲ့ ကုမ္ပဏီတွေက လိုအပ်ချက်ကို ဖြည့်ဆည်းပြီး၊ အကောင်းဆုံး ကုမ္ပဏီတွေက လိုအပ်ချက်တွေကို ဖန်တီးဆောင်ရွက်ပေးနိုင်တယ်။

# Power (18)

## နောက်လိုက်သူဟာ

"Reason" ဆင်ခြေများများပေးတယ်

## ခေါင်းဆောင်သူဟာ

"Result" ရလဒ်များများကြိုးစားတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 18

## Life Power of Leadership

## (သဘာဝရှင်သန်မှုစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Life Power ဆိုတာက စာမေးပွဲ ဖြေခြင်းနှင့် တူပါတယ်။

စာမေးပွဲအောင်ဖို့ဆိုတာ ဘာသာရပ်အားလုံးကို အောင်ဖို့

မျှတကြိုးစားရသလိုပဲ ဘဝအောင်မြင်ဖို့ဆိုတာ

အောင်မြင်ရေး၊ ကျန်းမာရေး၊ လူမှုရေး အားလုံးကို

မျှတကြိုးစားရပါတယ်။

ခေါင်းဆောင်နေတဲ့ Leader များအတွက် ဘဝရဲ့တန်ဖိုးတရားတွေကို တိုးတက်အောင် ဦးဆောင်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။ အတိုင်းအဆမရှိ၊ အတိုင်းအဆမသိတဲ့ လူသားအားလုံးတို့၏ Life & Leadership ဘဝနဲ့ဦးဆောင်မှုမှာ အရေးကြီးတဲ့ အရာများစွာနဲ့ စုပေါင်းလည်ပတ်နေပါတယ်။ ဘဝမှာ ဦးဆောင်တိုးတက်ဖို့ အရေးကြီးဆုံး (3-L) အတိုင်း စဉ်ဆက်တိုးတက်အောင် ကြိုးစားဦးဆောင်သွားပြီး၊ ကိုယ်တိုင်သာလျှင် ကိုယ့်ဘဝရဲ့ဦးဆောင်အရှင်သခင် စိတ်နဲ့အတူ အရာရာဖန်တီးသွားဖို့ အားပေးလိုက်ပါတယ်။

- Living (ရှင်သန်နေထိုင်ခြင်း)
- Learning (လေ့လာသင်ယူခြင်း)
- Leading (ဦးဆောင်တိုးတက်ခြင်း)

ဘဝရဲ့အတိုင်းအဆမရှိ၊ မသိတဲ့ တန်ဖိုးများစွာရှိမှုကို ယုံကြည်ပြီး ရှာဖွေဖို့လိုအပ်ပါတယ်။ လူတိုင်းမှာ တန်ဖိုးတရား၊ စွမ်းအားကိုယ်စီရှိတယ်ဆိုတာ ယုံကြည်နေမိတယ်။ ကမ္ဘာမှာ သုသေသနပြုချက်များအရ လူတိုင်းဟာ ကိုယ်မသိတဲ့ တန်

ဖိုးများစွာ၊ စွမ်းအားများစွာ ရှိနေခြင်းဆိုတာပါပဲ။ ဖော်ပြထား တဲ့ ဉပဒေအရ လူတိုင်းမှာ မိမိရှင်သန်နေတဲ့ နယ်ပယ်တစ်ခုမှာ (%) အားဖြင့် ခန့်မှန်းကြည့်ရင်. . .

I Know (ကိုယ်သိနေတယ်ဆိုတဲ့အပိုင်း) - ၂၀ % ခန့်ရှိနိုင်ပါတယ်။

I Don't Know (ကိုယ်မသိနေဘူးဆိုတဲ့အပိုင်း) - ၃၀ % ခန့် ရှိနိုင်ပါသေးတယ်။

I Don't Know – I Don't (ကိုယ်မသိတဲ့အရာကို ကိုယ်ဘယ်လိုမှမသိခြင်း) - ၅၀ % ခန့် အများဆုံးရှိနေပါလိမ့်မယ်။

ယခုအချိန်နဲ့ (နောင်နှစ်ပေါင်း ၁၀၀) မှာ ဘာတွေဖြစ်မယ်၊ ကိုယ်ဘယ်လိုဖြစ်နေမလဲ၊ ဘယ်သူမှ မသိတဲ့ဘဝရဲ့ မနက်ဖြန်များစွာနဲ့ နေထိုင်ရှင်သန်နေတာ လူသားအားလုံးပါပဲ။ (ဘဝဆိုတာ ဘာဖြစ်လာမလဲ မသိနိုင်ပေမယ့် အကောင်းဖြစ်ဖို့ မျှော်လင့်ခန့်မှန်းရင်း ကြိုးစားနေကြတာပဲဖြစ်ပါတယ်)။

- မရှိတာတွေကို ရှိအောင်ကြိုးစားနေတာ ဘဝ
- မသိတာတွေကို သိအောင်ကြိုးစားနေတာ ဘဝ
- မပြီးတာတွေကို ပြီးအောင်ကြိုးစားနေတာ ဘဝပါပဲ။

မွေးရာပါ ဘာမှမသိ၊ ဘာမှမရှိ၊ ဘာမှမပြီးတဲ့ ဘဝတွေကို ဒီအတိုင်းထားပြီး၊ ဦးမဆောင်နိုင်သမျှ ဘဝဟာနေ့စဉ်အရှုံးဖြစ်မှာမို့၊ ဘဝကို မဖြစ်မနေပြောင်းလဲတိုးတက် ဦးဆောင်နိုင်ပါစေ။

ဘဝရဲ့ တန်ဖိုးဆိုတာ (ဘယ်လောက်ရှာဖွေနေလဲ၊ ဘယ်လောက်ဖန်တီးနေလဲ၊ ဘယ်လောက်ကြိုးစားအားထုတ်သလဲဆိုတာ) အတိုင်းအဆမရှိ၊ မသိသော Life Power ဘဝ၏ စွမ်းအားများစွာကို လူတိုင်းပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

ဘဝတစ်ခုရဲ့ တန်ဖိုးဆိုတာ (မိမိတွေးနေတာထက်၊ မိမိပိုလုပ်နိုင်ပါတယ်) မိမိထင်ထားတာထက်၊ ဘဝဆိုတာ ပိုပြီးတန်ဖိုးရှိနေကြပါတယ်။ (ငယ်စဉ်က သင်မလုပ်နိုင်ဘူးထင်ခဲ့တဲ့ အလုပ်တွေကို ယခုလုပ်နိုင်ခဲ့ပြီဖြစ်ပါလိမ့်မယ်) ဒါနဲ့ပတ်သတ်ပြီး ဥပမာတင်ပြရရင် - Jack Ma ဟာ ယခင်က သူတွေးခဲ့တဲ့ ဘဝရဲ့တန်ဖိုးဆိုတာ (KFC) မှာ အလုပ်လျှောက်

ဖို့ အလုပ်ရဖို့အတွေးဖြစ်ပါလိမ့်မယ်။ တကယ်တမ်း ယနေ့ Jack Ma ဟာ တရုတ်နိုင်ငံရဲ့ KFC ကို ဝယ်နိုင်ခဲ့တဲ့ လုပ်ငန်းရှင်ကြီးဖြစ်သလို၊ ယနေ့ကမ္ဘာမှာ Alibaba (ဝဘ်ဆိုဒ်) ကို အသုံးပြုနေသော လုပ်ငန်းပေါင်း သန်း ၅၀၀ ကျော်ရှိနေတဲ့ ကမ္ဘာစီးပွားရေးလုပ်ငန်းများရဲ့ အားထားရာ လုပ်ငန်းကြီးတစ်ခု ထူထောင်ဦးဆောင်ခဲ့သော ခေါင်းဆောင်ကောင်းဘဝတစ်ခုကို ဖန်တီးနိုင်ခဲ့ပါပြီ။ Jack Ma ကိုယ်တိုင် သူမထင်ထားတဲ့ ဘဝရဲ့စွမ်းအားများစွာကို ရှာဖွေကြိုးစားအားထုတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ စာဖတ်သူလည်း မိမိကိုယ်တိုင် ပြန်မေးကြည့်ပါ။ ငါကိုယ်တိုင်မှာ ဘယ်လိုစွမ်းအားတွေရှိနေမလဲ။ ငါဖြစ်ချင်တဲ့ ရည်မှန်းချက်ကို တနေ့ပိုင်ဆိုင်မယ်။ ဒီလို ယုံကြည်တဲ့ အတွေးမှစတင်ပြီး ကြိုးစားဦးဆောင်လိုက်ရင် မိမိတွေးနိုင်တဲ့ အတွေးထက်၊ ပိုလုပ်နိုင်လိမ့်မယ်ဆိုတဲ့ ဘဝပိုင်ရှင်ဖြစ်လာဖို့အသေချာအားပေးတိုက်တွန်းလိုက်ပါတယ်။(ဖြစ်ချင်တဲ့ ရည်မှန်းချက်တွေကို အရှုံးပေးမလား၊ မဖြစ်ဖြစ်အောင်စွန့်စားမလား)ဆိုတဲ့ ကိုယ်တိုင်သာ ကိုယ့်ဘဝရဲ့ခေါင်းဆောင်စိတ်စွမ်းအားနဲ့အတူ အတိုင်းအဆမရှိ၊ မသိတဲ့ ဘဝရဲ့ အလားအလာတွေကို ရှာဖွေဖော်ထုတ်လိုက်ပါ။

ဘဝမှာ အောင်မြင်ဖို့အတွက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ဆန်းစစ်သုံးသပ်ပြီး (မဖြစ်မနေ ကြိုးစားအောင်မြင်သွားရမည့်) ဘဝရဲ့တန်ဖိုးစွမ်းအား (၈-ခု) အတွက်၊ မိမိကိုယ်တိုင်ရဲ့ တန်ဖိုးအပြည့်ကို မိမိကိုယ်တိုင် ရယူခံစားလိုက်ပါ။ (ဥပမာ - Jack Ma သည် KFC အလုပ်ရှောက်သူ ဘဝမှ ဘီလျံနာ သန်းကြွယ်သူဌေးဘဝသို့ တန်ဖိုးအပြည့် ရယူခဲ့ပြီ။ Tony Robbin သည် သာမန်ဘဝမှ ကမ္ဘာ့နံပါတ် ၁ နာမည်အကြီးဆုံး ဟောပြောသူဘဝသို့ ရယူနိုင်ခဲ့ပြီ။ စာဖတ်သူရော မိမိဘဝ ------ မှ မိမိဘဝပုံစံ --------- အထိ ဖြစ်လာဖို့ မကြိုးစားနိုင်လို့လား။ (မဖြစ်မနေကြိုးစားလိုက်ရင် ဖြစ်နိုင်တယ်လို့ ဒီစာအုပ်နဲ့အတူ အလုပ်အတွက်၊ ဝင်ငွေတိုးတက်ရေးအတွက်၊ လူမှုဝန်းကျင်တိုးတက်ဖို့အတွက်၊ အသိပညာတိုးတက်ဖို့အတွက်၊ဘာသာတရားတိုးတက်ဖို့အတွက်အောက်ဖော်ပြပါ အချက်များကို နေ့စဉ်လုပ်ရန် ဘဝသံဓိဋ္ဌါန်ဟု အားပေးလိုက်ပါတယ်။You Can Do It (သင်လုပ်နိုင်တယ်လို့ ယုံကြည်နေပါတယ်)

| စဉ် | နေ့စဉ်လုပ်ရန် ဘဝသံမိဌါန် (၈–ခု) | ဘယ်လောက်ရည်မှန်းထားလဲ | နေ့စဉ် ဆန်းစစ်ရန် |
|---|---|---|---|
| ၁ | Work (အလုပ်) | | ✓ |
| ၂ | Income (ဝင်ငွေ) | | ✓ |
| ၃ | Social (လူမှုဝန်းကျင်) | | ✓ |
| ၄ | Success (အောင်မြင်မှု) | | ✓ |
| ၅ | Health (ကျန်းမာရေး) | | ✓ |
| ၆ | Family (မိသားစု) | | ✓ |
| ၇ | Knowledge (အသိပညာ) | | ✓ |
| ၈ | Religion (ဘာသာတရား) | | ✓ |

နေ့စဉ်လုပ်ရန် ဘဝသံမိဌါန် Daily 1 Practice Rule (နေ့စဉ် တစ်ခု လေ့ကျင့်ရေး စည်းမျဉ်း) အတိုင်း . .

အောင်မြင်ဖို့အတွက် - Daily 1 new idea (နေ့စဉ် အတွေးအသစ်တစ်ခု တွေးခေါ်ပါ)

ဝင်ငွေအတွက် - Daily 1 new earn (နေ့စဉ် ဝင်ငွေအသစ်တစ်ခု ရရှိနိုင်ဖို့ကြိုးစားပါ)

လူမှုဝန်းကျင်အတွက် - Daily 1 new partner (နေ့စဉ် မိတ်ဆွေအသစ်တစ်ဦး မိတ်ဖွဲ့ပါ)

အလုပ်အောင်မြင်ဖို့အတွက် - Daily 1 new challenge (နေ့စဉ် စိန်ခေါ်မှုတစ်ခု ကြိုးစားပါ)

ကျန်းမာရေးအတွက် - Daily 1 new exercise (နေ့စဉ် လေ့ကျင့်ခန်းတစ်ခု ပြုလုပ်ပါ)

မိသားစုအတွက် - Daily 1 new happy (နေ့စဉ် ပျော်ရွှင်စရာတစ်ခု ဖန်တီးပေးပါ)

အသိပညာအတွက် - Daily 1 new book (နေ့စဉ် စာအုပ်အသစ်တစ်အုပ် ဖတ်ရှုပါ)

ဘာသာတရားအတွက် - Daily 1 new happy (နေ့စဉ် တရားတစ်ခု နာကြားပါ)



ဘဝဆိုတာ (ခရုပတ်စက်ဝိုင်းကြီး) ပမာ- လည်ပတ်နေပါတယ်။ အတိုင်းအဆမရှိ မသိအောင်ပဲ ဘဝရဲ့စွမ်းအားဆိုတာ လောကကိုဖန်တီးဦးဆောင်နိုင်ဖို့အကြီးဆုံးသော စွမ်းအားပင်ဖြစ်ပါတယ်။ ဘဝဆိုတာ ဘယ်ကစခဲ့ကြသလဲမသိသလို၊ ဘယ်မှာဆုံးမလဲဆိုတာ မသိနိုင်လောက်အောင်ပဲ အစွမ်းပကားကြီးမားတဲ့ ထူးဆန်းအံ့ဖွယ်များစွာရှိနိုင်ပါတယ်။ ဘဝမှာ ဘယ်မှ စတင်ခဲ့သလဲဆိုတာထက်၊ ဘယ်လောက်အထိ အဆုံးသတ်ခရီးဆက်နေသလဲဆိုတာ ပိုအရေးကြီးပါတယ်။ ဘဝမှာ လူတိုင်း Start Point ကို ပြင်လို့မရပေမယ့် End Point ကို ပြောင်းလဲကြိုးစားသွားနိုင်ပါလိမ့်မယ်။

(ဥပမာ ဦးသန့်ရဲ့ စမှတ်ဟာ ပန်းတနော်ဆိုတဲ့မြို့လေးပါ။ အဆုံးမှတ်ကတော့ UN ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဆိုတဲ့ မြန်မာ့ဂုဏ်ဆောင်ကြိုးစားခဲ့မှုဟာ လူသားတစ်ဦးရဲ့ ဘဝရဲ့စွမ်းအားဟာ ဘယ်လောက်ကြီးမားလဲဆိုတာ မြင်နိုင်ပါလိမ့်မယ်။

## တိုးတက်ဦးဆောင်ရန် ဘဝသံမိဉ္စါန် (၈-ချက်)

လူတိုင်းဘဝဆိုတာ ဘယ်သူတနေ့ ဘာဖြစ်မယ် မသိ

နိုင်သလို၊ ဘယ်လောက်တိုးတက်အောင်မြင်လိမ့်မယ် အတိုင်းအဆမရှိ၊ မသိနိုင်ပါဘူး။ ဘုရားတရားတော်အရ (သောတာပန် ဒီခန္ဓာမှဖြစ်လျှင် ခန္ဓာထဲမှာ သောတာပန် စွမ်းအားတွေဆိုတာ ရှိနေပြီးသားပါ။ မိမိကိုယ်တိုင် ရှာဖွေနိုင်ဖို့ လိုအပ်ပါတယ်။ ထို့အတူပဲ ဘဝဆိုတာ မွေးရာပါ တန်ဖိုးသတ္တိ၊ စွမ်းအားများစွာ ပါလာနိုင်ပါလိမ့်မယ်။

**မိမိကိုယ်တိုင် အမြဲမေးရမယ့် မေးခွန်း (၁-၃)**

**ငါကိုယ်တိုင်မှာရှိတဲ့ စွမ်းအားသတ္တိအပြည့်ကို ငါနေ့စဉ်ပြည့်အဝ အသုံးချကြိုးစားခဲ့ပြီး. . ?**

**(ငါယုံကြည်ရာကို ယုံကြည်ရဲ့လား) ငါဖြစ်ချင်တဲ့ ရည်မှန်းချက်ဆိုတာ ဖြစ်နိုင်တယ်မလား. . ?**

*There is Will – There is a Way* ***(ဖြစ်ချင်တဲ့စိတ်ဆန္ဒပြင်းပြလျှင် ဖြစ်နိုင်တဲ့ နည်းလမ်းရှိ၏*** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အရာတစ်ခုကို မဖြစ်မနေလုပ်ရမယ်ဆိုရင် လူတိုင်းမဖြစ်မနေ လုပ်နိုင်မှာဖြစ်ပါတယ်။ ဘဝမှာ အတိုင်းအဆမသိတဲ့ အလားအလာတွေကို ဦးဆောင်ဖန်တီးသွားဖို့. . .

(၁) Work = အလုပ်

ဘဝတိုးတက်ရန် အလုပ်သံမိဋ္ဌါန် - လူတိုင်း အလုပ် တွက်ကြိုးစားနေကြရပါတယ်။ မိမိ မိသားစု ရပ်တည်ဖို့၊ မိမိ လိုချင်တဲ့ငွေကြေးတွေရရှိဖို့၊ ယခုထက်ပိုမိုတိုးတက်အောင်မြင်ဖို့အတွက် Work အလုပ် ဆိုတဲ့အရာ ကို မဖြစ်မနေ ကြိုးစားနေရမှာဖြစ်ပါတယ်။

(၂) Income = ဝင်ငွေ

ဘဝတိုးတက်ရန် ဝင်ငွေသံမိဋ္ဌါန် - အလုပ်တွေကြိုးစားနေခြင်းသည် မိမိရဲ့ဝင်ငွေ တိုးပွားဖို့၊ မိမိရဲ့ မိသားစုကို ပံ့ပိုးကူညီဖို့၊ မိမိလိုချင်တဲ့ဘဝပုံစံကို ဖန်တီးကြိုးစားဖို့ပဲဖြစ်ပါတယ်။ ဘဝမှာ အစစအဆင်ပြေဖို့ ဝင်ငွေချမ်းသာအောင်ကြိုးစားဖို့ အားပေးချင်ပါတယ်။

(၃) Social = လူမှုဝန်းကျင်

ဘဝတိုးတက်ရန် လူမှုရေးသံမိဋ္ဌါန် - လူမှုဝန်းကျင်တိုးတက်အောင်မြင်ဖို့ အများနဲ့ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေရှိဖို့ လိုအပ်ပါလိမ့်မယ်။

အောင်မြင်တိုးတက်မှုအားလုံးသည် လူမှုဝန်းကျင်မှာ ရှိနေမှာ-မို့ Social လူမှုဝန်းကျင်အားလုံးနဲ့ အဆင်ပြေအောင် ကြိုးစားနေကြရမှာ ဖြစ်ပါတယ်။

(၄) Success = အောင်မြင်မှု

ဘဝတိုးတက်ရန် အောင်မြင်မှုသံမိဋ္ဌါန် - အလုပ် ကြိုးစားပြီး ဝင်ငွေများတိုးတက်လာပြီး မိသားစု အဆင်ပြေလာပြီး၊ လူမှုဝန်းကျင်မှာ နာမည်ရလာပြီဆိုရင် မိမိ ရည်မှန်းထားတဲ့ အောင်မြင်တိုးတက်မှုနဲ့အတူ ဘဝရဲ့စိတ်ကျေနပ်မှုကို ဖန်တီးရရှိနိုင်မှာဖြစ်ပါတယ်။

(၅) Health = ကျန်းမာရေး

ဘဝတိုးတက်ရေး ကျန်းမာရေးသံမိဋ္ဌါန် - ကျန်းမာပျော်ရွှင်မှု ဘဝဆိုတာ အဓိပ္ပါယ်ရှိနိုင်တယ်။ မိမိရဲ့အလုပ်တွေကို တိုးတက်အောင် ကြိုးစားနိုင်ဖို့ဆိုတာ ကျန်းမာရေးကို ဂရုစိုက်ရမှာဖြစ်ပါတယ်။ မိမိ ခန္ဓာကိုယ် ကျန်းမာနေမှသာလျှင် မိမိ စိတ်သွားတိုင်း ကိုယ်ပါ ကြိုးစားအားထုတ်နိုင်မှာမို့ ချမ်းသာဖို့ ကျန်းမာဖို့လည်း အရေးကြီးပါတယ်။

(၆) Family = မိသားစု

ဘဝတိုးတက်ရန် မိသားစုသံခိဋ္ဌါန် - ဘဝမှာကြိုးစား အလုပ်တွေ၊ ဝင်ငွေတွေ တိုးတက်ပြီး မိသားစုနဲ့ပိုပြီး အဆင်ပြေအောင်၊ ပျော်ရွှင်အောင်နေထိုင်နိုင်ဖို့ပဲဖြစ်ပါတယ်။ မိသားစုဝင်တွေနဲ့လည်း ဘဝမှာ ချစ်ချစ်ခင်ခင်၊ နွေးနွေးထွေးထွေး၊ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားဖို့ဟာလည်း ဘဝမှာ အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။

(၇) Knowledge = အသိပညာ

ဘဝတိုးတက်ရန်ပညာသံခိဋ္ဌါန်-အလုပ်တွေတိုးတက်အောင်မြင်ဖို့ အလုပ်နဲ့ ဆိုင်သော Knowledge တွေရှိဖို့လိုအပ်ပါတယ်။ မိမိဘဝအတွက်၊ အလုပ်အတွက်၊ စီးပွားရေးအတွက်၊ အသိပညာဦးဆောင်မှုဖြင့် ဘဝရေးရာအဖြာဖြာတိုးတက်အောင်ကြိုးစားသွားရမှာဖြစ်ပါတယ်။

(၈) Religions = ဘာသာတရား

ဘဝတိုးတက်ရန် ဘာသာရေးသံခိဋ္ဌါန် - ဘာသာတရားဟာ နောက်ဆုံး အထွဋ်အထိပ် လွတ်မြောက်မှုပဲဖြစ်ပါ

တယ်။ လူတိုင်းဘဝ တစ်ခုရလာပြီဆိုရင်တော့ဖြင့် ဘာသာတရားတွေကိုင်းရှိုင်းပြီးတော့ အဓိပ္ပါယ်ရှိတဲ့အလုပ်တွေ လုပ်နိုင်ဖို့ဆိုတာတော့ နောက်ဆုံး အရေးကြီးတဲ့ လုပ်ရပ်ဖြစ်တယ်။ ဘဝမှာ နေ့စဉ်မဖြစ်မနေလုပ်ရမှာတော့ တရားဓမ္မနဲ့အညီ ဦးဆောင်အောင်မြင်သွားဖို့ပါပဲ။ ဘဝရှိသူတိုင်း ယခုဖော်ပြသွားသည့် အချက်(၈-ချက်) အတိုင်း မဖြစ်မနေကြိုးစားဦးဆောင်သွားလျှင် ဘဝမှာ မိမိတွေးတဲ့ ရည်မှန်းချက်ထက်၊ မိမိဖြစ်လာတဲ့ ဘဝအခြေအနေ ဟာ ပိုမိုးတိုးတက်နိုင်မှာ ကေန်မုချဖြစ်ပါတယ်။ ဘဝမှာ ဒီ (၈-ချက်) ထဲမှာ ဘာအရေးကြီးဆုံးလဲ အားလုံးအရေးကြီးပါလိမ့်မယ်။ (ဥပမာ - စာမေးပွဲမှာ တစ်ဘာသာကျလျှင်၊ အား လုံးကျတာမို့) ဘဝမှာလည်း အရာတစ်ခု မအောင်မြင်လျှင် အားလုံးကျရှုံးနေအုံးမှာဖြစ်ပါတယ်။ ဘဝတိုးတက်ဖို့ ဘက်စုံ ထူးချွန်တိုးတက်နေဖို့ လိုအပ်ပါလိမ့်မယ်။ ဘက်စုံတိုးတက်အောင်လည်း ယခု အချက် ၈-ခုလုံးသို့ နေ့စဉ်လုပ်ရန် ဘဝ သံဓိဋ္ဌါန်အတိုင်း ကြိုးစားဦးဆောင်သွားဖို့ လိုအပ်ပါလိမ့်မယ်။ I Am Leader of My Life (ကိုယ်တိုင်သာကိုယ့်ဘဝရဲ့ အရှင်သခင်ဦးဆောင်ရှင်) အဖြစ်နဲ့ ဘဝကို ဦးဆောင်တိုးတက်အောင်မြင်နိုင်ပါစေ။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ကမ္ဘာမှာ (၁၀ %) နဲ့ (၉၀ %) သဘာဝနဲ့ယှဉ် ကြိုးစား

တန်ဖိုးကြီးတဲ့ စိန်/ ရွှေ/ ပတ္တမြားသည် ၁၀ % သာ ရှိ၏

တန်ဖိုးနည်းတဲ့ ကျောက်ခဲ/ သဲ သည် ၉၀ % များ ရှိ၏

တန်ဖိုးကြီးတဲ့ အောင်မြင်သူတွေဟာ ၁၀ % သာ ရှိနိုင်၏

တန်ဖိုးနည်းတဲ့ သာမန်သူတွေဟာ ၉၀ % များ ရှိနိုင်၏

ရှားပါးတန်ဖိုးရှိတဲ့ (၁၀ %) လူသားတို့ဖြစ်ကြပါစေ

## ခေါင်းဆောင်မှု ဥပမာ

**********



ဟောပြောသူဖြစ်ပြီး Robbin ရဲ့ အစပထမ ခြေလှမ်းများကတော့ Jim Rohn ရဲ့ Motivation ဆိုင်ရာ ပွဲတွေမှာ ကူညီအားဖြည့်ဟောပြောခြင်းတွေပဲ ဖြစ်ပါတယ်။

လူသားတွေရဲ့ ပျော်ရွှင်မှုနဲ့အောင်မြင်ခြင်းက သူတို့ရဲ့ ပိုင်ဆိုင်ကြွယ်ဝမှုနဲ့မဆိုင်ပါဘူး။ သူတို့ဘဝတွေကို ဘာတွေနဲ့ ရောင့်ရဲတင်းတိမ်နိုင်မလဲဆိုတာပေါ်ပဲ မူတည်တယ်ဆိုပြီး Jim Rohn မှ Tony ကို ပြောခဲ့ဖူးပါတယ်။ အဲဒီကစလို့ Tony က အတွေးတစ်ခုဝင်လာပြီး Coach တစ်ယောက်အနေနဲ့သူ့ဘဝကို စတင်ပြောင်းလဲခဲ့တာပါ။

သူပထမဆုံးထွက်ရှိတဲ့ Unlimited Power ဆိုတဲ့ စာအုပ်ကို ၁၉၈၇ မှာ ဖြန့်ချိပုံနှိပ်ခဲ့ပါတယ်။ ထိုစာအုပ်မှာ ကျန်းမာရေးနှင့်အင်အားများ၊ ကြုံတွေ့လာရမယ့် အကြောင်

တရားများ၊ သြဇာလွှမ်းမိုးနိုင်ခြင်းများနဲ့ လူမှုပေါင်းသင်းဆက်ဆံရေးတိုးတက်စေဖို့ စတဲ့ခေါင်းစဉ်တွေ ရေးသားဖော်ပြခဲ့ပြီး အမေရိကားမှာ အရောင်းရဆုံးစာအုပ် တစ်အုပ်အဖြစ်ပေါ်ထွက်လာပါတယ်။ Tony Robbin သည် ယနေ့မှာ ကမ္ဘာ့နံပါတ်(၁) အောင်မြင်ရေးဟောပြောသူဖြစ်လာပြီး Unleash the powerWithin ဟောပြောပွဲတွေမှာ နိုင်ငံပေါင်း (၁၀၀) ကျော်မှလူဦးရေ သန်းပေါင်းများစွာကို အောင်မြင်တိုးတက်ရေးနည်းလမ်းပေး ဟောပြောနိုင်ခဲ့သူဖြစ်ပါတယ်။

No(1) New York Time Best Seller နာမည်ကြီးလှတဲ့သူ၏ စာအုပ်များမှာ Money Master Game နှင့် Unshakeable (Your Guide of Financial Freedom) စာအုပ်တွေဖြစ်ပြီး နိုင်ငံခြားဘာသာပြန် စာအုပ်များဖြင့် နိုင်ငံတကာမှာ ထင်ရှားကျော်ကြားလျှက်ရှိပါသည်။

## Tony Robin အဆိုအမိန့်အဖြစ်

The Thing to Change - You Have To Change

**ပြောင်းလဲတဲ့အရာတစ်ခုကို သင်လိုချင်တယ်ဆိုရင်တော့**

**အရင်နဲ့မတူညီတဲ့ ပြောင်းလဲမှုတွေကို သင်လုပ်ရမယ်။**

## ခေါင်းဆောင်မှု ဆရာကြီး (ဟာသပုံပြင်)



ဟိုးရှေးရှေးတုန်းက လူတစ်ယောက်က ကြက်တူရွေးလေး (၃)ကောင်မွေးထားတာရှိပါတယ်။ တစ်နေ့မှာ ကြက်တူရွေးလာဝယ်တဲ့သူတွေက (ဘယ်ဘက်က တစ်ကောင်က) ဘယ်လောက်လဲလို့မေးတဲ့အခါမှာ- ဒီကြက်တူရွေးက စကားပြောတတ်တယ် ဒီကြက်တူးရွေးကတစ်ကောင်ကို (၁-သောင်း)၊ ဒါဆို ညာဘက်က ကြက်တူရွေးကရော ဘယ်လောက်လဲလို့မေးတဲ့အခါ ညာဘက်က ကြက်တူရွေးကတော့ စကားလည်းပြောတတ်-တယ် နည်းနည်းလည်း နှိပ်ပေးတတ်တယ် အဲဒီ ကြက်-တူရွေးကတော့ (၂-သောင်း)၊ ဒါဆို ခေါင်းပေါ် ကကြက်

တူးရွှေးကရော ဘယ်လောက်လဲလို့မေးတဲ့အခါ အဲတစ်ကောင်ကတော့ (၅-သောင်း) ဟာ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ အဲ့တစ်ကောင်က ဈေးအရမ်းကြီးရတာလဲလို့ ထပ်မေးလိုက်တော့ အဲဒီကြက်တူရွှေးက ဘယ်ကတစ်ကောင် နှင့် ညာဘက်ကတစ်ကောင်က (ဆရာကြီးလို့) ခေါ်ရလို့ ဒီတစ်ကောင်က ငါးသောင်း။ ဒါမယ့် ဒီတစ်ကောင်ကတော့ (သီချင်းလည်းမဆိုတက်ပါ) (နှိုပ်လည်းမပေးတက်ပါ) ဘာမှမလုပ်တတ်ဘူး။ ဟု ပြန်ဖြေရှင်း- ရယ်စရာဖြစ်လေတယ်။

တခါတရံ ခေါင်းဆောင်သူတို့အဖို့ (ဆရာကြီး) ဟု ခေါ်ခံရချိန် ဒီဟာသ ပုံပြင်လေးတွေကို သတိရပြီး ခေါင်းဆောင်သူနဲ့ နောက်လိုက်သူတို့ရဲ့ အကြား ရယ်မောပျော်ရွှင်စွာနဲ့ ခရီးဆက်ကြပြီး အောင်မြင်တိုးတက်မှုသို့ ပျော်ရွှင်အောင်မြင်စွာ ဖန်တီးနိုင်ကြပါစေ။

မိမိတချိန် ဆရာကြီး ခေါ်ခံရချိန်မှာ- ပြုံးလျှက်ပါ

# Power (19)

## နောက်လိုက်သူဟာ

ပြဿနာပြောပြီး မလုပ်တာများတယ်

## ခေါင်းဆောင်သူဟာ

အဖြေရှာပြီး အလုပ်ပြီးအောင် ကြိုးစားတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 19

# Nature Power of Leadership

## (သဘာဝစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



Nature Power ဆိုတာက ကြာပန်းနဲ့ တူပါတယ်။

ကြာပန်းဆိုတာက မြေမှာပေါက်၊ ရေကိုလွန်ဆန်ပြီးတော့

လေမှာ ဖူးပွင့်သလို ဦးဆောင်သူတွေဆိုတာ လူတေ

ကြားကနေမှတစ်ဆင့် လွန်ဆန်ပြီး၊ အများနဲ့

မတူအောင် ထိုးဖောက်စွန့်စားနိုင်သူမှ လောကမှာ

အောင်မြင်တိုးတက်နိုင်မှာဖြစ်ပါတယ်။

ခေါင်းဆောင်တိုင်း သဘာဝတရားကို နားလည်ကြ၏။ သဘာဝတရားကို နားလည်သူတိုင်း ခေါင်းဆောင်ဖြစ်နိုင်၏။

မြတ်စွာဘုရားသည် ***"ကြာပန်းပမာ"*** သဘာဝတရားနှင့် နှိုင်းယှဉ်၍ တရားဟောပြောခဲ့၏။

သခင်ယေရှုသည် မိမိစိုက်ပျိုးသလောက် မိမိရိပ်သိမ်းနိုင်သည်ဟု သဘာဝတရားနှင့် လမ်းညွှန်ခဲ့၏။

လောကမှာ နေထိုင်ခဲ့ကြတဲ့ ခေါင်းဆောင်တိုင်းဟာ သဘာဝရဲ့ ဦးဆောင်မှုအမှန်တရား၊ သဘာဝ၏ တရားများကို နားလည်ပြီး ဦးဆောင်သွားနိုင်ခြင်းပင်ဖြစ်ပါတယ်။

လောကသဘာဝထဲမှာ ရှင်သန်နေထိုင်နေကြတဲ့ လူသားတွေအားလုံးကို လောကသဘာဝတရားက ဦးဆောင်နေပါတယ်။ ***သဘာဝကို မြင်နိုင်လျှင် အမှန်တရားကို မြင်နိုင်ပါတယ်။ အမှန်တရားကို မြင်နိုင်လျှင် စစ်မှန်သော ခေါင်းဆောင်မှုအမြင်ကို ရနိုင်ခြင်းဖြစ်ပါတယ်။*** သဘာဝတရားမှာ အမှန်တရားများစွာရှိသလို၊ စွမ်းအားများစွာလည်းရှိ၏။ (ကမ္ဘာမှာ သက်ရှင်နေထိုင်တဲ့ သတ္တဝါအားလုံးဟာ သဘာဝရဲ့ စွမ်းအားတို့နဲ့ မှီခိုနေထိုင်ကြရ ပါတယ်)။

## သဘာဝရဲ့ စွမ်းအား (၄-မျိုး) ရေ - မြေ - လေ - မီး

ကမ္ဘာအောက်မှာ (ရေထု) စွမ်းအားရှိ၏။ သတ္တဝါဆိုတာ ရေစွမ်းအားနဲ့နေ့စဉ်အသက်ရှင်ရ၏

ကမ္ဘာမြေမှာ (မြေထု) စွမ်းအားရှိ၏။ သတ္တဝါဆိုတာ မြေစွမ်းအားနဲ့ မှီခိုနေထိုင်ရှင်သန်နေရ၏။

ကမ္ဘာပေါ်မှာ (လေထု) စွမ်းအားရှိ၏။ သတ္တဝါဆိုတာ လေစွမ်းအားနဲ့ အသက်ရှင်နေထိုင်ရ၏။

ကမ္ဘာရဲ့အပေါ်ဆုံးမှာ (နေထု) စွမ်းအားရှိ၏။ သတ္တဝါဆိုတာ အပူစွမ်းအားနဲ့ မျှတနေထိုင်ရ၏

အမှန်တရားကတော့ လူသားတွေကို လောကသဘာဝတရား (စွမ်းအား ၄-မျိုး) မှ ဦးဆောင်နေတာ မြင်သာနိုင်ပါတယ်။ လူသားအားလုံးကို ဦးဆောင်ရတဲ့ ခေါင်းဆောင်များအဖို့ လူသားတို့အတွက် လွှမ်းမိုးဦးဆောင်နေတဲ့ စွမ်းအားတွေမှန်သမျှကို နားလည်ထားဖို့ ထိုစွမ်းအားတွေကို ကိုယ်တိုင်ပိုင်ဆိုင်နိုင်အောင် ကြိုးစားဖို့ အဓိကဖြစ်တယ်လို့ ခေါင်းဆောင်တိုင်းသို့ အကြံပေးချင်မိပါတယ်။ ခေါင်းဆောင်ဆိုတာ သဘာဝတရားကို လေ့လာဖို့ အရေးကြီးဆုံးဖြစ်တယ်။ (လောကလူသားတွေကို လောကတရားကသာ ဦးဆောင်နိုင်တယ်)။

လောကတရား၏ လွှမ်းမိုးဦးဆောင်မှု စွမ်းအားကို ရယူပြီး လူသားတို့ကို ဦးဆောင်သွားဖို့အတွက် သဘာဝ တရားတွေကို လေ့လာဦးဆောင်ပါ။

ခေါင်းဆောင်မှုအားလုံးသည် သဘာဝရဲ့ ပညာရပ် များကို သင်ယူဦးဆောင်ဖို့ လုပ်ရမှာဖြစ်ပါတယ်။ မြတ်စွာ ဘုရားကိုယ်တိုင် သဘာဝ တရားများစွာဖြင့် တရားဟောကြား တော်မူခဲ့ပါတယ်။ ကြာပန်းသည် မြေမှာပေါက်ပြီးတော့ ရေကို လွန်ဆန်၍ လေထုမှာဖူးပွင့်သကဲ့သို့ပဲ လောက လူသားတွေ အားလုံး ထိုသကဲ့သို့ကြိုးစားဖို့ သဘာဝတရားကိုယှဉ်၍ တ ရားဟောပြောတော်မူခဲ့ပါတယ်။ သခင်ယေရှုသည်လည်း ခရစ် ယာန်ဘာသာမှာ မိမိစိုက်ပျိုးသော အတိုင်းပဲ မိမိရိတ်သိမ်းနိုင် ရသည်ဆိုပြီး သဘာဝအတိုင်းကို ဟောပြာထားတာရှိပါတယ်။

ထိုအတူပဲ ယနေ့ခေတ် ကမ္ဘာကျော် ခေါင်းဆောင် တွေဖြစ်တဲ့ Jack Ma တို့သည်လည်း မြေပြင်မှာ ယုံ (၉- ကောင်) တွေ့တဲ့အခါမှာ တစ်ကောင်ကိုမိဖို့အတွက် (၁- ကောင်)တည်းကို အာရုံစိုက်ပါဆိုတဲ့ သဘာဝတရားကို အခြေ ခံပြီးတော့ အကြံပေးချက်တွေလည်းရှိပါတယ်။

လေးစားရတဲ့ ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်

အောင်ဆန်း မိန့်ခွန်းများပြောတဲ့အခါမှာလည်း သဘာဝတရားနဲ့ယှဉ်ပြီးတော့ ခြသေ့်မင်းတို့မည်သည် တောကောင်ကို လိုက်သည့်အခါမှာ တောကောင် သေးသည် ကြီးသည် ပဓာန မထားပဲ အားစိုက်မှု အတူတူအားထုတ်တယ်ဆိုတဲ့ စသည် ဖြင့် သဘာဝတရားများကို ခေါင်းဆောင်တိုင်း လက်ခံလေ့လာသင်ယူခဲ့ပြီး၊ ဦးဆောင် အောင်မြင်သွားတာကို မြင်တွေ့နိုင်တဲ့အခါ- အားလုံးသောခေါင်းဆောင်မှုတို့သည်သဘာဝတရားမှာ သင်ယူလေ့လာပြီး ဦးဆောင်အောင်မြင်သွားနိုင်မျာဖြစ်ပါတယ်။

**ခေါင်းဆောင်များအတွက် လေ့လာမှု ပုံစံ (၂-မျိုး)**

- ပုံမှန်လေ့လာသင်ယူတဲ့ စာပေ၊ ဗဟုသုတရှိသလို၊
- သဘာဝတရား၊ ပတ်ဝန်းကျင်မှ လေ့လာသင်ယူမှု

ဟူ၍ (၂-မျိုး) ရှိပါတယ်။

ခေါင်းဆောင်တွေဆိုတာ ပညာတက်ချင်ဖြစ်ချင်မှ ဖြစ်နိုင်မယ်၊ သို့သော်လည်း အမှန်တရားကို လက်တွေ့ဦးဆောင်သွားနိုင်ဖို့ အဓိကဖြစ်ပါတယ်။ (ပညာနဲ့ အမှန်တရား) မတူညီမှုကိုလည်း ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကွဲခြား

သိမြင်ဖို့လိုအပ်လိမ့်မယ်။

Education ပညာရပ်ဆိုတာ ခေတ်အခြေအနေ-အပေါ် မူတည်ပြီးပြောင်းလဲနေတဲ့ အသိတရား True အမှန်ဆိုတာ ဘယ်ခေတ်ရောက်ရောက် အပြောင်းလဲသော အမှန်တရားစီးပွားရေးပညာမှာ လေ့လာကြည့်ရင် ဟိုးယခင်ခေတ်က 3M မှ ယနေ့ခေတ်ဆို 5M တို့ဖြစ်လာခဲ့ပြီ။ သို့သော်လည်းပဲ အမှန်တရားတွေကတော့ ဘယ်တော့မှ အပြောင်းလဲခဲ့ပါဘူး။ (ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်) ဒီလို အမှန်တရားတွေဟာ ဘယ်ခေတ်ဘယ်အရာ၊ ဘယ်အခြေအနေမှာမဆို မပြောင်းလဲသော တရားသဘောတွေပင်ဖြစ်ပါတယ်။

အမှန်တရားတွေဆိုတာ ပတ်ဝန်းကျင်မှ လေ့လာရနိုင်တယ်။ (စာအုပ်ရှိချင်မှရှိတယ်၊ ကိုးကားသင်ကြားမှ ရှိချင်မှရှိနိုင်တယ်) လက်တွေ့အဖြစ်အပျက်တွေမှလည်း လေ့လာသင်ယူနိုင်ပါတယ်။ (ဖြစ်နိုင်လျှင် ခေါင်းဆောင်တိုင်းဟာ True Story ဖြစ်ရပ်မှန်များကို လေ့လာသင့်ပါတယ်) ဖြစ်ရပ်မှန်များမှ အမှန်တရားနဲ့ အတွေ့အကြုံကို တပြိုင်တည်း ရနိုင်ပါတယ်။

အနှစ်ချုပ်အားဖြင့်ဆိုသော် ခေါင်းဆောင်ဆိုတာ လေ့လာသူ၊ ခေါင်းဆောင်များထံမှ လေ့လာသင်ယူဆိုသလို (အမှန်တရား သဘာဝတရားမှလည်း ပညာများစွာ လေ့လာသင်ယူ ဦးဆောင်နေဖို့) အရေးကြီးဆုံးဖြစ်ပါတယ်။

(သဘာဝရဲ့အစွမ်းကို နားလည်လာရင် - သဘာဝ အတိုင်း ကျင့်ဆောင်လာလိမ့်မယ် - သဘာဝရဲ့စွမ်းအားကြီးမားခြင်း)ကို ရရှိနိုင်မှာဖြစ်ပါတယ်။ ခေါင်းဆောင်တိုင်း မဟာစွမ်းအားကို ပိုင်ဆိုင်လိုလျှင် သဘာဝတရားအတိုင်း ကျင့်ကြံကြိုးစားသွားနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

ကမ္ဘာကျော်ခေါင်းဆောင်ကြီးတွေဟာ ထိုသဘာဝတရားရဲ့ လျှို့ဝှက်ချက်ကို သင်ယူလေ့လာပြီး ဦးဆောင်အောင်မြင်ခဲ့ကြတာ လေ့လာနိုင်ပါတယ်။ မှန်ကန်သော ခေါင်းဆောင်မှုပညာ၊ စစ်မှန်သော ခေါင်းဆောင်ဖြစ်ဖို့ အမှန်တရားဟူသည် သဘာဝတရားအပေါ်မှာသာ မူတည်နေပါလိမ့်မယ်။ သဘာဝတရားများများနားလည်ပြီး သဘာဝစွမ်းအားရရှိလျှင် လောကမှာ ဦးဆောင်အောင်မြင်နိုင်သော စကြာဝဠာရဲ့အရှင်သခင်ဦးဆောင်ရှင်များဖြစ်လာနိုင်ပါစေ။

**တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း**

စိတ်အညစ်အကြေးဆိုတာ (မှန်နဲ့တူပါတယ်)၊ မှန် မျက်နှာပြင် မှုံဝါး နေရင် ပုံမှန်မမြင်နိုင်သလို စိတ် ထဲမှာ ညစ်နွမ်းနေလျှင် အမှန်မမြင်နိုင်ဘူး။ နေ့စဉ် ကောင်းတာလေ့လာ/ ကောင်းသူနဲ့ပေါင်း / ကောင်းတာကြိုးစားရင်း စိတ်ကြည်လင်ပြီး စိတ်ချမ်းသာအောင်မြင်ပါစေ။

စိတ်သာရှင်ကော ဘုရားဟော "စိတ်စွမ်းအားသည်သာ အကြီးဆုံးစွမ်းအား"

## ခေါင်းဆောင်မှု ဥပမာ

************



အိန္ဒိယနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းသူ ခေါင်းဆောင်ကြီး ဂန္ဒီဟာ အကြမ်းမဖက် အနုနည်းနဲ့ပဲ အောင်မြင်မှုကို ရရှိအောင်ကြိုးစားခဲ့သူ ဖြစ်ပါတယ်။ ၁၉၁၄ ကတည်းကစပြီး မဟတ္တမ (မြင့်မြတ်သောနှလုံးသားပိုင်ရှင်)ဆိုတဲ့ ဂုဏ်ထူးကို စတင်ခေါ်ဝေါ်ခဲ့ကြပြီး၊ တစ်ကမ္ဘာလုံးက သူ့ကို မဟတ္တမဂန္ဒီ

လိုခေါ် ဆိုခဲ့ကြပါတယ်။ ဂန္ဒီဟာဆိုရင် ခေါင်းဆောင်တစ်ဦး အနေနဲ့ ဘယ်သူမှမလုပ်နိုင်တဲ့ ပေးဆပ်အနစ်နာခံပြီး၊ အများ အကျိုးအတွက်ကို အနစ်နာခံဦးဆောင်ခဲ့သော အမျိုးသား ခေါင်းဆောင်ကြီးလဲဖြစ်ပါတယ်။ ဂန္ဒီဟာ နိုင်ငံအတွင်း (၁-နှစ် နီးပါးလုံး) လှည့်လည်သွားလာပြီး တိုင်းပြည် အခြေနေမှန်ကို နားလည်ဖို့ကြိုးစားခဲ့ပါတယ်။

မိမိကိုယ်ကျိုးအတွက် တစ်ခုမှမပါပဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကိုယ့်နိုင်ငံကို စိတ်စေတနာအပြည့်နဲ့ ဦးဆောင်ခဲ့ ပုံတွေကိုလဲ ယနေ့ခေတ်ခေါင်းဆောင်တွေက အားကျ အတု ယူသင့်ပါတယ်။ သူ၏သက်တမ်း (၇၉) နှစ်တာကာလမှာ စား၊ ဝတ်၊ နေထိုင်ရေးတို့ကို ခြိုးခြံချွေတာပြီး ကိုယ်ကျင့်တရား၊ စိတ်နှလုံးသား အဖြူစင်ဆုံးနှင့် အရိုးရှင်းဆုံးနေထိုင်သွားခဲ့သူ ဖြစ်သည်။ ဂန္ဒီဟာဆိုရင် ခေါင်းဆောင်သူသာမက ပညာရပ် ပိုင်းဆိုင်ရာမှာလဲ အတွေးအခေါ် ကောင်းမွန်သူဖြစ်ပါတယ်။ ယနေ့တိုင် သူ့ရဲ့အတွေးအခေါ်တွေကို ပညာရှင်များက ကိုး ကားပြောရလောက်တဲ့အားလုံးအထိ ဂန္ဒီကြီး၏ အတွေးအခေါ် ဦးဆောင်မှုဟာလဲ အားလုံး လေ့လာမှတ်သားရမှာဖြစ်ပါ တယ်။

အိန္ဒိယနိုင်ငံ အမျိုးသားခေါင်းဆောင်ကြီး ဂန္ဒီအနေနဲ့ နိုင်ငံရေးဦးဆောင်ခဲ့ယုံမက လူထုများကိုလဲ အသိပညာပေး ဦးဆောင်မှုတွေများစွာ ကြိုးပမ်းနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဂန္ဒီရဲ့ ထင်ရှားတဲ့ အဆိုအမိန့်တွေ ဖြစ်တဲ့ ***"မိမိရဲ့ ဖိနပ်တစ်ရံ ပြုတ်ကျကျန်ခဲ့တယ်ဆိုရင်တောင် မိမိမှာရှိနေတဲ့ ဖိနပ်တစ်ခု-ကို ထပ်ပြီးပစ်ချပေးခဲ့ပါ"***တဲ့။ ဘာကြောင့်လဲဆိုရင်မိမိအတွက် အသုံးမဝင်တော့ပေမယ့် ကောက်ရတဲ့သူက တစ်စုံကို ပြန်ပြီး အသုံးဝင်နိုင်တယ်။ ဒီလို ကောင်းမွန်တဲ့ စိတ်ဓာတ် positive thinking ကောင်းမွန်တဲ့ အတွေးအခေါ်ရှိတဲ့ အမျိုးသား ခေါင်းဆောင်ကြီး ဂန္ဒီပင်ဖြစ်ပါတယ်။

**မဟာတ္တမ ဂန္ဒီရဲ့ အဆိုအမိန့်**

"You must be the change you wish

to see in the world"

**(ကမ္ဘာကြီးမှာ သင်မြင်ချင်တဲ့အရာအတိုင်း**

**သင်ကိုယ်တိုင်ပြောင်းလဲမှုရမယ်)**

# Power (20)

## နောက်လိုက်သူဟာ

ကိုချစ်တဲ့ အလုပ်ကိုပဲ လုပ်တယ်။

## ခေါင်းဆောင်သူဟာ

ကိုယ်လုပ်တဲ့ အလုပ်တိုင်းကကို ချစ်တယ်။

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်



21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 20

# Love Power of Leadership

## (ချစ်ခြင်းမေတ္တာစွမ်းအား၏ ဦးဆောင်မှု သဘောတရား)



ချစ်သူကို ကိုယ်က ချစ်မြတ်နိုးလျှင် - ချစ်သူမှ ကိုယ့်ကို ချစ်မြတ်နိုးသလို

ခေါင်းဆောင်သူ ကိုယ်က နောက်လိုက်များကို ချစ်မြတ်နိုးလျှင်

နောက်လိုက်များမှ ခေါင်းဆောင်သူကို ချစ်မြတ်နိုးတန်ဖိုးထားကြပါလိမ့်မယ်။

ခေါင်းဆောင်ဖြစ်ချင်း၏လျှို့ဝှက်ချက်ဆိုတာ

(တပါးသူတွေကို ကိုယ့်ထက်ပိုပြီး ချစ်မြတ်နိုးတန်ဖိုးထားတတ်ဖို့ပါပဲ)

ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်ကို သိပ်ချစ်သူပါ။ လီကွမ်ယုဟာ စင်္ကာပူကို တန်ဖိုးထားဦးဆောင်ခဲ့တယ်။ (အောင်မြင်သော ခေါင်းဆောင်သူဖြစ်ဖို့ အဓိကစွမ်းအားဆိုတာ (LOVE POWER - ချစ်ခြင်းစွမ်းအား) ဖြစ်ပါတယ်။ ခေါင်းဆောင်မှု၏ ချစ်ခြင်းဆိုရာမှာ နိုင်ငံအပေါ် ချစ်ခြင်း၊ လုပ်ငန်းအဖွဲ့အစည်းအပေါ် ချစ်ခြင်း၊ မိသားစုသူငယ်ချင်းအပေါ် ချစ်ခြင်း၊ ဝါသနာပါရာ လုပ်နေတဲ့အလုပ်ကို ချစ်ခြင်းဆိုတဲ့ (ချစ်ခြင်းစွမ်းအား) များစွာရှိနိုင်ပါတယ်။ လောကမှာ အောင်မြင်ခဲ့သူတွေဟာ ထိုအရာတွေထဲမှ တစ်ခုခုအပေါ်မှာ ချစ်ခြင်းစွမ်းအားကြီးတာကြောင့် အကောင်းဆုံးပေးဆပ်ကြိုးစားခဲ့ခြင်းသာဖြစ်ပါတယ်။ လောကမှာ ကိုယ်ချစ်တဲ့ သူတွေဖြစ်စေ၊ အရာတွေဖြစ်စေ ချစ်မြတ်နိုးတန်ဖိုးထားရာအတွက် အစွမ်းကုန်ပေးဆပ်ချင်ကြမှာ ဖြစ်ပါတယ်။ ဒီဥပဒေသအရ လောကမှာ အောင်မြင်ဖို့ရာ (အရာတစ်ခုခုအပေါ်မှာ ချစ်မြတ်နိုးတန်ဖိုးထား)ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ခေါင်းဆောင်သူဖြစ်ဖို့ဆိုရာမှာ မိမိအလုပ်ကို မိမိထက်ပိုချစ်ဖို့၊ မိမိအဖွဲ့အစည်းကို မိမိထက်ပိုချစ်ဖို့၊ မိမိနိုင်ငံကို မိမိထက်ပိုချစ်ဖို့ပဲ ဖြစ်ပါတယ်။

## Do the Job you Love – Love the Job you Do

ချစ်တဲ့အလုပ်ကိုလုပ်ပါ   လုပ်တဲ့အလုပ်ကိုချစ်ပါ

အရာရာကို သင်လုပ်နေမှာမို့ အရာတိုင်းကို ချစ်ပြီးလုပ်ပါ။

**ခေါင်းဆောင်သူဖြစ်ဖို့ Love Power ကို ဘယ်လိုအသုံးပြုသွားမလဲ**

ယနေ့လူတိုင်းရင်ထဲ အမြဲရှိနေတဲ့ ခေါင်းဆောင်ကြီးတွေဖြစ်တဲ့- (ဗိုလ်ချုပ်အောင်ဆန်း၊ လီကွမ်ယူ၊ ဂန္ဒီ) ကဲ့သို့ ခေါင်းဆောင်ကြီးတွေဟာ (အများအတွက် ပေးဆပ်ကြိုးစားရင်း) အောင်မြင်သော ခေါင်းဆောင်သူများအဖြစ် သမိုင်းတွင်ခဲ့ခြင်းဖြစ်ပါတယ်။ The more you give – The more you get (များများပေးရင် များများပြန်ရတယ်ဆိုတဲ့) အဆိုအမိန့်အတိုင်းပါပဲ။ လောကအတွက် ချစ်ခြင်းမေတ္တာနဲ့ ပေးဆပ်ကြိုးစားသူတွေဟာ လောကမှာ အောင်မြင်ခဲ့ကြမှာဖြစ်ပါတယ်။ အောင်မြင်ခဲ့ကြတဲ့ ခေါင်းဆောင်ကြီးတွေကို လေ့လာကြည့်ရင် LQ မြင့်မားကြတာတွေ့ရပါတယ်။ အများအတွက်ပေးဆပ်သူတွေ၊ အများအကျိုးအတွက် ထည့်သွင်းစဉ်းစားသူတွေဟာ သူတပါးကို ချစ်မြတ်နိုးတက်ပြီး Love Power ချစ်ခြင်းစွမ်းရည်ကြောင့် ပိုမိုအောင်မြင်နိုင်ခဲ့တယ်ဆိုတာ လက်

ခံရမှာဖြစ်ပါတယ်။ တခြားသူတွေအပေါ်မှာ ချစ်ခြင်းမေတ္တာ ပေးနိုင်သူတွေဟာ ကမ္ဘာ့အထိအောင်မြင်နိုင်ပြီး၊ လူအများ အပေါ်မှာ လွှမ်းမိုးနိုင်တဲ့ စွမ်းအားတွေကိုလည်း ရရှိစေခဲ့ ပါတယ်။




**Who is Leader - ခေါင်းဆောင်သူဆိုတာ...**

- **မိမိအတွက် ကောင်းသူ**
- **မိမိအတွက်၊ မိတ်ဆွေအတွက် ကောင်းသူ**
- **မိမိအတွက်၊ လူမှုပတ်ဝန်းကျင်အတွက် ကောင်းသူ**
- **မိမိအတွက်၊ နိုင်ငံပြည်သူအတွက် ကောင်းသူ**

မိမိနှင့် အများအတွက်ဆိုတာ ဘယ်လောက်ကောင်း အောင် ကြိုးစားဦးဆောင်နိုင်သူဖြစ်လဲဆိုတာ ခေါင်းဆောင်သူ ဟု ခေါ်ထိုက်ပါပေတယ်။

ယနေ့ခေတ်မှာ ကမ္ဘာကျော် အောင်မြင်ထူးချွန်သူ Jack Ma ပြောလာတဲ့ ချစ်ခြင်းမေတ္တာစွမ်းရည်ဆိုတဲ့ Love Quotient ဆိုတာ အများကိုချစ်မြတ်နိုးခြင်း၊ အများအတွက် တာဝန်ယူခြင်း၊ အနာဂတ်မျိုးဆက်တွေအတွက်ပါ ရေရှည် စဉ်းစားပြီး ပတ်ဝန်းကျင်ကို ယခုထက်ပိုမိုကောင်းမွန်အောင် ချစ်ခင်မြတ်နိုးတန်ဖိုးထားစိတ်နဲ့ ဖန်တီးပေးနိုင်တဲ့ စွမ်းရည် ပင်ဖြစ်ပါတယ်။ လူတစ်ဦး၊ လူနည်းစု ကောင်းစားဖို့ထက်၊ လူများစု၊ လူမျိုးစုအားလုံး ချမ်းသာဖို့သည်သာ ခေါင်းဆောင် သူတို့၏ မျှော်မှန်းကြိုးပမ်းရာ ပန်းတိုင်ဖြစ်ပါတယ်။

လောကမှာ အချစ်မေတ္တာကြီးမားသော ခေါင်းဆောင်ကြီးတွေကို၊ ပြည်သူအများ၊ လူအများက လေးစားအားကိုးကြပါတယ်။ ချစ်ခြင်းမေတ္တာကြီးမားသူတွေဟာ မိမိကိုယ်ကျိုးအတွက် သိပ်မကြည့်တက်ပဲ၊ အများအတွက် ပေးဆပ်တက်သူတွေဖြစ်ပါတယ်။ Get ရယူခြင်းထက် - Give ပေးနေရခြင်းကို ပိုပြီးတန်ဖိုးထားတက်ကြတာမို့ ပတ်ဝန်းကျင်အတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ၊ မိတ်ဆွေများအတွက်ဖြစ်စေ အမြဲပေးဆပ်နေကြပြီး၊ လူတိုင်းကလည်း သူတို့ကို ပိုမိုယုံကြည်လာပြီး အောင်မြင်ခြင်းကို ပေးနိုင်ခြင်းပဲဖြစ်ပါတယ်။

လူတွေဟာ သူတို့လေးစားတဲ့သူပြောသမျှကို လက်ခံယူကြပါတယ်-။ လူတိုင်းက သင့်ကိုချစ်နေလျှင် လူတိုင်းရဲ့လေးစားတန်ဖိုးထားမှုကို အမြဲရနိုင်ပြီဖြစ်ပါတယ်။ ခေါင်းဆောင်သူဆိုတာ လောကကို များစွာအကျိုးရှိဖို့အတွက် (တိုက်တစ်လုံးလှပရုံနဲ့ ခေတ်မှီတဲ့ မြို့ဟု မခေါ်နိုင်၊ တိုက်တာအဆောက်အဦးအားလုံး လှပသာသာမှ ဖွံ့ဖြိုးတိုးတက်သော မြို့ဟု ခေါ်တွင်သလိုပဲ မိမိကိုယ်ပဲ ချစ်တက်လျှင် လူတစ်ဦးတည်ပဲ တိုးတက်နိုင်တယ်၊ လူအများကို ချစ်မြတ်နိုးပြီး တိုးတက်အောင်ဖန်တီးလျှင် အားလုံးအကျိုးရှိလာမှာဖြစ်ပါတယ်)။

**ခေါင်းဆောင်ဆိုတာ မိမိထက် - မိမိနောက်လိုက်တွေကို ပိုပြီးချစ်မြတ်နိုးရမယ်**

**ခေါင်ဆောင်ဆိုတာ မိမိထက် - မိမိအဖွဲ့အစည်းကို ပိုပြီးချစ်မြတ်နိုးရမယ်**

**ခေါင်းဆောင်ဆိုတာ မိမိထက် - မိမိနိုင်ငံတော်ကို ပိုပြီးချစ်မြတ်နိုးရမယ်**

အမေရိကန်သမ္မတဟောင်းကြီး John F. Kennedy နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ပြောခဲ့သလို၊ (နိုင်ငံက ကိုယ့်ကို ဘာလုပ်ပေးမလဲဆိုတာထက်၊ နိုင်ငံအတွက် ကိုယ်ဘာလုပ်ပေးမလဲ) ဆိုတာ ခေါင်းဆောင်သူတို့၏ အတွေးအခေါ်ပင်ဖြစ်

ပါတယ်။ ခေါင်းဆောင်သူတို့ဆိုတာ သူတို့အတွက် ဘယ်တော့မှ မတွေး၊ အများအတွက်၊ ပတ်ဝန်းကျင်အတွက်၊ နိုင်ငံအတွက် စတင်တွေးကြပါတယ်။ ကိုယ့်အတွက် ကောင်းတာ၊ လူတော်၊ အများအတွက် ကောင်းမှ (လူတော်၊ လူကောင်း) ဒီထက် အများအကျိုးရှိအောင် ဦးဆောင်ကြိုးပမ်းမှ မြင့်မြတ်သော ခေါင်းဆောင်သူဟု ခေါ်တွင်ကြပါတယ်။

ကိုယ်အကြိုက်လုပ်တာများရင် - သူ့အကြိုက်ဖြစ်တာနည်းလာတဲ့ သဘောတရားအရ၊ ခေါင်းဆောင်သူဆိုတာ နှစ်ဖက်မျှတခြင်း ဥပဒေသအတိုင်း- Management နှင့် Leadership စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသဘောတရားကို မျှတစွာစီမံဦးဆောင်သွားဖို့ လိုအပ်ပါလိမ့်မယ်။

| (စီမံခန့်ခွဲမှုဆိုတာ) | (ခေါင်းဆောင်မှုဆိုတာ) |
|---|---|
| ဉာဏ်ရည်နဲ့ စဉ်းစားဆုံးဖြတ်သူ | နှ နှလုံးရည်နဲ့ ခံစားကြိုးစားသူ |
| ရုပ်ပိုင်းဆိုင်ရာ တိုးတက်စေသူ | လူပိုင်းဆိုင်ရာ တိုးတက်စေသူ |
| အလုပ်တွေကို မှန်အောင်လုပ်သူ | မှန်တဲ့အလုပ်တွေကို လုပ်တက်သူ |
| မိမိအတွက် ပိုကောင်းအောင်လုပ်သူ | အများအတွက် ပိုကောင်းအောင်လုပ်သူ |

လူတိုင်းဟာ ကိုယ့်ကိုကိုယ် ချစ်တဲ့သူတွေများကြပါတယ်၊ ခေါင်းဆောင်သူဆိုတာ လူတွေထဲမှ လူတိုင်းနဲ့ မတူညီသူဖြစ်ပါတယ်။ သူများလိုလုပ် ကြိုးစားနေသူဖြစ်လျှင် ကိုယ်လည်း သာမန်သူဖြစ်မှာမို့၊ ခေါင်းဆောင်ဆိုတာ သူများနဲ့မတူတမူထူးခြား ခေါင်းဆောင်သွားဖို့ဖြစ်ပါတယ်။ သာမန်သူတွေက ကိုယ့်ကိုကိုယ်ချစ်တဲ့အချိန်မှာ၊ ခေါင်းဆောင်သူဟာ အများကို ပိုချစ်ဖို့လိုပါတယ်။ သာမန်သူတွေက ကိုယ့်အကျိုးစီးပွားလုပ်နေချိန်မှာ ခေါင်းဆောင်သူဟာ အများအကျိုးစီးပွားတိုးပွားအောင်ကြိုးစားဖို့လိုအပ်ပါလိမ့်မယ်။ (တရာသဘော၊ သဘောဘာဝ သဘောတရားအရ သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းပဲ နားနိုင်တယ်။ သစ်တောတစ်ခုလုံးကောင်းမှ သတ္တဝါအားလုံးကောင်းနိုင်မှာမို့ ခေါင်းဆောင်ဆိုတာ မိမိကြိုးပမ်းနေတဲ့ အဖွဲ့အစည်းလေးတစ်ရပ်အတွက် မစဉ်းစားပဲ။ အများအတွက် ပတ်ဝန်းကျင်အတွက် ချစ်မြတ်နိုးတန်ဖိုးထားတဲ့ စိတ်နဲ့ကြိုးပမ်းဦးဆောင်သူ လူတိုင်းရဲ့ ရင်ထဲမှာအမြဲရှင်သန်သူဖြစ်အောင်ကြိုးစားဖို့ အားပေးလိုက်ပါတယ်။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

လောက လူ ၃ မျိုး...

- မအောင်မြင်သူ - မိမိအတွက် စဉ်းစားတာများ၏
- အောင်မြင်သူ - မိမိနဲ့ သူများအတွက် မျှတစဉ်းစား၏
- ဦးဆောင်သူ - တခြားသူများအတွက် စဉ်းစား၏

တန်းတူသူပေါ် (မေတ္တာထား) မြင့်သူအပေါ်(မုဒိတာပွား) နိမ့်သူအပေါ် (ဂရုဏာထား) လောကမှာ လူတိုင်းနဲ့အဆင်ပြေစွာနေထိုင်သွားနိုင်ခြင်းသာ ထာဝရငြိမ်းချမ်းမည်။

## ခေါင်းဆောင်မှု ဥပမာ

*********



Mother Teresa ဆိုတာ ကူညီစောင့်ရှောက်သော (အမေ) ဟု ခေါ်တွင်ထိုက်ပါပေတယ်။ မေတ္တာရှင်၊ စေတနာရှင်၊ သူတော်စင် ဖြစ်သော မာသာထရီဆာသည် အိန္ဒိယ အမျိုး

သမီးဖြစ်ပေမဲ့ ဘာသာရေးအရ ကက်သလစ် ခရစ်ယာန် ဘာသာဝင် တစ်ယောက်ဖြစ်ပါတယ်။ ပရဟိတ လုပ်ငန်းတွေဟာ တစ်ကမ္ဘာလုံး နဲ့ သက်ဆိုင်တယ်ဆိုတဲ့ စိတ်နဲ့ နိုင်ငံအဝှမ်းမှ ဒုက္ခတွေကို ကူညီစောင့်ရှောက်ရင်း ဘဝကို ပေးဆပ်ခဲ့သူဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂကြီး အပါအဝင်၊ နိုင်ငံတကာမှ အစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လူမှုရေး ဘာသာရေးအဖွဲ့ ချုပ်များကမူ ကာလကတ္တားမှ မာသာထရီဆာဟူ၍ ကာလကတ္တားမြို့အမည်ဖြင့် ယှဉ်တွဲ၍ တရားဝင်ခေါ်ဝေါ်ခဲ့ကြသည်။

နိုင်ငံတကာမှ သန်းပေါင်းများစွာသော ပြည်သူပြည်သားများနှင့် လူတန်းစားမရွေး၊ လူ့လောက၏ အောက်ဆုံးအလွှာမှ ဆင်းရဲသားနင်းပြားများ အစာရေစာ ငတ်မွတ်ခေါင်းပါးနေကြသူများ၊ ကျန်းမာရေးထိခိုက်၍ ရောဂါဝေဒနာ ခံစားနေကြရသူများ ၊ လူတန်းစားများအတွက် မှီခိုအားထားရာ မျှော်လင့်ချက် ဖြစ်ပြီး တက်တက်ကြွကြွ စိတ်အားထက်သန်စွာဖြင့် ကိုယ်ဖိရင်ဖိ စောင့်ရှောက်ဖေးမခဲ့သည်။

မာသာထရီဆာ အားဂုဏ်ပြုသောအားဖြင့် အိန္ဒိယ

နိုင်ငံတော်အစိုးရက နိုင်ငံတော် ဈာပနအဖြစ် သဂြိုဟ်ရန် ဆုံးဖြတ်ခဲ့ရာနိုင်ငံတကာမှဘုရင်များ၊ သမ္မတများ ၊ ဝန်ကြီးချုပ်များနှင့်ခေါင်းဆောင်အကြီးအကဲများ စုံညီစွာဈာပန အခမ်းအနားကိုတက်ရောက်ခဲ့ကြသည်။

မာသာထရီဆာ ကဲ့သို့ စေတနာ၊ မေတ္တာနှင့် အများပြည်သူများအတွက် စောင့်ရှောက်ကူညီ ခေါင်းဆောင်သွားမယ်ဆိုရင် ယနေ့တိုင် လူတိုင်းရဲ့ ရင်ထဲမှာ လွှမ်းမိုးဦးဆောင်စေနိုင်မှာဖြစ်ပါတယ်။

## Mother Teresa (Quotes) မာသာထရီဆာ အဆိုအမိန့်

I can do thing, You can't. You can do thing,
I can't. "Together We can do Great Things"

သင်မလုပ်နိုင်တဲ့အရာ ကျွန်ုပ်လုပ်နိုင်တယ်၊ ကျွန်ုပ်မလုပ်နိုင်တဲ့အရာ
သင်လုပ်နိုင်တယ်၊ အားလုံးအတူတူလုပ်နိုင်ရင် ကြီးကြယ်မြင့်မြတ်တဲ့
အရာတွေကို ဖန်တီးနိုင်ပါတယ်။

# Power (21)

## နောက်လိုက်သူဟာ

နေးနေးဆုံးဖြတ် မှားမှားယွင်းယွင်းဖြတ်တတ်တယ်

## ခေါင်းဆောင်သူဟာ

မြန်မြန်ဆုံးဖြတ် မှန်မှန်ကန်ကန်ဖြစ်ဖို့ ကြိုးစားတယ်

## I AM LEADER

## ငါသည် ခေါင်းဆောင်သူဖြစ်တယ်




21 ရာစု၏ ခေါင်းဆောင်မှုစွမ်းအား ၂၁

# 21

## Relagional Power of Leadership

(ဘာသာတရား၏စွမ်းအား ဦးဆောင်မှု သဘောတရား)



Relation Power ဆိုတာ သောတပန် တရားကျင့်တာနဲ့ တူတယ်။ တရားကျင့်ရင်း၊ ကျင့်ရင်းနဲ့ သောတပန် ဉာဏ်စင်ဆိုတာ ခန္ဓာကိုယ်ထဲက ပေါ်လာသလိုပဲ၊ လေ့လာ ကြိုးစားရင်းအားဖြင့် လောကကြီးမှာ ဘယ်သူမှ မမြင်နိုင်တဲ့အရာတွေ ဘယ်သူမှမရနိုင်တဲ့ တန်းခိုးစွမ်းအား တွေနဲ့ ကိုယ်တိုင်ခေါင်းဆောင်အောင်မြင်နိုင်ပါတယ်။

လူတိုင်းဟာ ဘာသာတရားအဆုံးအမနဲ့ နေ့စဉ် စိတ်အတွေးတိုကို ဦးဆောင်ဆုံးဖြတ် ကြိုးစားလျှက်ရှိပါတယ်။ "ဘာလုပ်ရင်တော့ ဘုရားမကြိုက်ဘူး။ ဘာလုပ်ရင်တော့ ဘုရားကြိုက်တယ်"ဆိုတဲ့ ခံယူဆုံးဖြတ်ချက်အားလုံးဟာ ဘာသာတရားရဲ့ လွှမ်းမိုးဦးဆောင်မှုပင်ဖြစ်ပါတယ်။ ဘာသာတရားရဲ့ လွှမ်းမိုး ဦးဆောင်နေခြင်းရှိသလို၊ ဘာသာမဲ့ သူတို့အနေလည်း တစ်စုံတစ်ရာကို ယုံကြည်ပြီး လွှမ်းမိုးဦးဆောင်ခြင်းဆိုတာ ရှိနိုင်ပါတယ်။

လောကလူသားတို့အတွက် ဘာသာတရားဆိုင်ရာ ဦးဆောင်နေမှုမှာ များစွာသောဘာသာတရားများထဲမှ အဓိက ဘာသာကြီး (၄-ခု) ဖြစ်တဲ့. . .

(၁) ဗုဒ္ဓဘာသာ (မြတ်စွာဘုရား၏ တရားတော်များအား ယုံကြည်ကိုးကွယ်၏)

(၂) ဟိန္ဒူဘာသာ (ဣဿရဓာဝရဘုရား၏ ဖန်ဆင်းတော်မှုအား ယုံကြည်ကိုးကွယ်၏)

(၃) ခရစ်ယာန်ဘာသာ (အနန္တတန်ခိုးရှင် ယေဟောဝါ ထာဝရဘုရား၏ ဖန်ဆင်းမှုအား ယုံကြည်ကိုးကွယ်၏)

(၄) အစ္စလာမ်ဘာသာ (အလ္လာဟ်အရှင်မြတ် ထာဝ

ရဘုရား၏ တန်ခိုးတော် အနန္တအား ယုံကြည်ကိုးကွယ်၏)

ဘာသာကြီး ၄-ခု တို့မှာ လောကလူသားများစွာ ကိုးကွယ်ယုံကြည်ထားသော ဘာသာများပင်ဖြစ်ပါတယ်။

(ယုံကြည်မှု + ကိုးကွယ်မှု) ဆိုတဲ့ ယုံကြည်သော ဘာသာကို ကိုးကွယ်ကြပြီး၊ ကိုးကွယ်သည့် ဘာသာ၏ ဟောပြောဆုံးမှု ဦးဆောင်သွားမှုဟာ လူသားအားလုံးတို့၏ အရေးကြီးသော ဦးဆောင်မှုပင်ဖြစ်ပါတယ်။

ဘာသာတရားနှင့် ကိုးကွယ်ယုံကြည်မှု၊ လွှမ်းမိုးဦးဆောင်မှုတို့ကို အဓိက (၂-မျိုး) ခွဲခြားနိုင်ပါ၏။ ထာဝရဘုရား (နတ်ဘုရား) ကိုးကွယ်ယုံကြည်မှုနှင့် ထာဝရဘုရားဟူသည်ရှိသည်မဟုတ်၊ မရှိသည်မဟုတ် ဗုဒ္ဓဘာသာ (လောကအကျိုး၊ အကြောင်း) နှင့် မြတ်စွာဘုရား၏ တရားဓမ္မများကို ယုံကြည်သော ဘာသာဟူ၍ နှစ်မျိုးသာ အနှစ်ချုပ်နိုင်ပါ၏။

ကိုးကွယ်ယုံကြည်မှုဆိုရာမှာလည်း မိမိကြိုက်ခြင်း၊ မကြိုက်ခြင်းမဟုတ်ပဲ လောကအတွက် စည်းမျဉ်းသတ်မှတ်မှု၊ ကောင်းမှု၊ မကောင်းမှုဆိုတဲ့ အရာအပေါ်မှာသာ ဘုရားတိုင်းဟာ ဟောပြောဆုံးမှုထားတာ လေ့လာလက်ခံယုံကြည်နိုင်ပါတယ်။ လောကမှာ နေသူတိုင်းဟာ လောကကောင်းခြင်းအ

တွက်သာ အဓိက ရှေ့ရှုကိုးစားဦးဆောင်ခြင်းဟာ ဘုရားရှင်တို့၏ မှန်ကန်သော ဟောပြောဆုံးမမှုပင်ဖြစ်ပါတယ်။

## Good & Bad (ကောင်းခြင်း၊ မကောင်းခြင်း) ဇယားကွက်ပုံ

| | |
|---|---|
| Good ကောင်းမှု<br>Do (ပြုလုပ်လျှင်)<br>Good Luck (ကံကောင်းမှု) | Bad မကောင်းမှု<br>Do (ပြုလုပ်လျှင်)<br>Bad Luck (ကံမကောင်းမှု) |
| Good ကောင်းမှု<br>Don't (မပြုလုပ်လျှင်)<br>Bad Luck (ကံမကောင်းမှု) | Bad မကောင်းမှု<br>Don't (မပြုလုပ်လျှင်)<br>Good Luck (ကံကောင်းမှု) |

## သူတော်ကောင်း ဦးဆောင်မှု တရား (၅-ပါး)

### (၁) သဒ္ဓါ (ယုံကြည်မှု)

Believe is Becoming ယုံကြည်မှုအတိုင်းဖြစ်လာခြင်းဟာ၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာအားလုံးမှာ တူ

ညီစွာဖော်ပြထားတာတွေ့နိုင်ပါတယ်။ လောကမှာ ယုံကြည်မှု အတိုင်းသာ ပြုလုပ်ကြိုးစားပြီး ရလဒ်ဖြစ်လာမည်မှာ အမှန်ဆုံး သော ဦးဆောင်မှုတရားပင်ဖြစ်ပါတယ်။

(၂) သီလ (ကိုယ်ကျင့်တရား)

Good work is Good Luck အလုပ်ကောင်း ခြင်းဟာ ကံကောင်းခြင်းဆိုသလို Character is Power လုပ်ရပ်သည်သာ အာဏာပါဝါဆိုတဲ့ လူတိုင်းလက်ကိုင်ကျင့် သုံးတဲ့ သူတော်ကောင်းဖြစ်ရေး တရားပင်ဖြစ်ပါတယ်။

(၃) သုတ (လေ့လာသင်ယူမှု)

Leader are Learner ခေါင်းဆောင်ဆိုတာ လေ့ လာနေသူဖြစ်သလို၊ အစဉ်အမြဲ လေ့လာသင်ယူနေခြင်းဟာ ခေါင်းဆောင်မှုတရားဖြစ်ပါ၏။

(၄) ဇာဂ (ပေးကမ်းမှု)

The more you Give – the more you Get များများပေးလျှင် များများရခြင်း ဥပဒေသအရ ခေါင်းဆောင်

သူများဟာ ပေးကမ်းခြင်းနှင့် ဦးဆောင်တိုးတက်မှုသို့ ကြိုးစား ဖို့လိုအပ်ပါတယ်။

(၅) ပညာ (ဗဟုသုတ)

Knowledge is Power အသိပညာ ဗဟုသုတ သည် စွမ်းအားပါဝါဖြစ်သည်ဟု ကမ္ဘာမှာ လူတိုင်းလက်ကိုင် ထားချက်အရ ပညာနှင့်ယှဉ်သော ဦးဆောင်အောင်မြင်မှုသည် သာ ရေရှည်တိုးတက်မည်အမှန်ပါ။

## တရားဓမ္မနှင့် ဦးဆောင်အောင်မြင်ခြင်း

ပါရမီရှင်တွေဆိုတာ ◦ ◦ ◦

- အခက်ခဲတွေကို ခန္တီသည်းခံကြိုးစားနေသူ
- ရန်သူတွေကို ဥပေက္ခာခွင့်လွှတ်ကြိုးစားနေသူ
- သိစရာတွေကို ပညာလေ့လာဆည်းပူးနေသူ
- ကောင်းမှုတွေကို သီလကျင့်ကြံကြိုးစားနေသူ
- ရည်မှန်းချက်တွေကို အဓိဋ္ဌာန်မဖြစ်ဖြစ်အောင်ကြိုးစားနေသူ

ပါရမီ (၁၀-ပါး) ပြည့်စုံကြိုးစားသူတိုင်း (ပါရမီရှင်) ဖြစ်နိုင်ကြပါစေ ဆုတောင်းအား ပေးရင်း ◦ ◦ ◦

# ခေါင်းဆောင်မှု ဥပမာ

**************



လူနတ်တို့၏ဆရာသခင် မြတ်စွာဘုရားရှင်၏ ဦးဆောင်ကြိုးပမ်းမှုများစွာ လေးအသင်္ချေ ကမ္ဘာတစ်သိန်းပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ဖြစ်မည့်ဘဝမှာလဲ သိဒ္ဓတ္ထမင်းသားဘဝမှာ များစွာ ပင်ပန်းဆင်းရဲမှုတွေနဲ့ကြိုးစားခဲ့ပြီး ခြောက်နှစ်တာ ကာလပတ်လုံး တရားကျင့်ကြံ အားထုတ်လျက် သဗ္ဗညုတ ဉာဏ်တော်ရမြတ်ကိုရှိပြီး ယနေ့ ဗုဒ္ဓဘာသာဝင်တွေအားလုံးတို့အတွက် သာသနာနှစ် ငါးထောင်အထိ သာသနာ အတွက်ဦးဆောင်ခဲ့သော မြတ်စွာဘုရားရှင်ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ အောင်ခြင်းရှစ်ပါးအပါအဝင် မေတ္တာဖြင့်အောင်နိုင်ခဲ့သော သတ္တဝါအပေါင်းကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ဂရုဏာဖြင့် ဦးဆောင်အောင်မြင်ခဲ့တော်မူသော ဘုရားရှင် ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ကြိုး

ပမ်းခဲ့တဲ့ ပါရမီဖြည့်ခဲ့သော လေးအသင်္ချေ ကမ္ဘာတစ်သိန်းနဲ့ ပါရမီဆယ်ပါးသည်လည်း ခေါင်းဆောင်သူတို့အတွက် လမ်းညွှန်ချက်ကောင်းပဲဖြစ်ပါတယ်။ ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ရင်ထဲမှာလဲ မြတ်စွာဘုရားရှင်၏ တရားဓမ္မတွေဟာ ယနေ့တိုင် ဦးဆောင်နေဆဲဖြစ်ပြီး သာသနာနှစ်ငါးထောင်အထိ ဦးဆောင်သွားမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်၏ အဆိုအမိန့် အတ္တာဟိ အတ္တနော နာထော ကိုယ်သာလျှင် ကိုယ့်ဘဝရဲ့ -----။

**ကိုယ်သူတပါး ဘယ်လောက် ကောင်းကျိုးရှိမလဲ၊**

**ဗုဒ္ဓဘာသာဆိုတာ မြတ်စွာဘုရားကိုပဲ ကိုးကွယ်ခြင်းမဟုတ်၊**

**ခေါင်းဆောင်သူ ဥပမာ (လူနတ်တို့၏ ဆရာသခင် မြတ်စွာဘုရားရှင်)**

# နေ့စဉ်ခေါင်းဆောင်မှု သံဝိဓါန်

*************

ငါသည် တန်ဖိုးရှိသော ခေါင်းဆောင်ကြီးများကို စံနမူနာအတုယူလျှက်

I Am Hero, Not Zero (ငါသည် သုညမဟုတ်၊ ရဲစွမ်းသတ္တိရှိသူဖြစ်၏)

I Will Lead, Not Follow (ငါသည် နောက်မလိုက်၊ ခေါင်းဆောင်သွားမည်)

ငါသည် တန်ဖိုးရှိသော ခေါင်းဆောင်သူဖြစ်၏ (ခံယူကြိုးစားသွားမည်)

ငါသည် အကြီးအကဲ ခေါင်းဆောင်သူဖြစ်၏ (နှလုံးသွင်းကြိုးစားသွားမည်)

ငါသည် မြင့်မြတ်သော ခေါင်းဆောင်သူဖြစ်၏ (ယုံကြည်ကြိုးစားသွားမည်)

I Am Leader of My Life

(ငါဘဝ၏ အရှင်သခင်ခေါင်းဆောင်ဟာ ငါကိုယ်တိုင်ဖြစ်၏)

I Am Great Leader

(ငါသည် မြင့်မြတ်သော ခေါင်းဆောင်သူဖြစ်တယ်)

I Can Do It (ငါလုပ်နိုင်တယ်) ယုံကြည်နေမယ်။

You Can Do It (သင်လုပ်နိုင်တယ်) အားပေးနေမယ်။

We Can Do It (ကျွန်ုပ်တို့လုပ်နိုင်တယ်) အတူတူကြိုးစားနေမယ်။

**I Can Do It + You Can Do It + We Can Do It**

# NeXt GeN MyAnMaR

**N E X T   G E N E R A T I O N   M Y A N M A R**

အစီအစဉ်မှ

ဆရာဇင်ဖြိုးပိုင်(**MESI**)အား

အနာဂတ်  မျိုးဆက်သစ်လူငယ်များအတွက်  အင်တာဗျူး  အမေးအဖြေများ




**ဦးဇင်ဖြိုးပိုင်**

**Founder (MESI Business Institute)**

# MRTV မျိုးဆက်သစ်မြန်မာ အစီအစဉ်

ဦးဇင်ဖြိုးပိုင်
**Founder (MESI Business Institute)**

*လုပ်ဖော်ကိုင်ဖက်၊ သူငယ်ချင်း၊ ဆရာသမားများ၏ ဦးဇင်ဖြိုး ပိုင်နှင့် ပတ်သက်ပြီး ပြောကြားမှုများအပေါ် ဦးဇင်ဖြိုးပိုင်မှ ဖြည့်စွက်ပြောကြားချက်*

အောင်မြင်မှုဆိုတာတော့ အချိန်ခဏလေးနဲ့ တည်ဆောက်လို့မရပါဘူး။ အကြိမ်ပေါင်းများစွာ ရက်ပေါင်းများစွာ ကြိုးစားတည်ဆောက်ရပါတယ်။ လူတစ်ယောက်အောင်မြင်ဖို့ဆိုတာ အကို့အနေနဲ့အကြံပေးချင်တာကတော့ လူတစ်ယောက်ကဘယ်ကလာခဲ့သလဲ။ ဘယ်အထိရောက်နေပြီလဲ ဒါအောင်မြင်ခြင်းလို့ခေါ်တာပေါ့နော်။ အခုလက်ရှိအခြေအနေမှာလည်း ဘယ်လောက်အထိဆက်သွားမလဲပေါ့နော်။ အကိုတော့အမြဲ

ခံယူတယ် အောင်မြင်ခြင်းဆိုတာ Destination မဟုတ်ဘူး။ Journey ခရီးတွေဖြစ်တယ်။ အကို့အနေနဲ့ကတော့ ဒါအကို့ရဲ့ဘဝမှတ်တိုင်ပါ၊ အကို့ရဲ့ဆရာသမားတွေ၊ မိတ်ဆွေတွေရဲ့ အခုလိုပြောကြားချက်အပြင် အကို့အကြောင်းလည်းအများကြီး သိတဲ့သူတွေ ရှိပါတယ်။ အကိုကတော့တတ်နိုင်သမျှ အကို့ရဲ့ မှတ်တမ်းထက်စာရင် အပြင်ရဲ့တကယ် Reality ပေါ့နော်။ တကယ့်လက်တွေ့ဘဝ၊ လက်တွေ့ကြိုးစားမှုကို အကိုကပို တန်ဖိုးထားတယ်။ အကိုတို့ ဘယ်လောက်ဆက်ကြိုးစားသွား မလဲဆိုတာကို အကိုတို့ကတစ်ဆင့် နောက်အနာဂတ်လူငယ် တွေအတွက် ပိုပြီးတော့အကြိုးရှိမယ်။ အဲ့ဒီတော့ အကိုတို့က နောက်အနာဂတ်လူငယ်တွေအတွက် ဆက်ပြီးတော့ဆွေးနွေး သွားပါမယ်။

MRTV-4

အကို့အနေနဲ့လက်ရှိမှာ ပြည်တွင်း Company တွေမှာ စီးပွားရေးအကြံပေးအဖြစ် ဆောင်ရွက်နေတဲ့အပြင်

တစ်ဘက်မှာလည်း MESI Business Institute ကိုစပြီး တည်ထောင်တဲ့ Founder ဖြစ်တယ်။ အကိုအခုလိုဖြစ်လာဖို့ အတွက် အသိအမှတ်ပြုခံရတဲ့ နေရာတစ်နေရာရဖို့အတွက် အကိုဘယ်လောက်ထိ ကြိုးစားရုန်းကန်ခဲ့ရလဲခင်ဗျ။



နေ့ပေါင်းများစွာပေါ့နော် အခြေအနေမျိုးစုံ ဘာနဲ့ တူလဲဆိုတော့ လှိုင်းတံပိုးနဲ့တူပါတယ်။ အတက်အကျတွေ ဘဝ ကြီးကရှိတယ်ဆိုတော့ အကိုစပြီးတော့ ကြိုးစားခဲ့တဲ့အချိန် အကို့ဘဝဇာတ်ကြောင်းကို အားလုံးလည်းသိပါတယ်။ အဆိုး ဆုံးအခြေအနေတွေကို အကိုမှတ်မိတယ်။ စင်ကာပူကပြန်လာ တဲ့အချိန်ဆို ပိုက်ဆံတစ်ပြားမှမရှိဘူး။ Laptop တစ်လုံးလေး ရောင်းပြီးတော့ အလုပ်လုပ်တယ်။ ဒီအခြေအနေမှာ အကူ အညီမဲ့တဲ့ ဘဝမျိုးဆိုတော့ ဘယ်သူမှကူညီမယ့်သူမရှိဘူး။ ဒါ ပေမယ့် အကိုစိတ်ဓာတ်မကျဘူး။ အလုပ်တွေအောင်မြင်လာ တဲ့အခါမှာလည်း အခက်အခဲတွေအများကြီးရှိတယ်။ ငွေကြေး

လိုအပ်ချက်တွေ၊ အလုပ်နဲ့ပတ်သက်တဲ့ Pressure တွေအများကြီးရှိတယ်။ နောက်ပြီးတော့ ခုလိုမျိုးပေါ့နော် ဒီစွန့်ဦးတီထွင်ဘက်ကို သွားတဲ့ကာလမှာ အကိုကတော့ အရင်တုန်းကထင်တာပေါ့နော် အောင်မြင်ခြင်းဆိုတာ အကိုတို့ ဘယ်လောက်ခံစားရမလဲကို စဉ်းစားတယ်။ အခု အကိုသိခဲ့တဲ့အောင်မြင်ခြင်းဆိုတာကတော့ အကိုတို့ ဘယ်လောက်ခံနိုင်သလဲကို အကိုနောက်ပိုင်း နားလည်လာတယ်။ ဆိုလိုတာတော့ အကို့ရဲ့ဘဝသက်တမ်းအရ ဘယ်လောက်အထိ ခံစားမလဲဆိုတာကို အကိုကတော့ ခုထိသိပ်မတွေးထားဘူး။ ဘယ်လောက်ထိတာဝန်ယူမလဲ။ ဘယ်လောက်ထိ ခံစားပြီးတော့ ကိုယ်လုပ်ချင်တဲ့ ရည်မှန်းချက်တွေအောင်မြင်အောင် ဘယ်လိုသွားမလဲဆိုတာကို အကိုတို့က ဦးတည်သွားမယ်။ အဲ့လိုသွားတဲ့ကာလမှာလည်း အကိုကတော့ ကိုယ့်ကိုယ်ကို အောင်မြင်တယ်လို့မသတ်မှတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ Level တစ်ခုရောက်တဲ့အခါမှာ အကိုတို့ကနေကြည့်ရမှာက အောင်မြင်လာပြီဆိုရင် အပေါ်ကို ကြည့်ရမယ်။ ကိုယ့်ထက်သာတဲ့သူတွေ တတ်တဲ့သူတွေ တကယ့်ကို အောင်မြင်နေတဲ့သူတွေများစွာကျန်သေးတယ်ဆိုတော့ အကိုတို့က အပေါ်ကြည့် ကြိုး

စားရမယ်။ အကိုတို့အများကြီးလိုသေးတယ် သူတို့အများကြီး မှီဖို့ ကြိုးစားရမယ်။ ဒါပေမယ့် အကိုစိတ်ဓာတ်ကျတဲ့ အချိန် မျိုးမှာ ဘယ်သူတွေကို ကြည့်သလဲ အကိုတို့အောက်ကလူ တွေကို ကြည့်တယ်။ ဘာပဲပြောပြော ငါတို့တတ်နိုင်သမျှတော့ ငါတို့ကြိုးစားခဲ့နိုင်ပြီ။ တစ်ချို့လူတွေကျတော့ပြောင်းပြန် ပြန် ကြည့်ကြတယ် အောင်မြင်လာပြီဆိုရင် အောက်ကိုပြန်ကြည့် ကြတယ်။ ငါတို့သာနေပြီ ဘာမှလုပ်စရာမလိုတော့ဘူး။ ဒါ ပေမယ့် စိတ်ဓာတ်ကျရင်လည်း အပေါ်ကိုပြန်ကြည့်ကြတယ်။ ပိုစိတ်ဓာတ်ကျတာပေါ့နော်။ အကိုတို့ ခုနကပြောသွားသလို ပေါ့။ အောင်မြင်ခြင်းဆိုတာ Destination ရောက်နေခြင်း မဟုတ်ဘူး။

အကိုအခု ၂၀၁၉ မှာ ဒီအခြေအနေရောက် တယ်။ ဒါအကို့အောင်မြင်ခြင်းမှတ်တိုင်ပဲ အကိုသွားချင်တဲ့ ခရီးအရှည်ကြီး အများကြီးရှိသေးတယ်ဆိုတော့ အကိုကတော့ အမြဲတမ်းပြောတယ် အောင်မြင်မှုခရီးတွေ သွားဖို့အတွက် ခေါင်းဆောင်တစ်ယောက်အနေနဲ့ လုပ်ရမယ့် တာဝန်တွေ အ များကြီးရှိမယ်ဆိုတော့ အကိုကတော့ အောင်မြင်ချင်ရင် အ လုပ်ကို နည်းနည်းနဲ့ နှေးနှေးလုပ်မယ်ဆိုရင်တော့ ဘယ်

တော့မှ မအောင်မြင်ဘူး။ အလုပ်ကို များများနဲ့ မြန်မြန်လုပ်ရမယ်။ အကိုကတော့ တတ်နိုင်သမျှ အကိုသွားမယ့်ခရီးမှာ များများနဲ့မြန်မြန်လုပ်ခဲ့တယ်။ သူများတွေမလုပ်တဲ့ အချိန်မှာလည်း တစ်နိုင်ငံလုံး အကိုကျောင်းခွဲတွေ အများကြီးပေးထားတာဆိုတော့ The First ပေါ့။ အကိုကတော့ F သုံးလုံးပေါ့ 3F ဆိုပြီးတော့ အကိုခံယူပြီးတော့ ကြိုးစားပါတယ်။ ပထမအဆင့်အနေနဲ့ အကိုကသူများတွေမလုပ်တဲ့အချိန်မှာ The First ပထမဦးဆုံးဖြစ်အောင် အကိုကြိုးစားတယ်၊ ပြီးတဲ့အခါမှာလည်း သူများတွေထက် ပိုမြန်အောင် အကိုကြိုးစားတယ်၊ ပြီးတဲ့အခါကျ သူများတွေထက် အဝေးဆုံးပိုပြေးနိုင်အောင် ကြိုးစားရမယ်။ အောင်မြင်မှုခရီးကတော့ အကိုခံယူတာကတော့ ဘယ်တော့မှမဆုံးပါဘူး။ အကိုတတ်နိုင်သမျှပေါ့နော် အကိုကတော့ အလုပ်လုပ်နိုင်ပါစေပဲ ဆုတောင်းပါတယ်။ အခွင့်အရေးတွေမရှိတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ အခွင့်အရေးတွေ အများကြီးရှိတယ်။ အကိုကတော့ တတ်နိုင်သမျှ အကို့ရဲ့အောင်မြင်မှုခရီးမှာ အကိုကတော့ အလုပ်နဲ့ပဲ သက်သေပြချင်ပါတယ်။ လူငယ်တွေအားလုံးကိုလည်း အကိုအားပေးချင်တာက အလုပ်လက်တွေ့လုပ်ပါ ဆိုလိုချင်တာက လော

ကကြီးမှာ ဘယ်လောက်ကြီး အတွေးအခေါ်ကောင်းကောင်း လက်တွေ့မလုပ်ရင် ရည်မှန်းချက်တစ်ခုက ဘယ်တော့မှ မအောင်မြင်ပါဘူး။ ဒီအစီအစဉ် အခုရိုက်ကူးမယ်ပေ့ါ။ အတွေးတစ်ခုနဲ့ ဒီအစီအစဉ်မဖြစ်ဘူး အခုလိုလက်တွေ့ကျကျလုပ်ဖို့လိုအပ်တယ်။ အကိုကတော့ လက်တွေ့ကျကျပေ့ါနော်။ အားလုံးကို လက်တွေ့ကြိုးစားပြီးတော့ လူတိုင်းလူတိုင်း အောင်မြင်နိုင်မှာပါ၊ အကိုကတော့ အားလုံးကို အားပေးပါတယ်။

MRTV-4

အကိုတကယ်ကိုဝါသနာပါတဲ့ စီးပွားရေးနဲ့ ပတ်သက်တဲ့ဘာသာရပ်တွေကိုလည်း Singapore ကိုသွားပြီး လေ့လာခဲ့တယ်လို့ ကျွန်တော်တို့ကြားသိရတယ်ခင်ဗျ။ အကိုခုလိုမျိုး ပြည်ပအထိထွက်ပြီး လေ့လာဖို့အထိ အကို့ကို ဘယ်အရာတွေကများ တွန်းပို့ခဲ့တာလဲ ဘယ်လိုမျိုးအကြောင်းဖန်လာခဲ့တာလဲ ခင်ဗျ။



အကိုခုနက ပြောခဲ့သလိုပေါ့ Level တစ်ခုရောက်ရင် အကိုတို့အပေါ်ကို ကြည့်ရမယ်။ အကိုတို့မှာ အများကြီးလိုအပ်တယ် အကိုတို့အပေါ်ကိုကြည့်တယ်။ ဘာကြောင့် Singapore ထွက်ဖို့စဉ်းစားလဲဆိုတော့ တခါတရံကျတော့ အခက်အခဲတွေက အကို့အတွက် အခွင့်အလမ်းပြန်ဖြစ်စေတယ်။ အဲ့ဒီခေတ်က အကိုတို့ NGO မှာလုပ်တော့ အကိုက အသက်အငယ်ဆုံး ဆရာဝန်တွေကြားမှာ အလုပ်လုပ်ရတယ်။ အဲ့ဒီအခါကျတော့ အကိုတို့ အရမ်းမကျွမ်းကျင်တော့ ဘာပဲပြောပြော အထင်သေးတာပေါ့။ ဒါပေမယ့် အကို့မှာ ခံယူချက်ရှိတယ်။ သူများတောင် လုပ်နိုင်တယ်ဆိုရင် အကိုလည်းလုပ်နိုင်ရမယ်ဆိုတဲ့ အဲ့ဒီစိတ်နဲ့ အကို တတ်နိုင်သမျှကြိုးစားတယ်။ ၂ နှစ်အတွင်းမှာပဲ အကိုအားလုံးနဲ့ တန်းတူအလုပ် လုပ်နိုင်အောင်ကြိုးစားတယ်။ Foreginer တွေနဲ့ စကားပြောနိုင်အောင် အကိုကြိုးစားတယ်၊ အဲ့ဒီကနေမှတဆင့် အကို့ရဲ့ Decision ပေါ့။ အကိုကအမြဲတမ်းတွေးတယ် Dသုံးလုံးရှိ

တယ် နံပတ်တစ်က Dream ပေါ့။ နံပတ်နှစ်က Decision၊ နံပတ်သုံးက Dသပေါ့။ နံပတ်တစ်က အကိုတို့ရဲ့ စိတ်ကူး အိပ်မက် ကိုယ်ဘာဆက်လုပ်မလဲစဉ်းစား၊ စဉ်းစားပြီးတဲ့အခါမှာ မှန်ကန်တဲ့ Decision က လူတစ်ယောက်ကို ပြောင်းလဲတယ်။ ပြီးမှအရေးကြီးတာက နောက်ဆုံး အဲ့ဒါကို လက်တွေ့လုပ်မယ်ဆိုတော့၊ အဲ့မှာ အကို Singapore ထွက်ပြီး အလုပ်လုပ်မယ် ပထမအဆင့်ပေါ့။ အလုပ်လုပ်ပြီးကျောင်းတက်မယ် ဒါပေမယ့် အကိုတို့ အဲ့ခေတ်ကသွားတဲ့ကာလမှာ မြန်မာနိုင်ငံဖွံ့ဖြိုးနေတဲ့အချိန် Singapore သွားတော့ အကို အရမ်းဒုက္ခရောက်တယ်။ ဘယ်လောက် ဒုက္ခရောက်သလဲဆိုရင် အကိုအလုပ်လည်းမရဘူး။ ၂လလောက်အထိက ပိုက်ဆံလည်းမရှိတော့ဘူး ဘာဆက်လုပ်လို့ လုပ်ရမှန်းလည်း မသိတဲ့ကာလမှာ အကို ကြုံရာကျပန်းပေါ့နော်။ ပန်းကန်ဆေးတဲ့အလုပ်လည်းလုပ်ဖူးတယ်။ ဟိုတယ်တွေမှာလည်း Part Time ဝင်လုပ်ဖူးတယ်။ အဲ့ဒီဘဝကနေမှ Singapore မှာ ကျောင်းပြီးအောင်တက်ခဲ့တယ်။ အိမ်ကလည်းပိုက်ဆံ ပြန်မတောင်းဘူး။ အကိုတို့မှာ လုပ်အားရှိတယ်။ ပိုက်ဆံမရှိဘူး ဒါပေမယ့် အကိုတို့မှာ Try Hard အကိုတို့မှာ Energy အပြည့်ရှိတာပဲ

အကိုညဘက် ၂ နာရီအထိ အလုပ်လုပ်တယ်။ တခါတရံကျ မနက် ၆ နာရီပြန်ထဆိုတော့ အကို ၃ နာရီလောက်ပဲ အိပ်ခဲ့တဲ့ ရက်မျိုးတွေရှိတယ်။ အဲ့လိုဘဝမျိုးနဲ့ အကို Singapore မှာ ကျောင်းပြီးအောင်တက်တယ်။ ကျောင်းတက်တဲ့အပြင် အကို အပြင်မှာလည်း ဆက်ပြီးတော့လေ့လာတယ်။ဘာကြောင့်လဲဆို ကျောင်းပညာရေးတစ်ခုထဲနဲ့လည်း ဘဝမှာမအောင်မြင်ပါဘူး။ အတွေ့အကြုံအရ အောင်မြင်မှုခရီးဆိုတာက Learning ၂ ခု ရှိတာပေါ့။ ကျောင်းတွေကသင်တဲ့ ပညာရေးဆိုတာရှိတယ်။ တဖက်ကလည်း သဘာဝအမှန်တရားကြီး၊ သဘာဝပတ်ဝန်း ကျင်ကသင်နေတဲ့ ပညာရေးဆိုတာရှိတယ်။ ဒါကတော့ Life University လို့ခေါ်တာပေါ့နော်။ အကိုကတော့ အဲ့ဒီကနေ အများကြီးသင်ယူတယ်။ အောင်မြင်တဲ့သူတွေဆီကနေ အမြဲ လေ့လာတယ်။ အကို့ရဲ့ Role Model တွေလည်းရှိပါတယ်။ အခုဆိုရင် Jack Ma တို့ Tony တို့ပဲ။ သူတို့ဘယ်လို အောင်မြင်ခဲ့သလဲ အကိုအမြဲတမ်းလေ့လာတယ်။ အကို စာအုပ် တွေများစွာ ဖတ်ဖူးတယ်။ အကိုတစ်နှစ်ကို စာအုပ်ပေါင်း ၁၀၀ လောက် အမြဲတမ်းဖတ်တယ်။ အကို့ရဲ့အောင်မြင်မှုခရီးမှာ နိုင်ငံခြားမှာ သင်ယူခဲ့တာတွေအပြင် ဆက်လက်ပြီးတော့

လေ့လာတယ်။ အခုဆက်ပြီးတော့လည်း အများကြီးလေ့လာနေတယ်။ နိုင်ငံခြားဆိုလည်း အစ်ကိုတစ်နှစ်တစ်ခေါက်လောက် သင်တန်းတွေသွားတက်တယ်။ ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီဆိုရင် Leaders are learners ခေါင်းဆောင်တစ်ယောက်ဟာ အမြဲတမ်းလေ့လာနေရမယ်။ ပြီးတော့ Lears from leaders ခေါင်းဆောင်တွေဆီက အကိုတို့လေ့လာမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အကိုကတော့ တတ်နိုင်သမျှ Singapore ကရရှိခဲ့တဲ့ပညာရေး၊ အသိပညာတွေ၊ စီးပွားရေးပညာတွေကို ကိုယ့်နိုင်ငံအတွက် ပြန်အသုံးချတယ်။ အကိုဆိုရင် အခုမြန်မာနိုင်ငံအနှံ့မှာ ကျောင်းခွဲ(၁၅) ခု အကိုပေးထားနိုင်ပြီ။ ဆရာ၊ ဆရာမပေါင်း(၃၀) လောက်နဲ့ လည်ပတ်ပြီး အကိုတို့ကြိုးစားနိုင်ပြီ။ အကိုကတော့ တတ်နိုင်သမျှ ခေါင်းဆောင်သူတစ်ယောက်အနေနဲ့ နေချင်တယ်။ ဘာကြောင့်လဲဆိုတော့ အကိုဘယ်လောက်ချမ်းသာသလဲဆိုတာ ဘယ်သူမှလဲ သိချင်မှာ မဟုတ်ဘူး။ ဥပမာ အကိုအမြဲတမ်းတွေးကြည့်တယ်။ လီကွမ်ယူ ဘယ်လောက် ပိုက်ဆံရှိသလဲ အကိုတို့မသိချင်ဘူး။ ဒါပေမယ့် လီကွမ်ယူ ဘာတွေလုပ်ခဲ့သလဲက ပိုပြီးအဓိကကျတယ်။ ဗိုလ်ချုပ်အောင်ဆန်းလည်းဒီအတိုင်းပဲ ဘယ်လောက်

ပိုက်ဆံ ရှိခဲ့သလဲ။ ဘယ်သူမှလည်း မမေးကြပါဘူး ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲပဲ အကိုကြည့်တယ်။ အကိုကတော့ နိုင်ငံအတွက် ဘာတွေလုပ်ခဲ့မလဲ။ မြန်မာနိုင်ငံ အခုလိုဖြစ်နေတဲ့ စီးပွားရေးကာလမှာ၊ မြန်မာနိုင်ငံ အခုလိုကျဆင်းနေတဲ့ ပညာရေးကာလမှာ အကိုတို့ ဘယ်လောက်အကူအညီ လုပ်ခဲ့မလဲ။ ဒီအတွက်ပဲ အကို Focus လုပ်ပါတယ်။ အကိုတို့တတ်နိုင်သမျှ အကိုကြိုးစားမှာ၊ အားလုံးအတွက်လည်း အကိုကြိုးစားပါတယ်။ အားလုံးအခုလို ဝိုင်းအားပေးတာလည်း ကျေးဇူးအများကြီးတင်တယ်၊ သူတို့ရဲ့အားတွေကြောင့်ပဲ အကို ပိုပြီးကြိုးစားဖြစ်ပါတယ်လို့ အကိုပြောချင်ပါတယ်။

**MRTV-4**

လက်ရှိ အကိုကလည်း စီးပွားရေးအကြံပေးဆိုတော့ တိုင်းပြည်တစ်ပြည်မှာ စီးပွားရေးက ဘယ်လောက်အထိ အရေးပါလဲ။ ဘယ်လောက်အထိ ခိုင်မာဖို့လိုနေ လဲခင်ဗျ။



စီးပွားရေးကတော့အရေးကြီးတယ်။ ဥပမာအိမ်တစ်အိမ်ကိုပဲ စဉ်းစားကြည့်ပါ။ အိမ်တစ်အိမ်မှာ အဆင်ပြေဖို့ မပြေဖို့ဆိုတာ စီးပွားရေးအပေါ် အများကြီးမူတည်တယ်။ မိသားစုတစ်စုဆိုပါတော့ အကိုတို့မိသားစုမှာ ဘယ်လောက် အဆင်ပြေမလဲ။ ဘယ်လောက်ပျော်မလဲဆိုတာ အကိုတို့မိသားစုရဲ့ စီးပွားရေးပဲ။ ထိုနည်းတူစွာပဲ အဖွဲ့အစည်းမှာလည်း အဖွဲ့စည်းတစ်ရပ်လုံးပျော်ဖို့က အဖွဲ့အစည်းရဲ့ စီးပွားရေး၊ ဝင်ငွေထွက်ငွေ ကောင်းကောင်းရှိရမယ်။ ဒီလိုပဲ နိုင်ငံတစ်နိုင်ငံလုံး စဉ်းစားလိုက်ရင် စီးပွားရေးက အသက်ပဲ။ မိသားစုတွေ အဆင်မပြေဘူးပြောရင် တတ်နိုင်သမျှ ဒီစီးပွားရေး ပြသနာမှာပဲ အခြေခံတယ်။ အကိုက Singapore မှာ ကျောင်းတက်ခဲ့တော့ ဘာလေ့လာသလဲဆိုရင် လီကွမ်ယုက စီးပွားရေးကို ရှေ့တန်းတင်ပြီးတော့ အရာအားလုံးကို Changes လုပ်တယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သွားတဲ့အခါကျတော့ အရာအားလုံးလည်း ဖွံ့ဖြိုးတိုးတက် လာတယ်။ အကိုကတော့မြင်တာတော့

စီးပွားရေးကအခြေခံတယ်။ ဒါကတော့ အကိုက စီးပွားရေး ပညာရပ်ကို လေ့လာထားလို့ ပြောတာမဟုတ်ဘူး။ အဓိက နိုင်ငံ တစ်ရပ်မှာလည်း စီးပွားရေးကိုရှေ့တန်းတင်ရင် ပိုပြီး တော့ တိုးတက်အောင်မြင်တယ်။ ဒါပေမယ့် စီးပွားရေးတစ်ခု ထဲ အရေးကြီးသလားဆိုတော့ မဟုတ်ပါဘူး။ နိုင်ငံတစ်ခု တိုးတက်ဖို့က အကိုတို့ စီးပွားရေးပညာမှာ (၄) ခုရှိပ- ါတယ်။ PEST လို့ခေါ်တယ်၊ Pလို့ခေါ်တဲ့ Political နိုင်ငံ ရဲ့ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာတွေ Strategy တွေ အဲ့ဒါ အရေးကြီးတယ်။ နိုင်ငံရေးပြီးတဲ့အခါမှာ Economics စီးပွား ရေးပေါ့၊ စီးပွားရေးမှာ ဒီထက်ဖွံ့ဖြိုးတိုး တက်အောင် ဘယ်လို မျိုးလုပ်မလဲ။ အဓိက Private ကိုလုပ်မလား၊ Foreign FDI တွေကို အကိုတို့ခွင့်ပြုမလား။ ဒါကိုစဉ်းစားတယ်ဆို တော့ အရေးကြီးတာ PE၊ ပြီးတော့ S Social ပေါ့ လူတွေ တိုးတက်ဖို့လည်း အရေးကြီးတယ်။ လူတစ်ဦးချင်းစီရဲ့ ဖန်တီးမှု က အရာအားလုံးဖြစ်တယ်။ အရင်တုန်းကမရှိဘူး Mobile Phoneတွေ၊ ဒါပေမယ့် အခုချိန်မှာ Mobile Phoneတွေ တီထွင်လာတာ စီးပွားရေးကြောင့် မဟုတ်ဘူး လူတွေရဲ့ဖန်တီး မှုနဲ့ဆိုင်တယ်။ အဲ့ဒီတော့ လူတစ်ဦးချင်းစီရဲ့တိုးတက်မှုကလည်း

အကိုတို့ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်တယ်။ ပြီးရင် နောက်ဆုံးကတော့ အရေးကြီးတယ်။ Tပေါ့။ ဒါ Technology ပဲ။ ဒါအခုအစီအစဉ်ကို လူပေါင်းများစွာ ကြည့်ဖို့အတွက် အရေးကြီးတယ် ဒါနည်းပညာပဲ။ Singapore တိုးတက်တယ်၊ တကယ့် G7 နိုင်ငံကြီးတွေ ဘာကြောင့်တိုးတက်သွားသလဲဆိုရင် သူတို့ရဲ့နည်းပညာ အရှိန်အဟုန်ပဲ။ နိုင်ငံတစ်ခုမှာ အရေးကြီးတယ် စီးပွားရေးမှန်တယ်။ ဒါပေမယ့် ခုနကပြောတဲ့ မဏ္ဍိုင်ကြီး(၄)ရပ်လုံးကို တစ်ပြိုင်နက်တွန်းမှ ရမယ်။

စီးပွားရေးနယ်ပယ်ထဲကို ဝင်ရောက်လာမယ့်လူငယ်တွေကရော ကြိုတင်ပြင်ဆင်မှုအနေနဲ့ ဘာတွေလုပ်ဖို့ လိုထားမလဲခင်ဗျ။



အဓိက အကိုကတော့အမြဲပြောတဲ့ စကားလုံး(၂)လုံး ရှိတယ် Pre နှစ်လုံးပေါ့နော်။ Prospected and Prepare ဒီနှစ်ခုက ညီဖို့လိုအပ်တယ်။ အနာဂတ်ဖြစ်နိုင်ချေ ဘာရှိမလဲ အကိုတို့ ဘာပြင်ရမလဲ အဲ့ဒီနှစ်ခုက ညီမှရမယ်။ ဥပမာ ဆို ပါတော့ အကိုတို့ကပြင်ထားတဲ့အရာက "က"ကြီးအကြောင်း ပြင်ထားတယ်။ ဒါပေမယ့် ပေးတဲ့အခွင့်အလမ်းက "ဗ"ဖြစ်နေ မယ်ဆိုရင် ဒီနှစ်ခုက Match မဖြစ်ရင် အလကားပဲ။ ဖြစ် နိုင်ချေက "ဗ"လား "ဗ"ဆိုရင် "က"ကြီးပြင်ဖို့မစဉ်းစားနဲ့ တော့၊ ပြင်ဆင်တဲ့အခါမှာ ကကြီးကိုကြိုက်တယ်ဆိုရင် "က" ကြီးမလုပ်နဲ့ ကိုယ်ပြင်ထားတဲ့ အရာ "ဗ" ဖြစ်မှ "ဗ"ချင်း "ဗ" တူမှ အကိုတို့က အခွင့်အလမ်းရမှာဆိုတော့ အခုနောက်ပိုင်း မှာ ပြောတဲ့အခါမှာ Theory တစ်ခုပေါ့နော်။ အကို Update လေးပြောချင်တာက အရင်တုန်းက အကိုတို့သိတဲ့ Theoryu SWOTပေါ့၊ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ အတားအဆီးပေါ့။ အခုခေတ်က ပြောင်းသွားပြီ TOWS တဲ့

ပြောင်းပြန် ပြန်သွားတယ်။ အကိုတို့မှာရှိတဲ့ အားသာချက်နဲ့ အလုပ်လုပ်လို့ရတဲ့ခေတ် မဟုတ်တော့ဘူး။ အကိုကနေမှတဆင့် ဥပမာပေါ့နော် "က"ကြီးလို့ခေါ်တဲ့ အလုပ်လုပ်ရတာကို ကြိုက်တယ် ဒါပေမယ့် အကိုတို့ရဲ့ ပြင်ပအခက်အခဲက ခုနက "ဗ"ဆိုတဲ့ အခက်အခဲတွေ၊ အတားအဆီးတွေ ဖြစ်ပျက်နေတဲ့ အခြေအနေမှာ ကိုယ့်မှာရှိနေတဲ့ အားသာချက် (S)နဲ့မရဘူး။ ဟိုဘက်ကရှိတဲ့ အခက်အခဲ အတားအဆီးကို ဖြေရှင်းဦးဆောင်နိုင်မှ ရတဲ့ခေတ်ကို ခေါ်တယ်။ ဥပမာအနေနဲ့ သုတေသနလုပ်ကြည့်ရင် Jack Mau Alibaba ကိုဆိုရင် Jack Ma က အကိုတို့လိုပဲ ဟောပြောတဲ့ဆရာ ဒါပေမယ့်သူ ဆရာဘဝနဲ့ စီးပွားရေးလုပ်မယ်ဆိုရင် သူကမ္ဘာမှာ ဘယ်အောင်မြင်မလဲ။ သူကဘာလုပ်သလဲဆိုရင် ကမ္ဘာမှာလိုအပ်နေတဲ့ စီးပွားရေးဆက်သွယ်ချိတ်ဆက်မှုကို Online ခေတ်ကြီးလေ ဒီ Online နဲ့ အခက်အခဲ အတားအဆီးကို ဦးဆောင်ဖြေရှင်းနိုင်တဲ့အခါမှာ တရုတ်နိုင်ငံရဲ့ အကြွယ်ဝ အချမ်းသာဆုံးဘီလျံနာဖြစ်လာတယ်။ ဘာကြောင့်လဲဆိုရင် သူ့ရဲ့အားသာချက်ကြောင့် ပြင်ပရဲ့အခက်အခဲကို ဖြေရှင်းနိုင်မှုကြောင့်ဖြစ်တယ်။ ဒါကြောင့်အကို လူငယ်တွေကို အမြဲတမ်းအားပေးချင်တာကေ

တာ့ အကိုတို့ အဓိက အားသာချက်ဖြစ်အောင် ဘယ်လိုပြင် ဆင်မလဲ။ ပြင်ပမှာဖြစ်နေတဲ့ အခက်အခဲ အခွင့်အလမ်းကို အကိုတို့ကြည့်ရမယ်၊ ပြီးတော့ဘယ်လိုဖြေရှင်းမလဲ။ နိုင်ငံဖြစ် နေတဲ့ အခက်အခဲတွေ ဘယ်လိုဖြေရှင်းမလဲ။ နောက်စီးပွား ရေး အခက်အခဲတွေ ပြသနာတွေ အကိုတို့ ဘယ်လိုဖြေရှင်း ဦးဆောင်မလဲ။ အဲ့ဒါဆိုရင် အဲ့လူငယ်အောင်မြင်မှာပဲ။ အဲ့ဒီ စွန့်ဦးတီထွင်သမား အောင်မြင်မှာပဲ။ အကိုကတော့ အားပေး ချင်တာတော့ Theory တစ်ခုကို SWOT မလုပ်ပါနဲ့။ အရေး ကြီးတာတော့ TOWS ပေါ့နော်။ အခက်အခဲကို အခြေပြု ပြီးတော့ အဲ့ဒါကို Solution ပေးနိုင်သော Business Leade မဖြစ်ရင် အကိုထင်တယ် လူငယ်တိုင်းအောင်မြင်မှာ။ အရေးကြီးတာကတော့ Prespected အမြဲတမ်းအနာဂတ် ကို ကြိုမြင်ထား၊ ကြိုမြင် ပြီးရင် ကြိုပြင်ထား အဲ့ဒီသူက အကို ပြောရဲတယ် သူများထက်အောင်မြင်မှာ။ လူငယ်တွေအကိုတို့ ထက်အောင်မြင်မှာပါ။ အကိုကတော့ ယုံကြည်တယ်။ ဘာ ကြောင့်လဲဆိုတော့ အကိုတို့တောင် Zero Lifeကလာတယ်။ ဘယ်သွားလို့ သွားရမှန်းမသိပဲနဲ့ အောင်မြင်သေးရင် လူငယ် တွေ အခုချိန်မှာ နည်းလမ်းတွေ အများကြီးပေးပြီးသားဆို

တော့ လူငယ်တွေကို ပိုပြီးတော့လေးစားတယ်၊ လူငယ်တွေကိုလည်း ပိုအားပေးတယ်ဆိုတော့ အောင်မြင်မှာပါ။

MRTV-4

ကြိုးစားရုန်းကန်နေရတဲ့ လူငယ်တွေကိုရော သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူတွေက ဘယ်လိုလက်တွဲခေါ်ယူပြီးမှ ဘာတွေများကူညီထောက်ပံ့မှု ပေးသင့်တယ်လို့ အကိုအကြံပြုချင်လဲခင်ဗျ။



အရမ်းကို အရေးကြီးပါတယ်။ နိုင်ငံခြားမှာဆိုရင်တော့ နိုင်ငံတစ်ခုအောင်မြင်ဖို့အတွက်ဆိုတာ Supporting ကလိုတယ်။ ခုနက အကိုပြောခဲ့တဲ့ အထဲမှာလည်းပါတယ်။ အကိုအောင်မြင်ခဲ့တာမှန်ပါတယ် ရိုးရိုးသားသားဝန်ခံရရင် အ

ကိုအောင်မြင်ခဲ့တယ်။ ဒါပေမယ့် အကို့အောင်မြင်မှု ခရီးမှာ အကိုလည်းပဲ အစိုးရရဲ့အကူအညီယူခဲ့တယ်၊ အကိုဆိုရင် စီးပွားကူးသန်းနဲ့ အလုပ်တွေအများကြီးတွဲလုပ်ဖူးတယ်။ SME ဝန်ကြီးဌာနတွေနဲ့လည်း အလုပ်တွေ အများကြီးတွဲလုပ်ဖူးတယ်။ UN Projec အတွေဆိုရင်လည်း အကိုအများကြီးဆိုတော့ အကိုတို့က အကူအညီတော့ယူရမယ်။ အကိုတို့ဘယ်လောက်တော်သလဲဆိုတာထက် အကိုတို့ အကူအညီ ဘယ်လောက်ရှာနိုင်သလဲ၊ယူနိုင်သလဲ ပိုပြီးစဉ်းစားရမယ်ဆိုတော့ အကို့အမြင်အရပေါ့နော်။ တောင်ကြီးရွှေ့လာမယ့် အချိန်ကို မစောင့်နဲ့ ဥပမာဆိုလိုချင်တာက ပင်လယ်ပြင်မှာ ရေနစ်နေတယ်ဆိုပါတော့ ကိုယ့်ဆီကို သင်္ဘောရွှေ့လာမယ့်အချိန်ကို မစောင့်နဲ့ ကျွန်းရှိရင် ကျွန်းရှိမယ့်နေရာကို အကိုတို့လက်ပစ်ကူးသွားနိုင်ဖို့ လိုအပ်တယ်။ အကိုတို့ကို ဘယ်သူကူညီမလဲ။ ဘယ်အဖွဲ့အစည်းတွေက ကူညီနိုင်မလဲဆိုတာ Governmen အကိုလည်း အကိုတို့တွေကမှတဆင့် သူတို့ကူညီလာမယ့် အချိန်ကို မစောင့်ပဲနဲ့ သူတို့ကိုအကူညီတောင်းနိုင်အောင် အကိုတို့စဉ်းစားရမယ်။ သူတို့နဲ့ အလုပ်တွဲလုပ်နိုင်အောင် Proposal တွေတင်ရေးရမယ်။ အရေးကြီးတာက (၂)ခုပေါ့

နော် မျှပြီးတော့တွေးစေချင်တာက အစိုးရဘက်ကိုလည်းပံ့ပိုး ကူညီမှုရအောင် အလုပ်တွဲလုပ်ပါ။ တစ်ဘက်ကလည်း အစိုးရ အနေနဲ့က နိုင်ငံခြားမှာရှိတဲ့ လူငယ်စွန့်ဦးတီထွင်တွေ ဘာ ကြောင့် အောင်မြင်သလဲဆိုရင် အကို့အနေနဲ့ အရမ်းသဘော ကျတဲ့ ထိုင်းနိုင်ငံမှာ အသက် ၁၉ နှစ်နဲ့ သန်းကြွယ်သူဌေးဖြစ် တဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူဆိုရင် ဘာကြောင့် အောင်မြင်သလဲဆိုတော့ သူတို့နိုင်ငံမှာကျ Bank Loan တွေပေးတယ်။ သူတို့မှာ Business Idea ရှိတယ်ဆိုရင် ဒီ Project က တကယ်ခိုင်မာတယ်ဆိုရင် အစိုးရအနေနဲ့ Bank တွေအနေနဲ့ ငွေကြေးထုတ်ပေးတဲ့ဟာမျိုးတွေရှိတယ်။ ဒါ ကြောင့်လည်း သူတို့ပိုအောင်မြင်သွားကြတာ။ အကို့အနေ နဲ့ပေ့ါ လူတိုင်းတော့မဟုတ်ဘူးပေ့ါ မြန်မာနိုင်ငံမှာလည်း စွန့် စားကြည့်စေချင်တယ်။ တကယ့်ကို Passion ကောင်းတဲ့ လူငယ်တွေဆိုရင် တတ်နိုင်သမျှ ငွေကြေးကို ပံ့ပိုး ကြည့်ပေ့ါ။ ဥပမာဆိုပါစို့ အကိုဆို MESI ခေါင်းဆောင်တစ်ဦးပေ့ါ အကို့နောက်မှာ ကျောင်းသားပေါင်းထောင်နဲ့ချီရှိတယ်၊ ကျန် တဲ့ ကျောင်းခွဲပေါင်း(၁၅)ခုကို အကိုဦးဆောင်တယ်။ ဒီ Leader တစ်ယောက်ကိုအားပေးရင် လူပေါင်း Thousands

of Students? Thousands of followers ကိုအား ပေးရာရောက်တယ်။ ဒီတော့အရေးကြီးတာ Leader တွေ ကို များများ အားပေးရမယ်။ အကို့စိတ်ဓာတ်ကတော့ မြန်မာ ပြည်မှာရှိတဲ့ Leader တိုင်းကို အကိုကတော့ အားပေးတယ်။ ဒီ Leader တွေအားလုံးဟာ အရှေ့ပဲဆိုတော့ အရေးကြီးတာ ဒီလူငယ်ခေါင်းဆောင်တွေအများကြီးပေါ်လာအောင် အကိုက တော့ တတ်နိုင်သမျှအားပေးတယ်။ လူငယ်တွေကလည်းတတ် နိုင်သမျှ အပြန်အလှန် အားပေးရမယ်။ တစ်ဖက်ကလည်း အကိုကနေမှတစ်ဆင့်ထူးချွန်လာတယ်ဆို အားပေးမယ့်သူပေါ် လာမှာပဲ ဒီနှစ်ခုအပြန်အလှန်ကြိုးစားပါလို့ အကိုကတော့ အားပေးပါတယ်။

**MRTV-4**

အကို့ရဲ့ဘဝအတွေ့အကြုံတွေနဲ့ ပတ်သက်ပြီး နောက် မျိုးဆက်သစ်လူငယ်တွေကို လက်ဆင့်ကမ်းလိုချင်တဲ့ စကား ရှိရင်လည်း နောက်ဆုံးအနေနဲ့ ပြောပေးပါဦးခင်ဗျာ။



လူငယ်တွေနဲ့ပတ်သက်ပြီးတော့ပေါ့နော် အနာဂတ် Young Leader တွေအတွက်ဆိုရင် လူတိုင်းလူတိုင်းဟာ အကိုတို့က ဘာလဲဆိုရင် လူကြီးနေရာကို လူလတ်ပိုင်းယူရမယ်။ အကိုကတော့နိဂုံးချုပ်လေး အားလုံးကို အားပေးချင်တာ အနာဂတ်လူငယ်တွေ ဒီခေတ်ကဘယ်သူတွေ ပြန်ဦးဆောင်မလဲဆို လူငယ်တွေပြန်ဦးဆောင်လိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ယနေ့ကမ္ဘာမှာ ဦးဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် အတော်များများ လူငယ်တွေ ပိုများလာတယ်။ အခုဆိုရင် Jack Ma တို့လည်းလူလတ်ပိုင်း လူငယ်တွေပဲ။ Mark Zukerbeg ဆိုရင်လည်းဒီတိုင်းပဲ လူငယ်ပဲ။ ကမ္ဘာမှာ တကယ့်ကို တီထွင်ဖန်တီးဦးဆောင်သွားတဲ့သူ တော်တော်များများကလူငယ်တွေပါလာပြီ ဆိုတဲ့အခါကျတော့ တတ်နိုင်သမျှအစိုးရအနေနဲ့ရော၊ စီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့ရော တတ်နိုင်သမျှ လူငယ်တွေနဲ့ အလုပ်တွဲလုပ်သွားနိုင်မယ်ဆိုရင် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အကိုကအားလုံးကို အား

ပေးချင်တာကတော့ အကိုတို့ကျောင်းရဲ့ Sologram လေးတစ်ခု ဖြစ်တဲ့ I can Do It. You can Do It. We can Do It. အကိုလုပ်နိုင်တယ်၊ ညီတို့လည်းလုပ်နိုင်တယ်။ အခုလို Media အောင်မြင်တယ်ဆိုတာ အကိုလုပ်နိုင်တဲ့အရာ ညီတို့လုပ်နိုင်တဲ့ အရာ ဒီနှစ်ခုပေါင်းလုပ်နိုင်ရင် We can Do It အဲ့တော့ အရေးကြီးတာက အကိုတို့ ဒီထက်ပို ပြည့်စုံလှပတဲ့ နိုင်ငံ ကြီးဖန်တီးဖို့အတွက်ဆိုရင် One leader can change the world ပေါ့နော်။ ခေါင်းဆောင်တစ်ယောက်ဖြစ်အောင် အား လုံးကြိုးစားပေးပါ။ ဒီခေါင်းဆောင်တစ်ယောက်ရဲ့ ကြိုးစားဦး ဆောင်မှုနဲ့ အားလုံးပဲ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အနာ ဂတ်လူငယ်တွေအားလုံးကို အကိုမျှော်လင့်တယ်။ ဒီအစီအစဉ် လေးကလည်း တကယ်ကိုကောင်းတယ်။ Next Generation Myanmar Program ကို အကိုတို့အနေနဲ့ အရမ်းကိုအား ပေးတယ်။ အားလုံးပဲ ဒီထက်ပိုပြီးတော့ အနာဂတ်ခေါင်း ဆောင်တွေ ဖြစ်ပါစေ။ အကိုကတော့ ဒီလောက်နဲ့ပဲ အားလုံး ကို အားပေးလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဆရာဇင်ဖြိုးပိုင်၏ အားပေးမှုဖြင့် ပြောင်းလဲတိုးတက်ခဲ့သူများ**

*************

**Thesu Khine** - ဆရာနဲ့တွေ့ဆုံခွင့်ရလိုက်တဲ့အတွက် ဘဝအတွက် အသိပညာတွေများစွာရရှိခဲ့တဲ့အပြင် အတွေးအခေါ်တွေပိုမိုတိုးတက်ပြောင်းလဲလာပါတယ်။ စိတ်ဓာတ်ကျနေသူကို အလင်းပြခေါ်ဆောင်နိုင်သူ ရုပ်ဝံကြွယ်တပွင့်အဖြစ်မှတ်တမ်းတင်ထားပါတယ်။ ဆရာများစွာထဲမှ ဘဝရဲ့အလင်းပြသူလက်ဦးဆရာတယောက်ဆိုရင်မမှားပါဘူး။

**Thant Zin Mg Mg -** ကျွန်တော့်ဘဝမှာကိုယ့်ကိုယ်ကိုဘာလဲ ငါဘာလုပ်ချင်လဲ ငါဘာဖြစ်ချင်လဲ ဆိုတာကို

မသိခဲ့ပါဘူး ဒီအတိုင်းပဲ Comfort Zone ထဲမှာနေပြီးတော့ ဘဝကိုကျေနပ်နေတဲ့အချိန်မှာ အမှတ်မထင်ပဲ ဇင်ဖြိုးပိုင်ရဲ့ ဟောပြောပွဲတစ်ခုကို နားထောင်မိခဲ့ပါတယ်။ အဲ့ဒီအချိန်က စပြီး ကျွန်တော် ဘာလဲဆိုတာကိုသိလာတယ် ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်လာတယ်။ Sayar Zin လဲ ကျွန်တော့်ဘဝ အတွက် Role Model တစ်ယောက်ဖြစ်လာတယ် Sayar Zin ရဲ့ ခေါင်းဆောင် မှုကိုအားကျယုံသာမက Sayar Zin ရဲ့ Organization ကိုလည်း အရမ်းကိုလေးစားအားကျရလောက် အောင် Sayar Zin ရဲ့ ခေါင်းဆောင်မှုက လေးစားဖို့ကောင်း လှပါတယ်။

ဆရာဇင်၏ အကြိုက်ဆုံးစကား (I Must, I Can - မဖြစ်မနေလုပ်ရင် လုပ်နိုင်ပါတယ်)

**Tin Mar Khaing Win** - အာဇာနည်နေ့ Leadership သင်တန်းမှာ ဆရာ့ရဲ့ ဟောပြောချက်တွေ နားထောင်ပြီး စိတ်ဓာတ်ခွန်အားတွေ တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေ အများကြီးရခဲ့ပါတယ်။ ဒီစာအုပ်ကြောင့်လည်း ကမ္ဘာမှာ အောင်မြင်ကျော်ကြားတဲ့ ဦးဆောင်သူတွေ ခေါင်း

ဆောင်သူတွေရဲ့ နည်းလမ်းတွေ အသိပညာတွေရခဲ့ပါတယ်။ ကျေးဇူးအထူးပါ ဆရာ။

**Kyaw Lin Htike** - ကျနော်ကတော့ ဆရာဇင် အမြဲပြောနေကျ လူငယ်တွေကို အားပေးပါတယ်။ ကြိုးစားပါဆိုတဲ့ စကားတခွန်းကြောင့် အမြဲကိုယ့်ကိုယ် ယုံကြည်မှုရှိခဲ့တယ် အားမငယ်တော့ဘူး။ ရာဇင်ရဲ့ ဦးဆောင်မှုက great leadet ပါပဲ။ ဆရာက ဘာလို့လဲဆိုတော့ ဆရာက ဆရာ့ရဲ့ မိတ်ဆွေတွေကို ဆရာ့ရဲ့တပည့်တွေကို ဆွဲခေါ်လို့ပါ အမြင့်ကို ဘဝ ပိုမြင့်အောင် ဦးဆောင်တယ်လို့ မြင်ပါတယ်။ ဆရာ့ရဲ့ ခေါင်းဆောင်မှု အဆိုအမိန့်ထဲကမှ ကျနော်အကြိုက်ဆုံးက ခေါင်းဆောင်တစ်ဦးဟာ ကမ္ဘာကြီးကိုပြောင်းလဲနိုင်တယ်ဆိုတဲ့ အဆိုအမိန့်ကိုအနှစ်သက်ဆုံးပါ။

**Khaing Zin Oo** - ဆရာ့ရဲ့ သင်တန်း တက်ပြီးနောက်ပိုင်းမှာ ရှေ့ဆက်မယ့်လမ်းအတွက် ယုံကြည်မှုတွေ ပိုရှိလာပါတယ်။ အသိပညာတွေ မျှဝေပေးတဲ့ အတွက် ကျေးဇူးပါ ဆရာ။ မြန်မာပြည်မှာရှိတဲ့ မျိုးဆက်သစ်တွေအတွက် ပညာ

မျှဝေပေးနေတဲ့ ဆရာပါ။ I can do it ... You can do it ... We can do it ... !

**Tin Zar Win** - မင်္ဂလာပါရှင်။ မကွေး MESI မှာ EDBM တက်နေပါတယ်ရှင်။ ဆရာ့ရဲ့ဟောပြော မှုတွေကို အမြဲနားထောင်ပါတယ်ရှင်

(၁) ဆရာဇင် ဇနမသ Power နဲ့ ပြောင်းလဲခဲ့တယ်

(၂) ဆရာဇင် မှာ Synergy နည်းလမ်းဖြင့် မျိုးဆက်သစ်တွေကို နေရာပေးတယ် လက်တွဲခေါ်ယူတယ်

(၃) ဆရာဇင်ရဲ့ ခြင်္သေ့ ဖြစ်ချင်ရင် ခြင်္သေ့ တွေ နဲ Train ပါ။ Leader ဖြစ်ချင်ရင် Leader တွေနဲ့ Train ပါ။ ကျေးဇူးတင်ပါတယ်ရှင်။

**Ainzali Mon** - မင်္ဂလာပါ ဆရာဇင်။ ဆရာ့ကို ချစ်ခင်လေးစားပါတယ်ရှင့်။ ဆရာဇင်ရဲ့ ဟောပြောချက် အားလုံးကို ကြိုက်ပါတယ်။ ဆရာ သမီး ကို 3M Taunggyi ပွဲမှာ တုန်းက ဆုံးမစကားပြောပေးတာ ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာပြောတဲ့ အောင်မြင်သူတွေက အလုပ်ကို များများ နဲ့

မြန်မြန်လုပ်တယ်။ မအောင်မြင်သူတွေက အလုပ်ကို နှဲနှဲနှဲ ဖြေးဖြေး လုပ်တယ်။ သမီးက အခုအလုပ်ကို များများနဲ့ မြန်မြန် လုပ်နိုင်သူဖြစ်အောင် ကြိုးစားနေပါတယ် ဆရာ။ ကျေးဇူး ပါရှင့်။ ဆရာဇင် ရှင်လန်းချမ်းမြေ့ပါစေ။

**Mg Thet Naung** - ဆရာဇင်ကြောင့် Trainer ဘဝသို့ ပြောင်းလဲခဲ့ပြီး အနာဂတ်အတွက် သေချာတဲ့ လမ်း ကြောင်းဖြစ်ခဲ့ပါတယ်။ ဆရာက စီမံဦးဆောင်မှုကောင်းတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ဆရာရဲ့ အကြိုက်ဆုံးစကားမှ ကြိုမြင်မှ ကြိုပြင်နိုင်မယ်။

**Thitsar Minmaung** - ဆရာဇင်၏ စိတ်ဓာတ်ခွန် အားပေး ဟောပြောမှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာပြီး ရည်မှန်းချက်တွေထားကာ ကြိုးစားနိုင်လာပါတယ် ဆရာ။ ဆရာဇင်၏ ဦးဆောင်မှုနှင့်အတူ MESI University ကျောင်းကြီး ပြောင်းလဲတည်ထောင်ပြီး အနာဂတ်မြန်မာ နိုင်ငံ ကို ပညာရေးနဲ့ ပြောင်းလဲတိုးတက်အောင် ဖန်တီးနိုင်မယ်လို့ ယုံကြည်ပါတယ် ဆရာ။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ နံပါတ်တစ်

အရေးကြီးဆုံးက ပညာရေးပါ ဆရာ။ ဆရာဇင်၏ အကြိုက်ဆုံး စကားများမှ I Can Do It. You Can Do It. We Can Do It. မဖြစ်မနေလုပ်ရင် လုပ်နိုင်ပါတယ် I must I Can. ဒီထက်မက အောင်မြင်ပျော်ရွှင်ပါစေ ဆရာ။

**HninnThonThonWai** - ဆရာဇင်ရဲ့Training တက်ပြီးတဲ့နောက်မှာ ကိုယ့်ကိုကိုယ်ယုံကြည်မှုပိုရှိလာပါတယ် negative thinking ကနေ positive thinking ဘက် ကိုလဲအများကြီးပြောင်းလဲနိုင်ခဲ့ပါတယ်။ ဆရာ့ရဲ့စကားတွေ ထဲက အကြိုက်ဆုံးစကားလေးတစ်ခွန်းကတော့ ခြင်္သေ့ဖြစ် ချင်ရင် ခြင်္သေ့နဲ့လေ့ကျင့်ရမယ်ဆိုတာပါပဲ။ ဆရာ့ရဲ့ဟော ပြောပို့ချမှုကို တစ်ကြိမ်တစ်ခါပဲ တက်ဖူးခဲ့တာတောင်မှ Motivation အများကြီးရရှိခဲ့ပါတယ်။ ဆရာ့ရဲ့အတွေးအခေါ် အယူအဆတွေ သင်ကြားပို့ချမှုတွေဟာ လမ်းပျောက်နေတဲ့ လူကြီးလူငယ်တွေအားလုံးကို လမ်းကြောင်းမှန်ပေါ်ပို့ဆောင် နေတယ်လို့ လုံးဝယုံကြည်ပါတယ်။

မဖြစ်နိုင်ဘူးဆိုတဲ့အရာမရှိပါဘူး။ မဖြစ်သေးတာပဲ ရှိတာပါ။ I Can Do It. You Can Do It. We Can Do It.

**Aung Moe Naing**- ဆရာရဲ့ အတွေး ဆရာရဲ့ အပြော ဆရာ့ရဲ့ အရေး ဆရာရဲ့ ကျင့်ကြံမှုတိုင်းဟာ ဆရာ့ အနားမှာ ရှိနေသူတိုင်းအတွက် အပေါင်းလက္ခဏာအဖြစ် ပြောင်းလဲစေနိုင်တယ်။

ဆရာရဲ့လမ်းညွှန်မှုနဲ့ ခံယူချက်တွေ အများကြီးကို လက်ခံမိတယ်။ ယုံကြည်မိတယ်။ လေးလည်းလေးစားမိပါ တယ်။ အဲ့ဒီအထဲက စိတ်ထဲမှာ မှတ်မိပြီး၊ အခွင့်သင့်တိုင်း မျှဝေ မိတာလေးကတော့---

Leader ဆိုတာ Leaders တွေကိုပဲ မွေးထုတ်ပေးတယ်။

Business ဆိုတာ ကိုယ်တယောက်တည်းသိနေရုံနဲ့ လုပ်လို့ မရဘူး၊ ဒါကြောင့် ကိုယ် Business လုပ်မယ့် နယ်ပယ်ကသူ တွေကိုလည်း အဲ့အသိနဲ့ ပညာကို မျှဝေသင်ကြားပေးရတယ်။ ခြင်္သေ့ ဖြစ်ချင်ရင် ခြင်္သေ့တွေနဲ့ အတူတူကျင့်ရတယ်။ BIG ဆိုတာရယ်၊ အဲ့ဒီအရာတွေကိုတော့ အမြဲ နှလုံးသွင်းထားမိပါ တယ်ဆရာ။

# ဆရာဇင်ဖြိုးပိုင်၏
# ထွက်ရှိပြီးသော စာအုပ်များ



Best Seller Author

Mastery Business Millionaire

ထူးချွန်ကျွမ်းကျင် မီလျံနာ စီးပွားရေး ဦးဆောင်ရှင်



Best Seller Author

Life Winning Management

ဘဝအောင်မြင်တိုးတက်ရေး စီမံခန့်ခွဲမှု လမ်းညွှန်



Best Seller Author

Change Management Leadership

ပြောင်းလဲတိုးတက်သော စီမံခန့်ခွဲဦးဆောင်မှု



Best Seller Author

Secret of Mind Power

စိတ်စွမ်းအားတို့၏ လျို့ဝှက်ချက်

မြန်မာနိုင်ငံအနှံ့ စာအုပ်ဆိုင်များနှင့် MESI ကျောင်းခွဲ(၁၅) ခုတို့တွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် လိပ်စာ - အမှတ်(၃၃)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၈၈၈၈၈၄၃၄၊ ၀၉ ၇၈၈၈ ၉၉၇၇၄

# International MBA

Southwest State University (SWSU)

MESI Business Institute

*International Education for Business Leader*

နိုင်ငံတကာပညာရေးဖြင့် အနာဂတ်စီးပွားရေးခေါင်းဆောင်များသို့...

★★★ Top 50 Universities in Russia ★★★



**45 Countries**

More than 400 International students from 54 countries are attending.

**80 Universities**

SWSU signed agreements with more than 80 universities from all over the world.





**15000 students**

More than 15000 students are studying at SWSU.

No. (33), Myaung Mya Street,
Sanchaung Township, Yangon, Myanmar.

Phone : 09-7 88888 434, 09-7 888 99774

Gmail : mesiyangon@gmail.com

Website : www.mesiinstitute.com, www.mesi.com

## သင်ကြားပေးမည့် ဆရာ/ဆရာမများ



Prof; Dr
Daw Hla Myint



Dr Hla Nyunt



Prof; U Than Aye



Daw Thet Thet Mar

## သင်ကြားပေးမည့် ဘာသာရပ်များ

- Business Development Management
- Business Research
- Capstone Project
- Entreprenureship
- Human Resource Management
- International Business Trade
- Leadership & Organizational Behavior
- Managerial Economics
- Managerial Finanec & Accounting
- Marketing Management
- Operation Management
- Project Management
- Strategic Management

# Myanmar Entrepreneur SME Institute





MESI

Our International Academic Partner

Myanmar Entrepreneur SME Institute (MESI) သင်တန်းကျောင်းသည် ခေတ်ပြိုင်တိုးတက်လာတဲ့ နိုင်ငံတကာ အာဆီယံနဲ့အညီ စီးပွားရေးအကြံပေးအဖြစ် UN စီမံချက်များတွင်၄င်း၊ Telenor ကိုယ်စားလှယ်များနှင့် ကုမ္ပဏီကြီးများတွင်၄င်း၊ အစိုးရဝန်ကြီးဌာနအဆင့် (MOC စီးပွားကူးသန်းဝန်ကြီးဌာန၊ SMEs ဌာန) များသို့ Business Consultant စီးပွားရေးအကြံပေးခြင်းများနှင့် Corporate Training ဖိတ်ခေါ်သင်တန်းများကို ကုမ္ပဏီအဖွဲ့အစည်းပေါင်း (၅၀)ကျော်သို့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးများ အားပေးဆောင်ရွက်လျက်ရှိပြီး၊မြန်မာနိုင်ငံအနှံ့ မြို့ပေါင်း (၂၀) ကျော်တွင် ကျောင်းခွဲပေါင်း(၁၂)နှင့် သင်တန်းသားပေါင်း (၁၀၀၀၀)ခန့်ကို စီမံခန့်ခွဲမှု ကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။



**Executive Diploma in Business Managent**



**Professional Diploma in Marketing Management**



**Professional Diploma in HR Management**



**Professional Diploma in Banking & Finance Management**



**Diploma in Business English**



**Diploma in Digital Marketing Management**